


# မြူလွယ်

## ဘဝချစ်နှင့်ယုဂနာပေါင်းများစွာ

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၆၄၈၀၄၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၇၈၂၀၆၀၈
အဖုံးဒီဇိုင်း – ကိုဆန်း
ထုတ်ဝေသူ – ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ–၀၃၈၅၁)
အမှတ်(၁၃)၊ ၁၀၇–လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ပုံနှိပ်သူ – ဦးမြင့်သန်း (မြဲ–၀၄၉၀၂)
စပယ်အော့ဖ်ဆက်
အမှတ်(၁၃)၊ ၁၀၇–လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
အတွင်းဖလင် – အောင်မင်းလွင်
စာအုပ်ချုပ် – ကိုသန်းဋ္ဌေး
ပုံနှိပ်ခြင်း – ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်
အုပ်ရေ – ၅၀၀ အုပ်
တန်ဖိုး – ၁၅၀ ကျပ်



## အခန်း ၁

ယူဇနာသည် သူမကိုယ်သူမ မှန်ရှေ့မှာထိုင်ပြီး အလှဆုံး ပြင်ဆင်နေရာမှ မှန်ထဲရှိ သူမပုံရိပ်ကို မည်းနက်ဝိုင်းစက်သော ချက်လုံးရွှဲကြီးများကို ဝင့်လျက် တစ်ချက်မျှ ကြည့်လိုက်သည်။

ဖြူနုဝင်းစိုကာ ပန်းနုသွေးရောင် ကြွရွနေသည့် အသား အရေကို မိတ်ကပ်အကောင်းစားသုံးပြီး စိတ်တိုင်းကျ အနုစိတ် ခြယ်မှုန်းထားသဖြင့် မိုးပေါ်ကျ နတ်သမီးလေးတစ်ပါးလို သိပ်လှ နေတာကို မြင်နေရသည်။

သွယ်မယောင်နှင့် ဝိုင်းသော မျက်နှာလေးထက်မှာ ညီညွတ်ပြေချောသော နှုတ်ခမ်းမြင်၊ စင်ရော်တောင် မျက်ခုံး၊ လှပဝိုင်း စက်သော မျက်လုံးရွှဲကြီးများကို ရှည်လျားသော မျက်တောင်ကော့ ကြီးများက ခပ်စိပ်စိပ် ဝန်းရံနေ၏။

နှာတံစင်းစင်းလေးမှာ အဖျားတွင် လုံးကော့သွားပြီး နှုတ်ခမ်းထူထူလေးမှာ ဆေးကူစရာ မလိုခင်ကပင် ဖူးဖူးနုနု ကြွကြွ ရွရွလေးဖြစ်နေရာ အခုလို ဆေးရေးခြယ်လိုက်သောအခါ မြင်သူ





အသည်းနွေးဖွယ်ရာ ကောင်းလှသည်။

မမြင့်လွန်း မနိမ့်လွန်းအရပ်နှင့်အညီ အမို့အမောက် အချိုင့် အဝှမ်းတွေက သူ့နေရာနှင့်သူ အချိုးအစားကျနစွာ ဖွဲ့စည်းထားရုံ မက သေးကျဉ်းသောခါးလေးကြောင့် လေတိုးရင်ပင် ကျိုးလုမတတ် ရှိနေသလို ပိုးသားလို နက်မှောင်ရှည်လျားသော ဆံပင်ရှည်ကြီးက ယူဇနာ၏အလှကို အယဉ်ဆင့်လျက်ရှိရာ ယူဇနာ၏ အလှသတင်း မှာ သူတို့အသိုင်းအဝိုင်းထဲတွင် ပျံ့မွှေးသတင်းကြီးလျက်ရှိသည်။

သိပ်လှသည့် ယူဇနာကို လိုချင်သူတွေ များစွာရှိသော် လည်း ယူဇနာက မည်သူ့ကိုမှ စိတ်ဝင်စားခြင်းမရှိသလို ဘယ်လို ယောကျ်ားကိုမှလည်း ဂရုစိုက်ခြင်းမရှိပါ။ သူမပုံစံလေးအတိုင်း ကိုယ်နေတတ်သလိုနေရင်း သူမကို လူအများက မာနမင်းသမီးဟု သတ်မှတ်ခြင်း ခံခဲ့ရသူလည်း ဖြစ်သည်။

ထိုအတွက် ယူဇနာသည် တစ်စုံတစ်ရာ ဖြေရှင်းချက် လည်းမပြု။ မည်သူ့အပြောအဆိုကိုမှလည်း အလေးမထား သူမ ကိုယ်သူမ ယုံကြည်မှုအပြည့်ဖြင့် သူမအလုပ်ကိုသာ အာရုံစူးနစ်ထား သူဖြစ်သည်။

ယူဇနာမှာ ကတ္တီပါဆိုသည့် ညီမလေးတစ်ယောက်တည်း ရှိသည်။ မိဘနှစ်ပါးစလုံး မရှိတော့သည့်နောက် ယူဇနာကပဲ မိဘ များလက်ထက်က စိန်ရွှေရတနာရောင်းဝယ်ရေး အလုပ်ကို လုပ်ရင်း တစ်ဖက်ကလည်း တက္ကသိုလ်မှ ဘွဲ့တစ်ခုကို ရယူခဲ့သူဖြစ်သည်။

ယူဇနာ၏ ရိုးသားကြိုးစားမှု၊ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊

ကတိသစ္စာတည်ကြည်မှုများက ရတနာကုန်သည်လောကတွင် နာမည်တစ်လုံး ရရှိစေသည့်အထိ ခိုင်မာစွာ ရပ်တည်လာနိုင်ခဲ့သည်။

ယူဇနာအတွက် တစ်ဦးတည်းသော ချစ်မြတ်နိုးစရာ တွယ်တာရာမှာ ညီမငယ်ကတ္တီပါသာ ရှိရာ သူမရှာဖွေရသမျှ စည်းစိမ်ချမ်းသာအားလုံး ညီမငယ် ကတ္တီပါအတွက် ဖြစ်သည့်အတိုင်း ကတ္တီပါကို မျက်နှာတစ်ချက်အညိုမခံ။ ကတ္တီပါအလိုရှိရာမှန်သမျှ လိုက်လျောဖြည့်ဆည်းပေးခဲ့သူလည်း ဖြစ်သည်။

ကတ္တီပါကိုယ်တိုင်ကလည်း ယူဇနာကို မိခင်နေရာမှာရော၊ ဖခင်နေရာမှာပါ အစားထိုးကာ ချွဲနွဲ့အချစ်ပိုရုံမက အရာရာတိုင်းကို အစ်မဖြစ်သူ ယူဇနာ စိတ်တိုင်းကျ ဖြစ်စေခြင်းဖြင့် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် မြတ်နိုးချစ်ခင်ခဲ့ကြသူများဖြစ်ရာ ညီမနှစ်ယောက်စလုံး၏ ဘဝခရီးလမ်းမှာ ပျော်ရွှင်ချမ်းမြေ့မှုအတိဖြင့်သာ ပြီးလေသည်။

ဒုက္ခနှင့်သောကသည် ယူဇနာတို့ ညီမနှင့်ပတ်သက်လာနိုင်စရာ အကြောင်းမရှိဟု ထင်ထားသည့်အတိုင်း စိတ်မချမ်းမြေ့စရာဆိုသော စကားလုံးကိုလည်း ယောင်၍မျှပင် မတွေးမိကြသူများလည်း ဖြစ်သည်။

မြစိမ်းရောင်ဝတ်စုံဖြင့် ယူဇနာသည် အလှတွင် အယဉ်ဆင့်ကာ မှန်ထဲကို တစ်ချက်မျှ ငေ့ဝဲကြည့်လိုက်ပြီးနောက် မှန်တင်ခုံမှ ခွာခဲ့သည်။

ဒီအချိန်ဆိုလျှင် ကတ္တီပါတစ်ယောက်လည်း ကျောင်းသွား





ဖို့ အသင့်ပြင်ဆင်ပြီးလောက်ပေပြီ။ ထမင်းစားခန်းမှာ ညီမနှစ်ယောက် မျက်နှာချင်းဆိုင် နံနက်စာအတူတကွ စားသောက်ပြီးနောက် ယူဇနာက သူမအလုပ်ရှိရာ ရတနာဆိုင်သို့ သွားမည်ဖြစ်သလို ညီမငယ် ကတ္တီပါသည်လည်း သူမ၏ကျောင်းရှိရာသို့ သူမပိုင်ကားလေးဖြင့် သွားရောက်ပေလိမ့်မည်။

ထိုအခါ ချမ်းသာရတနာအိမ်ကြီးကို ဒေါ်ကြီးအုံတို့ ဇနီးမောင်နှံနှင့် အိမ်ဖော်မလေး မိအေးတို့က ကြည့်ရှုစောင့်ရှောက်လျက် ဆိုင်ရာတာဝန်ဝတ္တရားများကို ကိုယ်စီထမ်းရွက်ရင်း ကျန်ရစ်ခဲ့မည်ဖြစ်သည်။

"ဟော မမဆင်းလာပြီ"

ကတ္တီပါသည် ကျောင်းသွားရန် အသင့်ပြင်ဆင်ပြီးသားဝတ်စုံဖြင့် ယူဇနာရှိရာသို့ အပြေးရောက်ရှိလာကာ ကလေးငယ်တစ်ယောက်လို ခုန်ပေါက်ကြိုဆိုရင်း ယူဇနာလက်မောင်းတစ်ဖက်ကို တွဲခိုလျက် ယူဇနာကို ထမင်းစားခန်းဆီသို့ ဦးဆောင်ခေါ်လာသည်။

"အား ဒီနေ့တော့ ကတ္တီပါမမက သိပ်လှနေတာပါလားဗျို့"

"ဩော် ဒီနေ့လှတယ်ဆိုတော့ အရင်နေ့တွေကတော့ မလှဘူးပေါ့ဟုတ်လား"

ယူဇနာ ညီမငယ်ကို ချစ်စဖွယ်မျက်စောင်းရွယ်ရင်း ဆိုလိုက်တော့ ကတ္တီပါက သူ့မမစကားကို သဘောကျသလို

ရယ်ပါသည်။

"အဟောင်း ဟင်း ဟင်း"

"ကတ္တီပါပြောတာ အဲဒီလိုဖြစ်သွားတယ် မမရေ၊ ကတ္တီပါ မမက အမြဲတမ်းလှနေတဲ့ မမပါတဲ့ရှင်၊ ဒီနေ့က ဟောဒီဝတ်စုံစိမ်းစိမ်းလေးနဲ့ အထူး အထူး လှလွန်းလို့ပါတဲ့နော်"

"အင်း…ကောင်မလေးတစ်ယောက် အစ်မဖြစ်တဲ့သူကို ဒီလောက်ကပ်မြှောက်နေပြီဆိုတော့ ဘာလိုချင်ပြန်ပြီလည်း မသိဘူးနော် ကြီးအုံ"

"ကြီးအုံတူမကို မေးကြည့်စမ်းပါဦး"

ယူဇနာက လက်ဖက်ရည်ပွဲမှာ ဝင်ထိုင်ရင်း ဆိုလိုက်တော့ ကြီးအုံက ယူဇနာနှင့် ကတ္တီပါတို့မျက်နှာကို တစ်လှည့်စီကြည့်ရင်း အဓိပ္ပာယ်ဖော်ရခက်သော ပြုံးနည်းတစ်မျိုးဖြင့် အသိရခက်စွာ ပြုံးနေပါသည်။

"မဟုတ်ပါဘူး မမရဲ့၊ တတ္တီပါ ဘာမှမလိုချင်ပါဘူး၊ ကိုယ်အစ်မက တကယ်လှလို့လှတယ် ပြောတာပါ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ အခုလို ချီးကျူးတဲ့အတွက် မမကလည်း ညီမလေးကို ကျေးဇူးတင်ပါတယ်"

"ကဲ ပြောပါဦး၊ တကယ်ပဲ ဘာကိစ္စမှ ပြောစရာမရှိဘူးလား"

ကော်ဖီခွက်ထဲကို ကိုယ်တိုင်ငှဲ့ထည့်ရင်း သူမနားမှာ ပြုံးလျက်လာထိုင်နေသော ညီမဖြစ်သူရှေ့သို့ ယူဇနာကိုယ်တိုင်





ချပေးလိုက်တော့ ကတ္တီပါက သူမအကြောင်း ကောင်းစွာသိနေသော အစ်မဖြစ်သူ၏ မျက်နှာကို စိတ်မလုံမြဲစွာပင် မျက်နှာနီနီဖြင့် အသံထွက်၍ ရယ်မောလိုက်မိရပြန်ပါသည်။

"မမကတော့လေ ကတ္တီပါစိတ်ထဲ ဘာရှိနေတယ်ဆိုတာ ဖွင့်ပြောစရာမလိုဘဲ အကုန်သိနေတော့တာပဲနော်"

"သြော်ကွယ် ကတ္တီပါဆိုတာ မမရဲ့ အချစ်ဆုံးညီမလေးပဲ၊ ဒီလိုပဲ ကိုယ့်ညီမလေးမျက်နှာကို ကြည့်ပြီး တွေးကြည့်ရတာပေါ့၊ ကဲ ပြော ကတ္တီပါ ဘာပြောစရာရှိလဲ"

"ဟိုသင်း ကတ္တီပါ သူငယ်ချင်းတွေနဲ့ ချောင်းသာကို အလည်လိုက်သွားမလို့ပါ၊ အဲဒါ"

"ဘယ်နှစ်ရက်နေမှာလဲ"

"နှစ်ညအိပ်သုံးရက်ခရီးပါ မမ"

"ဘယ်သူတွေပါမှာလဲ"

"သူငယ်ချင်းတွေအားလုံးပါပဲ၊ ကြယ်လေးတို့ရော၊ ခရမ်းတို့ရော၊ မလေးတို့ရော အားလုံးပါမယ်၊ မမရော ကတ္တီပါတို့နဲ့ လိုက်ခဲ့ပါလားဟင်၊ မမပါရင် ပိုပြီးပျော်စရာကောင်းမှာ သိလား"

"မလိုက်နိုင်ပါဘူး ကတ္တီပါရယ်၊ ဒီမှာက ချိန်းထားပြီးသား အလုပ်ကိစ္စတွေ ရှိနေသေးတော့ ဖျက်ပစ်လို့မရဘူးလေ"

"ကတ္တီပါ လိုက်သွားရမလားဟင်"

ယူဇနာ ရုတ်တရက် မဖြေနိုင်ဘဲ ကော်ဖီခွက်ကို ငုံ့သောက်လိုက်သည်။ ညီမငယ်ကတ္တီပါ ပုံစံကြည့်ရတာကလည်း ဒီခရီးကို

သေချာပေါက် လိုက်ပါလိုဟန်အပြည့်။ မျှော်လင့်ထက်သန်သော မျက်လုံးများဖြင့် အစ်မဖြစ်သူ ယူဇနာမျက်နှာကို အားကိုးတကြီး ကြည့်နေရှာတာကို မြင်နေရတော့ ကတ္တီပါကို မသွားပါနှင့်ဟု တားမြစ်ဖို့ရာ ယူဇနာအတွက် ခက်နေသည်။

ဖြစ်နိုင်လျှင် ကတ္တီပါကို ယူဇနာမပါဘဲ ဘယ်လိုနေရာမျိုးကိုမှ ပေးမလွှတ်ချင်။ ညီမဖြစ်သူကို သူမ မပါဘဲ တစ်ယောက်တည်း ခွဲလွှတ်လိုက်ရမှာ စိုးရိမ်စိတ်ပူနေသည်။

ဒါက ယူဇနာရင်ထဲက စိတ်ခံစားချက်ဖြစ်ပေမယ့် ကတ္တီပါဘက်က ကြည့်ပြန်တော့လည်း သူငယ်ချင်းတွေ အုပ်စုလိုက်ဖွဲ့ပြီး သွားကြမည့်ခရီးမှာ ကတ္တီပါသည်လည်း လူငယ်ပီပီ ပါဝင်ဆင်နွှဲလိုရှာပေလိမ့်မည်ဟု စာနာစိတ်လေးဖြင့် တွေးမိကာ ညီမဖြစ်သူ၏ မျက်နှာကို တစ်ချက်မျှ ကြည့်လိုက်မိ၏။

"ကတ္တီပါတစ်ယောက်တည်း တခြားသူတွေနဲ့ လွှတ်လိုက်ရမှာ မမ စိတ်မချဘူးကွယ်"

ယူဇနာ စကားအဆုံးမှာ ကတ္တီပါ၏ ပျော်ရွှင်နေသော မျက်နှာလှလှလေး ညှိုးသွားတာကို မြင်လိုက်ရတာမို့ ယူဇနာ ကိုယ်တိုင်လည်း စိတ်မချမ်းသာနိုင်ပါ။

"ဒါပေမယ့် သူငယ်ချင်းတွေလည်း ပါနေတာဆိုတော့ လိုက်သွားချင်လည်း လိုက်သွားပါ၊ ကတ္တီပါကို မမ ယုံပါတယ်"

"ဟေး…ဒါမှ ကတ္တီပါ့မမကွ"

"ရွှတ်"





"အို ဒီကလေးတော့လေ"

"အဟင်း ဟင်း ဟင်း"

"ပျော်လို့ပါမမရဲ့၊ ကြီးအုံ ကတ္တီပါတို့တော့ ချောင်းသာကို သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါးကြီး သွားလိုက်ဦးမယ် သိလား"

ကတ္တီပါက ယူဇနာပါးကို တစ်ချက်ငုံ့နမ်းရင်း ပျော်ရွှင်စွာပင် ဒေါ်ကြီးအုံဘက်ကို လှည့်ပြောလိုက်တာမို့ စောစောကပုံစံနှင့် တခြားစီဖြစ်သွားသော ညီမငယ်၏ အပျော်မျက်နှာကို ကြည့်လျက် ယူဇနာ ချိုမြိန်လှပစွာ ပြုံးနေမိပါသည်။

"သွားပါတော် သွားပါ၊ အပြန်ကြမှ မေပုလဲဖြစ်လာပါဦး"

"ကြီးအုံ ဘာပြောတာလဲဟင်"

"မေပုလဲဆိုတာ မည်းပလေဖြစ်လာမှာကို ပြောတာလေ၊ ပင်လယ်ရေစိမ်၊ လေအတိုက်ခံပြီး အပြန်မှာ မည်းသည်းလာမှာကို ပြောတာ"

"အဟင်း ဟင်း ဟင်း"

"ကြီးအုံကတော့လေ ကြံဖန်ကိုပြောတတ်တယ်သိလား"

"မမဆီက ခွင့်ပြုချက်ရပြီဆိုတော့ သူငယ်ချင်းတွေကို ဖုန်းဆက်လိုက်တော့မယ်နော် မမ"

"ဆက်လေ မမလည်း အလုပ်ကိစ္စချိန်းထားတာရှိလို့ သွားတော့မယ်"

"မမကို ကားနားလိုက်ပို့မယ်"

"နေ နေ သူငယ်ချင်းတွေဆီ ဖုန်းဆက်စရာရှိတာသာ ဆက်ပါ၊ မမ သွားမယ်"

"ဟုတ်ကဲ့မမ"

ကတ္တီပါ သိပ်ပျော်နေတာကိုကြည့်ပြီး ယူဇနာလည်း သူ့အလိုလို စိတ်မှာ ရွှင်လန်းနေပါသည်။ ကားကို နေရာမှ ညင်သာစွာ မောင်းထွက်ခဲ့သည်။

ညီမလေးကတ္တီပါအတွက် ဘဝဆိုတာ ပန်းခင်းလမ်းပမာ ကြည်နူးပျော်ရွှင် ချမ်းမြေ့မှုတွေချည်း ဖြစ်နေသည်။ ဒါသည်ကပင် ကတ္တီပါ၏ ကုသိုလ်ကံဟု ဆိုရမည်။ ကတ္တီပါဘဝမှာ လိုတရ ပြည့်စုံခဲ့သူလေး ဖြစ်သည့်အတိုင်း လှပသော မျက်နှာလေးမှာလည်း အစဉ်ပြုံးချိုနေတတ်သည်။

အခုလည်း သူမသွားချင်သည့်ခရီးကို သွားရတော့မည် ဆိုတော့ ကတ္တီပါ သိပ်ပျော်သည်။ ကတ္တီပါပျော်တာ မြင်ရတော့ ယူဇနာလည်း ပျော်ပါသည်။

"တူ တူ"

ညီမဖြစ်သူအကြောင်း အတွေးမဆုံးမီ ဖုန်းသံမြည်လာသဖြင့် ယူဇနာ ဟမ်းဖုန်းလေးကို ဖွင့်ပြီး နားထောင်လိုက်သည်။

"ဟဲလို"

"ဪ အန်တီ၊ ဟုတ်ကဲ့ပါ၊ အခုပဲလာနေပါပြီရှင်"

"ဟုတ်ကဲ့"





ကားမောင်းရင်း တစ်ဖက်က အလုပ်ကိစ္စဝင်လာသဖြင့် ကတ္တီပါအကြောင်း မတွေးနိုင်တော့ဘဲ ဖြစ်သွားသည်။ တစ်ဖက်က မေးနေတာတွေကို စိတ်ရှည်စွာ ဖြေကြားရင်း ကားကို ဂရုစိုက်မောင်းနေရသည်။

ကတ္တီပါတစ်ယောက်တည်း မည်သည့်အဖော်မှမပါဘဲ ရေနက်ထဲကိုမဆင်းဖို့ မှာဖြစ်အောင်မှာရဦးမည်။ ရေမကူးတတ်သည့် ညီမငယ်အတွက် ယူဇနာရင်မှာ စိုးထိတ်ပြာပူသွားသည့်အဖြစ်ကို ကတ္တီပါ သိမည်မဟုတ်ပါ။

အလုပ်ကိစ္စပြီးလျှင် အိမ်ကိုစောစောပြန်မည်။ ညီမငယ် အတွက် လိုအပ်တာတွေ ပြောဆိုမှာကြားရန်ဖြစ်သည်။ ကတ္တီပါ ကို ဘယ်နေ့သွားမှာလဲဟု မမေးလိုက်ရသဖြင့် အလုပ်ချိန်းထားသည့် နေရာမရောက်မီ အိမ်ကို ဖုန်းတစ်ချက် ပြန်ခေါ်လိုက်တော့ ဖုန်းလာကိုင်သူက ကြီးအုံဖြစ်နေသည်။

"ကတ္တီပါရှိလား ကြီးအုံ"

"ခုလေးတင်ပဲ သူ့သူငယ်ချင်းအိမ်ဆိုပြီး ကားနဲ့ထွက်သွားတယ် ကြီးအုံ ဘာပြောပေးရမလဲ"

"ရတယ် ကြီးအုံ၊ ယူဇနာဘာသာပဲ ကတ္တီပါဖုန်းကို လှမ်းဆက်လိုက်တော့မယ်"

"ဒါပဲနော် ကြီးအုံ"

အိမ်ဖုန်းချသွားချိန်မှာ ကတ္တီပါ လက်ကိုင်ဖုန်းကို ယူဇနာ လှမ်းဆက်လိုက်သည်။ စက်ပိတ်ထားပါသည်ဆိုသဖြင့် လက်လျှော့

လိုက်ရသည်။

ကတ္တီပါက ဒီလိုပဲ သူမဖုန်းကို စက်ဖွင့်ဖို့ရာ သတိမရတတ်တာကို ယုဇနာသိသဖြင့် ဖုန်းကိုပြန်ပိတ်လိုက်ချိန်မှာ သူမဖုန်းက အသံမြည်လာသဖြင့် နားထောင်လိုက်တော့ ကြီးအုံဖြစ်နေသည်။

"ကတ္တီပါဖုန်း အိမ်မှာကျန်ခဲ့တယ်မြတ်ရေ၊ အဲဒါလှမ်းပြောတာ၊ ဒါပဲနော်ကလေး"

"ဟုတ်ကဲ့ပါ ကြီးအုံ"

သြော်…ကတ္တီပါ…ကတ္တီပါ။

ဘာတစ်ခုမှလည်း စိတ်ချလို့မရပါလား ညီမရယ်။

✤ ✤ ✤



# အခန်း [၂]

"ရှင်"

"ဟုတ်ပါ့မလား မမရယ်"

"သြော် ယုဇနာရယ်၊ မမဖြင့် ယုဇနာသိတယ်ကိုထင်နေတာ၊ အခုမှ သိပ်ခက်တာပဲကွယ်၊ ယုဇနာညီမလေး မသိစေချင်လို့ တမင်ဖုံးထားတဲ့ကိစ္စကို မမက ကြားထဲကဝင်ဖော်မိသလို ဖြစ်နေပါပြီ ယုဇနာရယ်"

"အဲဒီလိုမဟုတ်ပါဘူး မမရီရယ်၊ ယုဇနာမသိတဲ့ကိစ္စကို မမရီကြောင့် သိခွင့်ရလိုက်ရတာကိုပဲ ကျေးဇူးတင်လှပါပြီရှင်"

ယုဇနာသည် သူမကြားလိုက်ရသည့် သတင်းစကားကြောင့် ဦးခေါင်းထဲမှာ မိုက်ခနဲ မြာဝေသွားရာမှ စိတ်ကို မနည်းချုပ်တည်းမျိုသိပ် ဟန်ဆောင်ရင်း သူမအစေးမှာ ပြောလိုက်မိသော စကားတစ်ခွန်းအတွက် အားတုံ့အားနာဖြစ်နေရှာသော မမရီကို

ပြန်လည်နှစ်သိမ့်စကား ဆိုလိုက်ရသည့်တိုင် ယူဇနာရင်ထဲမှာ အတိုင်းမသိ ပူလောင်လျက်ရှိပါသည်။

"အေးကွယ် ဒီစကားတွေကို မမပြောတာလို့ ကတ္တီပါလေးကိုလည်း ပေးမသိပါနဲ့ကွယ်၊ တော်ကြာ မမရီကို တစ်မျိုးထင်သွားမှာ စိုးရိမ်လို့ပါ"

"စိတ်ချပါ မမရယ်၊ ယူဇနာ မပြောပါဘူး၊ ကတ္တီပါကိုဆူလည်းမဆူပါဘူး၊ ယူဇနာဘာသာ ခေါင်းအေးအေးထားပြီး စဉ်းစားသွားမှာပါရှင်"

"ဒါပဲကောင်းပါတယ် ယူဇနာရယ်၊ ဒီလိုကိစ္စမျိုးဆိုတာက အကြမ်းကိုင်လို့ ကောင်းတာမဟုတ်ဘူး၊ ကတ္တီပါကိုလည်း တဖြည်းဖြည်းနဲ့ နားသွင်းပြီး ကိုယ့်ဘက်ပါလာအောင် ချော့မော့စည်းရုံးပေါ့ကွယ်"

"ကောင်လေးက တကယ့်ကို လူရှပ်လူပွေလေးမို့သာ မမက ပြောရတာပါ၊ ကတ္တီပါတို့ကလည်း ကိုယ့်ညီမလေးတွေဆိုတော့ ကိုယ့်မျက်စိရှေ့မှာ ဒုက္ခဖြစ်မှာ မမြင်ချင်ဘူးလေ"

"ဟုတ်ကဲ့ပါ၊ မမရီစေတနာကိုလည်း လေးစားပါတယ်၊ ယူဇနာ ပြန်လိုက်ပါဦးမယ်၊ ယူဇနာကို ခွင့်ပြုပါဦးနော် မမ"

"ကောင်းပါပြီ ယူဇနာရယ်"

မမရီကို နှုတ်ဆက်ပြီး ပြန်လာခဲ့ရသော ယူဇနာရင်ထဲမှာ ကတ္တီပါအတွက် စိုးရိမ်စိတ်က ပြာမွှန်လျက် အတူလိုက်ပါလာပါသည်။





ကတ္တီပါမှာ ယူဇနာ၏ ခွင့်ပြုချက်ဖြင့် သူမ၏ သူငယ်ချင်းများနှင့်အတူ ချောင်းသာခရီးကို မနက်ကပင် ထွက်ခွာသွားပြီဖြစ်ရာ ယူဇနာ သတင်းသန့်သန့်ရသည့်အချိန်မှာ ဘယ်လိုမှ လိုက်မမှီတော့ချေ။

ကတ္တီပါတွင် ချစ်သူရည်းစား ရှိနေလိမ့်မည်ဟု ယူဇနာ မတွေးမိသလို ထိုချစ်သူကောင်လေးနှင့် ချောင်းသာကို အတူသွားလိမ့်မည်ဟူ၍လည်း ယူဇနာ မတွေးခဲ့မိသည်က သူမ၏ ညံ့ဖျင်းအသုံးမကျမှုသာ ဖြစ်သည်။

ကတ္တီပါတွင် ချစ်သူရည်းစားရှိနေသည့် အဖြစ်ကို ကတ္တီပါကိုယ်တိုင်ကလည်း ယူဇနာသိအောင် ဖွင့်ဟဝန်ခံပြောကြားခြင်း မရှိခဲ့သဖြင့် အခုလို သူများကတစ်ဆင့် ပြောကြားလာမှ ယူဇနာကလည်း သိရခြင်းဖြစ်သည်။

အခုမှတော့ အားလုံးလွန်ကုန်ပြီ ဖြစ်သည်။

မမရီက ကတ္တီပါ၏ ချစ်သူကောင်လေးမှာ လူရှပ်လူပွေဟု ဆိုသည်နှင့် ယူဇနာမှာ ညီမငယ်အတွက် ပြာနေပြီး အခုလို ခရီးရှည်တစ်ခုကို ညအိပ်ညနေသွားသည်ဆိုတော့ ပိုဆိုးသည်။

ညီမဖြစ်သူကို ဘယ်လိုမှစိတ်မချတော့။

ကတ္တီပါလေးက ရိုးသားဖြူစင်သူမို့ ယောကျာ်းတွေရဲ့ မာယာပရိယာယ်ကို သိမည်မဟုတ်။

ချစ်သူရည်းစားပြောသမျှ စွတ်ယုံနေမှ ခက်မည်။ ကောင်လေး၏နာမည်မှာ ဇေယျာဟုဆိုသည်။ နာမည်ကို အခုမှကြား

ဘူးခြင်းဖြစ်သလို လူကိုလည်း တစ်ခါမှ မမြင်ဘူး မတွေ့ဘူးသူဖြစ်သည့်အတိုင်း စိတ်ကူးဖြင့် ရမ်းသန်းပုံဖော်ကာ ချက်ချင်းလိုပင် ကားကို လာလမ်းအတိုင်း ပြန်ကွေ့ပြီး မမရီထံ တစ်ခေါက်ပြန်ခဲ့သည်။

ဇေယျနှင့် ပတ်သက်ပြီး မမရီ သိထားသမျှ ယူဇနာ သိခွင့်ရချင်ပါသည်ဟု ဆိုလေမှ မမရီက သူသိထားသမျှ ယူဇနာကို ပြောပြပါသည်။

“ကောင်လေးအစ်ကို နာမည်ကလည်း ဗလတဲ့၊ ဆရာဝန်လေ၊ ညီအစ်ကိုနှစ်ယောက်တည်းရှိကြတာ ဘယ်သူမှ အိမ်ထောင်မပြုဘဲ ဒီလိုပဲ ရုပ်ပွေနေကြသလားမသိပါဘူး ယူဇနာရယ်”

“မမရီလည်း သေချာမသိပါဘူး၊ ဒီလိုပဲ သူများတွေပြောတာ ကြားတာနဲ့ သိရတာပါ၊ အဲဒီအစ်ကို ဆရာဝန်ကလည်း မိန်းမတွေ ထည်လဲတွဲနေတာပဲတဲ့”

“သူ့လိပ်စာနဲ့ ဖုန်းနံပါတ်များ ရနိုင်မလား မမရီ”

“နေဦး ယူဇနာရေ၊ မမရီကို ဟိုတလောက ဒေစီမာမီ ပေးထားတဲ့ ဆရာဝန်လိပ်စာနဲ့ ဖုန်းတော့ရှိတယ်၊ ရှာလိုက်ဦးမယ်”

“ဟော…ဒီမှာ တွေ့ပြီ၊ တွေ့ပြီ၊ ရော့ ယူဇနာ ဘာမှတော့ အရင်မလုပ်နဲ့ဦးနော်၊ ကိုယ့်ညီမအခြေအနေကို အရင်မေးမြန်းကြည့်ပြီးမှ ကျန်တာဘာဆက်လုပ်ရမယ်ဆိုတာ ဆက်စဉ်းစားဟုတ်လား”

“ဟုတ်ကဲ့ပါ မမရီ၊ ယူဇနာ ညီမလေးကို မေးကြည့်ဦးမှာပါ”





“ယူဇနာ သွားမယ်နော် မမရီ”

“ညီမအတွက် စိတ်လှုပ်ရှားနေလို့ချည်း မဖြစ်ဘူးနော် ယူဇနာ၊ သတိနဲ့ ကားကို ဖြည်းဖြည်းလည်းမောင်းဦး သိလား”

“ဟုတ်ကဲ့ပါ”

မမရီရှာပေးသော လိပ်စာကဒ်လေးကို ယူဇနာကိုင်သည့် လက်ပွေ့အိတ်ထဲ ထည့်ကာ မမရီကို ဒုတိယအကြိမ် နှုတ်ဆက်လမ်းခွဲခဲ့သည်။

ယူဇနာ အတွေးထဲမှာတော့ အစ်ကိုဖြစ်သူ ကိုယ်တိုင်ကလည်း မိန်းမပွေရှုပ်သူဟု သိရခြင်းဖြင့် ညီမငယ်အတွက် ပို၍ ဗလောင်ဆူလာပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီလိုလူရှုပ်လူပွေတွေနှင့် အမျိုးမတော်ချင်သလို ကတ္တီပါနှင့်လည်း ဇေယျဆိုသည့် လူရှုပ်လေးနှင့် လုံးဝ သဘောတူလို့မရဘဲ ဖြစ်နေသည့်အတွက် ညီမငယ်ကို ယူဇနာ ဘက်ပါလာအောင် ဘယ်လိုစည်းရုံးရမည်ဆိုတာကို ကားမောင်းရင်း တစ်လမ်းလုံး တွေးလာသည်မှာ အိမ်ပြန်ရောက်သည့်အထိ ဖြစ်သည်။

“ကြီးအုံရေ ကတ္တီပါ ဖုန်းယူသွားလားဟင်”

“မယူသွားဘူး ယူဇနာရေ၊ မေ့ကျန်ရစ်တယ်၊ ဘာဖြစ်လို့လဲကွယ်”

“ဘာမှမဖြစ်ပါဘူး ကြီးအုံရယ်၊ ဟိုကို ချောချောမွေ့မွေ့ ရောက်ရဲ့လားလို့ မေးချင်လို့ပါ”

"အဲဒီအတွက်ဆိုရင် မပူနဲ့တော့ယူဇနာရေ၊ ကတ္တီပါ စောစောကပဲ ဖုန်းဆက်တယ်၊ ယူဇနာဖုန်းက ခေါ်မရလို့တဲ့၊ သူ ချောချောမွန်မွန်ရောက်တယ်၊ ဘာမှစိတ်မပူနဲ့လို့ ပြောပြီး ဖုန်းချသွားတယ်၊ ကတ္တီပါလေး အသံကြားရတာ သိပ်ပျော်နေသလိုပဲကွယ်၊ ကြီးအုံတောင် ရေနွေးကြမ်းမသွားဖို့ မှာလိုက်သေးတယ်"

ကြီးအုံကတော့ ဘာမှမသိသူပီပီ ကတ္တီပါ ပျော်နေတာကို ရိုးရိုးသားသားဟု ထင်နေသည်။ တကယ်လက်တွေ့မှာက ထိုသို့ မဟုတ်။ ကတ္တီပါပျော်နေတာက သူချစ်သူ ဇေယျဆိုသည့် လူဆိုးလေးနှင့် ခရီးအတူသွားရ၍ ဤမျှပျော်နေခြင်းဖြစ်ကြောင်း ယူဇနာ စိတ်ထဲက ကြီးအုံကို ပြန်ပြောနေမိသည်။

အပြင်မှာတော့ ရင်ထဲရှိတာကို ထုတ်မပြောဘဲ ရေငုံနေလိုက်သည်။ ယူဇနာ စိတ်ထဲမှာတော့ ညီမဖြစ်သူကို ကလေးတစ်ယောက်လို မြင်နေဆဲမို့ ကတ္တီပါ ဘယ်လောက်ပဲဆိုးပါစေ ချစ်စနိုးနှင့် ခွင့်လွှတ်ကြည်သာနေပေမယ့် ချစ်မှုရေးရာကိစ္စမှာတော့ ကတ္တီပါကို ယူဇနာ အပြစ်တင်ချင်နေပါသည်။

ညီမဖြစ်သူကို ချစ်သူရည်းစား မထားရဟု မဆိုချင်ပါ။ သို့ပါသော်လည်း ကတ္တီပါ၏ချစ်သူကို အခုလို လူရှုပ်လူပွေလေး တစ်ယောက်တော့ မဖြစ်စေချင်။

အခုတော့ ကြားရသည့်သတင်းစကားတွေက ယူဇနာအတွက် တစ်ခုမှ စိတ်ချမ်းသာစရာမရှိတာမို့ တစ်ယောက်တည်း သက်ပြင်းကြိတ်ရှိုက်ရင်း သူမအခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်





လမ်းလျှောက်နေမိသည်။

ဘယ်လိုများလုပ်ရပါ့မလဲဟု အကြံထုတ်နေပေမယ့် ရုတ်တရက် ဘာအကြံအစည်မှမထွက်။

ကတ္တီပါကို သူချစ်သူကောင်လေးနှင့် ဖြတ်ပါဟုဆိုလျှင်လည်း အလွယ်တကူ လက်ခံမည်မထင်။ အချစ်ဝင်နေချိန်မို့ သူချစ်သူ ဇေယျဆိုသည့် ချာတိတ်လေးပေါ်မှာ ဘာအပြစ်မှ မြင်မည်မဟုတ်။

ယူဇနာကိုပဲ အပြစ်တင်မှာ သေချာသည်။ သူမအနေနှင့်ကြပြန်တော့လည်း ညီမဖြစ်သူဘက်က အထင်မြင်လွဲမှားတာမျိုး အဖြစ်မခံနိုင်။ သူမဘက်က အကျိုးသင့်အကြောင်းသင့်လေး ရှင်းပြတာကိုပဲ ညီမဖြစ်သူကို နားလည်စေလိုတာမျိုးဖြစ်သည်။

ဒါက ယူဇနာရင်ထဲက စိတ်ကူးမျှသာဖြစ်သော်လည်း တကယ့်လက်တွေ့မှာ ကတ္တီပါဘက်က ဘာတွေတုံ့ပြန်လာဦးမည်လည်း မဆိုနိုင်။

ကတ္တီပါအကြောင်းကို ယူဇနာသိသည်။ စိတ်ကူးယဉ်ဆန်ပြီး စိတ်နှလုံးသား နူးညံ့ပျော့ပျောင်းတတ်သော ကတ္တီပါအနေနှင့် သူချစ်သူကို ဘယ်လိုမှ အလွယ်တကူ မေ့ပျောက်ပစ်မည့်သူမျိုး မဟုတ်။

စိတ်အစွဲလမ်းကြီးကြီးနှင့် သူ့ဒုက္ခသူရှာသလို ဖြစ်နေမည့်အတူ ဇေယျဆိုသည့်ကောင်လေးကို တစ်ခါထဲ ကတ္တီပါနားက ရှောင်ထွက်သွားမည့် နည်းလမ်းကိုသာ အပြေးအလွှား ရှာဖွေစဉ်းစား

နေမိသည်။

အနည်းဆုံးတော့ ဖေယျဆိုသည့် ချာတိတ်နှင့် သူမညီမ ကတ္တီပါကို အစ်မဖြစ်သူ ယူဇနာမှ လုံးဝသဘောမတူပါကြောင်း၊ အသိအမှတ်မပြုပါကြောင်း ဖေယျအစ်ကို ဒေါက်တာဗလကို အပြတ်ပြောပြီး ကတ္တီပါနားက သူညီ ခွာပြေးသွားအောင် လုပ်ရမည်လားဟု စိတ်ကူးတည့်ရာ လျှောက်တွေးနေမိ၏။

ဖေယျဆိုသည့် ချာတိတ်ကို ကတ္တီပါနားက ခွာသွားစေလိုသည်မှာ ယူဇနာ၏ အပြင်းပြဆုံးဆန္ဒဆိုလည်း မမှားချေ။

အကောင်းဆုံးဖြစ်နိုင်မည့် နည်းလမ်းမှာ ဘယ်လိုဖြစ်နိုင်မည်နည်းဟု ယူဇနာ စဉ်းစားကြည့်သည်။ စိတ်ကူးအမျိုးမျိုး၊ အကြံအစည်အမျိုးမျိုး ဖြစ်နေသော်လည်း လက်တွေ့ ဘာကိုမှ အသုံးချ၍မဖြစ်။

ညီမငယ် ကတ္တီပါဆီက သတင်းကိုသာ စောင့်ပြီး အခြေအနေအရ စကားပြောကြည့်ဦးမည်ဟု စိတ်မှာပိုင်းဖြတ်ထားသော်လည်း ကတ္တီပါထံမှ ဖုန်းထပ်မဝင်လာတော့ ယူဇနာအတွက် ပိုပြီး စိတ်မချနိုင်စရာ စိုးရိမ်စရာတွေချည်း ဖြစ်လာသည်။

ဒီပုံအတိုင်းဆို ကတ္တီပါကိစ္စ ထင်သလောက်လွယ်ပါမည်လားဟု တွေးရင်း ညီမငယ်နှင့် ခွဲရသည့် နှစ်ရက်ခရီးကိုပင် ယူဇနာစိတ်မှာ နှစ်ကမ္ဘာလောက် ကြာရှည်လှချည်ဟု အောက်မေ့နေ၏။

ဒီကြားထဲ ကတ္တီပါထံမှ ဘာအဆက်အသွယ်မှ မလုပ်





တော့ ပိုဆိုးသည်။

"ဘယ်လိုလုပ်ကြမလဲ ကြီးအုံ၊ ကတ္တီပါဆီက ဖုန်းလည်း မလာဘူး၊ ဟိုကောင်လေးနဲ့ ကတ္တီပါကို ဘယ်လိုမှသဘောမတူဘူး"

"ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့ ယူဇနာရယ်၊ ကတ္တီပါလေးလည်း ဒီလောက်မမိုက်ပါဘူး၊ ယူဇနာကိုလည်း သိပ်ချစ်တာဆိုတော့ ယူဇနာပြောတာကို နားထောင်မှာပါ"

"ဟင်း…အဲဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းနေရတာပဲ ကြီးအုံရယ်"

အဖြစ်အပျက်အားလုံးကို ကြီးအုံသိအောင် ယူဇနာ ဖွင့်ပြောလိုက်တာမို့ ကြီးအုံကိုယ်တိုင်လည်း ကတ္တီပါအတွက် စိုးရိမ်စိတ်ပူနေရှာပေမယ့် ရင်ထဲမှာပဲ ကြိတ်မျိုသိပ်ထားလိုက်ပါသည်။

အခုတလော ကတ္တီပါဘက်မှ အပြောင်းအလဲလေးတွေ ရှိနေထဲက ဒီကလေးမလေးတော့ တစ်ခုခု မရိုးသားတော့ဘူးရယ်လို့တော့ ဒေါ်အုံကိုယ်တိုင်လည်း တွက်ခဲ့မိသားပင်။

ဖုန်းအကြာကြီး ပြောနေတာ။ မကြာခဏ အပြင်ထွက်တတ်တာ အားလုံး အခုချိန်မှာ ပြန်ဆက်စပ်လိုက်တော့ ဖေယျဆိုသည့် ကောင်လေးကြောင့်ဆိုတာ အဖြေကရှင်းနေသည်။

ယူဇနာ စုံစမ်းသိရသလောက် လူရှုပ်လူပွေလေးဟု ဆိုသည်။

ညီမဖြစ်သူအတွက် ယူဇနာ ရင်မအေးနိုင်သလို ဒေါ်အုံ

လည်း ဘဝင်မကျနိုင်။ ရိုးသားအေးဆေးသော ကတ္တီပါကို သူမလို ပင် ရိုးရိုးသားသား အိမ်ထောင်ဖက်နှင့်သာ တွေ့ဆုံစေလိုသည်။

"ယူဇနာတော့ ဖေယျာအစ်ကိုဆိုတာကို အရင်သွားကြည့်ပြီးမှ သူတို့ညီအစ်ကိုစရိုက်ကို ပိုပြီးအကဲခတ်နိုင်မယ်လို့ ထင်တယ်"

"ဖြစ်ပါ့မလား ယူဇနာရယ်၊ တစ်ဖက်လူက လူယဉ်ကျေးဆိုရင် ကိစ္စမရှိဘူး၊ တချို့ပညာတတ်တွေ မိုက်ရိုင်းတာ ကြီးအုံ မြင်ဘူးတယ်၊ ယူဇနာ့အတွက် ကြီးအုံ စိုးရိမ်လို့ပြောတာပါကွယ်"

ကြီးအုံ့စကားကြောင့် ယူဇနာ နည်းနည်းတော့ တွေဝေသွားသည်။ ဗလဆိုသည့်လူကို ယူဇနာ မြင်ဘူးတာမဟုတ်။ သူ့အကြောင်းလည်း ဘာမှမသိ။

ကြီးအုံပြောသလို မိုက်ရိုင်းတဲ့သူလား၊ ယဉ်ကျေးတဲ့သူလားဆိုတာ လူချင်းတွေ့ပြီး စကားပြောဆိုကြည့်မှ သိရမည့်ကိစ္စမို့ အခုထဲက တွေးပြီးကြောက်နေရင် အိမ်မှာနေတာပဲ ကောင်းသည်။

သွားတွေ့နေလို့လည်း အကျိုးမထူး။

ကတ္တီပါပြန်လာမှ အကျိုးသင့်အကြောင်းသင့် ပြောဆိုရအောင်ကလည်း ကတ္တီပါက ငွေဆောင်ကို ခရီးဆက်သွားတော့ ဘာမှပြောခွင့်မရလိုက်။ ဘယ်နှစ်ရက်ကြာမည်ရယ်လို့လည်း အတိအကျ သိရတာမဟုတ်တော့ ခက်သည်။

"ဘာပဲဖြစ်ဖြစ် ကြီးအုံရယ် ဒီအတိုင်းထိုင်ပြီး စိတ်ပူနေတာထက်စာရင် တစ်ခုခုလုပ်လိုက်ရတာကမှ ပိုကောင်းဦးမယ်ထင်တာပဲ၊ ယူဇနာ သူ့ကို အခြေအနေကြည့်ပြီး သွားတွေ့မယ်"





"ယူဇနာ သဘောကျသာဆုံးဖြတ်ပါကွယ်၊ ကြီးအုံတော့ ဘာမှမပြောတတ်တော့ပါဘူး၊ သွားတဲ့အချိန်ကြရင်သာ သတိဝီရိယလေးရှိဖို့ ပြောချင်တာပါပဲ"

"စိတ်ချပါ ကြီးအုံ၊ ယူဇနာ ဘာလုပ်သင့်တယ် မလုပ်သင့်ဘူးဆိုတာ သိပါတယ်"

လက်ထဲက လိပ်စာကဒ်ဖြူဖြူလေးကို ယူဇနာ တစ်ချက်ငုံ့ကြည့်ပြီး ဆိုလိုက်သည်။

ဒေါက်တာ ဗလ။

စိတ်ထဲက ဖေယျာအစ်ကိုဆိုသူ၏ အမည်ကို ခပ်တိုးတိုး ရွတ်ဆိုကြည့်မိသည။ ထို့နောက် ဟင်းခန်း သက်ပြင်းရှိုက်ကာ နေရာမှထွက်ခဲ့လိုက်သည်။

လူချင်းအရင်မတွေ့ဘဲ ဖုန်းနှင့်ပြောရလျှင် ကောင်းမည်လား၊ဟု အတွေးတစ်ချက် ဝင်လာသဖြင့် ဖုန်းဖြူဖြူလေးရှိရာကို တစ်ချက်လှမ်းကြည့်လိုက်မိ၏။

ဖုန်းနှင့်ဆက်ပြောလို့လည်း အကြောင်းထူးမည်မထင်။

သူ့ကိုယ်မသိ၊ ကိုယ့်သူမသိနှင့် လိုရင်းစကားရောက်အောင်ပြောဖို့ အတော်လေးကို ရှည်လျားထွေပြား ရှင်းပြနေရဦးမည်ထင်သည်။

ဒီလိုတော့လည်း မဖြစ်သေးပါဘူး။ လူချင်းမျက်နှာချင်းဆိုင်တွေ့ပြီး ကိုယ်ပြောချင်တာတွေကို ပြောပြလိုက်တာပဲ ပိုကောင်းမည်ဟု စဉ်းစားဆုံးဖြတ်က ဖုန်းဆက်ဖို့ကိစ္စကို လက်လျှော့လိုက်

သည်။

ဩော်...ကတ္တီပါ...ကတ္တီပါ။
မမညီမလေး သိပ်မိုက်ပါလားကွယ်။

✤ ✤ ✤



## အခန်း [၃]

ဒေါက်တာဗလ။

အဖြူခံပေါ်မှာ အပြာရောင်စာလုံးတွေနှင့် ချိတ်ဆွဲထားသော ဆိုင်းဘုတ်ဖြူဖြူလေးကို ကြည့်ပြီး ယူဇနာ ကားပေါ်မှမဆင်းဘဲ ငြိမ်နေလိုက်ပါသည်။

တစ်ထပ်တိုက်အိမ်လေးနှင့် ခြံဝင်းကျယ်ထဲမှာ စိမ်းစိုဝေဖြာသော သစ်ပင်ကြီးငယ်တို့ဖြင့် မျက်စိအေးစရာ ဖြစ်သော်လည်း ယူဇနာအတွက် ရင်အေးစရာ ဖြစ်မလာခဲ့ပါချေ။

ဒေါက်တာဗလ ဆိုသည့်လူနှင့် ယူဇနာညီမ ကတ္တီပါတို့က လာပြီးပတ်သက်နေသဖြင့် ညီမကိုချစ်သည့်စိတ်ဖြင့် ယူဇနာ ရင်တွေ ပူလောင်နေသည်။

တိုက်ရှေ့တည့်တည့်မှာ ကားတစ်စီးရပ်ထားတာမို့ အိမ်ထဲမှာ ဒေါက်တာဗလဆိုသည့်လူ ရှိနေလိမ့်မည်ဟု ယူဇနာ တွေးထင်

ထားပြီဖြစ်သော်လည်း လူကိုယ်တိုင် ဝင်တွေ့ဖို့ကိုတော့ ကိုယ့်ဘာသာ ဝေခွဲမရဘဲ စဉ်းစားတွေဝေနေမိသည်။

ဖြူသည်မည်းသည်။ ပုသည်ရှည်သည်။ ဘာတစ်ခုမှ မသိရသော လူတစ်ယောက်မှာ ဘယ်လိုစိတ်ဓာတ်နှင့် ဘယ်လို အတွေးအခေါ် အယူအဆရှိနေလိမ့်မည်ဆိုတာ ဘယ်သူမှ ခန့်မှန်းလို့ ရနိုင်မည်မထင်။

လူချင်းမတွေ့ဘဲ ဖုန်းနှင့်အရင်ဆက်လိုက်ပြီး ကိုယ်ပြောချင်တာတွေကို ပြောလိုက်တာပဲ ပိုအဆင်ပြေမည်ဟု စဉ်းစားပြီး ဖုန်းနံပါတ်တွေကို ကားပေါ်ကပဲ တစ်ခုချင်း နှိပ်လိုက်သည်။

ယောက်ျားတစ်ယောက်က ယူဇနာကို စီးစီးပိုးပိုး နိုင်လိုမင်းထက် ပြောဆိုလာလျှင် ဘယ်ယောက်ျားတို့မှ အထင်မကြီးသော ယူဇနာကလည်း ငြိမ်ခံနေမည့်သူမျိုး မဟုတ်ပါ။

လက်တုန့်ပြန်မိမှာ သေချာသည်။ ဒီတော့ လူချင်းတွေ့ပြီး အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်ရတာထက် နှိုင်းစာလျှင် ဖုန်းနှင့်ပြောပြီး သူမသိကိုယ်မသိ စိတ်ထဲရှိတာကို ပြောရတာပဲ ကောင်းမည်ဟု တွေးလာမိခြင်းဖြစ်သည်။

"ဟဲလို"

ကြည်လင်အောင်မြင်သော ယောက်ျားတစ်ယောက်၏ အသံကို ယူဇနာ ကြားလိုက်ရပြီး ယူဇနာ လှပသောမျက်နှာလေး တင်းမာသွားသည်။

"ဒေါက်တာဗလနဲ့ ပြောချင်လို့ပါ"





"ပြောနေပါတယ်ခင်ဗျာ၊ အခုပြောနေတာ ဘယ်သူပါလဲ"

အခြေအနေက မဆိုးသေးဟု ဆိုရမည်။ တစ်ဖက်က လူကလည်း ခပ်မှန်မှန် တုံ့ပြန်နေသည်ဆိုတော့ ယူဇနာလည်း သူ့ရင်ထဲက ရှိတဲ့အတိုင်း တစ်ဖက်လူကိုပြောဖို့ အသင့်ပြင်လိုက်သည်။

"ကျွန်မ ဘယ်သူလဲဆိုတာ ရှင့်ကိုပြောမှာပါ၊ လောလောဆယ် ကျွန်မသိချင်တာက ရှင့်မှာ ဓေယျဆိုတဲ့ ညီတစ်ယောက် ရှိမရှိဆိုတာ ကျွန်မကို အရင်ဖြေပေးပါ"

"ဓေယျဆိုတာ ရှင့်ညီလား"

"ဟုတ်ပါတယ်"

တစ်ဖက်က မေးတာကို ဖြေရင်း စိတ်ဆိုးဒေါသဖြစ်စပြုလာပါသည်။ တစ်နေ့ တစ်နေ့ ဓေယျ မိန်းကလေးရှုပ်သည့်ကိစ္စတွေကိုပဲ ကြားနေရသော ညီဖြစ်သူကို လက်သီးစာကျွေးချင်မိသည်။

အစ်ကိုကြီးတစ်ယောက်အနေနဲ့ မလုပ်ရက်တော့ သင်းက တစ်နေ့တခြား ပိုဆိုးလာ...ည်း။ အတည်တကျ အိမ်ထောင်ပြုပါဆိုတော့လည်း မဟုတ်။

သူ့ အမှန်အကန် လက်ထပ်ရမည့် ချစ်သူမရှိသေးပါဟု ဆိုသည်။ ပါးစပ်ကသာ ချစ်သူမရှိဟုဆိုသည် လက်ရှိမှာဖြင့် ရည်းစားတွေ မှိုလိုပေါက်နေအောင်ထားတာ ဗလ အသိသားပင်။

ဟော အခုတစ်ယောက် လာပြန်ပြီ။ ဇေယျအကြောင်းကို အစ်ကိုဖြစ်တဲ့ဗလကို မိန်းကလေးတစ်ယောက်က လာမေးနေသည်။ ဒီတော့လည်း ဟုတ်ပါသည်။ မှန်ပါသည်ပေါ့။ ဇေယျဆိုတာ သူ့ညီဖြစ်ကြောင်း အားလုံးသိသည်။ လိမ်ညာနေစရာ သူ့တွင် ဘာအကြောင်းမှမရှိ။

"ကျွန်မက ဇေယျရဲ့ချစ်သူ ကတ္တီပါအစ်မပါ၊ ရှင့်ညီလို လူရှုပ်လူပွေနဲ့ ကျွန်မညီမလေးကို လုံးဝသဘောမတူလို့ ရှင်က အစ်ကိုတစ်ယောက်အနေနဲ့ တားပေးဖို့ ပြောချင်လို့ပါ"

"ဘာဗျာ"

"ရှင်နားမလေးရင် ကြားလိုက်မှာပါရှင်၊ ကျွန်မညီမနဲ့ ရှင့်ညီလူရှုပ်လူပွေကို လုံးဝသဘောမတူဘူးလို့ ပြောတာပါ ဦးဗလ"

"ခင်ဗျားက ကျုပ်နာမည်တွေဘာတွေတောင် အတိအကျ သိလို့ပါလားဗျာ"

"သိပ်လည်း မထူးဆန်းပါဘူးရှင်၊ ရှင်တို့ညီအစ်ကိုနှစ်ယောက်စလုံးက နာမည်ကြီးတွေပဲ"

"ဘာနာမည်ကြီးတာလဲ"

"မိန်းမပွေတဲ့ကိစ္စလေ"

"ဟာ"

လက်ထဲကဖုန်းခွက် လွတ်ကျမတတ် ဖြစ်သွားသည်။ တစ်သက်လုံး မိန်းကလေးကိစ္စနဲ့ ပတ်သက်ပြီး ကင်းကင်းရှင်းရှင်း





နေလာခဲ့သော ဗလလို ယောကျ်ားတစ်ယောက်ကို ဘယ်လိုမိန်းကလေးက မဟုတ်မဟပ်တွေ လာပြီးစွပ်စွဲနေတာပါလိမ့်။

ဗလနဲ့ ဇေယျဆိုတာ နာမည်တူညီအစ်ကိုတူ ဆိုပေမယ့် လူချင်းစိတ်ဓာတ်ချင်းကတော့ အမည်းနဲ့အဖြူ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတာ သူနှင့် ရင်းနှီးပတ်သက်သူတိုင်း သိကြသည်။

သူ့ဘဝမှာ မိန်းမဆို ဘယ်မိန်းမမှ အထင်မကြီး။ စိတ်လည်းမဝင်စား။ မိန်းကလေးကိစ္စ ရှုပ်ဖို့မဆိုထားနဲ့ အခုချိန်ထိ ချစ်သူရည်းစားထားဖို့ပင် မစဉ်းစားဘဲ တစ်ကိုယ်တည်း လူပျိုကြီး ဘဝနဲ့ နေလာသူဖြစ်သည်။

ညီဖြစ်သူ ဇေယျတစ်ယောက်တည်း ရှုပ်ထွေးပွေလီလှသောကိစ္စနှင့် ပတ်သက်ပြီး သူဘဝမှာ မိန်းမတွေကို စိတ်ကုန်စိတ်ပျက်လှပြီ။ ညီဖြစ်သူ အခုလို ပွေနိုင်ရှုပ်နိုင်အောင် မိန်းကလေးတွေဘက်ကလည်း အညှာလွယ်လွန်းကြသည်။

ပြီးတော့မှ ရှင်းမရသော ပြဿနာတွေတစ်စီတစ်တန်းကြီးနှင့် သူတို့အချင်းချင်းလည်း ရန်ဖြစ်ကြစကားများကြသည်။ ညီဖြစ်သူနှင့်လည်း ထုကြထောင်းကြ ရိုက်ကြထုကြနက်ကြနှင့် ပြီးတော့လည်း ဇေယျတစ်ချက်မချော့လိုက်ရဘဲ အားလုံးပြုံးပြုံးရွှင်ရွှင်ပြေလည် ငြိမ်းချမ်းသွားကြတာ မျက်မြင်ကိုယ်တွေ့ဖြစ်သည်။

သူတို့ချင်း ပြေလည်နေတုန်းက ဘာမှမသိ။

ဟော့ သူတို့ချင်း ပြဿနာတစ်ခုခုဖြစ်လာပြီဆိုတော့ ဗလကို အခုလိုပဲလာပြီး ပြဿနာထဲပါအောင် ဆွဲထည့်ကြသည်။

အခုလည်း ဓေယျရဲ့ဘယ်နှစ်ယောက်မြောက်မှန်း မသိသော ရည်းစား၏ အစ်မဆိုသူက သူ့ဆီကိုဖုန်းဆက်ပြီး သူ့ညီမနှင့် ဓေယျကို လုံးဝသဘောမတူပါ တားမြစ်ပေးပါဟု ဆိုသည်။

ပြောတာလွယ်သည်။

လက်တွေ့ကျကျလုပ်ဖို့ကျတော့ ဗလလည်းမနိုင်။ ဓေယျအကြောင်းကို သူပဲသိသည်။ သူ့ရှေ့မှာ ဗလပြောဆိုဆုံးမသမျှ ခေါင်းကလေးငုံ့ပြီး တကယ်လူလိမ္မာလေးတစ်ယောက်လို နားထောင်ပြပါလိမ့်မည်။

ပြီးမှ ဗလမျက်ကွယ်မှာ ထင်ရာစိုင်းပြီး လုပ်ချင်ရာလုပ်မည်။ ဒါက ဓေယျရဲ့စတိုင်လို့တောင် ဆိုရမည်။ ပြန်မပြောနားမထောင်သော လူတစ်ယောက်ကို ဗလ မည်သို့ပြောဆိုဆုံးမရမည်နည်း။

ညီအစ်ကိုချင်း လက်သီးနှင့် ဆုံးမသင့်သည့်နေရာမှာ ဆုံးမခဲ့ပြီးပါပြီ။ အမြဲလည်း လိုက်ပြီး လက်သီးပွဲ ကျင်းပမနေနိုင်။ ကိုယ့်ဂုဏ်သိက္ခာနှင့် ကိုယ် အများအမြင်မှာ လူကဲ့ရဲ့စရာ အထင်သေးစရာဖြစ်မည်။

ဒီတော့ ဓေယျဆိုသည့် ညီဆိုးညီမိုက်ကို မတတ်သာသည့်အဆုံး လက်လျှော့ထားလိုက်ရသည်။ ဗလတို့မှာ မိဘနှစ်ပါးစလုံးရှိကြတော့တာမဟုတ်။ ဒီညီအစ်ကို နှစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့တာဆိုတော့ ပြောဆိုဆုံးမလို့ မနိုင်သော ညီကိုလျစ်လျူရှု ဥပေက္ခာပြုလိုက်သည်။





သူလည်း သူ့ဘာသာလုပ်ချင်ရာလုပ်။ ဗလလည်း ကိုယ့်အလုပ်ကိုယ်လုပ်နေလိုက်၏။ ဒီလိုအခြေအနေမှာ အမျိုးသမီးတစ်ယောက်က သူ့ကိုပါညီဖြစ်သူနှင့် ရောထွေးပြီး လူရှုပ်လူပွေဟု ဆိုလာတော့ ဗလ ဒေါသဖြစ်ရသည်ပေါ့။

သူ့အကြောင်း သေချာမသိဘဲနှင့် လူကိုထင်ကြေးတွေနှင့်လာပြီး ရမ်းသမ်းစွပ်စွဲပြောဆိုနေတာမျိုး သူမခံနိုင်။ ဒါကြောင့် လက်ထဲက ဖုန်းခွက်ကို တင်းနေအောင်ဆုပ်ကိုင်ပြီး တစ်ဖက်က အမျိုးသမီးကို မျက်နှာထားမှုံ့တည်တည်ဖြင့် ခပ်မာမာလှမ်းခေါ်လိုက်သည်။

"ဒီမှာ အမျိုးသမီး"

"ပြောပါ"

အံမယ် တစ်ဖက်ကလည်း ဗလလိုပဲ လေသံမာလှချည်လား။ ဗလအကြောင်းကို သူကပဲ မဟုတ်တမ်းတရားတွေ စွပ်စွဲပြောနေပြီး သူမကပဲ ဗလ ကို ပြန်ပြီးစိတ်ဆိုးဒေါသဖြစ်နေပါလား။

"ကျုပ်ကို ဘာကောင်ထင်နေလည်း"

"လူကောင်လို့ပဲ ထင်တယ်"

"အမ်"

တစ်ဖက်ကပြန်ပြောလိုက်ပုံကြောင့် ဒေါသဖြစ်နေသော ဗလ မျက်နှာကြီးမှာ အိုးတိုးအမ်းတမ်းကြီးဖြစ်သွားကာ ကပ်သီးကပ်သပ်စကားဆိုနေသော မိန်းမကိုလည်း အသည်းယားသွားမိသည်။

လူကတော့ ဘယ်လိုပုံစံရှိသည်မသိ။

ချိုသာသောအသံလေးကတော့ ဗလအပေါ်မှာ ဘုဘောက် ကျလာသည်။

“ဒီမှာ မင်းတို့လို မိန်းမတွေပြိုင်ပြီး စကားပြောရတာ ငါ့အတွက် သိက္ခာကျတယ်ကွ နားလည်လား”

“ကျွန်မလည်း ရှင့်လိုလူနဲ့ ပိုပြီးတော့တောင် မပြောချင်ဘူးဆိုတာ မှတ်ထားပါ”

“ဟ ဒါဆို ကျုပ်နဲ့ ဘာလို့လာပြောနေသေးလည်း ဖုန်းချလိုက်ပါလား”

“မချနိုင်လို့ပေါ့ရှင်၊ ရှင့်ညီလို လူရှုပ်လူပွေကို ကျွန်မညီမ ကတ္တီပါနဲ့ မပတ်သက်ဖို့ ပြောပေးပါရှင့်ဘက်က ကိုယ့်ညီကိုယ် တာဝန်ယူတယ်ဆိုရင် ကျွန်မ ဖုန်းချလိုက်ရုံပဲဟာ”

“ဒီမယ် မဟိုဒင်း”

“ရှင် ကျွန်မကို ဘယ်လိုခေါ်တာလည်း ကျွန်မနာမည် မဟိုဒင်း မဟုတ်ဘူးရှင့်။ ရှင်သာ ကိုဟိုဒင်းသိလား”

“အဟွန်း”

ကဲကဲဆတ် ပြန်ရန်တွေ့နေပုံကို သဘောကျသလို နှုတ်ခမ်းကိုတစ်ချက်တွန့်ပြီး မရယ်ချင်ရယ်ချင် ရယ်လိုက်သည်။

တော်တော်လာတဲ့ မိန်းမတွေပါလား။ သူ့ညီကိုကျတော့ သူမ ညီမနဲ့ မပတ်သက်ဖို့တားပေးပါတဲ့။

“မအဝှာကို ကျုပ်ပြောမယ်။ အဲဒီနာမည်မခေါ်စေချင်





ရင် မင်းနာမည်ကို ကျုပ်သိအောင်ပြော၊ မပြောချင်ရင်လည်း ကျုပ်က ဖွတ်မေးဖို့ စိတ်ဝင်စားမှာ မဟုတ်ဘူး”

“ဘယ်သူကရော စိတ်ဝင်စားလို့လဲ”

“ဒါတော့ မပြောတတ်ဘူးဗျာ၊ တစ်ချို့တလေလည်း ဒီလိုပဲ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ဖုန်းထဲကနေ ရင်းနှီးအောင် လုပ်တတ်ကြတယ် မဟုတ်လား”

“ဘာ”

“ရှင် … ရှင် လူပါးမဝနဲ့နော်၊ ကျွန်မကို ဘာထင်နေလည်း၊ ရှင်တွေ့ဖူးတဲ့ မိန်းမတွေထဲမှာ ကျွန်မ မပါဘူးရှင့်၊ နားလည်လည်း”

“ဒါကြောင့်လည်း ကျွန်မက ဘယ်ယောကျ်ားလေးကိုမှ အထင်မကြီးတာ နည်းနည်းလေးများ မျက်နှာသာမပေးလိုက်နဲ့ သူ တို့ကိုယ်သူတို့ ဟုတ်လှပြီ ထင်ပြီး ဘဝင်မြင့်ရူးရူးနေကြတာ အခု လက်တွေ့ပဲ”

“ကြည့်စမ်း မင်း ကျုပ်ကို အသလွတ်ကြီးလာ စော်ကားနေတာပါလား၊ မင်း ဘယ်လိုမိန်းကလေးလဲ”

“သူလိုကိုယ်လို ထင်တာပါပဲ။ ရှင့်ညီနဲ့ ကျွန်မညီမ လုံးဝသဘောမတူဘူးဆိုတာ ရှင့်ညီကိုပြောပေးပါလား”

“အကြောင်းပြချက်က ဘာလဲ”

“ပြောပြီးပြီလေ လူပွေလူရှုပ်တွေဆို”

“ဘာကွ”

"ဒီမှာ အမိ"

"ပြောပါ"

"မင်းသေချာမှတ်ရမှာက မင်းညီမနဲ့ ကျုပ်ညီကို သဘောမတူသလို ကျုပ်ကိုယ်တိုင်ကလည်း မင်းညီမကို ကျုပ်ညီနဲ့ လုံးဝသဘောမတူဘူး"

"ဒီတော့ ကိုယ့်ညီမကိုယ်နိုင်အောင် ထိန်းပါ၊ ခြံခုန်ထွက်မလာပါစေနဲ့"

"ဘာ"

"ဂျောက်"

"တောက် … သင်း … သင်းသိပ်လူပါးဝတယ်သိလား"

တစ်ဖက်က ဖုန်းချသွားတာမို့ ယူဇနာမှာ ရင့်ရင့်သီးသီးအပြောခံလိုက်ရခြင်းအပေါ်မှာ ဒွေ့ဒွေ့ခုန်စိတ်ဆိုးပြီး ကျန်ရစ်ခဲ့သည်။

လူချင်းသွားမတွေ့မိတာပင် ခပ်ကောင်းကောင်းဟု ဆိုရမည်ထင်သည်။ ဒီလိုအချိုးမျိုးနှင့် မျက်နှာချင်းဆိုင်တွေ့ရလိုကတော့ ယူဇနာ ဘက်က တစ်ခုခုလက်တုန့်ပြန်မိမှာ သေချာသည်။

အခုတောင် ဗလဆိုသည့် လူရှိနေသည့် ခြံထဲကို ပြေးဝင်ပြီး ဘာလူပါးဝတာလဲ အခုချက်ချင်း ပြန်တောင်းပန်ဟု ဆိုလိုက်ချင်စိတ်ကို မနည်းမြိုသိပ်ထားရသည်။

လက်ထဲက ဖုန်းကိုပစ်ချပြီး ဗလခြံကြီးကို စူးစိုက်ကြည့်ပစ်လိုက်သည်။ တလှိုက်လှိုက်တက်လာသော ရင်ထဲက ဒေါသ





တွေကို ဘယ်လိုဖြေသိမ့်ရမှန်း မသိသဖြင့် ကားကိုနေရာမှ ခပ်ကြမ်းကြမ်းလေးမောင်းထွက်ခဲ့လိုက်သည်။

ကတ္တီပါ … ကတ္တီပါ။

သူ့ကြောင့် ယူဇနာမှာ နေရင်းထိုင်ရင်း ကြားထဲကနေ အချောင်အကုသိုလ်တွေဖြစ်နေရတယ်။ အစ်ကိုဖြစ်တဲ့ လူတောင်မှ ဒီလောက်မိုက်ရိုင်းစော်ကားနေရင် ညီဖြစ်တဲ့သူ ကိုယ်တိုင်လည်း ဒီပုတ်ထဲက ဒီပဲမျိုးထက်မပိုနိုင်။

ကြည့်စမ်းပါဦး။ သူများ သားသမီးပျိုလေးကို မှိုချိုးမျှစ်ချိုးပြောလိုက်တာများ ယောကျ်ားကြီးတန်မဲ့ လုံချည်ဝတ်မထားဘဲ ထဘီဝတ်ထားဖို့ပဲ ကောင်းမည်။

ကတ္တီပါလာရင်တော့ ဧယျဆိုသည့်လူဆိုးနှင့် မတွဲဖို့ အပြတ်ပြောမှဖြစ်မည်။ ဒီလိုမှ မလုပ်ရင် ယူဇနာပဲ ကြားထဲက အကုသိုလ်ဖြစ်ရဦးမည်။

ကိုယ့်ကိုကိုယ် တစ်ကိုယ်တည်း အပျိုကြီးဘဝဖြင့် အေးချမ်းစွာနေလာခဲ့သူဆိုတော့ သူမ အထင်မကြီးသော ယောကျ်ားတွေအကြောင်း ဘာတစ်ခုမှလဲ မတွေးမိသလို စိတ်လည်း မဝင်စားဘဲ ကိုယ့်အလုပ်ထဲမှာသာ အာရုံကိုစူးနစ်ထားခဲ့မိသည်။

ယူဇနာနှင့် ဆန့်ကျင်ဘက် ကတ္တီပါဆိုသည့် ညီမလေးမှာ အချစ်အတွက်နှင့် ရူးရူးမိုက်မိုက်ရင်ခုန်တတ်သော နှလုံးသားတစ်စုံရှိနေတာကို မေ့နေခဲ့သည်။

အစ်မကြီးတော့ အမိအရာဟု ဆိုကြသည်။ ကိုယ်က

ယောကျ်ားတွေ စိတ်မဝင်စားသလို အရေးမစိုက်ဘဲ နေခဲ့သမျှ အခုတော့ ညီမငယ်အတွက် သင့်တင့်လိုက်ဖက်မည့် အိမ်ထောင်ဘက်ကို မိဘနှစ်ပါးကိုယ်စား ရှာဖွေပြီး ညီမငယ်နှင့် အမြန်ဆုံး လက်ထပ်ပေးမှ ဖြစ်တော့မည်ဟု ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချလိုက်သည်။

✤ ✤ ✤



# အခန်း [၄]

"ကိုကို ကျွန်တော့်ကို ခေါ်တယ်ဆို"

ပြုံးစိစိမျက်နှာဖြင့် သူ့အခန်းရှေ့လာရပ်သော ညီဖြစ်သူကို ကြည့်ကာ သူ့လက်ထဲက ဖတ်လက်စ ဆေးစာအုပ်ထူကြီးကို အသာချလိုက်ပြီး ညီဖြစ်သူကို အကြည့်မျက်မှန်ပေါ်မှာ မရယ်မပြုံး ခပ်တည်တည်ကျော်ကြည့်လိုက်၏။

ရုပ်ကလေးကြည့်တော့ သနားကမား။ ရုပ်ချောချောလေးနှင့် မလိုက်ဘက်အောင် ရည်းစားမှိုလိုပေါက်အောင်ထားသော ညီဖြစ်သူကြောင့် ဒေါက်တာဗလဆိုသည့် သူမှာ ကြားထဲက အချောင်အကုသိုလ်တွေ ဖြစ်နေရသလို ဒေါသတွေဖြစ်ရ၊ နာမည်တွေ ပျက်ရနှင့်ပါ။

"ထိုင်စမ်းပါဦးကွာ၊ မင်းအကျင့်ဆိုးတွေကို ဘယ်အချိန်

ပြင်မှာလည်းဆိုတာ ငါ့ကိုပြောစမ်း"

အစ်ကိုဖြစ်သူ၏ မျက်နှာက ထန်သလို လေသံကလည်း မာသဖြင့် ဧယျနည်းနည်းတွန့်သွားသည်။ သူမရှိတုန်း အိမ်မှာ ဘာပြဿနာတွေ ဖြစ်နေသည်မသိ။ သူ့ရည်စားတွေထဲမှာ တချို့က ခပ်ကဲကဲ ခပ်ရဲရဲလေးဆိုတော့ ကိုကိုဒေါသဖြစ်နေသည့်ပုံကို ကြည့်ပြီး ကိုယ့်ဘာသာ အခြေအနေကို ကြိတ်မှန်းနေမိသည်။

"ဟိတ်ကောင် မေးနေရင် ပြောလေကွာ"

"ဗျာ"

"ဟို ကျွန်တော် နောက်ကိုကို မကြိုက်တာ ဘာတစ်ခုမှ မလုပ်တော့ပါဘူး ကိုကို"

"ဩော်"

"အဲဟွန်း"

ဒါမျိုးအချိုးတွေ သူတို့ညီအစ်ကိုကြားမှာ ရှိနေပြီမို့ ဗလ မရယ်ချင်ဘဲ တစ်ချက်ရယ်လိုက်တော့ ဧယျခေါင်းငုံ့သွားပုံက တကယ်မျက်နှာငယ်လေးနဲ့ပါ။

အကြောင်းမသိရင် ညီဖြစ်သူက သူ့အသိစာရေးနဲ့သူ လိမ္မာ မယ်ဆိုတာကိုပဲ အစ်ကိုဖြစ်သူက လှောင်သလို ပြောင်သလို မနိုးမခန့်လုပ်နေသလို ထင်ကြမှာဖြစ်ပေမယ့် ဒါက အကြောင်းမသိ သူတွေအတွက်ဖြစ်သည်။

ဗလလို ညီဖြစ်သူအကြောင်း နောကျေနေအောင် သိထား သူအတွက်တော့ ဧယျစကားက ရယ်စရာအကောင်းဆုံး ပြက်လုံး





မျှသာ။

"နောက်ကို မလုပ်တော့ဘူးဆိုတော့ ရှေ့ကိုပဲ ဆက်လုပ် မယ်ဆိုတဲ့သဘောပေါ့ ဟုတ်လား"

"ကိုကိုကလည်းဗျာ"

"ဘာကိုကိုလည်း မင်းနဲ့ငါ့ညီအစ်ကိုတော်တာကိုက ငါ့ အတွက် အတော်ကို ကံဆိုးတာပါပဲလား ဧယျ၊ ငါ့မှာတော့ ကိုယ့် ညီလေးပဲလေဆိုပြီး သနားလိုက်ရတာ၊ ညှာတာလိုက်ရတာ"

"မင်းကတော့ အစ်ကိုဖြစ်တဲ့ ငါ့စေတနာတွေကိုလည်း ဂရုမစိုက်၊ အစ်ကိုရဲ့ ဂုဏ်သိက္ခာကိုလည်း ထည့်မတွက်ဘူး၊ မင်း ဘယ်လို ညီမျိုးလည်း ဧယျ"

"ကျွန်တော် တောင်းပန်ပါတယ် ကိုကိုရာ"

"မင်းက ဘာကိုတောင်းပန်တာလည်း ငါ့ကို ပြောစမ်း ပါဦး"

အစ်ကိုဖြစ်သူ၏ မျက်နှာကိုဧယျမော့ကြည့်လိုက်သည်။ အစ်ကို စိတ်ဆိုးဒေါသဖြစ်နေတာကို ပြေရာပြေကြောင်း တောင်း ပန်စကားဆိုလိုက်ယုံသက်သက်မို့ ဘာကိုဘယ်လိုတောင်းပန်သည် ဆိုတာကိုဖြင့် ဧယျလည်း ရေရေရာရာ မပြောတတ်ပါ။

"အားလုံးအတွက် တောင်းပန်တာပါ၊ နောက်ဘယ်.."

စကားကို အဆုံးမသတ်ဘဲ တစ်ဝက်တစ်ပျက်နှင့် ရယ် လိုက်ရသည်။ ကိုကိုပြောလည်း ပြောစရာ။ ဒီလိုကတိစကားတွေ ပေးပြီး ဧယျဘက်က အကြိမ်ကြိမ်ကတိစကား မတည်ဘဲ ထင်ရာ

တွေ လျှောက်လုပ်သလိုဖြစ်ခဲ့ရတာမို့ ကိုကိုမကြိုက်သည့်စကားကို ဆက်မပြောဖြစ်ခြင်းဖြစ်သည်။

"မင်းကြောင့် ငါပါသိက္ခာကျတယ် ဇေယျ၊ ဟိုတစ်နေ့ကပဲ၊ ငါ့ဆီကို မိန်းမတစ်ယောက် ဖုန်းဆက်တယ်၊ ဇေယျအစ်ကို ဗလ လားဆိုပြီး မင်းနဲ့ရောပြီးငါ့ကိုပါ လူရှုပ်လူပွေလို့ လူတွေက ထင်ကုန်ကြပြီကွ နားလည်လား"

"ဟာ … မဟုတ်တာ"

ဇေယျအလန့်တကြား ငြင်းလိုက်သည်။ ဇေယျရှုပ်တာပွေတာ မှန်ပေမယ့် အစ်ကိုဗလက လူအေးလူတည်ဖြစ်ရုံမက ဇေယျကြောင့် ဘယ်မိန်းမကိုမှ စိတ်မဝင်စားသူပါ။

ကျောင်းတုန်းက ချစ်သူရည်းစားတစ်ယောက်ထားဘူးတာမှန်ပေမယ့် ထိုရည်းစားက ကိုကို့ကိုပစ်သွားပြီးထဲက နောက်ထပ်အချစ်သစ် မရှာသူလည်းဖြစ်သည်။

"ဘာမဟုတ်တာလည်း ဇေယျ၊ မင်းကွာ ပြောစမ်း အခုမင်းရည်းစားတွေထဲမှာ ကတ္တီပါဆိုတာ ရှိလားမရှိဘူးလား"

"ဗျာ"

ကတ္တီပါအမည်ကို အတိအကျကြီး မေးလာတာမို့ အစ်ကိုဖြစ်သူမျက်နှာကို ဇေယျ တအံ့တသြကြည့်လိုက်သည်။

"ဘာကြည့်နေတာလဲ"

"ဟို ဟို ကိုကိုက ကတ္တီပါကို ဘယ်လိုလုပ်သိတာလဲ လို့ပါဗျာ"





"ဒါဖြင့် ရှိတယ်ပေါ့"

"ဟုတ်"

ဇေယျ ချစ်သူရည်းစားတွေနဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သူက ကတ္တီပါအကြောင်း မေးနေပုံက ထူးဆန်းလှချည်လား။

"အေး ရှိရင် အဲဒီရည်းစားကို ဖြတ်လိုက်တော့"

"ဗျာ"

ဘာအကြောင်းပြချက်မျှမပါ။ ကတ္တီပါကို ချစ်သူရည်းစားအဖြစ်က ရက်ရက်စက်စက်ကြီး ဖြတ်ခိုင်းနေပုံက လွယ်လွန်းပါသည်။ ကတ္တီပါဆီက အချစ်ကိုရဖို့ ဇေယျ ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ ကိုကို သိစေချင်သည်။

"နောက်ထပ် ကတ္တီပါနဲ့ ပတ်သက်ပြီး ဘာမှထပ်မကြားချင်ဘူး"

"ကတ္တီပါမှာ ဘာအပြစ်ရှိလို့လဲကိုကို"

"ကတ္တီပါမှာ ဘာအပြစ်ရှိတယ်မရှိဘူးဆိုတာ ငါမသိဘူး၊ သူ့အစ်မဆိုတဲ့ အမျိုးသမီးက မင်းလိုလူရှုပ်လူပွေနဲ့ သူ့ညီမကို လုံးဝသဘောမတူနိုင်ပါဘူးလို့ မင်းအစ်ကို ငါ့ကို ဖုန်းဆက်ပြီး အပြတ်လာပြောသွားတာ မင်းသိလား"

"ဟာဗျာ ဒီကိစ္စက ကိုကိုနဲ့မှမဆိုင်ဘဲ၊ သူမကျေနပ်ရင် ကျွန်တော့်ကို တိုက်ရိုက်ပြောရမှာပေါ့"

"အေး…အဲဒါတွေ ငါမသိဘူးဇေယျ၊ ကတ္တီပါဆိုတဲ့

မိန်းကလေးနဲ့ နောက်ထပ် ဓာတ်လမ်းမရှုပ်ရင်ရပြီ''

''ကျွတ် မဟုတ်သေးပါဘူး ကိုကိုရာ''

''မင်းက ဘာမဟုတ်တာလဲ''

''ကတ္တီပါကို ကျွန်တော် တကယ်ချစ်တာဗျာ''

''တခြားရည်းစားတွေတုန်းကလည်း ငါ့ကို မင်းဒီလိုပဲ ပြောခဲ့သလားလို့ပါ''

ဧေယျအကြောင်း အစင်းသိပြီးသားမို့ သူ့အတွက် ဒီလို စကားတွေက ရိုးနေပါပြီ။

''အပိုတွေပြောမနေနဲ့ ဧေယျ၊ မင်းကြောင့် နောက်တစ်ခါ အပြောခံရရင် ဒါဘာလဲကြည့်ထား''

ဗလက သူ့လက်သီးတစ်ဖက်ကို တင်းတင်းဆုပ်ပြီး မြှောက်ပြလိုက်တာမို့ ဧေယျ ပါးစပ်ပိတ်သွားသည်။ ကိုကို့ဒေါသ ကို ဧေယျသိသည်။ ကျန်းမာရေးလိုက်စားသော အားကစားသမား ပီပီ ကိုကိုက လူနှင့်နာမည်နှင့်လိုက်အောင် ဗလကြီးက အယ်နေ သည်။

''အဲဒီ ကတ္တီပါဆိုတဲ့ ကောင်မလေးကို အဆက်ဖြတ် လိုက်တော့၊ ကြားလား ကဲ သွားတော့''

အစ်ကိုဖြစ်သူရှေ့က ဧေယျ ခပ်ကုပ်ကုပ်လေး ထွက်လာ ခဲ့ရပေမယ့် စိတ်ထဲမှာ ကတ္တီပါအစ်မဆိုသူကို နည်းနည်းမှမကျေ နပ်။ သူ့ညီမနဲ့ ဧေယျကို လုံးဝသဘောမတူဘူးဆိုသည့် စကားကို အစ်ကိုဖြစ်သူထံမှာ သွားပြောတာကို ခံပြင်းစိတ်ဆိုးမဆုံး။





ချစ်သူရည်းစားတွေ အများကြီးထားခဲ့ပေမယ့် အခုလိုမျိုး အပြောခံရသည်က ပထမဆုံးဖြစ်သည်။ ဧေယျဘဝမှာ ဒါမျိုးလည်း မကြုံဘူးပါ။

ကတ္တီပါ ဖုန်းနံပါတ်ကို ချက်ချင်းခေါ်လိုက်သည်။

''ဟဲလို''

ဖုန်းလာကိုင်သူက ကတ္တီပါ။

''ဧေယျပါ''

''ဟာ…ဧေ သတိရနေတာသိလား၊ အခု ဧေ ဘယ်မှာ လဲ''

''အိမ်မှာ''

''ဟုတ်လား၊ ကတ္တီပါလည်း အိမ်မှာတစ်ယောက်တည်း ပျင်းနေလို့လေ''

''အဟင်း ဟင်း ဟင်း''

ပြောရင်း ကတ္တီပါ ရယ်လိုက်၏။

ကတ္တီပါအသံက ပျော်ရွှင်မြူးကြွနေပေမယ့် ဧေယျကတော့ သူမနဲ့ ဆန့်ကျင်ဘက်ပါ။ အစ်ကိုဖြစ်သူ၏ အဆူအငေါက်ခံရသဖြင့် မျက်နှာချောချောက မကြည်လင် မှုံကုတ်နေသလို ကတ္တီပါကို စကားပြောနေရပေမယ့် စိတ်ထဲကမပါ။

''ကတ္တီပါ မမရော''

''ရှိတယ်လေ သူနဲ့စကားပြောမလား''

''မပြောချင်ပါဘူး၊ ကတ္တီပါမမ အပျိုကြီးက တကယ်

မလွယ်ဘူး၊ တို့အစ်ကိုကို ဖုန်းဆက်ပြီး သူ့ညီမနဲ့ လုံး၀သဘော မတူဘူးလို့ အပြတ်ချဲတယ်တဲ့"

"ဟယ် တကယ်"

"တကယ်ပေါ့၊ ကိုကိုက ဧယျကို ကတ္တီပါနဲ့ လုံး၀ အဆက်ဖြတ်ဖို့ အမိန့်ပေးလိုက်ပြီ"

"ဧယျဘက်ကရော"

"သိရဲ့သားနဲ့ကွာ ကတ္တီပါကို တို့ဘယ်လောက်ချစ်တယ် ဆိုတာ သိတယ်မဟုတ်လား"

ကတ္တီပါကို ဧယျ အပြတ်ချွဲပစ်လိုက်သည်။ စိတ်ထဲက ပါလို့မဟုတ်။ ကတ္တီပါမမအပျိုကြီးကို မုန်း၍ဖြစ်သည်။ သူ့ညီမ နဲ့ ဧယျကို လုံး၀သဘောမတူရအောင် ဧယျဆိုတာ ဘယ်လို လူစားလည်းဆိုတာ သိဖို့လိုသည်။

ငွေကို ရေလိုဖြုန်းနိုင်သော ရုပ်ချောဥစ္စာပေါ ဧယျလို လူနားမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာ မဆန်း။ အပေး အယူတည့်လျှင် ပြီးပြီ။ ဧယျက လိုက်ရသူဆိုတာ မရှိ။ အားလုံး က ဧယျကို လမ်းခင်းပေးကြသူတွေချည်း။

ငါးကြော်မကြိုက်သည့် ကြောင်မိုက်မရှိ။ ကိုယ့်ဘက်က စည်းကို မကျော်မိအောင်တော့ သတိထားသည်။ ဘယ်သူ့ပိုက်ကွန် ထဲမှ ၀င်အတိုးမခံ။ အချောအလှတွေရော၊ မလှတလှတွေရော အားလုံးထဲမှာ ပျော်ပျော်ကြီးနေပစ်သည်။

ဧယျရဲ့ စကားလုံးတွေ၊ အမူအရာတွေက မချောတွေ





အသည်းကို ဆွဲကိုင်လှုပ်ရမ်းနိုင်သဖြင့် ဧယျဆိုတာ သူ့ပတ်ဝန်း ကျင်၊ သူ့အသိုင်းအဝိုင်းမှာ နာမည်ကြီး ရွှေမင်းသားလေးပါ။

ဧယျလို လူတစ်ယောက်ကို ဘယ်သူမှ အခုလိုမပြောရဲ။ အပြောလည်းမခံခဲ့ရတာမို့ ဒီအဖြစ်က ဧယျအတွက် ထူးဆန်းနေ ၏။

"ဧယျ"

"ပြော"

"ကတ္တီပါလည်း ဧယျကို"

"ကတ္တီပါရေ မမခေါ်နေတယ်"

"ဟော ဒေါ်အုံခေါ်နေပြီ၊ နောက်မှ ကတ္တီပါ ဖုန်းပြန် ဆက်လိုက်မယ်နော် ဧယျ"

"လာပြီ ဒေါ်အုံ၊ လာပြီ"

"ကတ္တီပါ"

"နေဦးလေ"

"တီ"

ဧယျခေါ်သံကို ကတ္တီပါ ကြားပုံမရဘဲ ဖုန်းချသွားသဖြင့် ဧယျ မျက်ခုံးတွန့်ပြီး ဒေါသလည်းကျန်ရစ်ခဲ့သည်။

ကတ္တီပါမမ အပျိုကြီးဆိုတာကို ကတ္တီပါပြောပြလို့ ဧယျ သိသည်။ လူ့ကိုတော့ တစ်ခါမှမမြင်ဘူး။ မြင်ဘူးစရာလည်း အကြောင်းမရှိ။ အဘွားကြီးတွေကို ဧယျ စိတ်မဝင်စား။

ဧယျ စိတ်ဝင်စားတာ ရင်ခုန်တာက သူနှင့်သက်တူရွယ်

တူ ဟော့ရှော့မလေးတွေနှင့် သူ့ထက်ငယ်ရွယ်နုငယ်သော ချာတိတ်လေးတွေလောက်သာ ဖြစ်သည်။

"ကြားထဲက ဒီအပျိုကြီး ဝင်ရှုပ်လို့ ကိုကိုနဲ့ငါ့ကြားမှာ ပြဿနာတွေ ဖြစ်ရတာပါလား"

အပျိုကြီးဆိုလည်း အပျိုကြီးပီပီ မနေဘူး။ သူများအချစ်ရေးထဲ ဝင်ပါလို့ သူကိုယ်တိုင်လည်း ရတာမလို လိုတာမရ ဖြစ်နေတာနေမှာဟု တွေးရင်း အိပ်ရာပေါ် ဝုန်းခနဲ ပြစ်လှဲချလိုက်သည်။

အပျိုကြီး လူပျိုကြီးတွေများ နည်းနည်းမှမလွယ်။ သူတို့ကိုယ်တိုင် အဖြစ်မရှိလို့ အခုချိန်ထိ တစ်ယောက်တည်း ကြောင်တောင်တောင် ဖြစ်နေရုံနှင့်မပြီး တခြားသူတွေကိုလည်း သူတို့စာတ်ထဲ ဆွဲသွင်းဖို့ ကြိုးစားချင်ကြသည်။

အိမ်က အစ်ကိုလူပျိုကြီးကိုပဲ ကြည့်။ သူကိုယ်တိုင်လည်း မစွံ။ ဖိုးစွံဘွဲ့ရထားသည့် ဇေယျကိုကြပြန်တော့ ကြည့်မရ။ ရှုပ်သလေး၊ ပွေသလေးနှင့်။ ယောကျာ်းလေးတစ်ယောက် ချစ်သူရည်းစားများတာကိုပဲ အထူးအဆန်းတွေ လာလုပ်နေသည်။

မိန်းကလေးတွေတောင် ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဟု ဆိုကြမှတော့ ဇေယျတို့ယောကျာ်းတွေလည်း လေ့ကားသုံးထစ်ဆင်းရုံနှင့် လူပျိုဖြစ်ကြရသည်မဟုတ်လား။

ဇေယျဆိုတာ အခုချိန်ထိ ရေမရောသည့် လူပျိုစစ်စစ်လေးဆိုတော့ ဒီလောက်နှင့်တော့ ဘာမှမဆန်း။

ဟား···ခက်တယ်ကွာ။





ကိုကိုလူပျိုကြီးရော ဟိုဘက်က ကတ္တီပါမမအပျိုကြီးရော ယောကျာ်းမိန်းမ မြန်မြန်ရမှ အေးမယ်။

ဒီလိုမှမဟုတ်ရင်လည်း ညီတွေညီမတွေကိစ္စနဲ့ ရန်ဖြစ်ဘောက်ကျရင်း သူတို့အချင်းချင်း ငြိသွားပြီး လက်ထပ်လိုက်ကြရင်လည်း ဖြစ်တာပဲ။

ဒါမျိုးကိစ္စတော့ ဇေယျတို့က နာတယ်သာတယ်လို့ သဘောထားမည်မဟုတ်တာ သေချာပါသည်။

စိတ်ချပါ ကတ္တီပါမမ အပျိုကြီးရယ်။

ခင်ဗျားညီမလေး ကတ္တီပါကို ဇေယျဆိုတဲ့ ကျွန်တော်မျိုးက သနားသဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်ပါမယ်တဲ့ ဟုတ်ပြီလား။

ဒါ ခင်ဗျားကြီးကို ကြောက်လို့မဟုတ်ဘူးနော်။ ကျွန်တော့်ရဲ့ အဖိုးတန်လှတဲ့ အချိန်လေးတွေကို ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက် အကုန်မခံနိုင်လို့ဆိုရင် ခင်ဗျားသဘောပေါက်လိုက်ပါ။

အစတုန်းကတော့ လူငယ်ပီပီ မခံချင်စိတ်လေးနဲ့ ကတ္တီပါမမအပျိုကြီးဆိုသူကို အရွဲ့တိုက်ချင်မိပေမယ့် ကတ္တီပါဆိုသည့် မိန်းကလေးတစ်ယောက်က သူလိုလူစာတစ်ယောက်အတွက် အပျင်းပြေမျှသာဖြစ်တာမို့ ပြဿနာကို ဒီနေရာမှာ ရပ်လိုက်ခြင်းဆိုလည်း မမှားပါ။

ဇေယျနားမှာ တခြား ကတ္တီပါလေးတွေ အများကြီးပါ။

အဲဒါလေးတွေကမှ ပျော်စရာကောင်းဦးမည်။

နေရစ်ခဲ့တော့ ကတ္တီပါရေ။

မင်းလည်း မင်းမမလိုပဲ အပျိုကြီးပဲ လုပ်နေလိုက်တော့ အိပ်ရာဘေးက ဖုန်းသံမြည်လာလို့ ကြည့်လိုက်တော့ ကတ္တီပါဖုန်းဖြစ်နေသဖြင့် ပခုံးတစ်ချက်တွန့်ပြီး တစ်ဖက်ကို လှည့်အိပ်ပစ်လိုက်သည်။

✣ ✣ ✣



# အခန်း (၅)

ယူဇနာသည် ညီမဖြစ်သူ ကတ္တီပါကို တစ်ချိန်လုံး မသိမသာ ကြည့်ရှုအကဲခတ်နေပါသည်။ ကတ္တီပါမျက်နှာလေးမှာ သိပ်မကောင်း။ ယူဇနာရှေ့မှာ ဘာမှမဖြစ်သလို ရယ်မောဟန်ဆောင်နေပေမယ့် သူမကွယ်ရာမှာတော့ ကတ္တီပါမျက်နှာလေးက ငိုမဲ့မဲ့။

ကြည့်ရတာ သူ့ကောင်လေးနဲ့ အဆင်မပြေတော့ဘူးထင်ရဲ့။ ညီမဖြစ်သူ တွေဝေငေးငိုင်နေပုံလေးကို မြင်ရတော့ ယူဇနာရင်ထဲ နည်းနည်းတော့ စိုးရိမ်မိသည်။

အခုလိုဖြစ်ရတာ ယူဇနာ အပြစ်မကင်းတာမို့ သူမနှင့်ဒေယျအစ်ကို ဗလဆိုသည့်လူတို့ ဖုန်းဖြင့်ပြောကြဆိုကြသည့်ကိစ္စ အောင်မြင်သွားတာဖြစ်မည်ဟု တွေးလိုက်၏။

ဗလဆိုသည့်လူက မလွယ်။

လူကိုမမြင်ဘူးပေမယ့် ယူဇနာကို တုံ့ပြန်ပြောဆိုဆက်ဆံ ပုံက ကဲကဲဆတ်ဆတ်မို့ မာနအဘယ်မျှ ကြီးမည်ဆိုတာကို ခန့်မှန်းကြည့် မိသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူ့ညီအရုပ်အပွေနှင့် ညီမဖြစ်သူ လျှင် ကျေနပ်ပြီ။ ချစ်သူရည်းစားဘဝမှာတောင် ဤမျှပွေရှုပ်ေ လျှင် လက်ထပ်ပြီး အိမ်ထောင်သည်ဘဝမှာလည်း ဘာတစ်ခု စိတ်ချမ်းသာစရာ ကောင်းမည်မဟုတ်။

စောစောစီးစီး ဇာတ်လမ်းပြတ်သွားတာပဲ အေးသည်

ချစ်သူနှင့် ကွေကွင်းရလို့ ခဏတဖြုတ်တော့ ခံစားရမ သေချာသည်။ နောက်တော့လည်း အချိန်က ကုစားသွားလိမ့်မည် ဒီကြားထဲမှာ ကတ္တီပါကို ယူဇနာ အထူးဂရုစိုက်ရုံသာရှိသည်

ဒါမှ သူမအကြံအောင်မည် မဟုတ်လား။ ဒီလိုမှမဟုတ် ဘဲ ကတ္တီပါက ဧယျဆိုသည့် ကောင်လေးကို တမ်းတမ်းစွဲဖြစ်နေ လျှင် သူ့အစ်ကိုဗလဆိုသည့်လူ ပြောသလို ကိုယ့်ညီမကိုယ်နိုင် အောင် ထိန်းဆိုသည့် စကားအပေါ်မှာ သွေးပျက်ချင်နေ၏။

သိတဲ့အတိုင်း ယူဇနာကိုယ်တိုင်ကလည်း မာနခပ်ကြီးကြီး ဆိုတော့ ဒီလိုကိစ္စမျိုး သူမဘက်က လုံးဝအဖြစ်မခံနိုင်။

ဒါက ယူဇနာအပိုင်း ဖြစ်ပေမယ့် ကတ္တီပါမှာတော့ ဧယျ ဘက်က သစ်စိမ်းချိုးချိုးသလို ရက်ရက်စက်စက် ဖြတ်တောက်သွား တော့ အခံရခက်နေသည်။ မမက သူ့အစ်ကိုဆီကို ဖုန်းဆက် တစ်ခုတည်းနဲ့ တခြားဘာအကြောင်းပြချက်မှမပေး။





ဖုန်းဆက်တော့လည်း မကိုင်။ ကတ္တီပါမှာ ဘာအပြစ်မှ ရှိမှန်းသိရက်နှင့် ရက်စက်စွာ လမ်းခွဲတာကို အံ့လေးတကြိတ် ကြိတ်နှင့် ဧယျကို ဒေါသဖြစ်နေသည်။

ကတ္တီပါကို ဒီလိုလာချိုးရအောင် ဧယျကိုယ်တိုင်က ဘာမို့လဲဟု မာနတွေးလေးနှင့် ရင်ထဲမှာ အုံကြွနေသည်။ ဧယျနှင့် ကတ္တီပါချစ်သူ ရည်းစားသက်တမ်းက ဘာမှမကြာသေးသလို သူငယ်ချင်းတွေ အလျော်ကောင်းလို့ ကတ္တီပါမှာ ချစ်သူတစ်ယောက် ကောက်ရလိုက်တာပဲရှိသည်။

ရင်ထဲမှာ အသည်းအသန်ကြီး စွဲလမ်းနေရလောက်အောင် တော့ ခံစားချက်မပြင်းထန်သေးပေမယ့် မာနအချိုးခံရသလိုမျိုး လုပ်လာတာကိုကြတော့ မခံနိုင်။ သူငယ်ချင်းတွေသိရင်လည်း ရှက်စရာ။

ကတ္တီပါဆိုတာ စိတ်ပျော်သလို ဆော့ကစား ထားချင်ရာ မှာ ထားပစ်ခဲ့ရမယ့် အဆင့်အတန်းထဲက မိန်းကလေးမဟုတ်။ ဧယျသတင်းတွေကိုတော့ သူငယ်ချင်းတွေကြားက မပြတ်ကြား နေရသည်။

အကြောင်းသိကြသေးတာပေါ့ ဧယျရယ်။

"ကတ္တီပါ…ညီမလေး"

"လာပြီ မမ"

"ဘာခိုင်းချင်လို့လဲဟင်"

ပန်းနုရောင်ဂါဝန်ရှည်လေးနှင့် နုဖတ်ဝင်းစိုနေသည့် ညီမ

ငယ်လေး၏ အသွင်က ပီတိကလေးငယ်တစ်ယောက်နှယ် ချစ်ဖွယ်။

"ညီမကို ဘာမှနိုင်းစရာမရှိပါဘူးကွယ်၊ လာ ဒီမှာထိုင်ပါဦး"

ညီမဖြစ်သူ၏ ဖြူနုသောလက်ကလေးတစ်ဖက်ကို ချစ်မြတ်နိုးစွာ ဆွဲယူရင်း ယူဇနာက ညီမဖြစ်သူကို သူ့ဘေးနားကခုံမှာ အတူဝင်ထိုင်စေသည်။

"ဒီနေ့ည မမရီတို့ခြံထဲမှာ ညှော်ခံပွဲလေးရှိတယ်၊ ညီမ အလှဆုံးပြင်စမ်းကွယ်၊ မမ ညီမလေး ဘယ်လောက်လှတယ်ဆိုတာ မမအပေါင်းအသင်းတွေကို ကြွားချင်လို့"

"မမကလည်း ပြောတော့မယ်၊ ညီမက မမလောက် လှနိုင်ပါ့မလားလို့၊ ကတ္တီပါမမ ဘယ်လောက်လှတယ်ဆိုတာ အားလုံးသိပြီးသား၊ မမသာ အလှဆုံးပြင်စမ်းပါနော်၊ နော်လို့"

"တူမလားကွဲ့၊ ညီမလေးရဲ့ ငယ်ဂုဏ်က ဘာနဲ့မှလဲလို့မရပဲ"

"အမလေး...မမကိုယ်တိုင်ကရော ဘယ်လောက်များ အသက်ကြီးနေလို့ ဒီစကားတွေပြောနေရတာလဲလို့၊ အသက်သုံးနှစ်လေး ကွာတာကိုများ သူ့ကိုယ်သူ တကယ့်အဘွားကြီးကျနေတာပဲ"

"မမသာ အလှဆုံးပြင်စမ်းပါ"

"ဩော်ကွယ်"

စကားမြွားဦးက ကိုယ့်ဘက်လှည့်လာတာမို့ ယူဇနာ ပြုံးလိုက်မိသည်။ ဒီလိုပုံနဲ့ ညီမငယ်ကတ္တီပါကို စကားနိုင်အောင်





ပြောနိုင်တော့မှာ မဟုတ်မှန်း သိလိုက်သည်။

"ကဲပါကွယ် ကတ္တီပါလည်း အလှဆုံးပြင်၊ မမလည်း အလှဆုံးပြင်မယ် ဟုတ်လား"

"ပြီးတော့ တို့ညီမနှစ်ယောက် မမရီညှော်ခံပွဲကို အတူသွားကြမယ်"

"ဒီလိုမှပေါ့ မမရဲ့၊ ဒါဆို ကတ္တီပါ ရေချိုးလိုက်တော့မယ်နော်၊ မမလည်း ရေချိုးပြီးအလှပြင်တော့"

"အေးပါ...အေးပါ၊ ကြီးအုံကို မှာစရာရှိတာလေး မှာပြီးရင် ရေချိုးအလှပြင်တော့မှာပါ"

ကတ္တီပါတစ်ယောက် သွက်လက်မြူးကြွစွာ သူ့မအခန်းရှိရာကို ပြန်တက်သွားတာကို ကြည့်ပြီး ယူဇနာ သက်ပြင်းချလိုက်မိမှာ ကတ္တီပါကတော့ သူ့မအခန်းထဲက မှန်ရှေ့မှာ သူ့မကိုယ်လုံးလေးကို လှည့်ပတ်ကာ ကြည့်နေပါသည်။

ကတ္တီပါဆိုတာ အပြစ်ဆိုစရာမရှိအောင် သိပ်လှသည့် ကောင်မလေးပါ။ သူများတွေလို ချစ်သူရည်းစားတွေ မှိုလိုပေါက်အောင် မထားပေမယ့် သူငယ်ချင်းမက ချစ်သူရည်းစားမကျသည့် ဟိုလိုလိုဒီလိုလိုလေးတွေတော့ ရှိသားပင်။

ဘယ်သူ့ကိုမှ ချစ်သူရည်းစားအဖြစ် အတည်တကျ မတွဲဖြစ်ပေမယ့် ဇေယျကိုတော့ သူငယ်ချင်းတွေ ဘေးတီးကောင်းအလှော်ကောင်းတာနှင့် ယောင်ရမ်းပြီး ခေါင်းညိတ်မိသွားရာက အရားဝင်ချစ်သူ ဖြစ်သွားရသည့် အနေအထားမှာ ဇေယျကို

အလေးအနက်ကြီး သဘောကျတာလည်းမဟုတ်၊ သဘောမကျတာလည်းမဟုတ်နှင့် ရက်ရက်စက်စက်ကြီး ပြတ်တောက်လမ်းခွဲခံရတော့ ကတ္တီပါရဲ့ မာနကို တမင်ချိုးဖဲ့ချင်လို့မှန်း အရမ်းသိသာထင်ရှားသွားသည့်အဖြစ်မို့ ဓေယျကို တုံ့ပြန်လက်စားချေဖို့ အကွက်ချ စဉ်းစားခဲ့ပြီးပါပြီ။

ဓေယျရေ…။

အလှည့်ကျရင် မနွဲ့ကြစတမ်းပေါ့နော်။

ချောင်းသာမှာ အတူတွဲရိုက်ထားသည့် ဓာတ်ပုံလေးထဲက ဓေယျမျက်နှာကို လက်ညှိုးနှင့် တစ်ချက်လှမ်းတောက်ပြီး ရေချိုးခန်းထဲဝင်ခဲ့သည်။

ဒီနေ့တော့ အလှဆုံး၊ အတောက်ပဆုံးဖြစ်အောင် ဝတ်စားပြင်ဆင်ရမည်။ ကတ္တီပါရဲ့ အလှနဲ့ ဂုဏ်ပကာသနကို မက်မောပြီး အနားကို ချဉ်းကပ်လာသည့် ယောကျ်ားတွေကို ဓေယျလိုပဲ ချစ်ဟန်ဆောင်ပြီး အသည်းခွဲတမ်းကစားပြချင်သည်။

ထိုအထဲမှာ ထိပ်ဆုံးက စာရင်းဝင်သူအဖြစ် အသည်းခွဲရန် ရွေးချယ်ထားသူက ဓေယျအစ်ကို ဗလဆိုသည့်လူ။

ဟာ…ဟ။

ကတ္တီပါဆိုတာ ဘယ်လိုမိန်းကလေးမျိုးလည်းဆိုတာ မကြာခင် ရှင်သိထားရမှာပါ ဓေယျရယ်။ မှန်တင်ခုံရှေ့ သူမမျက်နှာလေးကို စိတ်ကြိုက်ပြင်ဆင်ခြယ်မှုန်းလိုက်သည်။

အနက်ရောင်ကိုယ်ကြပ် ဝတ်စုံလေးနှင့် ကတ္တီပါအသား





ဖွေးဖွေးက ထင်းနေ၏။ သွယ်လျသော ခန္ဓာကိုယ်လေးက ကော်ပတ်ရုပ်ကလေးနှင့် တူသလို မျက်နှာလှလှလေးကလည်း မြင်သူငေးဖွယ် အသွင်အသည်းအေးချင်စရာ။

"ကတ္တီပါ ညီမလေး ပြီးပြီလား"

"ပြီးပါပြီ မမ"

ရွှေကြိုးမှုင်မှုင်နှင့် စိန်လော့ကတ် မိုးစက်ပုံစံလေးကို ကျော့ရှင်းသော လည်တိုင်လေးမှာ ရှင်းလင်းစွာ တပ်ဆင်ပြီးသည်နှင့် လက်ကိုင်အိတ်မည်းလေးနှင့် လေဒီရှူးဖိနပ်နက်လေးကို ဝတ်လိုက်တော့ ကတ္တီပါကိုယ်လေးက ကြွရွသွားသည်။

"လှလိုက်တာ ညီမရယ်"

"မမလည်း လှပါတယ်နော်"

ညီမဖြစ်သူ၏ ပြုံးစိစိမျက်နှာလေးကို ကြည့်ပြီး ယုဇနာရင်မှာ ပီတိတွေ လျှမ်းဝေနေပါသည်။ ကတ္တီပါ စိတ်ဓာတ်မကျတော့တာကို တွေ့ရတာမို့ အကျေနပ်ဆုံး၊ အပျော်ရွှင်ဆုံး ဖြစ်ရပါသည်ဆိုလျှင်လည်း မမှားပါ။

ငွေမင်ရောင်ဖျော့ဖျော့ ဝတ်စုံနှင့် ယဉ်ယဉ်လေးနှင့် ကျက်သရေရှိစွာ လှပသော ယုဇနာနှင့် အနက်ရောင်ဝတ်စုံဖြင့် တည်ကြည်ရဲရင့်စွာ ထင်းရှင်းပြတ်သားစွာ လှပနေသော ကတ္တီပါတို့နှစ်ယောက်လုံး၏ အလှက ဘယ်လိုယောကျ်ားမျိုးမှ စိတ်မဝင်စားနိုင်ဘဲ နေနိုင်ကြမည်မထင်။

"သွားကြစို့လေ မမ"

"ဩော်...အေး...အေး"

"ဒီမှာကားသော့ ညီမလေးပဲမောင်းမယ် မဟုတ်လား"

"ဒါပေါ့ မမရဲ့၊ ဒရိုင်ဘာမောင်းတဲ့ကားကို ထိုင်စီးရတာ အမုန်းဆုံးပဲ"

ကတ္တီပါက ယူဇနာရှေ့က ဦးဆောင်ပြီး ကြွကြွရွရွလေး ထွက်သွားတာမို့ ညီမဖြစ်သူအလှကို ကျေနပ်ပီတိတွေနှင့် ကြည့်ငေးရင်း ယူဇနာ၏ လှပသောမျက်နှာမှာ အပြုံးတွေဝေနေပါသည်။

"ကြီးအုံ ယူဇနာတို့သွားတော့မယ်နော်၊ တံခါးတွေကို သေချာပိတ်ထားပါ"

"စိတ်ချပါကွယ်၊ ယူဇနာတို့သာ ကားကို ဖြည်းဖြည်း မောင်းကြ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

"သွားပြီနော် ကြီးအုံ"

"ကောင်းပါပြီကွယ်"

ယူဇနာ ကားပေါ်တက်လိုက်သည်နှင့် ကတ္တီပါက ကျွမ်းကျင်ပိုင်နိုင်စွာ သူမကားလေးကို နေရာက မောင်းထွက်လိုက်သည်နှင့် မြူးကြွသွက်လက်သော တေးဂီတသံ ပျံ့လွင့်လာ၏။

ကတ္တီပါကိုယ်တိုင် သီချင်းတေးသွားကို အတူလိုက်ပါ ဆိုညည်းရင်း တေးဂီတနှင့်အတူ ကိုယ်ခန္ဓာလေးက ဟိုဒီယိမ်းနွဲ့ နေ၏။ ဒီလိုဆိုတော့လည်း ကတ္တီပါပုံစံလေးက ချစ်သူရည်းစား ကွဲမလေးနှင့် နည်းနည်းမှမတူ။ ဆယ်ကျော်သက်အရွယ် ကလေးမ





လေးလို မြူးမြူးကြွကြွ လှလှပပ။

မမရီတို့ခြံရောက်တော့ လူရောင်စုံ၊ ကားရောင်စုံတွေက နီယွန်မီးရောင်စုံအောက်မှာ ပြန့်ကျဲလို့ အားလုံး အပြိုင်အဆိုင် စိန် ရောင်ရွှေရောင်တွေ တဖျပ်ဖျပ် လက်နေ၏။

"ဟော...ယူဇနာတို့ ကတ္တီပါတို့ လာကြပြီ၊ လာ လာ ဒီမှာထိုင်ကြ၊ အန်တီယုလေ ယူဇနာ မှတ်မိလား"

မမရီ နေရာချပေးသော စားပွဲတွင် ကြိုရောက်နေသော အန်တီယု က ယူဇနာကို လိုက်လှဲစွာ ပြုံးပြသဖြင့် ယူဇနာလည်း အန်တီယု ကို ခင်မင်ရင်းနှီးစွာ ပြုံးပြလိုက်သည်။

"သိပ်လှတဲ့ အန်တီယုကို ယူဇနာ ဘယ်တော့မှမမေ့ပါ ဘူးရှင်၊ အန်တီယု ဘယ်တုန်းက ပြန်ရောက်တာပါလဲ"

"မကြာသေးဘူးလို့ ပြောရမှာပေါ့လေ၊ ယူဇနာလည်း မတွေ့တာကြာလို့လားမသိဘူး ပိုနုပိုလှလာတယ်"

"ကျေပြီနော် အန်တီယု"

"ဩော် အန်တီက တကယ်ပြောတာပါကွယ်"

"ယူဇနာလည်း တကယ်ပြောတာပါရှင်"

"အဟင်း...ဟင်း...ဟင်း"

အမျိုးသမီးနှစ်ယောက် ကိုယ့်စကားကိုယ် သဘောကျစွာ ရှိုလွင်သာယာစွာ အတူရယ်မောလိုက်ကြသည်။

"အန်တီယု ဒါ ယူဇနာညီမလေး ကတ္တီပါ၊ ကတ္တီပါ လည်း အန်တီယုကို မှတ်ထားနော်"

"ဟုတ်ကဲ့ပါ မမ"

"ညီမနှစ်ယောက်စလုံး တစ်ယောက်တစ်မျိုးစီ ချောကြတာပါလားကွယ်၊ အန်တီယုမှာ သားရှိရင် ဘယ်လောက်ကောင်းမလဲ"

စားပွဲမှာ အတူဝင်ထိုင်မိတော့ ယူဇနာက အန်တီယုကို ညီမငယ်ကဏ္ဍီပါနှင့် မိတ်ဆက်ပေးစဉ် အန်တီယုမှ ပြောလိုက်ခြင်းဖြစ်သည်။

"အမလေး မမရယ် သားမရှိရင် တူတွေရှိတယ်ဆို တူမတော်လိုက်ပေါ့"

"ဟုတ်သားပဲ ရီရယ်၊ မေ့နေလိုက်တာကွယ်၊ ကိုယ့်မှာ တူတွေရှိသားပဲ၊ ယူဇနာတို့ ညီအစ်မနဲ့ မိတ်ဆက်ပေးရဦးမယ်၊ အခုတောင် တစ်ယောက်ပါလာသေးတယ်"

"လူတော်မှဖြစ်မှာနော် မမ"

မမရီက အနားကမသွားသေးဘဲ ယူဇနာတို့ညီအစ်မကို မျက်စိမှိတ်ပြရင်း ဆိုလိုက်တာမို့ ယူဇနာရော ကဏ္ဍီပါရော မမရီ လုပ်နေပုံကို သဘောကျစွာ ပြုံးမိကြသည်။

"လူတော်လေးတွေပါကွယ်၊ တော်လွန်းလို့ ရှော်မှာစိုးနေရတဲ့ တူလေးတွေပါ"

အန်တီယုက မမရီကို ခပ်တည်တည် ပြန်နောက်လိုက်သဖြင့် ကိုယ်စီ တိုးဖွဖွရယ်မိကြသည်။

"ရီရေ"





"ဟော ခေါ်နေပြီ၊ အားလုံးပဲ ရီ သွားလိုက်ဦးမယ်နော်"

မမရီတစ်ယောက် သူမခင်ပွန်းသည်ရှိရာသို့ ထွက်သွားချိန်မှာ လူစုထဲမှာ ရိပ်ခနဲ မြင်တွေ့လိုက်ရသည့် လူတစ်ယောက်ကြောင့် ပြုံးနေသော ကဏ္ဍီပါမျက်နှာလေး တည်သွားသည်။

ထိုသူက တခြားသူမဟုတ်။

ဇေယျအစ်ကို ဒေါက်တာဗလဆိုသည့်လူ။ ကဏ္ဍီပါကိုယ်တိုင် သေချာစောင့်ကြည့်ထားသဖြင့် ဇေယျအစ်ကို ဒေါက်တာဗလဆိုသူကို သိနေတာဖြစ်ပေမယ့် ဒေါက်တာဗလက ကဏ္ဍီပါကို မသိ။

သိစရာလည်းမလိုပါ။

ဝတ်တာစားတာ ပြုမူပြောဆိုနေထိုင်တာအားလုံး ဇေယျနှင့် တခြားစီဖြစ်သဖြင့် ခေတ်ရေစီးပြေးနေသော ဇေယျနှင့် ပုဆိုးနှင့် ရှပ်အင်္ကျီ၊ ကဏ္ဍီပါညှပ်ဖိနပ်ကိုသာ ဝတ်ဆင်တတ်ပြီး ဆံပင်ကို သပ်ရပ်စွာ ဖြီးသင်ထားသည့် ဗလဆိုသည့်လူက ကဏ္ဍီပါမျက်လုံးထဲမှာ ပုံစံခပ်တုံးတုံးဖြစ်နေ၏။

ရှင်းရှင်းပြောရလျှင် ကဏ္ဍီပါတို့လို ခေတ်၏သမီးပျိုလေး တစ်ယောက်အတွက် ဇေယျအစ်ကို ဗလဆိုသည့်လူက အဘိုးကြီး အိုပေါက်စတစ်ယောက်လို ရယ်စရာဖြစ်နေသည်။

လူပုံချောချောပေမယ့် စိတ်ထဲမှာ ဘာတစ်ခုမှ ခံစားလို့ မရ။ မမယူဇနာတို့လို ပုံစံမျိုးထဲကဖြစ်ကာ သက်တူရွယ်တူများ ဖြစ်သည်။ ဒီလူမှာ ဘာအပြစ်မှမရှိပေမယ့် ဇေယျအစ်ကိုဖြစ်နေခြင်း

က ကတ္တီပါအတွက် ပြစ်မှတ်တစ်ခုဖြစ်နေခြင်းဆိုလည်း မမှားပါ။

"မမ ခဏနော်၊ ကတ္တီပါ သူငယ်ချင်းကိုတွေ့လို့ သွားနှုတ်ဆက်ချင်လို့ပါ"

"သွားလေ"

အန်တီယုဆိုသူကို အပြုံးဖြင့် ခေါင်းလေးတစ်ချက်ညွတ်နှုတ်ဆက်လိုက်ပြီး ထိုင်နေသည့်နေရာက ထထွက်လာခဲ့သည်။

လူတွေက စည်ကားရှုပ်ထွေးနေသဖြင့် ဒေါက်တာဗလဆိုသည်လူကို လူတွေကြားမှာ ရှာမတွေ့ဘဲ ဖြစ်သွားပေမယ့် ဧယျကိုတော့ တခြားမိန်းကလေးတစ်ယောက်နှင့် ရယ်မောစကားဆိုနေတာကို တွေ့လိုက်ရသဖြင့် ကတ္တီပါခြေလှမ်းတွေက ဧယျထံ ဦးတည်သွားသည်။

"ဟော့…ဧယျ ဟိုမှာလာနေတာ ယူ့အဆက် ကတ္တီပါမဟုတ်လား"

မာလာညွှန်ပြရာကို လှမ်းကြည့်လိုက်တော့မှ ဧယျက ကတ္တီပါကိုမြင်သွားပြီး အနက်ရောင်ဝတ်စုံဖြင့် သိပ်လှနေသော ကတ္တီပါကို မျက်နှာမလွှဲဘဲ ခပ်ရဲရဲစိုက်ကြည့်ပစ်လိုက်သည်။

"ကြည့်ရတာ အခြေအနေမကောင်းဘူးထင်တယ် မာလာလစ်တော့မယ် ဧယျရေ၊ ယူတို့အရှုပ်ထဲ မာလာအပါ မခံနိုင်ဘူး"

မာလာက အရယ်အပြုံး လုံးဝမရှိသော ကတ္တီပါနှင့် ဧယျတို့အခြေအနေကို ကြည့်ပြီး တစ်စုံတစ်ခုကို သဘောပေါက်သွားသလို နေရာက အသာရှောင်ထွက်သွားသဖြင့် ဧယျ





တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"ဘယ်လိုလဲ တစ်ယောက်တည်းလား ကတ္တီပါ"

ဧယျမှ ဘာမှမဖြစ်သလိုပုံစံဖြင့် အနားရောက်လာသည့် ကတ္တီပါကို စတင်နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"ယူတို့လို နှစ်ယောက်မဟုတ်တာတော့ သေချာတယ် ဧယျ"

"တို့ကို စိတ်ဆိုးနေလား"

"မေးနေစရာတောင်မလိုဘူး ယူ ဘာအပြစ်လုပ်ခဲ့တယ်ဆိုတာ ကိုယ့်ကိုယ်ကိုသိမှာပေါ့"

လှပသော ကတ္တီပါမျက်နှာလေးကို စိုက်ကြည့်ရင်း ဧယျ ဘာပြောရရင် ကောင်းမလဲဟု စဉ်းစားနေမိသည်။ အဖြစ်မှန်တွေကို ကတ္တီပါကို သွားပြောလို့မဖြစ်။ သူ့အစ်မအပျိုကြီးနှင့် ပြဿနာတက်ကုန်လျှင် မလွယ်။ သူ့အစ်ကို ဗလပါ ပါလာလျှင် ပိုရှုပ်ကုန်မည်။

အစ်ကိုလူပျိုကြီးက စည်းကမ်းကြီးသလို ကတ္တီပါမမ အပျိုကြီးကလည်း ရှုပ်ထွေးပွေလီတာမကြိုက်။ အစ်ကိုဖြစ်သူကို နောက်ဘယ်တော့မှ ကတ္တီပါနှင့် အဆက်အသွယ် မလုပ်တော့ပါ ကတိပေးထားပေမယ့် သိပ်လှသည့် ကတ္တီပါကို အခုလို အနီးကပ်မြင်လိုက်ရတော့ သူ့စိတ်တွေက ဟိုယိုင်ဒီယိုင် ဖြစ်ကုန်သည်။

ပေးထားသည့် ကတိတွေလည်း မတည်ချင်တော့။ အနက်ရောင်ဝတ်စုံနှင့် ကတ္တီပါပုံစံက အပြတ်မိုက်နေသည်။

"ဒီမယ် ကတ္တီပါက ယူဆော့ကစားဖို့ မွေးဖွားလာတဲ့ အရုပ်မဟုတ်ဘူး"

"တို့တောင်းပန်ပါတယ်ကွာ၊ ကြားထဲမှာ ပြဿနာတွေ ရှုပ်နေလို့ပါ၊ ကတ္တီပါထင်သလို မဟုတ်ဘူးဆိုတာ ယုံပါ"

"အဲဒီလိုအပြောတွေနဲ့ တို့ကိုလာချော့လို့ ပျော့သွားမယ် ထင်လား ဇေယျ"

"ယူ့ကို တို့သိပ်မုန်းတယ်သိလား၊ အေးလေ အစထဲက လည်း မချစ်ခဲ့ပါဘူး၊ သူငယ်ချင်းတွေ မြှောက်ပေးလို့ အခုလိုဖြစ် သွားရတယ်ဆိုတာ ကတ္တီပါကိုယ် ကတ္တီပါ အသိဆုံးပဲ"

"တို့ တောင်းပန်တယ်လို့ ပြောပြီးပြီလေ"

"အဲဒါ ကတ္တီပါက ဘာလုပ်ရမှာလဲ"

သူ့ကို ကတ္တီပါ အပြတ်စိတ်ဆိုးဒေါသဖြစ်နေတာကို ဇေယျ သိလိုက်ရတာမို့ ရင်ထဲမှာ နည်းနည်းတော့ စပ်ဖျင်းဖျင်းနှင့် အခံရခက်သွားမိသည်။

တကယ်တော့ ကတ္တီပါမှာရော သူ့မှာရော အပြစ်ရှိတာ မဟုတ်။ ကတ္တီပါမမနှင့် ဇေယျအစ်ကိုကြောင့် ဘာအကြောင်းပြ ချက်မှမရှိဘဲ ကတ္တီပါနှင့်ဇေယျက ကြောင်တောင်တောင် လမ်းခွဲ ရခြင်းမျှသာ။

ပြန်မတွေ့ခင်တုန်းကတော့ ကတ္တီပါကို လွယ်လွယ်နှင့် မေ့ပျောက်နိုင်လိမ့်မည်ဟု ထင်ခဲ့ပေမယ့် ကတ္တီပါနှင့် အခုလိုဆုံမိ တော့ ဇေယျရင်ထဲမှာ ခုန်ချင်သလိုလို တုန်ချင်သလိုလို။





အထူးသဖြင့် ကတ္တီပါထံမှ အမုန်းမျက်လုံးများနှင့် အမုန်း စကားလုံးတွေက ဘာဖြစ်လို့မုန်းမသိ။ ဇေယျနှလုံးသားကို ဆူး တစ်ချောင်းဝင်သလို အခံရခက်စွာ နာကျင်နေတာ အဆိုးရွားဆုံး ဖြစ်သည်။

"ကျွတ်…သိပ်ခက်တာပဲကွာ၊ နည်းနည်းမှကို ကိုယ်ချင်း မစာဘူး"

"ဘာ"

"ရှူး"

"တို့ပြောတာ ကတ္တီပါကို မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့ကိုပြောတာလဲ"

နှစ်ယောက်တည်း အတူရှိနေတုန်း ပြောသည့်စကားက ကတ္တီပါကို ပြောတာမဟုတ်ပါဟု ခပ်တည်တည် လိမ်ညာတာမို့ ကတ္တီပါရင့်မှာ ပိုအခံရခက်သွားသည်။

"ကတ္တီပါကို မဟုတ်ဘူးလို့ ပြောပြီးပြီပဲကွာ၊ ဒီမှာ စိတ် ညစ်နေရတဲ့ကြားထဲ လူကို ပြဿနာမလုပ်ချင်စမ်းပါနဲ့"

"သြော်…နင်ကမှ အပြောကောင်း၊ ဘယ်သူက အရင်စ ပြီး ပြဿနာရှာတာလဲဆိုတာ ပြောစမ်းပါဦး"

"စိတ်ညစ်တယ်ကွာ"

ကတ္တီပါက ဒေါသဖြစ်နေသလို ဇေယျပုံစံကလည်း စိတ်ရှုပ်ထွေးနေသည့်ဟန်။ ကတ္တီပါ မမအပျိုကြီးက ဇေယျအစ်ကို လူပျိုကြီးကို ရန်တွေ့စကားဆိုပြီးနောက်မှာ ကတ္တီပါနှင့် လုံးဝ

ဆက်သွယ်တာမျိုး မလုပ်တော့။ ကတ္တီပါ စိတ်ဆိုးမည်ဆိုလည်း ဆိုးချင်စရာ။

ညှော်ခံပွဲထဲမှာ ဇေယျအစ်ကို ဒေါက်တာဗလ ရှိနေသလို ကတ္တီပါမမ အပျိုကြီးလည်း ရှိနေသည်။ အခုလိုပုံစံနှင့် သူတို့နှစ်ယောက် အတူရှိနေတာကို မြင်လျှင် ဇေယျအစ်ကို ကိုကိုဗလကို အသာထား ကတ္တီပါမမ အပျိုကြီးက သူ့ညီမနှင့် ဇေယျကို အတူတွဲတွေ့လိုက်ရတာနှင့် လူကြားသူကြားထဲမှာ သွေးတက်ပြနေလျှင် မလွယ်။

"ဟော…ဟိုမှာ ဟိုမှာ ကတ္တီပါမမအပျိုကြီး ဒီဘက်ကိုလာနေပြီ၊ လာ လာ"

"အိုး ဒါကဘယ်ကိုလဲ"

"ဖယ်စမ်းပါ"

"လာမှာသာ လာစမ်းပါကွာ"

"ဇေယျ နင်နော်"

ကတ္တီပါနှင့် စကားပြောနေရာမှ ရုတ်တရက်ကြီး ဇေယျပုံစံက ထိတ်ထိတ်ပြာပြာ ဖြစ်သွားရုံမက အနားမှာရှိနေသည့် ကတ္တီပါ လက်ကလေးတစ်ဖက်ကို ဖိုးခနဲဖော်ခနဲ ဆွဲယူကာ နေရာက လစ်ပြေးဖို့ ကြိုးစားလာတာကြောင့် ကတ္တီပါမှာ ဘာမှန်းညာမှန်းမသိဘဲနှင့် ဇေယျ ဆွဲခေါ်ရာနောက်ကို ရှန်းရင်းကန်ရင်း ဒရောသောပါးလေး အတူပါလာခဲ့ရရှာပါသည်။

ဖြစ်ချင်တော့ ထိုမြင်ကွင်းကို အစအဆုံး မြင်တွေ့လိုက်ရ





သူက ဇေယျပြောနေသည့် ကတ္တီပါရဲ့ အပျိုကြီးမမ ယုဇနာကိုယ်တိုင် ဖြစ်နေပါသည်။

ညီမဖြစ်သူ ကတ္တီပါ လက်ကလေးတစ်ဖက်ကို လူကြားသူကြားထဲမရှောင် ပိုင်စိုးပိုင်နင်း ဆွဲယူသွားသည့် ကောင်လေးခေါ်ရာနောက် ညီမဖြစ်သူခမျာ ရှန်းကန်ရင်း ပါသွားတာကို မြင်တာနှင့် ရင်ထဲမှာ ထူထူပူပူလေး ဖြစ်သွားရှာပါပြီ။

ကတ္တီပါကို ဤမျှရဲတင်းပိုင်စိုးစွာ ခေါ်ယူသွားနိုင်သူက မည်သူနည်း။ ကတ္တီပါ ရည်းစားဆိုတာလား။ လူရှုပ်လူပွေတစ်ယောက်အဖြစ် ကတ္တီပါ ရည်းစားအကြောင်း သိထားသဖြင့် လူကိုယ်တိုင်ကိုတော့ ယုဇနာလည်း မြင်ဘူးတာမဟုတ်ပါ။ သေချာတာကတော့ ဇေယျဆိုသည့် ကောင်လေးဖြစ်ဖို့များပါသည်။ ရုပ်လေးကတော့ မိန်းမကျလောက်အောင် ချောသည်က အမှန်ဖြစ်သော်လည်း ဤရုပ်ရည်ကို ဗန်းပြပြီး မိန်းမကိစ္စ ပွေရှုပ်ခြင်းဟုသဘောပေါက်လိုက်သောအခါ ယုဇနာမှာ ညီမဖြစ်သူကို ဆွဲခေါ်သွားသည့် ကောင်လေးနောက်ကို အပြေးလေးလိုက်ခဲ့မိသည်။

"ဘုတ်"

"အင့်"

"အို"

ကိုယ့်အာရုံနှင့် ကိုယ်မို့ ပတ်ဝန်းကျင်ကိုတောင် သတိမထားမိသည့် ယုဇနာအဖြစ်က လူတစ်ယောက်လုံး လာနေတာကို မမြင်နိုင်အောင် ဝင်တိုးမိသည့်အထိဖြစ်သည်။

''ချစ်တယ် ယူဇနာရယ်၊ သိပ်ချစ်တယ်''

''မောင့်ကို မုန်းစကားမဆိုပါနဲ့ဗျာ''

''ရှင်လုပ်ပုံက ချစ်စရာကောင်းလို့လား''

''ချစ်စရာကောင်းပါတယ်ဗျာ၊ မောင့်ကို ဒီလောက်ကြီး ရက်ရက်စက်စက် ပြစ်ထားတာ မောင့်ကို မသနားတော့ဘူးဗျာ''

''ဘာဖြစ်လို့ သနားရမှာလည်း''

''သားရဲ့အဖေဖြစ်နေလို့လေ''

''အိုး''

လှပသော ယူဇနာ မျက်နှာလေး ဖြန်းခနဲ ပူနွေးသွားကာ ဗလရင်အုတ်ကြီးကို လက်သီးဆုတ်လေးများဖြင့် ထုရိုက်ပစ်လိုက်တော့ သူက မနာကျင်သလို ကျေနပ်ကြည်နူးစွာ ရယ်ပါသည်။

''ဝမ်းသာလိုက်တာ မောင့်အချစ်ရယ်၊ ပြောစမ်းပါဦးဗျာ မောင့်သားသားလေး အခု ဘယ်နှစ်လရောက်နေပြီလဲ''

''မသိဘူး''

''တကယ်''

''တကယ်ပေါ့''

''ဒါဖြင့် လာခဲ့ ချစ်ကို မောင်ကိုယ်တိုင် စမ်းသပ်မယ်''

''အို ဒါကဘာယ်လဲ၊ ဖယ်ပါ''

''လူကို လွှတ်ဆို''

''ဟင့်အင်း လူကိုလည်းမလွှတ်ဘူး၊ မောင့်မိန်းမကိုလည်း မလွှတ်ဘူး''





ယူဇနာကိုယ်လေးမှာ မောင့်ရင်ခွင်ထဲမှာ ဈွေ့ခနဲပါသွားသည်။ အချစ်လူဆိုးမောင်က လွမ်းသမျှကို အတိုးချထားသည့်အလား အညှိုးတကြီးနှင့် အချစ်မိုးတွေ ရွာချတော့ မောင့်ကိုယ်ကြီးကို ထုရိုက်ခြင်းဖြင့် ကြိုဆိုတုံ့ပြန်မိသည်။

ဘာပဲဖြစ်ဖြစ် မောင့်ကို ယူဇနာလည်းချစ်ပါသည်။ အခုတော့ သား၏ဖေဖေအဖြစ် ပို၍အားကိုးတွယ်တာရတော့မည်။ ချစ်တာတစ်ခုနဲ့ ယူဇနာအချစ်ကို လိမ်ညာရယူခြင်း အပေါ်မှာလည်း အခုတော့ နားလည်ခွင့်လွှတ်လိုက်ပါပြီ။

''ချစ်''

''အင်''

''မောင့်ကို မလွမ်းဘူးလားဟင်''

''လွမ်းပါဘူး''

''ယုံပါတယ်ဗျာ မောင်ကသာ မောင့်မိန်းမကို တစ်အိမ်ထဲမှာ အတူနေပြီ ညတိုင်းလွမ်းနေတာ ဒီနေ့မှ မောင့်မိန်းမဆီက အချစ်ကိုမရရင် သေမယ်ထင်တယ်''

''အပိုတွေ ပြောမနေပါနဲ့၊ အဲဒီလိုစကားတွေနဲ့ မိန်းကလေး ဘယ်နှစ်ယောက်ကို လိမ်ညာပြီးပြီလည်းမသိဘူး''

''ဒါက သဝန်တိုတာပေါ့လေ''

''ဟုတ်ပါဘူး''

''ဟုတ်ပါတယ်ဗျာ မောင့်မိန်းမက မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မောင်သိပ်သိတာပေါ့''

"ဆောရီးပါရှင်"

"ရပါတယ်ဗျာ၊ မတော်တဆဖြစ်ရတာပဲ"

ဝင်တိုးမိသူကို ယူဇနာ တောင်းပန်စကား ဆိုလိုက်မိသလို တစ်ဖက်ကလည်း ယူဇနာကို နားလည်မှုအပြည့်နှင့် တုံ့ပြန်စကား ဆိုလာတာကြောင့် တစ်ဖက်လူ၏ ယဉ်ကျေးသိမ်မွေ့မှုကို အသိအမှတ်ပြုသလိုလေး လှမ်းအကြည့်…

တည်ကြည်ခန့်ညားၡ ယောကျ်ားပီသစွာ ချောမောသည့် လူတစ်ယောက်ကို နူးညံ့သိမ်မွေ့သော မျက်ဝန်းအစုံဖြင့် မရယ်မပြုံး အနေအထားနှင့် လှပသော ယူဇနာမျက်နှာလေးကို ငုံ့အကြည့်နှင့် အငုံ့မှာ ယူဇနာဘက်က ဦးခေါင်းလေး တစ်ချက်ဆတ်ပြီး အပြုံးလေးတစ်ခုနှင့် လမ်းခွဲလိုက်ပါသည်။

"ဒီမှာ ခင်ဗျာ"

နောက်ပါးဆီမှ ခေါ်သံကြောင့် ယူဇနာထံမှ လှမ်းလက်စ ခြေလှမ်းလေးများ တုံ့နေးသွားရပြီး အသံပိုင်ရှင်ရှိရာ ကိုလူချောဘက်သို့ လှည့်အကြည့် ယူဇနာရှိရာကို ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်လာသော သူ့ကို တွေ့လိုက်ရသည်။

အသားမဖြူမညို၊ အရပ်မြင့်မြင့်၊ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ စူးရှတောက်ပသည့် မျက်လုံးအစုံက အရောင်လဲ့နေပြီး နှုတ်ခမ်းအစုံကို တင်းတင်းစေ့နေသည့် သူ့အသွင်က မြန်မာဆန်သော တိုက်ပုံအင်္ကျီဖြူ စတစ်ကော်လံလည်ကတုံး၊ မရမ်းစေ့ရောင် ပုဆိုး၊ ကတ္တီပါဖိနပ်နှင့် ရှင်းသန့်နေပါသည်။





ထူထူနက်နက်ဆံပင်တွေကို သေသေသပ်သပ် ခပ်တိုတို ညှပ်ထားပုံကပင် တစ်မျိုးကြည့်ကောင်းကာ ဆွဲဆောင်မှုအပြည့်ရှိသော ယောကျ်ားတစ်ယောက်ဆိုလည်း မမှားပါ။ အသက်ကတော့ ယူဇနာနှင့် ရွယ်တူတွေဖြစ်သည်။

"ဒီမှာ ခင်ဗျားလက်ကိုင်ပဝါလေး ကျကျန်ရစ်လို့ ယူလာပေးတာပါ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဖြူဆွတ်ဆွတ် လက်ကိုင်ပဝါဖြူလေးမှာ မွှေးရနံ့တစ်မျိုး သင်းထုံလျက် ကြွေရောင်တောက်နေပါသည်။ မြင်တာနှင့်ပင် အဖိုးတန်လက်ကိုင်ပဝါဖြစ်ကြောင်း သိသာစေသည့် အမျိုးအစားထဲက ဖြစ်သည်။

"တစ်ယောက်ယောက်ကိုများ လိုက်ရှာနေတာလားဗျာ၊ စပ်စုတယ်လို့ မထင်ရင် ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီပါရစေ"

"ရှင်"

"ဪ ဟုတ်ကဲ့၊ ကျွန်မအသိတစ်ယောက်ကို တွေ့လိုက်သလားလို့ ရှာနေမိတာပါရှင်"

"တွေ့ပြီလား"

"အဟင်း မတွေ့ပါဘူးရှင်၊ ကျွန်မ လူမှားနေတာပါ"

"ဪ ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီရှင်"

မိန်းမလှလေးမြင်၍ တမင်အသိမိတ်ဆွေဖွဲ့ အရောဝင်လိုသူမဟုတ်ပါကြောင်း ပြောဆိုပြုမူသည့် ရိုးသားသည့် အမူအရာတွေကြောင့် သိလိုက်ရပေမယ့် ယူဇနာမှာ ကိုလူချောအကြောင်း မစဉ်းစားနိုင်။

ညီမဖြစ်သူ ကတ္တီပါကို ဆွဲခေါ်သွားသည့် ကောင်လေးကိုသာ တွေ့အောင်ရှာနေမိပေမယ့် လူတွေအများကြီးထဲမှာ ကတ္တီပါကိုရော ထိုကောင်လေးကိုပါ မတွေ့ရတော့ပါ။

စိတ်ရှုပ်ရှုပ်ဖြင့် လူရှင်းသည့်ခုံတစ်ခုံမှာ စိတ်မောလူမောဖြင့် ဝင်အထိုင် သူမလှုပ်ရှားမှုတိုင်းကို အစအဆုံး လိုက်လံကြည့်ရှုမှတ်သားနေသည့် ယူဇနာနှင့် ဝင်တိုက်မိသူ ကိုလူချောတစ်ယောက်သူမ မမြင်နိုင်သည့် နေရာတစ်ခုမှာ ရှိနေပါကြောင်းကိုက လုံးဝမရိပ်မိလိုက်ရှာပေ။

ထိုသူက တခြားသူမဟုတ်။

ကတ္တီပါရဲ့ချစ်သူ ဖေယျ၏အစ်ကို ဗလသာဖြစ်ကြောင်း ယူဇနာသာ ကြိုတင်သိခွင့်ရခဲ့မည်ဆိုလျှင် ထိုလူကို ယူဇနာက ဤမျှ ပြုံးချိုနူးညံ့ညင်သာစွာ ပြောဆိုဆက်ဆံနိုင်မည်မဟုတ်သည်ကလည်း အသေအချာသာ ဖြစ်ပါတော့သည်။

✤ ✤ ✤



## အခန်း [၆]

"လုပ်လိုက်ရင် အရမ်းချည်းပဲ"

"ချစ်တာကိုး ကတ္တီပါရဲ့"

"တော်ပါ"

"တော်ပါပြီဗျာ"

ရယ်သံလေးတွေက ချိုချိုလွင်လွင်။

အခုတော့ ချစ်သူနှစ်ဦးစလုံး ပြေလည်ချောမွေ့မှုတွေနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မဝ။ စကားလက်ဆုံ ပြော၍ မကုန် ကဲနေသည်းနေကြသူတွေအဖြစ် အပြောင်းလွဲကြီး ပြောင်းလွဲသွားကြပုံက မယုံနိုင်စရာဖြစ်သည်။

"ကတ္တီပါမမ အပျိုကြီးကို အမြန်ဆုံး ယောကျ်ားပေးစားလိုက်ပါလား ကတ္တီပါ"

"အံမယ် ကတ္တီပါ မမကိုတော့ ပြောနေလိုက်တာ၊ ဇေ

အစ်ကို လူပျိုသိုးကြီးကိုကြတော့ ဘာလို့ မိန်းမမြန်မြန် မယူနိုင်းသေးလဲ"

"ကြေးများလို့"

"ဘာ"

"ဟုတ်တယ်လေ အခုချိန်ထိ စိတ်ကြိုက်မိန်းမ ရှာမတွေ့နိုင်သေးတာ ကြေးများနေလို့ပဲမဟုတ်လား"

"ဒါဆိုလည်း ရွေးချယ်ပေးဖို့က ဖေ့တာဝန်ပဲ"

"သူတို့နှစ်ယောက်ကို အတူတူရွေးချယ်ပေးမှ ဖြစ်မှာပေါ့"

"ဘယ်သူနဲ့ပြောတာလဲ"

"ကတ္တီပါမမနဲ့လေ"

"အကောင်းမှတ်လို့ နားထောင်နေတာ သွား"

"အဟုတ် ဟား ဟား"

"ကတ္တီပါမမနဲ့ ဖေ့အစ်ကိုကို ကတ္တီပါက သဘောမတူဘူးလား"

"လုံးဝပဲ"

"ဘာဖြစ်လို့လဲ"

"ဂျီးများတယ်ဆိုလို့"

"ခစ် ခစ်"

အစ်ကိုနှင့်အစ်မအကြောင်း စကားတင်းဆိုရင်း ချစ်ကမ္ဘာလေးထဲမှာ အပျော်ကြီးပျော်နေသူ နှစ်ဦးအဖြစ်ကိုက မည်သူမျှ မရိပ်မိကြပါ။ ကတ္တီပါက သူမ မမယုဇနာကို ညှော်ခံပွဲနေက





အဖြစ်အပျက်နှင့် ပတ်သက်ပြီး အစ်မဖြစ်သူယုံကြည်လက်ခံအောင် အပြတ်လိမ်ညာထားသလို ဇေယျကလည်း အစ်ကိုဖြစ်သူရှေ့မှာ ကတ္တီပါနာမည်ကို မဟမိအောင် သတိနှင့်နေသူဖြစ်ပါသည်။

အဲဒီနေ့က ဇေယျဆိုတဲ့ ကောင်ကို ညီမလေးက အပြတ်ဖြတ်ခဲ့တာဆိုသည့် စကားကို ခပ်တည်တည်လိမ်ညာပြီးနောက်မှာ ကတ္တီပါနှင့် ဇေယျတို့လောက် ချစ်ကြသည့်စုံတွဲ မရှိတော့ဟု ထင်ရသည့်အထိ ဖြစ်ပါသည်။

ယုဇနာက ညီမငယ်၏စကားမှာ ဇဝေဇဝါ ရှိလှပေမယ့် ဘာမှတော့ ဇွတ်တိုးမပြော။ သူမဘာသာ ညီမအကြောင်းကို အတွင်းကြိတ် တိုးတိုးတိတ်တိတ် စုံစမ်းခဲ့ရာမှ ဇေယျနှင့် ကတ္တီပါတို့ အချစ်ဇာတ်လမ်းကို သိခွင့်ရလာခဲ့ရသူ ဖြစ်သည့်အတိုင်း ရုတ်တရက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေပါသည်။

ပွဲထကြမ်းလိုက်လို့ ဇေယျနောက် လိုက်ပြေးမှာကိုလည်း ကြောက်တာနှင့် ယုဇနာက ပြန်ပြီး ကတ္တီပါတို့ အချစ်ဇာတ်လမ်းကို မသိဟန်ဆောင်နေရတာကို ဘယ်သူမှ မရိပ်မိ။

ညီမဖြစ်သူ ကတ္တီပါနှင့် သင့်တော်လိုက်ဖက်မည့် သတို့သားလောင်း ရှာဖွေရေးကိုသာ နေ့ညမပြတ် ကြိုးစားအားထုတ်နေသည့်အချိန်မှာ ထိမထင်ဆိုသော လုတစ်ယောက်အကြောင်း စတင်ကြားရတာဖြစ်သည်။

"မျိုးရိုးကတော့ ကုန်သည်မျိုးရိုးဆိုပေမယ့် မိသားစုဘိုးဘွားစဉ်ဆက်က ချမ်းသာကြွယ်ဝလာခဲ့တာ ယနေ့အထိပဲ၊

ချမ်းသာလိုက်တာကလည်း ကျိုကျိုတက် ခေတ်ပညာတတ်ထဲကပဲ ဥပဓိရုပ်လည်း မဆိုးပါဘူး၊ စိတ်နေသဘောထားလည်း မဆိုးပါဘူး၊ ဒါပေမယ့် နေတာထိုင်တာကြတော့ တို့များနဲ့ လုံးဝမတူဘူး တဲ့ ယူဇနာရဲ့"

"ဘယ်လိုများနေကြလို့လဲ မမဦးရယ်"

စကားအားလုံး ကောင်းပြီကောင်းလာပြီးမှ နောက်ဆုံး စကားတစ်ခွန်းကိုတော့ ယူဇနာကိုယ်တိုင် အထူးစိတ်ဝင်စားမိပါသည်။ အနေအထိုင်က သူများနှင့် လုံးဝမတူဘူးဆိုတော့ ဘယ်လိုများ နေကြထိုင်ကြပါလိမ့်ဟု တွေးချင်စရာဖြစ်သည့်အတိုင်း အောင်သွယ်တော် မမဦး၏ မျက်နှာကို စူးစမ်းအဖြေရှာကြည့်လိုက်မိသည်။

"တစ်မျိုးတော့တစ်မျိုးပဲလို့ ပြောတာပဲကွယ်၊ ဘယ်လိုတစ်မျိုးလဲဆိုတာတော့မသိဘူး"

"စည်းနဲ့ကမ်းနဲ့ စည်းစနစ်တကျ နေတာထိုင်တာမျိုးကို ပြောတာလား မမဦး"

"အင်း အဲဒီလိုပြောရင်လည်း ရပါတယ်၊ မမဦးလည်း သေသေချာချာကြီး သိတာတော့မဟုတ်ပါဘူး ယူဇနာ၊ သူများတစ်ဆင့်စကားနဲ့ သိရတာမျိုးပါ"

မမဦးစကားကလည်း သိပ်ပြီးရေရာမှု မရှိလှပေမယ့် တစ်ဦးတည်းသောသားလည်းဖြစ် လက်ရှိကိုယ်ပိုင်စီးပွားရေးကိုလည်း ဦးဆောင်နေသော ထီမထင်ဆိုသည့်လူကို အနည်းနှင့်အများဆိုသလို ယူဇနာ စိတ်ဝင်စားမိသည်။





"ညီမနဲ့ တွေ့မပေးခင် ယူဇနာကိုယ်တိုင် သူ့ကို အရင်လိုက်ကြည့် အကဲခတ်ဦးပေါ့၊ ပြီးမှ မင်္ဂလာကိစ္စ ရှေ့ဆက်ဖို့ သင့်မသင့် စဉ်းစားဆုံးဖြတ်ရင် ပိုမကောင်းဘူးလား"

"ဟုတ်ကဲ့ အဲဒီလိုပဲ အရင်စီစဉ်ကြည့်ကြတာပေါ့ရှင်"

မမဦးဆိုသူ၏ စကားကို ယူဇနာ ဤမျှနှင့် အဆုံးသတ်လိုက်ရပေမယ့် စိတ်ထဲမှာ တစ်မျိုးတော့ဖြစ်ကျန်ရစ်သည်။

နာမည်က ထီမထင်။

ကြားရသည့်စကားတွေ ကြပြန်တော့လည်း တစ်မျိုး။ ဘယ်လိုမိသားစုတွေဖြစ်ပြီး အများနှင့်မတူအောင် ဘယ်လိုများ ထူးထူးခြားခြားတွေ ပြောဆိုပြုမူနေထိုင်ပါလိမ့်မလဲဟု စဉ်းစားအဖြေရှာပေမယ့် မရ။

မမဦးတို့ မိသားစုကို ကြည့်လိုက်လျှင် အမြဲလို သွက်လက်ဖျတ်လတ် တက်ကြွနေကြသူတွေချည်း ဖြစ်ပြီး မိသားစုအားလုံး ရယ်ရယ်မောမော နေတတ်ကြသည့် အချိန်တွေက ပိုများသည်။

အားလုံးလည်း ကိုယ့်ဝင်ငွေနှင့်ကိုယ်ဆိုတော့ ငွေရေးကြေးရေးအပိုင်းမှာလည်း တစ်ယောက်ကိုတစ်ယောက် ငဲ့ကွက်နေစရာမရှိ။ လိုချင်လျှင် ဝယ်လိုက်ရုံ။ သွားတာလာတာ စားသောက်တာကအစ ဘာကိုမှ ဂရုစိုက်စရာမလိုသဖြင့် အိမ်မိသားစုထဲမှာ အဆင်မပြေနိုင်စရာ အကြောင်းကလည်းမရှိ။

ခေတ်မီပစ္စည်းအသုံးအဆောင်တွေ ဆိုတာကလည်း အလျှံ

ပယ်။

"ယူဇနာ အားမယ့်တစ်ရက်ပြောလေ၊ ထီမထင်ကို ကြည့်ရအောင် မမဦး လိုက်ပို့ပေးမယ်"

"ယူဇနာ ဖုန်းဆက်လိုက်ပါ့မယ် မမဦး၊ အခုတော့ ယူဇနာကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ ညီမရယ်"

အပြန်ခရီးမှာ ယူဇနာအိတ်ထဲ ထီမထင်ဆိုသူရဲ့ ဓာတ်ပုံတစ်ပုံ ပါလာသည်။ လူပုံက မဆိုးပါ။ ယောကျ်ားပီသ၍ ခန့်ညားသော ဉပမိရုပ်ရှိပေမယ့် အရယ်အပြုံးကင်းမဲ့သော မျက်နှာက ထန်နေသလိုထင်ရသည်။

ပုံစံကြည့်ရတာ မာနကြီးမဲ့အထဲကလားလည်း မသိဘူး။ ကတ္တီပါနဲ့ဆို ဖြစ်မှဖြစ်ပါ့မလား။ ကတ္တီပါက ကလေးဆန်ရုံမက စည်းကမ်းပိုင်းကြပြန်တော့လည်း ဘာတစ်ခုမှ တင်းကြပ်တာမျိုး မရှိတော့ သူယူသည့်ပစ္စည်းတွေကို ထားချင်သည့်နေရာမှာ ထားခဲ့တာမျိုး။ ကတ္တီပါနောက်ကို လူတစ်ယောက် အမြဲလိုက်ပြီး ပစ္စည်းသိမ်းနေရတာ အလုပ်တစ်လုပ်ဆိုရင် ဖြစ်ပါ့မလားဆိုသည့် အတွေးတွေက ယူဇနာ အတွေးအာရုံထဲ ပထမဆုံး ဝင်ရောက်လာသည့် အတွေးဖြစ်သည်။

ထီမထင်ဆိုသည့် ယောကျ်ားတစ်ယောက်နှင့် ပတ်သက်သော ပထမဆုံး အတွေးဟုဆိုလျှင်လည်း မမှားပါ။ ကတ္တီပါကို ထီမထင်ဆိုသည့်လူနှင့် လက်ထပ်ပေးစားမည်လို့ ဆုံးဖြတ်ချက်ပင်





မချရသေး။ သူတို့နှစ်ဦးကြားမှာ ကွာခြားမှုတွေက အရင်ပါပဲလား။

"တူ တူ တူ"

အတွေးမဆုံးသေး ဖုန်းက အသံမြည်လာလို့ ကြည့်လိုက်တော့ ကတ္တီပါဖုန်း ဖြစ်နေသည်။

"ပြော ကတ္တီပါ"

"ကြေးအိုးဆီချက် စားချင်လို့မမ"

"အေး...အေး မမဝယ်လာခဲ့မယ် ကတ္တီပါ၊ တခြားကော ဘာဝယ်လာခဲ့ရဦးမလဲ"

"ဘာမှမဝယ်နဲ့တော့ မမရေ၊ အိမ်ကိုသာ မြန်မြန်ပြန်ခဲ့တော့၊ ဒီမှာ ညီမလေးဗိုက်ဆာလှပြီ၊ ဒါပဲနော် မမ"

"အေးပါကွယ်"

ဖုန်းထဲမှာ အချွဲပိုနေသည့် ညီမငယ်ရဲ့အသံကို ကြားရပြန်တော့လည်း ယူဇနာစိတ်ထဲမှာ ကတ္တီပါကို သနားမိပြန်သည်။ ချစ်သောသူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲကို ယူဇနာကြောင့် ကတ္တီပါခမျာ ခံစားရဦးမှာပါလား။

ဒီလိုမှမဟုတ်ရင်လည်း ကတ္တီပါကို လူရှုပ်လူပွေလေးလက်ထဲကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ရက်ရက်ရောရော ပေးလိုက်ရမည်လား။

ဒီလိုတော့လည်း ညီမဖြစ်သူကို ယူဇနာ ပစ်ပစ်ခါခါ မလုပ်ရက်နိုင်။ ညီမငယ်ကို တစ်သက်လုံး ပျော်ရွှင်စေလိုသည်။ ဘယ်လိုဒုက္ခဝေဒနာကို မခံစားစေချင်။ အထူးသဖြင့် ရှုပ်ရှုပ်ပွေပွေ

လူစားလက်ထဲမှာ ကတ္တီပါကို ဘယ်လိုနည်းနှင့်မှ ထား၍မဖြစ်။

အခုထဲက နာမည်ဆိုးနှင့် ကျော်ကြားနေသည့်လူက နောင်မှာလည်း ပိုဆိုးဖို့သာရှိသည်။

မဖြစ်ပါဘူး၊ ကတ္တီပါကို ထိမထင်ဆိုတဲ့လူနဲ့ပဲ လက်ထပ်ဖို့ အမြန်နားချမှာပါ။

“ကျိုး”

ကားကို ကတ္တီပါစားနေကျ ဆိုင်ရှေ့မှာ ရပ်လိုက်၏။ လက်ပွေ့အိတ်ကိုဆွဲပြီး ကားပေါ်ကဆင်းမည်အပြုမှာ ယူဇနာကားနားသို့ ကားတစ်စီး ထိုးရပ်လာပြီး ကားပေါ်က လူတစ်ယောက်ဆင်းလာသည်။

“ဟင်…မင်းပါလား”

“ရှင်”

တစ်ဖက်က တရင်းတနှီးပုံစံနှင့် နှုတ်ဆက်လာသူကို ရုတ်တရက် ယူဇနာ မမှတ်မိ။

“တို့လေ ဟိုတလောက ဦးမင်းဇော်ရဲ့ ညစာစားပွဲမှာ ဆုံဘူးတာ မှတ်မိလား”

“သြော်…ဆောရီးပါရှင်၊ ရုတ်တရက်ဆိုတော့ မမှတ်မိလိုက်လို့ပါ”

“ကျွန်တော်ကတော့ မှတ်မိပါတယ်ဗျာ”

“ဟုတ်ကဲ့”

အလိုက်သင့်ပြုံး၍ ပြောဆိုနှုတ်ဆက်ရင်း ယူဇနာ





လက်ကိုင်ပဝါလေးကို ကောက်ယူပေးသော ကိုလူချောမှန်း မှတ်မိလာသည်။ တိုက်တိုက်ဆိုင်ဆိုင် သူနဲ့ယူဇနာ ပြန်ဆုံရတာကို အံ့သြနေသလို သူ့ပုံစံကလည်း ယူဇနာကို အခုလို အမှတ်မထင် ပြန်တွေ့ခြင်းအပေါ်မှာ ကျေနပ်နေပုံရပါသည်။

“ဒီဆိုင်ကိုလာတာလား”

“ဟုတ်ကဲ့”

“ကျွန်တော့်နာမည် မင်းထင်ဗလပါ၊ ဒီက နာမည်ကရော”

“ယူဇနာပါ”

“ဗျာ”

“ယူဇနာလို့ ပြောတာပါ ကိုမင်းထင်ဗလ”

“အဟွန်း…ဟွန်း…ဟွန်း”

“ရုတ်တရက် ကျွန်တော့်နားထဲမှာ တစ်မျိုးဖြစ်သွားမိလို့ပါဗျာ၊ စိတ်မဆိုးလိုက်ပါနဲ့”

မင်းထင်ဗလဆိုသူက လွတ်လပ်ပေါ့ပါးစွာ ရယ်မောရင်း ယူဇနာကို တောင်းပန်စကားဆိုလိုက်တာမို့ ယူဇနာလည်း ပြုံးနေလိုက်ပါသည်။

“တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်သွားတဲ့ အထိန်းအမှတ်နဲ့ ယူဇနာကို ကျွန်တော် တစ်ခုခုကျွေးပါရစေဗျာ”

“နောက်ကြုံမှပဲ ကျွေးပါရှင်၊ အခု အိမ်ကို အရေးတကြီး ပြန်စရာကိစ္စလေးရှိနေလို့ လက်မခံပါရစေနဲ့”

"ကောင်းပါပြီ ယူဇနာ"

ကြေးအိုးဆိုင်မှာ နှစ်ယောက်အတူထိုင်ပြီး ဟိုဟိုဒီဒီစကား လေးတွေ ပြောဖြစ်ကြပေမယ့် မင်းထင်ဗလက ယူဇနာဆီက ဖုန်းကို မတောင်းသလို ယူဇနာကလည်း တစ်ဖက်လူ၏ ပုဂ္ဂိုလ်ရေးကိစ္စ ဘာတစ်ခုမှ မေးမြန်းပြောဆိုခြင်းမပြုပါ။

ပါဆယ်မှာထားသည့် ကြေးအိုးထုပ်ရတာနှင့် တစ်ယောက် ကိုတစ်ယောက် အပြန်အလှန် နှုတ်ဆက်ပြီး လမ်းခွဲခဲ့ကြသဖြင့် ယူဇနာနှင့် မင်းထင်ဗလတို့ တွေ့ဆုံခန်းလေးက ပြီးပြတ်သွားသည် ဟု ဆိုရပါမည်။

"ကြည့်စမ်း...ဘယ်သူ့ကားလဲမသိဘူး၊ စည်းမရှိကမ်း မရှိ သူများကားနောက်မှာ လာပိတ်ရပ်သွားလိုက်တာ"

"ဟော့...ကလေး ဒီမှာ ကားပိုင်ရှင်ကို တဆိတ်ခေါ်ပေး စမ်းပါဦးကွယ်၊ ကားထွက်မရလို့"

"ခဏလေးနော် မမ ဟိုမှာရပ်နေတဲ့ အစ်ကိုကားဗျာ ကျွန်တော် သွားခေါ်လိုက်ပါ့မယ်"

ကျောခိုင်းအနေအထားနှင့် ဖုန်းပြောနေသည့် လူ တစ်ယောက်၏ နောက်ကျောကို လှမ်းမြင်လိုက်ရသည်။ အဲရိုးစပို့ ရှပ်အကောင်းစား၊ အမေရိကန်ဂျင်း၊ အီတလီဖြစ် ကွင်းထိုးဖိနပ်ကို စီးထားသည့်လူ။ အရပ်မြင့်မြင့်မားမား၊ အသားဖြူဖြူ။

ကားပါကင်စောင့်သည့် ချာတိတ်လေးက ထိုသူနား လျှောက်သွားပြီး ဘာမှမပြောသေးဘဲ သူဖုန်းပြောပြီးသည့်အထိ





စောင့်နေ၏။

တော်တော်နှင့်မပြီး။ ယူဇနာကိုယ်တိုင်လည်း သူမလက်က ရွှေရောင်နာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဖုန်းပြောနေသည့်လူက မပြီး။ ဘယ်အထိအောင် စောင့်ရဦးမည်မသိ။

မင်းထင်ဗလဆိုသည့်လူတောင် ဆိုင်ထဲက ပြန်ထွက်လာတော့မည်။ ဖုန်းပြောနေသည့်လူက ဖုန်းပြောရင်း ယူဇနာရှိရာဘက်ကို လှည့်လာ၏။ ထိုအခါမှ ယူဇနာ အခက်အခဲကို တွေ့မြင်သွားဟန်ဖြင့် ဖုန်းကို ပိတ်လိုက်ကာ ယူဇနာရှိရာကို လျှောက်လာသည်။

"ဆောရီး"

တိုပြတ်သော တောင်းပန်စကားအဆုံးမှာ သူကားပေါ် တက်ပြီး နေရာက ဝေါခနဲမောင်းထွက်ကာ တခြားနေရာတစ်ခုမှာ ရွှေ့ရပ်ပေးသည်။ မျက်မှန်အမည်းကို တပ်ထားတာမို့ သူ့မျက်လုံးတွေကို မမြင်ရ။

ယူဇနာလည်း သူမကားပေါ်တက်ပြီး မောင်းအထွက်မှာ ထိုလူက သူ့ကားနားမှာရပ်ရင်း ယူဇနာကို ကြည့်ငေးရင်း ကျန်ရစ်ခဲ့တာကို မြင်လိုက်ရသည်။

❖ ❖ ❖

## အခန်း (၇)

"ယူဇနာဆိုပါလား"

နာမည်လေးက လှသလို လူကလည်း မြင်သူတကာ ငေးရလောက်သော အလှပိုင်ရှင် မိန်းမလှလေးအကြောင်းကို တွေး ရင်း မင်းထင်ဇလဆိုသည့် ဒေါက်တာဇလ အမြဲလိုတည်ကြည်သော မျက်နှာမှာ အပြုံးတစ်ချက် လက်ခနဲ ပေါ်လာပါသည်။

အဟွန်း···။

မိန်းမတွေနဲ့ ပတ်သက်လာရင် ဘယ်တုန်းကမှ စိတ်မဝင် စားခဲ့သည့်သူက အခုတော့ ယူဇနာဆိုသည့် မိန်းမလှလေးအပေါ်မှာ တော့ ထူးထူးခြားခြား စိတ်ဝင်စားမိခြင်းအပေါ် သူ့ကိုယ်သူ အံ့ဩ နေသည်။

သူမ ဘယ်မှာနေမှန်းလည်းမသိ။ ဘာအလုပ်လုပ်မှန်း လည်းမသိ။ အပျိုလား အအိုလားလည်းမသိ။ ယူဇနာဆိုသည့်





မိန်းမလှလေးနှင့် ပတ်သက်ပြီး ဒေါက်တာဇလ ဘာဆိုဘာမှမသိ ပေမယ့် သူမကို မကြာခဏ သတိတရရှိနေတတ်သည့် အဖြစ်က လည်း နားမလည်နိုင်စရာဟု ဆိုရပါမည်။

ဟော့ကောင်ဇလ မင်းတော့မဟုတ်တော့ဘူးထင်တယ်။

ဇလက သူ့ကိုယ်သူ စိတ်ထဲက လှမ်းအပြစ်တင်လိုက်ခြင်း ဖြစ်သည်။ အခုတလော ဘာကြောင့်မှန်းမသိ။ ယူဇနာဆိုသည့် မိန်းမလှလေးကို မင်းထင်ဇလ မကြာခဏ သတိရနေမိသည်။ လှပသော မျက်နှာလေးကို တွေ့လိုမြင်လိုပေမယ့် သူမကို ဘယ်နေ ရာမှာ သွားကြည့်ရမှန်းမသိ။

လိပ်စာရော ဖုန်းနံပါတ်ရော သူက ဘာတစ်ခုမှ သူမဆီ က မတောင်းဆိုခဲ့တာကိုပဲ အခုမှ နောင်တရရမလို ဖြစ်နေသည်။

ဒီလိုလည်းမဟုတ်သေးပါဘူးလေ။ ဒေါက်တာမင်းထင် ဇလဆိုတဲ့ မိန်းမကိစ္စနဲ့ ပတ်သက်လာရင် နာမည်တစ်လုံးနဲ့ နေတဲ့ သူပီသစွာ ဘယ်မိန်းမနှင့်မှ အရှုပ်အရှင်းမရှိဘဲ တစ်ယောက်တည်း သန့်သန့်လေးနေလာခဲ့သူဖြစ်သည်။ ယူဇနာဆိုသည့် မိန်းမလှလေး ကို တခြားယောက်ျားတွေနည်းတူ ဘာမဟုတ်သည့်အကြောင်း ကိစ္စလေးနှင့် အရောတဝင် လုပ်လိုသူတွေထဲမှာ သူမပါဝင်ချင်။

ဒါကြောင့်လည်း ယူဇနာ နာမည်ကလွဲပြီး တခြားဘာကို မှ မေးမြန်းစုံစမ်းခြင်းမပြု။ သူနှင့်သက်ဆိုင်ပတ်သက်တာတွေကို လည်း ယူဇနာကို ဘာမှပြောပြအသိမပေး။ မိန်းကလေးပီသစွာဖြင့် လှပလွန်းသော ယူဇနာကို သူ့ဘာသာ တစ်ယောက်တည်း

တစ်ဖက်သတ် သဘောကျနေမိခြင်းဖြစ်သည်။

"ဒေါက် ဒေါက်"

"ကိုကို ကျွန်တော် ခဏဝင်ခဲ့မယ်နော်"

"ကျိုး"

ညီငယ်ဖေယျပါလား။

စေ့ရုံစေ့ထားသည့် ဗလအခန်းကို သူ့သဘောနှင့်သ[illegible] တွန်းဖွင့်ဝင်လာပြီး အစ်ကိုရှေ့မှာ မျက်နှာသေသေလေးနှင့် လာလု[illegible] ပြနေသော ညီဖြစ်သူကို နည်းနည်းမှမသနားမိ။ ဒီကောင်က အစ်[illegible] ရှေ့မှာ ကြောက်သလိုရွံ့သလို လုပ်ပြပြီး ကွယ်ရာမှာ သူ့စိ[illegible] သွဲ့သဘောအတိုင်း ထင်ရာကျဲတတ်တာမျိုးက အစ်ကိုလုပ်သူ ဗ[illegible] အတွက် ရိုးနေပြီဟု ဆိုရမည်။

"အပြင်ခဏသွားမလို့ ကိုကို၊ ကျွန်တော့်ကို ဘာမှာ[illegible] မလဲလို့ပါ"

'ဆေးစာအုပ်ကို ဖတ်နေရာမှ တစ်ချက်လှမ်းကြည့်ပြ[illegible] ချက်ချင်းအကြည့်လွှဲသွားသော အစ်ကိုဖြစ်သူ၏ အခြေအနေ[illegible] ကြည့်ကာ သူ့အပေါ်မှာ မကြည်ကြောင်း ဖေယျ သဘောပေါ[illegible] သွားသည်။

"အပြင်သွားပြီး ဘာပြဿနာမှ ရှာမလာနဲ့၊ ကိုယ့်အိမ်[illegible] တည့်တည့်မတ်မတ်ပြန်လာ ဒါပဲ"

"ဟုတ်"

ပါးစပ်က ဟုတ်ဟုဆိုပေမယ့် လူက နေရာကမရွေ့[illegible]





[illegible]ပ်နေမြဲမို့ မျက်မှန်ကိုကျော်ပြီး ညီဖြစ်သူကို လှမ်းကြည့်လိုက်သည်။

"မသွားသေးဘူးလား၊ ဘာပြောစရာရှိလို့လဲ"

"ဟို သုံးစရာပိုက်ဆံ ပြတ်နေလို့၊ မုန့်ဖိုး"

ဒီလောက်ဆို ဗလ သိလိုက်ပါပြီ။

သူ့ဆီက ပိုက်ဆံတစ်ထပ် ထုတ်မပေးမချင်း ဒီကောင် နေရာက ရွေ့တော့မည်မဟုတ်။ ဆေးစာအုပ်ကိုပိတ်ပြီး ငွေတစ်ထပ် ကို ပိုက်ဆံအိတ်ထဲက ဆွဲထုတ်ပေးလိုက်သည်။

"ကျေးဇူးပဲကိုကို"

သူ့ဘာမှပြောမနေတော့။

နှာအေးလျှင်ပြီးရောပုံစံနှင့် ငွေဘယ်လောက်လဲဆိုတာကို [illegible]င် ရေတွက်မနေတော့။ လက်တစ်ဖက်ကို ဒါယမ်းပြီး သွားတော့ [illegible]ပုံစံမျိုး လုပ်ပြလိုက်သည်။

ညီငယ်ဖေယျကို ချစ်ပေမယ့် သူ့ကို အရောတဝင်မနေရဲ။ နည်းနည်းလေး ရောလိုက်တာနှင့် ဒီလိုကောင်မျိုးက အကြောက် အလန့်ရှိတာမဟုတ်။ ရောက်သည့်နေရာ၊ တွေ့သည့်နေရာမှာ ပြဿနာရှာတာမျိုးကတော့ ရိုးနေပြီလို့ဆိုရမည့် အစားထဲက ဖြစ် သည်။

အထူးသဖြင့် မိန်းကလေးကိစ္စတွေမှာ လူနှင့်မလိုက်အောင် [illegible]ာမည်ဆိုးနှင့် လူသိများနေတာကို ဗလမကြိုက်ဆုံး။ သဘောမကျ [illegible]နိုင်ဆုံး။ အမုန်းဆုံးဟု ဆိုရမည်။ ဘယ်လိုပြောပြောလည်း မရ။

ကျွဲပါးစောင်းတီးဆိုတာ ဖေယျလိုလူမျိုးကို ပြောတာထင်

သည်။ ပြောတုန်းခဏပဲ ငြိမ်သည်။ ပြီးလျှင် သူလုပ်ချင်တာလုပ် တတ်သူ။

"တူ တူ တူ"

ဖုန်းသံမြည်လာသဖြင့် စာဖတ်နေရင်းတန်းလန်းက မျက်မှ နှင့်စာ မခွာဘဲ လက်တစ်ဖက်ကို ဆန့်တန်းပြီး ဖုန်းကို လှမ်းယူ လိုက်သည်။

"ဟဲလို"

"ဒေါက်တာဖလနဲ့ ပြောချင်လို့ပါ"

"ပြောနေပါတယ်"

"ဩော် ရှင်ကိုး"

မိန်းကလေးတစ်ယောက်၏အသံ။

သူ့နားထဲမှာ ထိုအသံမျိုး ကြားဖူးသလိုလို ထင်မိပေမယ့် ဧဝေဧဝါနှင့် ရုတ်တရက်မမှတ်မိ။

"အခုပြောနေတာ ဘယ်သူပါလဲဗျာ"

"ကျွန်မ ကတ္တီပါအစ်မရှင့်"

"ဩော် ဘယ်သူများလဲလို့ မင်းကိုး"

ကတ္တီပါရဲ့ အစ်မဆိုတာနှင့် ဟိုတလောက သူနှင့် ဘုဘောက်ကျသော အမျိုးသမီးဟု သိလိုက်သည်။ တစ်ယောက်နှင့် တစ်ယောက် မြင်ဘူးတွေ့ဘူးကြတာလည်း မဟုတ်ဘဲနှင့် ညီနှင့် ညီမ မကောင်းသဖြင့် သူတို့အစ်ကိုနှင့် အစ်မကြားမှာ ကြားထဲက မဆီမဆိုင် ဖုန်းကိုယ်စီနှင့် ရန်ဖြစ်ဘုကျနေရသည့် အဖြစ်ကလည်း





တွေးကြည့်ရင် ရယ်စရာလို့ပဲ ပြောရမည်လား။

စိတ်ပျက်စရာဟု ပြောရမည်လားမသိပါ။

"ဟုတ်တယ် ကျွန်မပဲ"

"ပြောပါဦး အခု မင်းညီမ ဘာဖြစ်ပြန်ပြီလဲ"

"ဖြစ်နေတာက ကျွန်မညီမ မဟုတ်ဘူးရှင့်၊ ရှင့် ရှင့်ညီ ရှင့်ညီ"

"ကျုပ်ညီ ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်၊ ကျွန်မညီမက လုံးဝမပတ် သက်ချင်ပါဘူး ဆိုတာကို နောက်ကလိုက်ပြီး ဖွတ်အတင်းအဓမ္မ နှောင့်ယှက်နေတာ ကောင်းသလားရှင့်၊ အခုချက်ချင်း ရှင့်ညီကို လာခေါ်ပါ"

"ဟင်"

"ပြောမရဘူးဆိုတော့ ရဲစခန်းကို ဖုန်းဆက်ပြီး အကြောင်း ကြားလိုက်ရုံပဲ၊ ပြီးမှ ဧယျဆိုတဲ့လူရှုပ်လူပွေလေးဟာ ဒေါက်တာ ဖလရဲ့ ညီဆိုတာ လူတွေသိအောင် ပြောပြလိုက်ရတော့မှာပဲ"

"ဘာကွ ဧယျကို ရဲစခန်းတိုင်တာ ကျုပ်နာမည်ကို ဘာအတွက်ထည့်မှာလဲ၊ မင်း သိပ်လွန်လာပြီနော်"

"ပြောသင့် ပြောရမှာပဲရှင့်၊ ဧယျဆိုတာ ရှင့်ညီ ဟုတ် လို့ ဘယ်သူ့ညီလဲ"

"ဒီမိန်းမတော့ကွာ"

"ရှင် စကားပြောတာဆိုတာ မဓိုက်ရိုင်းနဲ့နော်"

"ကျုပ်က ဘာများမိုက်ရိုင်းမိလို့လဲ၊ မိန်းမမို့ မိန်းမပြော တာ ဆန်းသလား၊ နာမည်ကို ခေါ်စေချင်တယ်ဆိုရင်လည်း အခုငေ က ကြိုပြောထား"

"သိပ်မိုက်ရိုင်းတဲ့လူ၊ ဒါကြောင့်လည်း ရှင့်ညီက သူ့အစ်ကိုလိုဖြစ်နေတာ"

"ဘာ"

"ဂျောက်"

တစ်ဖက်က ဖုန်းချသွားတာမို့ ဗလတစ်ယောက်တည်း ဖုန်းခွက်ကိုကိုင်ကာ ဒေါသတွေဖြစ်ကျန်ခဲ့သည်။ ဘယ်လိုမိန်းမလဲ မသိ။ နေရင်းထိုင်ရင်း လူကို အသားလွှတ်လာပြီး ဒေါသမဖြစ်ဖြစ် အောင် လာလုပ်နေသည်။ ညီဖြစ်သူကို မနိုင်တာနှင့် နေရင်းထိုင် ရင်း လူကိုလာပြီး ရန်တွေ့နေသည်။

ဧယျဆိုသည့်ကောင်ကလည်း တစ်မျိုး။ အိမ်ကထွက် သွားတာမှ တစ်နာရီမပြည့်သေး။ ပြဿနာက အိမ်ပေါ်ရောက်နေပြီ ဆိုတော့ တဆိတ်လွန်လွန်းသည်။ ဒေါသဖြစ်ဖြစ်နှင့် ညီဖြစ်သူဖုန်း ကို လှမ်းခေါ်လိုက်သည်။

ဖုန်းက လုံးဝမအား။

ခေါ်လို့ကိုမရ။ ဘယ်သူတွေနှင့်များ ဘာစကားတွေ ဒီလောက်ပြောနေသည်မသိရ။ ဒေါသဖြစ်ဖြစ်နှင့် လက်ထဲကဖုန်း ကို ဆောင့်ချလိုက်သည်။

ကတ္တီပါအစ်မတဲ့။





လူကိုတော့ မမြင်ဘူး။ တော်တော်မာနကြီးပုံရသည်။ ဘာတစ်ခုမှ ဆတ်ဆတ်ထိမခံ ပြန်ပြောနေပေမယ့် လေသံကတော့ တကယ်ချိုသည်။ ဒေါသလေးထွက်နေတာတောင် သူ့မအသံက နားထောင်လို့ အတော်ကောင်းသည်။

အသံကောင်းသလို ရုပ်ချောလျှင်ကောင်းမည်။ ဧယျ ပြောတာကတော့ ကတ္တီပါမမ အပျိုကြီးဟု ဆိုထဲက ဗလမှာ စိတ်ပျက်လှပြီ။

အပျိုကြီးတွေက ရတာမလို လိုတာမရလို့ သူတို့ကိုယ်သူ တို့ အလိုကျသူတွေမဟုတ်။ ကိုယ်တိုင်အချစ်မသိတော့ အချစ် အကြောင်းလည်း ခံစားတတ်ပုံမရ။ ဒီကြားထဲက ညီမဖြစ်သူထား သည့်ရည်းစား နာမည်ဆိုးနှင့်ဆိုတော့ အတော်လေး ခံပြင်းဒေါသ ဖြစ်ပုံရသည်။

ဧယျလုပ်ပုံတွေကလည်း သူ့နေရာမှာ ကိုယ်သာဆိုရင် ဒေါသဖြစ်ရုံမက ထတောင်ရိုက်ပစ်ချင်မိမှာပါ။ ငါယောက်ျားပဲဆိုပြီး ဧယျက ရည်းစားထည်လဲထားပြီး တွဲတာကို တကယ်တော့ ဗလကိုယ်တိုင်လည်း မကြိုက်။

ထိုကိစ္စနှင့် ပတ်သက်တိုင်းလည်း ညီအစ်ကိုချင်း အဆင် ပြေလှတာမဟုတ်။ မတတ်သာ၍ လက်ပိုက်ကြည့်နေရခြင်းကို ထိုအပျိုကြီးမမကို ပြောပြချင်ပေမယ့် ယုံမည့်ပုံလည်းမရပါ။

ကြည့်ရတာ စိတ်ကြမ်းကိုယ်ကြမ်း အပျိုကြီးဖြစ်ပုံရသည်။ အပျိုကြီးဆိုမှ ဗလမျက်လုံးထဲ မိန်းမလှလေးတစ်ယောက် ဖျတ်ခနဲ

ရောက်လာသည်။

ထိုမိန်းမလှလေးက တခြားသူမဟုတ်။

ယူဇနာဆိုသည့် မိန်းမလှလေး။

သူမသာဆိုလျှင်တော့ ကတ္တီပါအစ်မဆိုသည့် အပျိုကြီး မမလို လူတစ်ဖက်သားအပေါ် ကက်ကက်လန် ရန်တွေ့စကားဆို တတ်မည်မထင်။

ဗလနှင့် စကားပြောသည့်လေသံကိုက ညင်ညင်သာသာ တိုးတိုးဖွဖွလေးမို့ ယူဇနာ စကားပြောသံလေးကိုက သူ့ရင်ထဲမှာ စွဲထင်ကျန်ရစ်ခဲ့သည့်အဖြစ်ပါ။ ဤသည်က မင်းထင်ဗလဆိုသည့် မင်းထင်ဖေယျ၏ အစ်ကို ဒေါက်တာဗလ၏ စိတ်ကူးဆိုလျှင်လည်း မမှားပါ။

ယူဇနာနှင့် ကတ္တီပါအစ်မ အပျိုကြီးဆိုတာကို တခြားစီဟု ထင်ကာ စိတ်ကူးတွေ အပြတ်ယဉ်ပြီး တွေးနေခြင်းဖြစ်သည်။ သူ့စိတ်ကူးထဲက လူနှစ်ဦးမှာ အပြင်မှာ တစ်ဦးတည်းတစ်ယောက် တည်း ဖြစ်နေတာသိလျှင် ဘယ်လိုဖြစ်မည်မသိ။ အခုတော့ တစ်ဦး စီ ခွဲခြားထားသည့်အတိုင်း စိတ်ကူးထဲမှာ ချစ်သူကိုချစ်သလို အမှတ်ပြည့်ပေးနေမိသလို မုန်းသူကိုလည်း မုန်းသလို အမှတ်တွေ ပေးနေပါသည်။

ဖေယျဆိုတဲ့ကောင်တော့ လာပစေဦး။

ဒီရောက်မှ ကောင်းကောင်းဆုံးမရဦးမယ်။

အစ်ကိုလုပ်သူကို ဒီလောက်ဒုက္ခပေးတဲ့ကောင်။ ငါ့မှာ





နေရင်းထိုင်ရင်း ဘယ်ကမှန်းမသိတဲ့ မိန်းမတစ်ယောက်က ရန်တွေ့ ခံနေရတာ သင်းက ဘာတစ်ခုမှမသိဘူး။

နေဦး လာမှ ဗလအကြောင်း ကောင်းကောင်းသိကြသေး တာပေါ့ကွာဟု ကြိမ်းနေတုန်း ဖုန်းသံက ထပ်မြည်လာပြန်သဖြင့် ကောက်ယူနားထောင်လိုက်သည်။

"ဟဲလို"

"ဗလ ငါပါကွ၊ သီဟန်လေ အခု မင်းညီဖေယျ ငါ့ဆီ ရောက်နေတယ်၊ လာခေါ်ပါဦးကွာ"

"ဘာ ဘယ်လို"

"ဖေယျက ဘာဖြစ်လို့ မင်းဆီကို ရောက်နေရတာလဲ သီဟန်"

ဒေါသဖြစ်ဖြစ်နှင့် ရှူးရှူးရှားရှား ဆိုလိုက်တော့ ငယ်သူ ငယ်ချင်းလည်းဖြစ်၊ စခန်းမှူးလည်းဖြစ်သော သီဟန်က သူ့ဒေါသ ကို သဘောကျစွာ ရယ်ပါသည်။

"သိပ်လည်းဒေါသမကြီးနဲ့လေ လူပျိုကြီးရဲ့၊ တစ်ဖက် ကလည်း အပျိုကြီးက ဖွတ်တရွတ်မို့ ဒီလိုပဲ ကြည့်ကောင်းအောင် ပြောပြီး မင်းညီကိုခေါ်ထားရတာ ကိုယ့်လူရေ"

"ငါ့ဆီကိုသာလာခဲ့၊ ဒီရောက်မှ အကြောင်းစုံပြောပြမယ် ဒါပဲဟေ့"

"အေး"

လက်ထဲကဖုန်းကို အသံမြည်အောင် ဆောင့်ချပစ်လိုက်

သည်။ အပျိုကြီးဆိုသည့် မိန်းမက နည်းနည်းမှမလွယ်ပါလား။ ပြောသည့်အတိုင်း ဧယျကို ရဲစခန်းမှာ သွားအပ်သည်လားမသိ။

ဒီလိုကောင်မျိုးကလည်း အမှတ်ရှိတာမဟုတ်။ ဒီလိုအလုပ်ခံရတာ နည်းသေးသည်ဟု ဆိုရမည့်လူစား။ သူ့ကိုပြောတုန်းက ကတ္တီပါဆိုသည့်ကလေးမကို နောက်ဘယ်တော့မှ မပတ်သက်တော့ပါဘူး။ အပြတ်ဖြတ်လိုက်ပါပြီ ဘာညာနဲ့။

အခုတော့ ကြားလို့မှမတော်။ ရုံးရောက်ဂါတ်ရောက်နှင့် ကြားရသည့်သတင်းက ရှက်စရာ။ စခန်းမှူးက ငယ်သူငယ်ချင်းလူရင်းဖြစ်နေလို့သာ တော်တော့သည်။

ဒီလိုမှမဟုတ်လျှင်တော့ ဗလမှာ ဧယျလုပ်သမျှ ရှိသမျှ ဂုဏ်သိက္ခာရှာလို့ပင် တွေ့စရာမရှိ။ အဝတ်အစားလဲပြီး ကားသော့ကိုဆွဲပြီး ဧယျရှိနေသည့်နေရာကို ကားကို ခပ်ကြမ်းကြမ်းလေး မောင်းထွက်ခဲ့သည်။ သူ့အလာကို စောင့်နေသည့် သီဟန်ကို ဧယျနှင့်အတူ တွေ့လိုက်ရမှ သက်ပြင်းချနိုင်သည်။

"လက်ဖက်ရည်ဆိုင် သွားကြရအောင်လားကွာ၊ လာ ဧယျလည်းတက်၊ ဗလကြီး မောင်းကွာ ငါလမ်းညွှန်မယ်"

ဧယျက မျက်နှာငယ်လေးနှင့် အစ်ကိုဖြစ်သူကို တစ်ချက်လှမ်းကြည့်တာကို မြင်လိုက်ရပေမယ့် ဗလ မျက်နှာကို တင်းထားလိုက်သည်။ အစ်ကိုလုပ်တဲ့သူကို သိက္ခာချအရှက်ခွဲသည့်ကောင်ကို စိတ်ထဲက ခွင့်မလွှတ်ချင်ပေမယ့် အားလုံး ကားပေါ်အရောက်မှာ နေရာက ဝေါခနဲ ကားကို ပြေးထွက်စေလိုက်သည်။





သီဟန်က တစ်လမ်းလုံး ကတ္တီပါအစ်မ အပျိုကြီးအကြောင်း ရယ်မောပြောဆိုလာပေမယ့် ဗလနားထဲကို ကောင်းစွာမရောက်။ ဧယျကိုသာ နာရင်းနာနာတီးချင်စိတ်တွေသာ တဖွားဖွားပေါ်ပေါက်နေမိသည့်အဖြစ်ကို မည်သူမှမသိလိုက်ကြချေ။

❖ ❖ ❖

## အခန်း [၈]

"မမနဲ့ သိပ်ခက်တာပဲ ကြီးအုံရယ်၊ ကတ္တီပါတော့ မမ လုပ်ပုံတွေကို သိပ်ရှုက်တာပဲ"

ကတ္တီပါ အသံလေးက တုန်တုန်ရီရီ။

ချစ်သူ့အတွက် ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ငိုကြွေးချင်နေပေမယ့် ဒေါသနှင့် ခက်ထန်တင်းမာနေသည့် မမယုဇနာရှေ့မှာ မငိုရဲသဖြင့် ဒေါ်အုံ့ရှေ့မှာတော့ ရင်ထဲရှိသမျှ ခံစားချက်တွေ ပေါက်ကွဲနေပါသည်။

"ယုဇနာကိုချည်း အပြစ်တင်နေလို့ ဖြစ်မလားကွဲ့၊ ကတ္တီပါလုပ်ခဲ့တဲ့ အပြစ်တွေကိုလည်း ပြန်စဉ်းစားဦးမှပေါ့၊ ပြီးတော့ ဟိုသူငယ်လေးလုပ်ပုံကိုလည်း ကြည့်ဦး၊ ယုဇနာမို့သာပေါ့ ကြီးအုံသာဆို ကတ္တီပါကို ကြိမ်နဲ့ ခပ်ဆတ်ဆတ်လေး ရိုက်ပစ်လိုက်တာကြာလှပြီ"





"ကြီးအုံကလည်း"

ကတ္တီပါမှာ ကြီးအုံက သူမဘက်မပါဘဲ မမယုဇနာဘက်ကပဲ ရပ်တည်ပြောဆိုလိုက်တာမို့ စိတ်ဓာတ်ပိုကျသွားသည်။ မှားတာကတော့ ကတ္တီပါရော ဇေယျရော မှားကြတာတော့အမှန်ပင်။

နှစ်ယောက်စလုံး ဘာကိုမှ အလေးအနက် မတွေးဖြစ်ကြတာလည်း ပါသည်။ ဇေယျနှင့် ကိစ္စဖြစ်တုန်းက မမယုဇနာက ကတ္တီပါကို ပြစ်တင်ဝေဖန်စကား တစ်ခွန်းပင်မဆိုခဲ့။ ဇေယျအစ်ကို ဇလဆိုသူကိုသာ ကတ္တီပါနှင့် ဇေယျကို သဘောမတူနိုင်ပါကြောင်း ဖုန်းနှင့်ပြောဆိုအသိပေးခဲ့သည်ဟု ဆိုသည်။

ကတ္တီပါရော ဇေယျရော ထိုကိစ္စတွေကို ဘယ်သူမှ အတိအကျကြီး သိကြရတာလည်းမဟုတ်။ ဇေယျအစ်ကို ဒေါက်တာဇလဆိုသည့်လူနှင့် မမယုဇနာတို့ ဖုန်းထဲမှာပင် စကားပြော အဆင်မပြေ ကတောက်ကဆဖြစ်ကြရတာကို ဇေယျပြောပြမှ သိရသည့် ကတ္တီပါပါ။

နှစ်ယောက်စလုံးက အပျိုကြီးက လူပျိုကြီးတွေဆိုတော့ ခက်ကုန်တာလည်းပါသည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိကြသူတွေ ဖြစ်ရုံမက မာနကိုယ်စီရှိကြသူများ အဖြစ် ဘယ်သူက ဘယ်သူ့ကို အလျှော့ပေးလိုသူမရှိ။

ဗိုလ် ဗိုလ်ချင်းတွေ့တော့ အားလုံးရှုပ်ထွေးကုန်ကာ ပြဿနာတွေ ဖြစ်ကုန်သည်။ ဒီတော့ လူငယ်တွေရဲ့ အချစ်ရေးမှာ

အဖုအထစ်လေးတွေ ပြေလည်တာမရှိတော့။ တစ်ယောက်အပေါ် တစ်ယောက် အထင်အမြင်လွဲမှားမှုတွေ ဖြစ်ကုန်သည်။

ဒီနောက်မှာတော့ ဓေယျကလည်း သူ့အစ်ကိုဒေါက်တာ ဗလကို ကတ္တီပါနှင့် ပြတ်ပြတ်စဲစဲ လုပ်ပြီးပါပြီ။ နောက်ဘယ်တော့ မှ မဆက်ဆံပါဟု လိမ်ခဲ့သလို ကတ္တီပါကလည်း မမယုဇနာ ပြောဆိုအသိပေးလာချိန်မှာ ကိုယ့်ကိုယ်ကို လုံလုံပြီအထင်နှင့် ဓေယျ နှင့် ဘာအဆက်အသွယ်မှ မရှိတော့ပါဟု ညာခဲ့မိသည်။

ထိုအလိမ်အညာတွေက အခုတော့ ကတ္တီပါကိုရော ဓေယျကိုပါ ဒုက္ခရောက်စေခြင်းဟု ပြန်တွေးမိတော့ အစထဲက ဘာတစ်ခုမှ မလိမ်ညာဘဲ နေခဲ့မိရင်ဆိုသည့် အတွေးနဲ့ နောင်တ လေးတွေကိုယ်စီ ရင်မှာဖြစ်ထွန်းမိကြသည်။

"ဓေယျ သနားပါတယ် ကြီးအုံ့ရယ်"

"ကြီးအုံ့ကတော့ ယုဇနာကို ပိုသနားတယ်၊ သူ့ချစ် ညီမလေးကို ချစ်လွန်းလို့ မရောက်သင့်တဲ့နေရာတွေကိုပါ ရောက် ရှာတာမဟုတ်လား၊ ကတ္တီပါ သိပ်မိုက်တယ်ကွယ်"

"ကြီးအုံ့တို့ထင်တာ မှားနေတာပါလို့ ကတ္တီပါပြောသား ပဲ၊ မမက ကတ္တီပါစကားကို နားမထောင်ဘဲ ဇွတ်လုပ်တော့ အခုလို ဖြစ်ကုန်တာပေါ့၊ မမရှက်သလို ကတ္တီပါလည်း ရှက်ရတာ ပါပဲ ကြီးအုံ့ရယ်၊ ကတ္တီပါတော့ မမလုပ်ပုံတွေကို သိပ်စိတ်ညစ် တာပဲ"

ကတ္တီပါမျက်နှာက ပြုံတော့မည့်မိုးနှယ် မှိုင်းညို့နေ





သည်။ ကြီးအုံ့က ကတ္တီပါကို ဘာတစ်ခုမှ ပြန်မဖြေတော့ပေမယ့် စိတ်ထဲကတော့ မမယုဇနာကို သနားနေမှာကို အလိုလိုသိနေပါ သည်။

အခုချိန်ဆို ဓေယျတစ်ယောက် ဘယ်လိုနေရှာမှာပါလိမ့် ဟု တွေးနေသလို စိတ်ထဲကလည်း ဓေယျရဲ့ မိုက်ရူးရဲဆန်ဆန် လုပ်ရပ်တွေကို အပြစ်တင်နေမိသည်။

ဖြစ်ချင်တော့ ကတ္တီပါက ဓေယျကို တခြားမိန်းကလေး တစ်ယောက်နှင့် အထင်အမြင်လွဲပြီး စိတ်ကောက်စိတ်ဆိုးနေသည်။ ဓေယျကို လူချင်းလည်း အတွေ့မခံသလို ဖုန်းနှင့်လည်း လက်ခံ ပြောဆိုတာလည်းမရှိ။ ဒီတော့ ဓေယျက ကတ္တီပါနောက်ကို တကောက်ကောက်လိုက်ပြီး ကတ္တီပါ စိတ်ဆိုးပြေအောင် နည်းမျိုးစုံ ဖြင့် ကြိုးစားသည်။ ကတ္တီပါက ဓေယျ ဘယ်လိုပဲချော့ချော့ မပျော့။

သူ့မမျက်လုံးထဲမှာ ဓေယျရင်ခွင်ထဲ ရောက်နေသည့် သံသာဆိုသည့် မိန်းကလေးနှင့် ဓေယျတို့ ဖြစ်ချင်တိုင်းဖြစ်နေပုံကို ဘယ်လိုမှ ခွင့်လွှတ်၍မရဘဲ ဖြစ်နေသည်။ ဓေယျက ကတ္တီပါ အထင်လွဲတာပါဟု ဆိုပေမယ့် ကတ္တီပါစိတ်ထဲမှာ ဓေယျကို ခွင့်လွှတ်လို့မရ။

ဒီလိုအခြေအနေမှာ ဓေယျက ရဲတင်းစွာ အိမ်ထဲအထိ ကျူးကျော်ဝင်ရောက်လာသည်ဆိုတော့ မမယုဇနာ ဒေါသဖြစ်မည် ဆိုလျှင်လည်း ဖြစ်လောက်စရာပါ။ ဓေယျကို ရဲစခန်းမှာ အပ်ခဲ့

တော့ ကတ္တီပါရင်ထဲ မီးတောက်ကို မြိုချရသလို အခံရခက်အေ ပူလောင်သွားသည်။

မမထင်သလို မဟုတ်ပါဘူးဆိုတာလည်း ရှင်းပြလို့မ မမက ဇွတ်တရွတ်ကြီး သူလုပ်ချင်တာလုပ်တော့ ခက်သ ဥပဒေအကြောင်းလည်း ဘာတစ်ခုမှ သိတာလည်းမဟုတ်။ မျက် ငယ်လေးနှင့် ကျန်ရစ်ခဲ့သည့် ချစ်သူကို စိတ်ဆိုးစိတ်ကောက်မိ တစ်ခါထဲ ကြေအေးပြေလည်သွားရုံမက ရင်ထဲမှာ သနားကရု တွေ ထပ်တိုးနေမိသည့် ကတ္တီပါ ဖြစ်ပါသည်။

ယူဇနာကတော့ ကတ္တီပါနှင့် ဆန့်ကျင်ဘက်ဟု ဆို မည်။ တာဝန်အရ သူ့အစ်ကိုကို လှမ်းအကြောင်းကြားတာ တစ်ဖက်က လုံးဝဂရုမစိုက်မှတော့ ယူဇနာလုပ်တာကို မှားသည် ဆို၍မရ။ အစ်ကိုလုပ်တဲ့လူက လာတောင်းပန်လျှင် ယူဇနာစိတ် မှာ ဇေယျဆိုသည့် ကတ္တီပါချစ်သူကို အနည်းနှင့်အများ ဆို ခွင့်လွှတ်မိကောင်း ခွင့်လွှတ်မိပါလိမ့်မည်။ အခုတော့ အစ်ကို သူကလည်း သူ့ညီကို ဂရုမစိုက်ဘဲ ပြစ်ပယ်ထားနေမှတော့ ယူ က ပို၍ပင် ဂရုစိုက်စရာအကြောင်းမရှိဟု ထင်သည်။

ဟွန်း လူကိုတော့ တစ်ခါမှ မမြင်ဘူးပါဘူး။ ဒါပေ စကားပြောတာကို နားထောင်ရတာကဖြင့် နည်းနည်းမှမဟန်တ အမှန်ပင်ဟု တွေးနေသည်။ အစ်ကိုဖြစ်သူက ဒီလောက်ဖြစ် တော့ ညီဖြစ်သူက အခုလိုဖြစ်ရသည်မှာ ဘာမှမဆန်း။

ညီမဖြစ်သူ ကတ္တီပါကတော့ ယူဇနာကို မုန်းချင်လ





မုန်းနေမည်ထင်သည်။ ယူဇနာက ကတ္တီပါအမုန်းကို ဂရုမစိုက်။ ဒေါ်အုံ့ကိုလည်း အပြတ်မှာထားသည်။ ကတ္တီပါကို အိမ်ထဲက အိမ်ပြင် မထွက်ဖို့နှင့် ဖုန်းလာလျှင် လုံးဝပေးမကိုင်ဖို့ဖြစ်သည်။

ကတ္တီပါကို ဤမျှ မိုက်မဲလိမ့်မည်ဟု ယူဇနာ ထင်မထား။ ဇေယျနှင့်ကိစ္စကို မသိဟန်ဆောင်ပြီး ကိုယ်လိုရာကို အနုနည်းနှင့် သိမ်းသွင်းစည်းရုံးဖို့ ကြံစည်ထားသမျှ ကတ္တီပါကြောင့်ပင် အလ ကားဖြစ်ခဲ့ရသည်။

သူမချစ်သူရည်းစား ဇေယျဆိုသည့် ကောင်လေးကို ယူဇနာမသိအောင် သူ့သဘောနှင့်သူ အိမ်အထိခေါ်ယူတွေ့ဆုံသည့် အဖြစ်ကတော့ ယူဇနာ လုံးဝခွင့်မလွှတ်နိုင်သည့် ပြစ်မှုဖြစ်သည်။

ဒီကြားထဲ ဇေယျဆိုသည့် ကောင်လေးက နည်းနည်းမှ အပိုးမကျိုး။ ကတ္တီပါကို သူနှင့်လက်ထပ်ဖို့ သဘောတူပေးပါ ဘာညာနှင့် အကြောက်အလန့်မရှိ ယူဇနာကို လာပြောနေသေး သည်။

ဒီလိုကောင်ဆိုးလေးကိုမှ ရဲလက်မအပ်လျှင် နောက်နောင် ကို ဒီထက်ဆိုးဖို့ပဲရှိသည်။ ကတ္တီပါကတော့ ယူဇနာကို ဒီတစ်ခါ ခွင့်လွှတ်ပေးပါဟု အသနားခံနေပေမယ့် ယူဇနာက ခွင့်မလွှတ်။ ပြတ်သားစွာ အရေးမယူလျှင် ယူဇနာကိုယ်တိုင် ကတ္တီပါညီမ လုပ်ဖို့ရာမသင့်တော့ဟု ပိုင်းဖြတ်ထားသည်။

သူမကို ချော့မော့ပြောဆိုပြီး ပြန်လွှတ်လိုက်သူက ဇေယျ အစ်ကိုရဲ့ သူငယ်ချင်းဆိုတာ ယူဇနာမသိလိုက်တာက ဆိုးသည်။

လောလောဆယ် ကတ္တီပါကို အိမ်ထဲကအိမ်ပြင် ထွက်ခွင့်မပေးတော့ချေ။

ကတ္တီပါစိတ်ထဲ ဘယ်လိုခံစားရမည်ကိုက ယူဇနာလည်းမသိ။ ထီမထင်ဆိုသည့်လူနှင့် ညီမဖြစ်သူကို အမြန်ဆုံး လက်ထပ်ပေးရန်သာ စဉ်းစားဆုံးဖြတ်နေမိသည်။

မဖြစ်ဘူး မဖြစ်ဘူး။

အစ်ကိုကလည်း လူဆိုး။ ညီကလည်း အကျင့်ဆိုးနဲ့ ကတ္တီပါကို ဘယ်လိုလုပ်ပြီး ဒီလိုဆွေမျိုး အသိုင်းအဝိုင်းထဲ ယုံကြည်ပြီး ထည့်ပေးရမှာလဲ။

"ကြီးအုံ ခဏလာပါဦး"

"ဘာများလဲ ယူဇနာ"

"ယူဇနာ အပြင်ခဏသွားမလို့၊ ကတ္တီပါကို ကြည့်ထားလိုက်ပါဦးနော်"

"ကောင်းပါပြီကွယ် ယူဇနာသာ ကားကိုဖြည်းဖြည်းမောင်းပါ"

"ဟုတ်ကဲ့ပါ၊ ယူဇနာသွားပြီနော် ကြီးအုံ"

"အေးပါကွယ်"

ကားသော့လေးကို ဆွဲပြီး ယူဇနာ အိမ်ကထွက်ခဲ့သည်။ ကားမောင်းရင်း မမဦးဆီကို ဖုန်းဆက်တော့ အသင့်ပင်တွေ့ရသဖြင့် ဝိုပြီး အဆင်ပြေသွားသည်။ မမဦးတို့အိမ်ရှေ့မှာ ကားကိုရပ်လိုက်တော့ ယူဇနာအလာကို အသင့်စောင့်ကြိုနေသည့် မမဦးကို လှမ်း





တွေ့လိုက်ရသည်။

"ယူဇနာလာတာနဲ့ အတော်ပဲ ညီမရေ၊ ဒီနေ့ပဲ ဦးဘထီတို့အိမ်မှာ အလှူရှိလို့သွားမလို့ဟာ ညီမပါ မမနဲ့ တစ်ခါတည်းလိုက်ခဲ့၊ ဒါမှ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို အဆင်ပြေသွားမှာ"

မမဦးစကားကြောင့် ယူဇနာဘက်က နည်းနည်းတော့ တွေဝေသွားရပေမယ့် အခြေအနေနဲ့ အချိန်အခါအရ ဘာမှမတတ်နိုင်။ ကိုယ်မသိသည့်အိမ်ကို ဘာအတွက်နဲ့မှ လိုက်မသွားချင်ပေမယ့် ထီမထင်ဆိုသည့်လူကို ညီမဖြစ်သူ ကတ္တီပါနှင့် လက်ထပ်ပေးစားရန် သဘောတူချင်သလိုလိုမို့ ထိုလူကိုရော ထိုလူအိမ်အခြေအနေကိုပါ သိရှိထားရန်သာ ယူဇနာတွင် တာဝန်ရှိနေသည်။

"ဘာတွေစဉ်းစားနေတာလဲ ညီမရယ်၊ ညီမပဲ ထီမထင်တို့ မိသားစုအကြောင်း သိချင်တယ်ဆို၊ အခုအနေအထားက ဘယ်လောက်အဆင်ပြေလိုက်သလဲကွယ်"

"ဘာမှစဉ်းစားမနေနဲ့ သိလား၊ ဒီလိုမှ ညီမအနေနဲ့ သူတို့မိသားစုဆွေမျိုးတော်ဖို့ သင့်မသင့် စဉ်းစားဆုံးဖြတ်နိုင်မှာ မဟုတ်လား ညီမရယ်"

မမဦးပြောတာလည်း မှန်နေတာကို ယူဇနာလည်း သူနဲ့အတူ လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

"ကဲပါလေ ဒီလိုဆိုလည်း သွားကြတာပေါ့၊ မမဦးရဲ့ကားကို ထားခဲ့ပါ၊ ယူဇနာ့ ကားနဲ့ပဲသွားကြမယ်"

"ဟုတ်ပြီ ဟုတ်ပြီ၊ အိမ်ထဲကို လက်ကိုင်အိတ်လေး ပြေးယူလိုက်ဦးမယ်"

မမဦးက ပေါ့ပါးသွက်လက်သူ ဖြစ်သည့်အတိုင်း ယူဇနာ ကားပေါ်မှာ စကားတွေ ဖောင်ဖွဲ့ရင်း ယူဇနာ ကားမောင်းတာကို လည်း စီစဉ်ညွှန်ကြားမပျက် ရှိနေပါသည်။

"ရပြီ ညီမရေ၊ ဟိုရှေ့မှာ ကားတွေအများကြီးရပ်ထားတဲ့ ခြံထဲကို ချိုးကွေ့ဝင်လိုက်ရင် ရောက်ပြီ"

ကားကို အဝင်အထွက် လွယ်ကူမည့်နေရာမှာ ရွေးရပ်ခဲ့ သည်။ လာသမျှကားတွေအားလုံးက အဖိုးတန်အကောင်းစားတွေ ချည်းဖြစ်ပြီး လာသမျှလူတိုင်းမှာလည်း စိန်ရောင်ရွှေရောင် ဖျတ်ဖျတ် ခါနေသည်။

ဒီလောက်ဆို ထီမထင်တို့၏ မိသားစုအသိုင်းအဝိုင်း အခြေ အနေကို အကဲခတ်၍ရနိုင်ပေပြီ။

"လာ ညီမ၊ ဟိုမှာရပ်နေတာ ထီမထင်အဖေနဲ့အမေပဲ ဦးဘထီနဲ့ ဒေါ်ပန်းထင်ဆိုတာပေါ့"

ဥပဓိရုပ်တည်ကြည်ခန့်ညားသော ထီမထင်မိဘတွေကို ယူဇနာ တစ်ချက်အကဲခတ်လိုက်သည်။ ဖြူဖြူမြင့်မြင့် ထောင် ထောင်မောင်းမောင်းတွေပါလား။ ရုပ်တွေချောသလို ဝတ်စားထား သည့် စိန်တွေကလည်း ဖိတ်ဖိတ်လက်နေသည်။

"ခင်ဦးမေတို့ပါလား၊ လာကြ လာကြ နောက်ကျလှချည် လားကွယ်"





"ကလေးတွေကို လုပ်စရာရှိတာ လုပ်ပေးနေရလို့ အန်တီ ဒါနဲ့ ကိုထီတစ်ယောက်ရော မမြင်ပါလား"

"ရှိပါ့ကွယ်၊ ရှိပါ့၊ ဟိုမှာ သားရေ ဒီမှာ မင်းတို့မကို ခေါ်ပြီး နေရာချပေးစမ်းပါဦး"

"လာပါပြီမေမေ၊ မမဦး လာပါခင်ဗျာ ဒီဘက်ကိုကြွ"

ထီမထင်ဆိုသည့်လူ။

ပြုံးရွှင်သောမျက်နှာထား၊ မြန်မာဆန်ဆန် တိုက်ပုံအင်္ကျီ ဖြူ စတစ်ကော်လံလည်ကတုံးအဖြူ၊ နက်ပြာရင့်ရောင် ခပ်မှောင် မှောင်ပုဆိုးကို ဝတ်ထားသည့် သူ့အသွင်က ရှင်းသန့်ခန့်ညားမှုတွေ နှင့် ယောကျ်ားပီပီသသ ကြည့်ကောင်းသူတစ်ယောက်ပါပဲလား။

ဓာတ်ပုံထဲမှာထက် သူ့ပုံစံက အပြင်မှာ ပို၍နုငယ်ကာ ကြည့်ကောင်းသလို ထင်မိသည်။ ကတ္တီပါနှင့်ဆို အသက်သိပ် အကွာကြီးထဲကမဟုတ်။ ယူဇနာနှင့် သက်တူရွယ်တူ အနေအထား ဟု ဆိုရမည်။ ယူဇနာက ထီမထင်ဆိုသည့်လူကို ဖြိုးခနဲ ဖျတ်ခနဲ ကြည့်ရှုအကဲခတ်နေသည့်အချိန်မှာ ထီမထင်ကိုယ်တိုင်ကလည်း မမဦးနှင့်အတူ လာသည့် မိန်းမချောကို တစ်နေရာမှာ မြင်ဘူးသည် ဟု ထင်ကာ အထူးစိတ်ဝင်စားနေပါသည်။

ကြည့်စမ်း သူပါပဲလား။

ထီမထင် ဦးခေါင်းထဲမှာ လက်ခနဲဖြစ်သွားကာ ရုံးရှ ဘောက်ပသော မျက်ဝန်းအစုံကလည်း ပို၍ရွှန်းလဲ့သွားသည်။

"ဖြည်းဖြည်းသုံးဆောင်ကြပါနော်၊ ဧည့်သည်တွေ ရောက်

"လာလို့ သွားကြိုလိုက်ပါဦးမယ် မမဦး"

"ရတယ် ရတယ်၊ မမဦးတို့ကို အားမနာနဲ့"

ထီမထင်က နေရာက ထွက်မသွားခင် လှပသည့် ယူဇနာ မျက်နှာလေးကို အဓိပ္ပာယ်ပါပါလေး စူးစိုက်ကြည့်သွားသလို ယူဇနာကလည်း ပြန်အကြည့်နှင့် ကြုံကြိုက်သဖြင့် သူကပဲ ယူဇနာကို စတင်ပြုံးပြလိုက်သည့်တိုင် ယူဇနာက တုံ့ပြန်ပြုံးခြင်းမရှိပါ။

ခြံဝင်းနှင့် အိမ်ကြီးမှာ ခမ်းနားသလို ကြီးကျယ်ပါသည်။ ပစ္စည်းအဆောင်အယောင်တွေကလည်း အဖိုးတန်တွေချည်း ဖြစ်သည်။ ထီမထင်မိဘတွေကို ကြည့်ရပြန်တော့လည်း အေးဆေး သဖြင့် ချွေးမနှင့် ယောက္ခမ ပြေလည်ကြမည်ဟုထင်သည်။

ကတ္တီပါအတွက် မဆိုးလှဟု တွေးရင်း ထီမထင်တို့ မိသားစုအသိုင်းအဝိုင်းကို ဣန္ဒြေလေးနှင့် တစ်စိတ်ချင်း တစ်ပိုင်းချင်း အကဲခတ်နေချိန်မှာ ထီမထင်ကလည်း ယူဇနာဆိုသည့် မိန်းမလှလေးကို မပြတ်အကဲခတ်လျက် တစိမ့်စိမ့် ကြည့်ရှုနေပါသည်။

ထိုမိန်းမလှလေးကို သူမမေ့။

ကြေးအိုးဆိုင်မှာ တစ်ခါဆုံဘူးသည်။ အဲဒီတုန်းက သူမ ကားထွက်လို့မရအောင် သူ့ကားပိတ်ရပ်ထားသလို ဖြစ်ခဲ့သည်။ သူမကတော့ ထီမထင်ကို သိလည်းမသိ။ မှတ်လည်းမှတ်မိပုံမရ။ ထီမထင်ကတော့ ထိုမိန်းမလှလေးကို ထူးထူးခြားခြား စိတ်ဝင်စား နေမိသလို ရင်လည်းခုန်နေမိသည်။

အရေးထဲကြမှ မမဦးကလည်း မိန်းမလှလေးနှင့်သူ့ကို မိတ်ဆက်မပေးတာကို အံ့သြနေသည်။ အရင်တုန်းကဆို ထီမထင်





ကို ဟိုမိန်းကလေးနဲ့စပ်ပေး၊ ဒီမိန်းကလေးနှင့် မိတ်ဆက်ပေးနှင့် လုပ်နေခဲ့ပြီးမှ ဣန္ဒြေရှင် မိန်းမလှလေးနှင့်ကြတော့ သူ့ကို မိတ်ဆက် ပေးခြင်းမရှိပါလား။

"သား ဘာကြည့်နေတာလဲ"

"ဟာ မေမေ"

"မေမေကြည့်နေတာ ကြာပြီ၊ သား ခင်ဦးမေနဲ့ပါလာတဲ့ မိန်းကလေးကို စိတ်ဝင်စားနေတာမဟုတ်လား"

"မေမေကလည်းဗျာ"

မိခင်ကြီးစကားက သွေးထွက်အောင် မှန်နေတာမို့ ထီမထင်မျက်နှာကြီး ရဲခနဲဖြစ်သွားသည်။

"မရှက်ပါနဲ့သားရဲ့ မေမေတို့ကလည်း သားကို အိမ်ထောင်ရက်သား ကျစေချင်တာ ကြာပါပြီ၊ သားသဘောကျ တယ်ဆိုရင် ခင်ဦးမေကို အဲဒီမိန်းကလေးအကြောင်း မေမေ မေးလိုက်မယ်"

"ကလေးမလေးကလည်း တော်တော်လှပြီး တော်တော် ကျက်သရေရှိတာပဲ၊ မေမေလည်းသဘောကျတယ် သားရဲ့၊ သား ဒီမှာခဏနေခဲ့၊ မေမေ ခင်ဦးမေနားကို သွားလိုက်ဦးမယ်"

"မေမေ"

"မေမေသိပါတယ် သားရဲ့၊ သားသာ ဣန္ဒြေမပျက်နေ စမ်းပါ"

အပြုံးတစ်စနှင့် မိခင်ဖြစ်သူက ထီမထင်နားက ထွက်သွား တာကို ရင်ခုန်စိတ်လှုပ်ရှားစွာ ငေးကြည့်ရင်း ထီမထင် ကျန်ရစ်ခဲ့

သည်။ သူကြည့်နေဆဲမှာပင် မေမေက မမဦးတို့ဝိုင်းမှာ ဝင်ထိုင်လိုက်ပါပြီ။

ပြုံးပြုံးရွှင်ရွှင်နှင့် ရယ်ရယ်မောမော စကားဆိုနေသည့် မမဦးတို့ စကားဝိုင်းလေးက တခြားဝိုင်းထက်ပင် ပို၍စိုပြေသည်ဟု သူလိုရာကို ဆွဲတွေးလျက် ကျေနပ်နေသူက ထီမထင်။ မိန်းကလေး မြောက်မြားစွာ တွေ့မြင်ဘူးပေမယ့် ဘယ်သူ့ကိုမှ အခုလို စိတ်လှုပ်ရှားတာမျိုး မရှိစဖူး။

မိခင်ကြီးကိုယ်တိုင်ကလည်း သူသဘောကျနေသည့် မိန်းမလှလေးအပေါ်မှာ လိုလားနှစ်သက်ဟန်ရှိသဖြင့် ထီမထင်စိတ်ထဲမှာ ပို၍တက်ကြွမိသည်။ မိခင်ဖြစ်သူနှင့် ပြုံးရယ်စကားဆိုနေသူ မိန်းမလှလေးကို သူမ မမြင်မတွေ့နိုင်သည့် နေရာကနေ ခိုးကြောင်ခိုးဝှက် ဖျတ်ခနဲ ဖျတ်ခနဲ ခိုးကြည့်မိပေမယ့် သူမရှေ့မှာတော့ မျက်နှာထားမှန်မှန်နှင့် တမင်မကြည့်ဘဲနေမိသည်။

ဒါတောင် တစ်ချက်၊ တစ်ချက် လှမ်းအကြည့်မှာ သူမနှင့် မျက်လုံးချင်း မကြာခဏဆုံမိတတ်တိုင်း ထီမထင် ရင်ခုန်သံတွေ ကသောင်းကနင်း ဖြစ်ကုန်သည်။

သူကသာ တစ်ဖက်သတ် စိတ်လှုပ်ရှားနေပေမယ့် သူမ ပုံစံလေးက သူနှင့်ဆန့်ကျင်ဖက် ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်လေးမို့ သူ့စိတ်ထဲမှာ ပို၍သဘောကျနေမိသည်။

သူကြည့်နေတုန်းမှာပင် မမဦးနှင့် မေမေတို့ နှုတ်ဆက်တာကို မြင်လိုက်ရသည်။ မိန်းမလှလေးနှင့် မမဦးကို မေမေကိုယ်တိုင်





လိုက်ပို့ပေမယ့် ဣန္ဒြေရှင် မိန်းမလှလေးကဖြင့် သူ့ကို ယောင်၍ပင် လှည့်ကြည့်သွားခြင်းမရှိပါ။

သူ့မှာသာ မိခင်ကြီးကို မကြာခဏ လှမ်းလှမ်းကြည့်ရင်း မိန်းမလှလေးအကြောင်း သိချင်နေသည်။ အလှူပွဲပြီးသည့်အထိ အောင့်အီးသည်းခံနေရသည့် သူ့အဖြစ်ကို မည်သူမှ မရိပ်မိကြပါ။

"မေမေ"

"ဩော် သား လာလေ၊ သားမြင်မှပဲ ဟိုကလေးမလေးကိစ္စကို သတိရတော့တယ်ကွယ်၊ အမေကြီး ရှင့်သားတော့ မိန်းမရတော့မယ်ထင်တယ်ရှင့်၊ သားသဘောကျတဲ့ မိန်းကလေးတော့ တွေ့နေပြီ"

"ဟော…ဟုတ်လား၊ ဘယ်သူ့သမီးလေးတုန်း အမေကြီးရဲ့"

မိခင်ဖြစ်သူက သူနှင့်စကားပြောရင်း ဖခင်ကြီးကိုပါ တစ်ဆက်တည်း လှမ်းပြောလိုက်တာမို့ ထီမထင်ဖခင်မှာလည်း သူတို့၏ တစ်ဦးတည်းသောသား၏ အိမ်ထောင်ရေးကို အထူးစိတ်ဝင်စားသွားပါသည်။

"ကျွန်မလည်း သေချာတော့မသိပါဘူးရှင်၊ ကလေးမလေး နာမည်ကတော့ အဆန်းပဲ၊ ယုဇနာတဲ့"

"ယုဇနာ"

ထိုအမည်က ထီမထင်ရင်ထဲမှာ ပဲ့တင်ထပ်သွားသည်။ လူနှင့်နာမည်နှင့် လိုက်ဖက်လှချည်လားဟု တွေးနေမိစဉ်မှာပင်

မိခင်ကြီးအသံက ဆက်လက်ထွက်ပေါ်လာပြန်ပါသည်။

"မိဘနှစ်ပါးစလုံး မရှိတော့ဘူးတဲ့ အဖေကြီးရဲ့၊ ညီမနှစ်ယောက်တည်းရှိကြတာ သူက သမီးအကြီးလေး ယူဇနာတဲ့၊ အငယ်မလေးနာမည်က ကတ္တီပါဆိုပဲ"

"အခု မင်းသားသဘောကျတာက အကြီးမလေးလား အငယ်မလေးလား အမေကြီးရဲ့"

"ဒီနေ့ အိမ်ကိုလာတဲ့ မိန်းကလေးကိုပေါ့ရှင်"

"ဒီနေ့ အိမ်ကိုလာတာ ဘယ်သူလဲ၊ ကျုပ်လည်း မသိရပါလား အမေကြီးရဲ့"

"ယူဇနာတဲ့ရှင်၊ ယူဇနာတဲ့၊ အကြီးမလေးပေါ့၊ ဣန္ဒြေရရ သိက္ခာရှိရှိလေးနဲ့ အဖေကြီးသားနဲ့လည်း လိုက်ဖက်ပါတယ်"

"သားသဘောကျရဲ့ မဟုတ်လား၊ မေမေ့ကိုပြောပါဦး၊ ဒါမှ တစ်ဖက်ကို စကားကမ်းလှမ်းတောင်းရမ်း ပြောဆိုဖို့ မေမေ စီစဉ်နိုင်မှာ"

မိဘနှစ်ပါး၏ အကြည့်က ထိမထင်ထံ စုပြုရောက်ရှိလာကြရာ ကိုယ်ကိုယ်တိုင်လည်း သဘောကျနေပြီမို့ တခြားသူတွေကိုဖြစ်တုန်းကလို ခါးခါးသီးသီး ခေါင်းခါခြင်းမပြုတော့ဘဲ မျက်နှာပူပူနှင့်ပင် ယူဇနာဆိုသည့် မိန်းမချောလေးကို သဘောကျနှစ်မြို့က်ပါကြောင်း ခပ်တည်တည်ပင် ခေါင်းညိတ်အဖြေပေးလိုက်မိတော့သည်။

✤ ✤ ✤



# အခန်း ၉

"မင်းကြောင့် ငါဘယ်လောက် သိက္ခာကျနေပြီလဲဆိုတာ မင်းသိရဲ့လား ဖေယျ၊ ငါ့ကို ကတိပေးတုန်းက ကတ္တီပါဆိုတဲ့ မိန်းကလေးနဲ့ နောက်မပတ်သက်တော့ပါဘူးဆို၊ အခု မင်းလုပ်ပုံက ကောင်းသလားကွဟင်"

ဒေါသကြီးစွာ ဆူပူနေသော အစ်ကိုဖြစ်သူ၏ မျက်နှာကို တစ်ချက်ခိုးကြည့်လိုက်ပြီးနောက် မျက်လွှာချ ခေါင်းငုံ့နေသူက ဖေယျဖြစ်သည်။ ကိုယ်အပြစ်နဲ့ကိုယ်ဆိုတော့ မျက်နှာငယ်လေးနှင့် ငြိမ်ခံနေရုံသာ။

ဘာတစ်ခုမှ အတွန့်မတက်ရဲ။

အခုဖြစ်ရတာကလည်း ကတ္တီပါ့မ်မ အပျိုကြီးကြောင့် ဆိုတော့လည်း ခက်သည်။ ကတ္တီပါကိုယ်တိုင် သူ့မမအပျိုကြီးကို တောင်းပန်ပေမယ့် မရ။ ဇွတ်တရွတ်ကြီးဆိုတော့ မတတ်နိုင်။

ကိုကို့သူငယ်ချင်း အစ်ကိုသီဟန်ကြောင့် ဇေယျ ဘာမှ ဖြစ်ခဲ့ရခြင်းမို့ ကိုကိုဆူသမျှ ကြိတ်ခံနေရသည်။

"နောက်တစ်ခါ အဲဒီကောင်မလေးနဲ့ မင်း ပတ်သက်ခဲ့ ပတ်သက်ကြည့်စမ်း ဖြစ်ချင်ရာဖြစ် ပစ်ထားလိုက်မယ် နားလည်လား"

"ဟုတ်ကဲ့ပါ ကိုကို"

"ဘာဟုတ်ကဲ့ပါလဲ၊ ကတ္တီပါဆိုတဲ့ ကောင်မလေး မင်း ဖြတ်မလား၊ မဖြတ်ဘူးလား"

"သူ့ကို ကျွန်တော်ချစ်တယ်ဗျာ"

"ဘာကွ"

"မင်း အခု ငါ့ကို ဘာပြောလိုက်တာလဲ"

ဗလမှာ တုံနှိဘာဝေလုပ်နေသော ညီဖြစ်သူကိုကြည့်ပြီး ပခုံးနှစ်ဖက်မှ ဆွဲယူကိုင်ပေါက်ပစ်ချင်လာသည်။ ဒီလောက်ဖြစ်တာ တောင် မမှတ်သေးဘဲ ကတ္တီပါဆိုတဲ့ ကောင်မလေးကို တကယ် ချစ်တာပါဟု ဆိုနေလိုက်သေးသည်။

"ကျွန်တော့်ကို စိတ်ဆိုးပြီး ဒေါသထွက်လို့ လက်သီးနဲ့ ထိုးချင်ထိုး၊ ရိုက်ချင်ရိုက်ပါ ကိုကိုရာ၊ ကတ္တီပါကိုတော့ ကျွန်တော် တကယ်ချစ်တာကိုတော့ ကျွန်တော် မညာချင်ဘူးဗျာ"

"ဟင်"

"ကတ္တီပါကလည်း ကျွန်တော့်ကို ချစ်တယ်ကိုကို"

ဒေါသထွက်နေပါသည်ဆိုမှ ဗလကို လာပြီး အချစ်ဋ္ဌကား





တွေ လာဖွင့်ပြနေလိုက်သေးသည်။ စိတ်ပေါက်ပေါက်နှင့် နားရင်း ထရိုက်လိုက်တော့ နာဦးမည်။

"မင်းကို ဟိုက သူ့ညီမနဲ့ သဘောမတူဘူးကွ၊ နားလည် လား"

"အဲဒီအပျိုကြီးကို အရေးစိုက်မနေပါနဲ့ဗျာ၊ အပျိုကြီးပီပီ ဘာမှနားလည်တာမဟုတ်ဘဲ ဟိုထဲလိုက်ပါ ဒီထဲလိုက်ပါနဲ့ ဒါကြောင့်လည်း အပျိုကြီးဖြစ်နေတာနေမှာ"

"မင်းစကားက ဘာလဲကွ၊ ဟိုကိုပြောသလိုလိုနဲ့ မင်းက အစ်ကိုလုပ်တဲ့လူကို စောင်းပြောနေတာလား"

"ဟာဗျာ ကိုကိုကလည်း အရေးထဲ လာပြသနာရှာနေ ပြန်ပါပြီ၊ ကျွန်တော်ပြောနေတာ ကတ္တီပါ့မမ အပျိုကြီးကို ပြောနေ တာဗျ"

"အေး...ငါလည်း လူပျိုကြီးပဲ၊ နောက်ကို ငါ့ရှေ့မှာ ဟိုလိုလိုဒီလိုလို အနှောင့်မလွတ် အသွားမလွတ်စကားတွေ လာမပြောနဲ့၊ မှတ်ထား"

"ဟုတ်ကဲ့ပါဗျာ၊ စိတ်ညစ်ပါတယ်ဆိုမှ"

"အေး မင်းခါသ်း စိတ်ညစ်တယ်ထင်မနေနဲ့၊ ငါ့မှာ နေရင်းထိုင်ရင်း ဟိုအပျိုကြီးမကြ ခဏခဏ ရန်လုပ်ဖုန်းဆက်နေ တာ ခံနေရတဲ့လူကွ နားလည်လား"

"စိတ်ညစ်တယ်ဗျာ၊ ကျွန်တော်သွားအိပ်တော့မယ်"

ဇေယျကိုယ်တိုင် နှစ်ဖက်ညှပ်သလို ဖြစ်နေတော့

ဘာတစ်ခုမှ မရှင်းတတ်တော့သည့်အတူ အခန်းထဲဝင်ပြီး ဝင်ခွေ
အိပ်နေလိုက်သည်။ အစ်ကိုဖြစ်သူ ဒေါသဖြစ်နေသလို ကတ္တီပါ့မမ
အပျိုကြီးကလည်း ဒေါသတွေဖြစ်နေလိုက်သည်မှာ အုံနဲ့ကျင်းနဲ့
ဘာတွေ့မှန်းမသိ။

ကတ္တီပါရယ်။

လှပသော ကတ္တီပါမျက်နှာလေးက ဖေယျရင်ကို လာထ
သည်။ ဒီလိုပုံစံနဲ့ သူနဲ့ကတ္တီပါ ဘယ်လိုများ နီးကြရမည်မသိ

ကတ္တီပါကို အခုမှ သူဘယ်လောက်ချစ်သည်ဆိုတာ
တဖြည်းဖြည်း သဘောပေါက်လာသလောက် ဖေယျရင်ထဲက
အချစ်ဝေဒနာတွေကို ကိုကိုကလည်း ကိုယ်ချင်းမစာနာတတ်။

ကတ္တီပါ့မမ အပျိုကြီးလည်း အတူတူပင်။ အခုချိန်ဆို
ကတ္တီပါတစ်ယောက်လည်း သူ့အတွက် စိုးရိမ်နေမှာ သေချာသည်
ကတ္တီပါဆီ ဖုန်းလှမ်းဆက်လိုက်တော့ ဖုန်းလာကိုင်သူက ကတ္တီပါ
တို့အိမ်က အဒေါ်ကြီးမို့ ဖုန်းကို ပြန်ချထားလိုက်သည်။

သူ့နာမည်ကိုပြောပြီး ကတ္တီပါကို ခေါ်ခိုင်းလို့လည်း
ခေါ်ပေးမှာမဟုတ်။ အခုချိန်မှာ ကတ္တီပါကို ဟိုအပျိုကြီးက အကျယ်
ချုပ်သဘောမျိုးထားမှာ သေချာသလောက်ပင်။ ကတ္တီပါ လက်ကိုင်
ဖုန်းကို လှမ်းခေါ်တော့လည်းမရ။ စက်ပိတ်ထားသည်တဲ့။

ကျဉ်းထဲကြပ်ထဲ ရောက်နေမှတော့ ကတ္တီပါကို ခိုးပြေး
ချင်စိတ်ပင် ပေါက်လာသည်။ ဒါမှ ကတ္တီပါမမအပျိုကြီး
ဆတ်ဆတ်ခါ ကျန်ရစ်မည်။ ကိုကို့ကိုလည်း ခဏခဏ ဖုန်းဆက်





ရန်တွေ့နိုင်မည်မဟုတ်တော့။

ဖေယျတစ်ယောက်တည်း အိပ်ရာထဲမှာ ဘယ်ညာလူးလှိမ့်
နေချိန် ဗလတစ်ကိုယ်လုံး ဒေါသတွေနှင့် ပူလောင်နေသည်။ ညီဖြစ်
သူ ဖေယျကလည်း ပြောမရဆိုမရနှင့်။ အခုမှ ကတ္တီပါကို တကယ်
ချစ်တာတွေ သစ္စာတွေ လာလုပ်နေသည်။

တစ်ဖက်က အပျိုကြီးမမ ကဲကဲဆတ်နေတာကိုလည်း
မြင်ပြင်းကပ်နေတာမို့ ဒီလောက်တောင်ဖြစ်တာ ညီဖြစ်သူကို
ကတ္တီပါဆိုသည့် ကလေးမကို အမြန်ခိုးပြေးဖို့ ကြားထဲကပင်
ဝင်မြှောက်ပေးလိုက်ချင်သည်။ ဖေယျ အကမ်းတက်မှာစိုးလို့ အသာ
ငြိမ်နေရသည်။ စိတ်ပေါက်ပေါက်နှင့် ဗလစိတ်ထဲမှာတော့ အတော့်
ကို မရိုးမရွဖြစ်နေမိသည်။

ဒီတစ်ခါလုပ်တာတော့ လွန်လွန်းသည်ဟု ထင်သည်။
ချစ်သူချင်း ဒီလောက် အသည်းအသန်ချစ်နေကြလျှင်လည်း ပေးစား
လိုက်လည်း အေးသည်။

ကြားထဲက သဘောမတူဘူးဘာညာနဲ့ ကြားထဲက
အပျိုကြီးမမ ဘာတွေလာရှုပ်နေမှန်းမသိ။ ညီဖြစ်တဲ့လူကလည်း
အခုမှလာပြီး အချစ်ဝေဒနာတွေ ခံစားပြနေသည်။ စိတ်ရှုပ်ရှုပ်နှင့်
ကားသော့ကိုဆွဲပြီး ဆေးခန်းဖွင့်ဖို့ ထွက်ခဲ့သည်။

ဗလ၏ဆေးခန်းနာမည်က မေတ္တာဖြူ။

လူမမာတွေအားလုံးကို မေတ္တာဖြူဖြူနှင့် ဆေးကုသရင်း
ကုသိုလ်ယူနေသူဖြစ်သည်။ ဆင်းရဲသား ဆင်ခြေဖုံးရပ်ကွက်တစ်ခု

မှာ တမင်ရွေးပြီး ဖွင့်ထားသည်။ ဆေးကုသခကြတော့ ဆေးပြီး အပြင် ဝိုမယူ။

သူ့ဆေးခန်းလေးထဲမှာ အမြဲ လူနာတွေနှင့် စည်နေတတ်သည်။ အခုလည်း သူ့ကားရပ်လိုက်တော့ တပည့်ဖြစ်သူ မောင်မြင့်ဝင်းက ဆေးခန်းလေးကို ကြိုရောက်ကာ ရေဖြန်းသန့်ရှင်းရေးလုပ်ပြီး ဖွင့်လှစ်ထားပြီဖြစ်သလို လူနာတွေကလည်း ရောက်နေကြတာ မြင်လိုက်ရသည်။

အချိန်ဆွဲမနေတော့ဘဲ လူနာတွေကို ဆေးကုပေးရင်း ဓေ စောက စိတ်အလိုမကျတာတွေ၊ ဒေါသဖြစ်ရတာတွေ ကွယ်ပျောက်သွားသည်။

ဆေးခန်းပိတ်ချိန်ရောက်တော့ အပြင်မှာ အတော်မှောင်ပြီဖြစ်သည်။ လျှပ်စစ်မီးရောင်နှင့် ထိန်လင်းနေသည့် မြို့ထဲမြင်ကွင်းအလှက ဗလကို ညို့ငင်ဖမ်းစားခြင်း မပြုနိုင်တော့ပါ။ ရိုးအီနေသော မြင်ကွင်းတစ်ခုအဖြစ် အမှတ်မဲ့ ရှိနေစဉ်အခိုက်မှာပင် လုံးဝမျှော်လင့်မထားသော ယူဇနာဆိုသည့် မိန်းမချောလေးကို အမှတ်မထင် တွေ့လိုက်ရသဖြင့် သူပျော်သွားသည်။

“ကျိုး”

ကားကို ပါကင်တစ်နေရာအရောက် ဆွဲကွေ့ပြီး ရပ်လိုက်သည်။ ပြီးတော့ သူ့ရှေ့က အရင်ကြိုဝင်သွားနှင့်ပြီဖြစ်သော ယူဇနာနှင့် သူမအဖော်နောက်ကို လိုက်ခဲ့သည်။

ဟော တွေ့ပါပြီ ယူဇနာနှင့် သူမအဖော် ရယ်ရယ်မော





မောနှင့် စကားတွေဆိုနေကြသဖြင့် ဗလဝင်လာတာကို သူမ မမြင်ပါ။

“မဖြစ်နိုင်တာ မမဦးရယ်၊ အရေးထဲမှာ ဒီလူကလည်း တစ်မျိုးပါလားရှင်၊ အိမ်ထောင်ရေးကိစ္စကို ယူဇနာ စိတ်မဝင်စားဘူးရှင့်၊ ယူဇနာဘဝမှာ ညီမလေးကသာ အဓိကပါ”

“ဒါလည်းဒါပေါ့ ညီမရယ်၊ တစ်ဖက်က ယူဇနာဆိုမှ ယူဇနာဆိုပြီး သည်းသည်းလှုပ်နေတာ မမဖြင့် ယူဇနာအတွက် ဝမ်းသာကျေနပ်လွန်းတာရော တစ်သက်လုံး အရိုးများသလေး ချေးခါးသလေး လုပ်နေတဲ့လူကို ညီမက တစ်ခါတည်း ဦးကျိုးအောင် ချိုးနိုင်တာရော စိတ်လှုပ်ရှားလွန်းလို့ တစ်ညလုံး အိပ်မပျော်နိုင်အောင်ပါပဲကွယ်”

မမဦးက သူ့ထုံးစံအတိုင်း စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေပေမယ့် ယူဇနာမှာ မမဦးထံမှ ကြားရသမျှ စိတ်ညစ်စရာတွေချည်း ဖြစ်နေပါသည်။

ခုတ်ရာတခြား၊ ထစ်ရာတလွဲဆိုသည်မှာ ယူဇနာအဖြစ်ကို ပြောသည်လား မသိတော့ပါ။ ထီမထင်ဆိုသည့်လူက ယူဇနာကိုမှ သဘောကျပါသည်တဲ့။ သူ့သားသဘောကျသည်ဆိုတာနှင့် ထီမထင်မိဘတွေကလည်း မမဦးထံမှာ ယူဇနာအကြောင်း အသည်းအသန် မေးမြန်းစုံစမ်းကြရာမှ ယူဇနာ အရည်အချင်းကို ပို၍သဘောကျကာ သားဖြစ်သူနှင့် အမြန်ဆုံး လက်ထပ်ပေးလိုကြောင်း မမဦးမှတစ်ဆင့် စကားကမ်းလှမ်းလာခဲ့ခြင်းဖြစ်သည်။

"စဉ်းစားပါဦး ညီမရယ်၊ မမဖြင့် အဲဒီအိမ်ကလူတွေ
ဒီလောက်အသည်းအသန် ဟျာယာခတ်နေတာ ဒီတစ်ခါပဲ တွေ့ဘူး
တယ်၊ မမညီမကတော့ တကယ် အလှဆုတောင်းကောင်းတာ
ကွယ်၊ ညီမကသာ လက်ခံလိုက်မယ်ဆိုရင်တော့ နေနဲ့လ ရွှေနဲ့
လို လိုက်ဖက်ညီလွန်းလို့ နတ်ဖက်တဲ့စုံတွဲလို့ အများက အားကျ
ချီးကျူးကြမှာ မြင်ယောင်ပါသေးတယ်ညီမရယ်"

မမဦးလေသံက အားပါးတရရှိသလောက် ယူဇနာကဖြင့်
ကြုံတွေ့နေရသည့် အခြေအနေကို စိတ်ရှုပ်လှပါပြီ။

ကတ္တီပါနှင့် ရည်ရွယ်သူက ပျောက်ခြင်းမလှ ပျောက်သွား
ပြီမို့ ရှေ့ဆက်ပြီး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားကာ အကြံ
ကျပ်သွားပါသည်။ ကတ္တီပါနှင့် ဖေယျဆိုသည့် ကောင်လေး
လည်း မလွယ်။

ယူဇနာဘက်က လက်ဦးမှု မြန်မြန်မရလျှင် ဖေယျဆိုသည့်
စွတ်တရွတ်လူဆိုးလေးလက်မှာ ညီမငယ် ကတ္တီပါကို လက်လွှတ်
ဆုံးရှုံးရတော့မည်တွေးပြီး သူမစိတ်တွေ လေးသွားသည့်အခိုက်
သူမနှင့် မျက်နှာချင်းဆိုင်တည့်တည့်ခုံမှာ ဝင်ထိုင်လာသည့်
တစ်ယောက်ကြောင့် ယူဇနာ အံ့သြသွားသည်။

ဟိုလူ မင်းထင်ဗလဆိုသည့်လူပါလား။ ရုတ်တရက်
သူကလည်း ယူဇနာကို မမြင်သေး။ ဟိုဟိုဒီဒီလှမ်းအကြည့်
ယူဇနာကို တွေ့မြင်သွားကာ ဦးခေါင်းကို ဆတ်၍ အပြုံး
လှမ်းနှုတ်ဆက်လာသည်။





ယူဇနာကလည်း အပြုံးနှင့် မင်းထင်ဗလဆိုသူ၏ ရည်မွန်
သွားသောအသွင်ကို အသိအမှတ်ပြုရင်း ကတ္တီပါနှင့် ဒီလိုလူဆို
လျှင်လည်း စိတ်အေးရဦးမည်ဟု သူမနှင့် စိတ်တွေ့သည့်လူကို
ညီမငယ် ယူဇနာအတွက်ချည်း လိုက်လံတွဲချိတ် ဆက်စပ်နေမိသည့်
အခိုက်မှာပင်

"မမဦး"

"ဟယ် ထီမထင်ပါလား၊ လာ လာ မမဦးတို့နဲ့ ဒီမှာပဲ
တစ်ဝိုင်းထဲထိုင်လိုက်၊ ဒီကညီမလေးနဲ့လည်း မိတ်ဆက်ပေးရ
အောင်"

"ညီမရေ သူက ထီမထင်တဲ့၊ ညှို့ခံပွဲမှာ ဆုံဘူးတယ်
လေ၊ မောင်လေး ဒီကညီမက ယူဇနာတဲ့"

"ကျွန်တော်တို့ ဒုတိယအကြိမ် တွေ့ကြရပေါ့နော်
ယူဇနာ"

"ရှင်"

အကြောင်းမရှိ အကြောင်းရှာပြီး တမင်တိုက်ဆိုင်ခြင်းဟု
ယူဇနာ သိလိုက်ပေမယ့် အခြေအနေအရ ရှောင်လွဲထွက်လို့မရနိုင်
တော့မှန်း ယူဇနာ သိပါသည်။

"ကျွန်တော့်ကို ယူဇနာ မမှတ်မိဘူးထင်တယ်၊ ဟိုတစ်ခါ
ကြေးအိုးဆိုင်မှာပုန်းက ယူဇနာ ကားထွက်မရအောင် ပိတ်ရပ်ထား
သလို ဖြစ်ခဲ့တာ ကျွန်တော့်ကားလေ၊ အဲဒီနေ့တုန်းက ယူဇနာ
ဝမ်းခရမ်းဝတ်စုံလေးကို ဝတ်ထားတယ်"

"ဩော် အဲဒါရှင်ကိုး"

"ဟုတ်ပါတယ် ယူဇနာ၊ ညည်ခံပွဲနေ့ထဲက ယူဇနာကို နှုတ်ဆက်ချင်နေတာ ညည်သည်တွေ သိပ်ရှုပ်နေလို့ စကားကောင်းကောင်း မပြောလိုက်ရဘူး"

ထီမထင်က စကားတွေမပြတ်အောင် ဆိုနေချိန်မှာ ယူဇနာ စိတ်ထဲမှာ ကျဉ်းကြပ်သလို ဖြစ်လာသည်။ ထီမထင်အကြည့်တွေက လှပသည့် ယူဇနာမျက်နှာလေးမှာသာ တရစ်ဝဲဝဲ။

ယူဇနာအကြည့်တွေက အမှတ်မထင် တစ်ဖက်ကို ရောက်သွားသည့် အချိန်မှာတော့…

"အို"

ယူဇနာတို့ဝိုင်းကို အကဲခတ်သလို ကြည့်နေသော မင်းထင်ဇလ၏အကြည့်နှင့် ယူဇနာ မျက်ဝန်းချင်းအဆုံမှာ အနေရခက်စွာ ယူဇနာကပဲ စတင်အကြည့်လွှဲလိုက်ပါသည်။

ဒုက္ခပါပဲ အရေးထဲကြမှ သူနဲ့လာတွေ့နေရသေးတယ်၊ ထီမထင်ဆိုတဲ့လူနဲ့ ငါ့ကို အထင်လွဲနေပြီထင်တယ်။

အို…သူ့ဘာသာ ဘာထင်ထင် ဂရုစိုက်စရာလား၊ ဘယ်သူ ဘာထင်ထင် ကိုယ်အနေမှန်ရင် ပြီးတာပဲ။ ယူဇနာမှာ စိတ်ထဲကပဲ စကားတွေဆိုနေမိတာကို မည်သူမှမကြားပါ။ မမဦးကတော့ ယူဇနာနှင့် ထီမထင်တို့ကိုကြည့်ပြီး ကျေနပ်နေချိန်မှာ ဖုန်းသံမြည်လာတော့ သူလိုချင်သည့်အကွက် ဆိုက်သွားကာ ရုတ်တရက်ကြီး အရေးတကြီးကိစ္စ ပေါ်လာဟန်နှင့်…

"ဒုက္ခပဲ ယူဇနာရေ၊ မမသူငယ်ချင်းတစ်ယောက် အရေး





ပေါ် ဆေးရုံတင်လိုက်ရလို့တဲ့ ဖုန်းလာတယ်၊ မမဦး လိုက်သွားမှ ဖြစ်မှာမို့ ခွင့်ပြုပါဦးကွယ်"

"ကျွန်တော် လိုက်ပို့ပေးရမလား မမဦး"

ထီမထင်က ဆိုလိုက်ခြင်းဖြစ်သည်။

"နေ နေ မောင်လေး၊ မမဦးဘာသာပဲ ကားငှားသွားလိုက်မယ်၊ သွားပြီနော် ယူဇနာ"

"ဟုတ်ကဲ့ မမဦး"

ကျွန်းမာရေးကို အကြောင်းပြပြီး ထွက်သွားသည့် မမဦး၏နောက်ကျောပြင်ကို ကြည့်ရင်း ယူဇနာ သက်ပြင်းကျိတ်ရှိက်လိုက်သည်။ တကယ်လား။ တမင်လုပ်ကြံပြီး ယူဇနာတို့နှစ်ယောက်တည်း ကျန်ရစ်အောင် လုပ်ဇာတ်ခင်းသွားတာလားဆိုသည်ကိုတော့ ကာယကံရှင်ဖြစ်သည့် မမဦးသာလျှင် အသိဆုံးဖြစ်ပေလိမ့်မည်။

"မမဦးက သိပ်သဘောကောင်းတယ်နော် ယူဇနာ"

"ဟုတ်ကဲ့"

"ယူဇနာကိုကြည့်ရတာ ကျွန်တော်နဲ့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့တာကို စိတ်ညစ်နေသလိုပဲဗျာ"

"ဩော် အဲဒီလိုတော့လည်း မဟုတ်ရပါဘူး၊ ရုတ်တရက်ခေါင်းထဲမှာ မကြည်မလင်ဖြစ်လာလို့ပါ"

အမှန်တစ်ဝက် မုသားတစ်ဝက် ရောပြောလိုက်ရခြင်းမှာ လူမှုရေးကြောင့်ဖြစ်သည်။ ထီမထင်ဆိုသည့်လူကလည်း လူကဲခတ်မညံ့မှန်း ယူဇနာ သိလိုက်တာမို့ မျက်နှာမပျက်အောင် အတော်လေး ကြိုးစားနေလိုက်ရ၏။

"ကျွန်တော့်ကြောင့် မဟုတ်တာတော့ သေချာပါတယ်နော် ယူဇနာ"

"သေချာပါတယ်ရှင်၊ ဒီလိုပဲ ယူဇနာက မကြာခဏဖြစ်တတ်ပါတယ်"

ထိုစကားမှာ ယူဇနာကိုယ် ယူဇနာ ရှောက်ချလိုက်သော စကားဟု သူမကိုယ်တိုင် မသိလိုက်ပါ။

"ကျန်းမာရေးကိုတော့ ဂရုစိုက်ပါဗျာ၊ ကျွန်တော့်မေမေလည်း မကြာခဏ ဒီလိုဖြစ်တတ်တာဆိုတော့ မေမေ့အတွက် ဆေးဝယ်ရင် ယူဇနာအတွက်ပါ ဝယ်ပြီးလာပို့ပေးပါရစေ"

"နေပါစေရှင်၊ ယူဇနာ နေကောင်းပါတယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ၊ ယူဇနာကိုယ်တိုင်ပဲ အခုလိုမျိုး မကြာခဏဖြစ်တတ်တယ်လို့ ပြောပြီးပြီမဟုတ်လား၊ ကျွန်တော်ကိုယ်တိုင်လည်း တကူးတက လုပ်ပေးရမယ့် ကိစ္စမဟုတ်လို့ ကျွန်တော့်စေတနာကို ယူဇနာ လက်ခံပေးပါဗျာ"

"ကျွန်တော် ယူလာပေးမဲ့ဆေးကို ယူဇနာ လက်ခံပေးပါ၊ တည့်ရင်လည်းသောက်၊ မတည့်ရင်လည်း မသောက်ဘဲ ပစ်ထားလိုက်ရုံလေးပါ"

ထိုမထင်ဆိုသူနှင့် ပြိုင်ပြီး ယူဇနာ ဘာတစ်ခွန်းမှ မပြောနိုင်တော့ပါ။ ကိုယ့်အတတ်နှင့်ကိုယ် စူးရသည့်အဖြစ်မို့ သူပြောလာသည့်ဆေးကို လက်ခံပေးရုံမှတစ်ပါး ယူဇနာမှာ တခြားနည်းလမ်း မရှိတော့ချေ။

✤ ✤ ✤



## အခန်း [၁၀]

ဘယ်လိုလဲ။

ဟိုလူက ယူဇနာဆိုတဲ့ မိန်းမလှလေးရဲ့ ချစ်သူလား။ ပုံစံကြည့်ရတာတော့ ခပ်စိမ်းစိမ်းပင်။ ဟိုလူက ယူဇနာကို တစ်ချိန်လုံး ဂရုစိုက်နေသလောက် ယူဇနာပုံစံလေးက ခပ်တည်တည် ခပ်မှန်မှန်ထက်မပို။ သူ့ရှေ့မို့လားတော့မသိ။

ဟိုလူကတော့ ရုပ်ဖြောင့်ဖြောင့်နှင့် မိန်းမကျလောက်သည့် ရုပ်မျိုးဖြစ်ကာ ယူဇနာကို မေတ္တာရှိနေသူဖြစ်ကြောင်း သူ့အကြည့်အပြောတွေက သိသာနေ၏။ ယူဇနာက ပြန်ခါနီး သူ့ကို အပြုံးလေးတစ်စနှင့် ဦးခေါင်းလေးညွှတ်ပြီး နှုတ်ဆက်သွားတာကိုပင် ဟိုလူက မျက်စိပျက် မျက်နှာပျက်နှင့် ဗလကိုပင် အကဲခတ်သလို သေချာကြည့်သွားလိုက်သေးသည်။

ယူဇနာကို စိတ်ဝင်စားမိသလိုလို ဘာလိုလိုနှင့် လှပသည့် သူမရုပ်သွင်လေးကို မေ့လို့မရအောင် မကြာခဏ သတိရနေမိတုန်း

က သူကိုယ်တိုင် သာမန်မျှလောက်သာ သဘောထားခဲ့တာ ဖြစ်ပေမယ့် အခုလို ယူဇနာနားမှာ တခြားယောကျ်ားတစ်ယောက်ကို တွေ့လိုက်ရတော့ ဗလရင်ထဲမှာ ထူခနဲပူခနဲ ဖြာသွားသည်။

မနာလိုတာလား။ သဝန်တိုတာလားဆိုတာ သူ့ကိုယ်သူ မသိပေမယ့် ယူဇနာနားမှာ သူကလွဲပြီး တခြားဘယ်ယောကျ်ားမှ ရှိနေတာကို မကြိုက်ကြောင်း သူ့စိတ်ကိုသိလိုက်တော့ အံ့သြသွားသည်။

ယူဇနာနားမှာ အတူရှိနေသူကို ယူဇနာနားက ဆွဲထုတ်ပစ်လိုက်ချင်သည်။ ပြီးတော့ ယူဇနာကို သူကလွဲပြီး တခြားဘယ်ယောကျ်ားနှင့်မှ မတွဲဖို့ ပြောပစ်လိုက်ချင်သည်။ ဤသည်မှာ ဘာကြောင့်နည်း။

သေချာသည်က ယူဇနာကို သူချစ်မိနေပြီ။

ထိုထက်တိကျသော အဖြေမရှိတော့။

ယူဇနာကို သူချစ်မိပြီ။

မင်းထင်ဗလဆိုသည့် သူ့ဘဝမှာ မိန်းမတစ်ယောက်ကို ပထမဆုံး ချစ်မိခြင်းဟု တွေးလိုက်မိတော့ ဗလတစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲထသွားသည်။

ချစ်သူကို ချစ်မိပြီဆိုလျှင် ကိုယ်ချစ်မိသူထံမှ ချစ်အဖြေကို တောင်းခံရမည်က ဗလတို့ယောကျ်ားတာဝန်သာ ဖြစ်၍ ယူဇနာနှင့် ပြိုင်ပြီး မာနကြီးနေလို့ မဖြစ်နိုင်ကြောင်း သဘောပေါက်လိုက်သည်။

ယူဇနာ ဘယ်မှာနေသည်။ ဘာအလုပ်လုပ်သည်။ မိဘ





ညီအစ်ကိုမောင်နှမကအစ သိထားဖို့လိုလာပြီ။ အခုချိန်ထိ ယူဇနာနှင့် ပတ်သက်သမျှ ဘာတစ်ခုမှမသိ။ ယူဇနာနားမှာ ရှိနေသည့်လူနှင့် နိုင်းစာလျှင် သူ့ဘက်က သိပ်ကိုနောက်ကျနေပြီဟု တွေးလိုက်တော့ လက်ထဲက ဖတ်လက်စစာအုပ်ကို ပစ်ချလိုက်မိသည့်အထိ စိုးရိမ်စိတ်တွေ လွှမ်းကဲသွားသည်။

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ယူဇနာနှင့် ဘယ်လိုဆုံနိုင်မလဲ သူမကို ဘယ်နေရာမှာ အမှတ်မထင် ပြန်တွေ့ရပါမည်လည်းဟု တွေးနေပေမယ့် အဖြေကမရှိ။

ယူဇနာရယ်...

မင်းကို ကိုယ်ချစ်မိပြီကွယ်။

ဟား...။

ယူဇနာ မျက်နှာလှလှလေးကို တခြားသူတစ်ယောက်နှင့် ယှဉ်တွဲမြင်လိုက်တိုင်း သူ့ရင်ထဲမှာ အဆမတန် ပူလောင်သွားရသဖြင့် ဟင်းခနဲ သက်ပြင်းရှိုက်လိုက်မိ၏။

ညီဖြစ်သူ ဧယျလည်း အခုတလော ဘာတွေအလုပ်ရှုပ်နေသည်မသိ။ အိမ်ကိုကပ်သည်မရှိ။ မနက်မိုးလင်းမိုးချုပ် အကြောင်းပြချက် တစ်ခုပြီးတစ်ခုနှင့် အပြင်မှာချည်း အချိန်ကုန်နေသည်။

ကတ္တီပါဆိုသည့် ကလေးမလေးနှင့် ဆက်သွယ်သည်လား မဆက်သွယ်သည်လားလည်း မပြောတတ်။ ကတ္တီပါအစ်မ ဆိုသည့် မိန်းကလေးလည်း သူ့ဆီ ဖုန်းမဆက်တော့သဖြင့် အခြေ

အနေက အေးချမ်းနေပုံရသည်။

ဧယျက အစ်ကိုဖြစ်သူကို ဘာကြောင့် ကြားထဲက မဆီမဆိုင် အပြောခံရသည့်အတွက်ပဲ ကတ္တီပါဆိုသည့် ကလေးမလေးကို ဘာအဆက်အသွယ်မှ မလုပ်တော့တာများလား။

သေချာတာကတော့ ဧယျကိုယ်တိုင်ကလည်း ရည်းစားခပ်များများဆိုတော့ တော်ရုံ စိတ်ရှုပ်မခံနိုင်တာပဲ ဖြစ်မည်ထင်သည်။

“မောင်ဗလ…မောင်ဗလ”

“ဗျာ ဘကြီးညို”

“ဒီမှာကြည့်ပါဦးကွယ်၊ အခုလေးတင်ပဲ ဧယျသူငယ်ချင်းတစ်ယောက် လာပေးသွားတဲ့စာ ဖတ်ကြည့်ပါဦးကွယ်”

“ဘာစာလဲ ဘကြီးညို”

ဘကြီးညိုက မျက်စိပျက် မျက်နှာပျက်နှင့် ဧယျသူငယ်ချင်း ယူလာပေးသည့်စာကို ဗလလက်ထဲ ထည့်လိုက်တာမို့ ဗလလည်း သူ့လက်ထဲရောက်လာသည့် စာရွက်ခေါက်လေးကို လျှင်မြန်စွာ ဖွင့်ဖတ်လိုက်တော့ မျက်လုံးပြူးသွားသည်။

ကိုကို

ညီလေး ကတ္တီပါကို ခိုးသွားပြီ။ ကိုကို့ကားနဲ့ ပိုက်ဆံတွေလည်း ခဏယူသွားပါတယ်။

စိတ်ပူပြီး လိုက်မရှာပါနဲ့။ အချိန်တန်ရင် ညီလေးပဲ ပြန်ဆက်သွယ်လိုက်ပါ့မယ်။

ညီမိုက်

ဧယျ





“ဟာ”

“ဘကြီးညို ဒီကောင် ဒီကောင် ကျွန်တော့်ကားကိုရော ကျွန်တော့်ပိုက်ဆံတွေရော ယူသွားပြီဗျာ၊ ကြည့်စမ်းပါဦး ခိုးသွားတဲ့ မိန်းကလေးကလည်း ကတ္တီပါကိုတဲ့၊ သူ့အစ်မက သူ့ညီမနဲ့ ဧယျကို လုံးဝသဘောမတူဘူးလို့ အပြတ်ပြောထားတာ ဒီကောင်ကြောင့် ကြားထဲက ကျွန်တော်တော့ ပြဿနာဖြစ်ရဦးတော့မှာပဲဗျာ”

“ဖြစ်လာမှတော့ ဘယ်တတ်နိုင်ပါ့မလဲ မောင်ဗလရယ်၊ သွားတဲ့လူက သွားပြီပဲ၊ နောက်ပိုင်းမှာ ကျန်ခဲ့တဲ့လူအချင်းချင်း ဒီလိုပဲ အဆင်ပြေအောင် ကြည့်လုပ်ကြရမှာပေါ့ကွယ်”

“ကျွတ်…သိပ်ခက်တာပဲဗျာ၊ ဒီကောင်တော့ ပြဿနာကို မီးခွက်ထွန်းပြီးရှာသွားပြန်ပြီ”

လက်ထဲက ဧယျရေးပေးလိုက်သည့် စာရွက်ခေါက်လေးကို ဒေါသဖြစ်ဖြစ်နှင့် လုံးချေလွှင့်ပစ်လိုက်ရင်း ဗလမှာ နေရင်းထိုင်ရင်း ခေါင်းကြီးသွားရပါပြီ။

ညီဖြစ်သူကို အခုမှ စိတ်ထဲက ချီးကျူးမလို့ရှိသေး ဧယျဆိုသည့် အချစ်လူမိုက်က သူ့ကိုယ်သူ အချစ်သူရဲကောင်းကြီးလုပ်သွားသည်။ ကတ္တီပါအစ်မဆိုသည့် မိန်းမကလည်း မလွယ်။ လူချင်းမတွေ့ခင်ကပင် ဤမျှ ရန်အတွေ့ကောင်းနေလျှင် သူ့ညီမကို ဧယျ မိုးသွားတာသိသည်နှင့် မိုးမီးလောင်မှာ သေချာသည်။

ဧယျနှင့်အတူ ပါသွားသည့် လက်ကိုင်ဖုန်းကို လှမ်းခေါ်ပေမယ့်မရ။ စက်ပိတ်ထားသည်ဟု တစ်ဖက်က အကြောင်းပြန်နေ

တော့ စိတ်ရှုပ်ရှုပ်နှင့် လက်ထဲကဖုန်းကို ပစ်ချလိုက်မှ ဖုန်းသံက ထမြည်လာတာနှင့် ကမန်းကတန်း ကောက်ယူလိုက်တော့ တစ်ဖက်က ဖုန်းကိုင်ထားသူက ဓေယျ။

"ကိုကို"

"မင်း မင်း ဘယ်လိုလုပ်လိုက်တာလဲကွဟင်"

"တောင်းပန်ပါတယ်ကိုကိုရာ ကတ္တီပါကို ဘယ်လိုမှ မခွဲနိုင်တော့လို့ပါ၊ ဒီလိုမှမလုပ်ရင်လည်း သူ့အစ်မက ကတ္တီပါကို သူသဘောတူတဲ့လူနဲ့ ပေးစားမယ်လုပ်နေလို့"

"တော်စမ်းပါ၊ မင်းတို့အကြောင်းတွေ ငါဘာတစ်ခုမှ မသိချင်ဘူး၊ အခု မင်းတို့ဘယ်မှာလဲ၊ နေရာကိုပြောစမ်း"

ဒေါသဖြင့် သူတစ်အား စွပ်အော်ပစ်လိုက်တော့ တစ်ဖက်က ခဏငြိမ်သွားသည်။ ဒီလောက်ဆို သူဘယ်လောက် ဒေါသဖြစ်နေပြီလဲဆိုတာ ဓေယျ သိလောက်ပြီ။

"ဟို ကိုကို ကတ္တီပါ့မမလာရင် ညီလေးတို့မျက်နှာကို ထောက်ပြီး သိပ်ဒေါသမကြီးဘဲ နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းပေးပါလို့ ကိုကို့ကို တောင်းပန်ချင်လို့ပါဗျာ"

"ဘာ မင်းက ငါ့ကို ဆရာလာလုပ်နေတာလား"

မကြောက်တတ်သည့်နေရာမှာ ဓေယျဆိုတာ ထိပ်ဆုံးက ပါမည်ထင်သည်။ သူကပြန်ပြီး ဗလလို အစ်ကိုလုပ်သူကို ပြန်ပြီး သတိတွေပေးနေလိုက်သေးသည်။

"ဟိတ်ကောင် ဓေယျ အခု မင်းဘယ်မှာလဲ ပြောစမ်း





ငါဆိုတဲ့ဗလက ဘယ်သူ့ကိုမှ ဂရုစိုက်မယ့်ကောင် မဟုတ်ဘူးကွ၊ နားလည်လား"

"တီ တီ"

"ဟာ ဖုန်းလိုင်းဖြတ်သွားပြီ"

"တောက်"

ဒါ ဟိုကောင်လက်ချက်ပဲဖြစ်ရမည်။ ဗလပြောနေသည့် စကားတွေကို ဆုံးအောင်နားမထောင်ဘဲ ဖုန်းကိုချသွားသည်။ ဒီကောင်ကို ပြန်လာမှ ကောင်းကောင်းပညာပေးရဦးမည်ဟု စိတ်ထဲက တေးမှတ်ထားလိုက်ပေမယ့် လက်ရှိအခြေအနေမှာ ဓေယျက သူချစ်သူလေးနှင့် ပျော်စရာအကောင်းဆုံး ဟန်းနီးမွန်းခရီးကို သူ့ငွေတွေနှင့် သူ့ကားနှင့် ထွက်ခွာသွားပေပြီ။

ဓေယျကားက ဝပ်ရှော့မှာ ဒီအတိုင်းကျန်ရစ်တာမို့ ဒီအတိုင်းပစ်ထားလို့လည်း မဖြစ်။ ကားတစ်စီးရှိမှ ကိုယ်သွားလိုရာခရီးကို ရောက်မည်။ ဗလကားကို ယူသွားတာကလည်း ဘယ်အချိန်မှ ပြန်လာမည်မသိ။ ကိုယ့်မှာက ဆေးရုံဆေးခန်းသွားရမည့် အလုပ်တာဝန်ဝတ္တရားတွေက ရှိသေးသည်။

လက်ကနာရီကို ကစ်ချက်ငုံ့ကြည့်လိုက်တော့ အချိန်က သိပ်မရှိ။ ကားဝပ်ရှော့ကိုသွားပြီး ဓေယျကားကို အမြန်ဆုံး ပြီးအောင် သွားတွန်းရဦးမည်။ အခန်းထဲပြန်ဝင်ပြီး ငွေတစ်ထပ်နှင့် ဓေယျ ကားသော့ကိုယူပြီး ထွက်ခဲ့သည်။

"ဘကြီးညို ကျွန်တော် အပြင်ခဏသွားဦးမယ်ဗျာ၊

ဟိုကောင်လုပ်သွားပုံကိုကြည့်ပြီး ကျွန်တော်တော့ ဒေါသထွက် လွန်းလို့ပါ"

"စိတ်ကိုလျှော့ပါ မောင်ဗလရယ်၊ ကိုယ်က အကြီး တော့လည်း အရာရာကို သည်းခံစိတ်နဲ့ နားလည်ပေးရမှာပေ အခု မောင်ဗလမှာ ကားမရှိတော့ ဘာနဲ့သွားမှာလဲ"

"အခုတော့ ကုန်းကြောင်းလျှောက်သွားရမှာပေါ့ ဘကြီး ညီ့ရာ၊ လမ်းရောက်မှပဲ တက္ကစီငှားစီးသွားရမှာပဲ"

"တူ တူ တူ"

"ဖုန်းလာနေတယ် မောင်ဗလ"

အိမ်ပြင်ထွက်ဖို့ ခြေလှမ်းပြင်နေတုန်း အိမ်ထဲက ဖုန်း အသံမြည်လာတာမို့ နေရာမှာ ပေရပ်နေတုန်း ဘကြီးညီ ဖုန်းသွားနားထောင်ပါသည်။

"မောင်ဗလနဲ့ ပြောချင်လို့တဲ့ကွဲ့၊ ခဏကိုင်ထားဦး ကလေး"

"ဘယ်သူလဲ ဘကြီး"

"ကတ္တီပါ့မမလို့ပြောတယ် မောင်ဗလ"

"ဟင်"

ကတ္တီပါ့မမဆိုတာနှင့် ဗလစိတ်ထဲမှာ ဟင်ခနဲဖြစ်သွား သည်။ ပြဿနာတော့ စပြီဟု သိလိုက်ပေမယ့် ရတ်တ ဘယ်လိုဖြေရှင်းရမှန်းမသိ။ စောစောကတင် ဒေယျက ကတ္တီ မမနှင့် ပြေလည်အောင် ညှိနှိုင်းပေးပါဟု ဆိုထားသည်။





ထိုစကားက ဒေယျသဘောထားလည်းမဟုတ်။ အနားမှာ ရှိနေသည့် ကတ္တီပါဆိုသည့် ကလေးမလေးက ဒေယျကို ိုးနှင့် သူမအစ်မလိုက်လာရင် ဗလကို ကောင်းကောင်းမွန်မွန် ဆံပေးဖို့ ဒေယျကို ဇွတ်အတင်းပြောခိုင်းနေသံကို ဗလနားနှင့် ဆတ်ကြား၍ သိခဲ့ရခြင်းဖြစ်သည်။

ကြည့်ရတာ ကတ္တီပါကိုယ်တိုင် သူမမကို ချစ်ကြောက် ပေမယ့် သူမအစ်မ မကြိုက်တာကို လုပ်ပြီးမှ ကြောက်နေပုံရ ည်။ ဘယ်လိုပဲဖြစ်ဖြစ် အခြေအနေတွေက လွန်ကုန်ပြီဆိုတော့ ဦးနှစ်ဖက် အတတ်နိုင်ဆုံး ပြေလည်အောင် ညှိနှိုင်းရုံသာရှိသည်။

ကာယကံရှင်တွေက မိုးမမြင်လေမမြင်အောင် အပျော်ကြီး နေချိန်မှာ အုပ်ထိန်းသူအဖြစ် ကျန်ရှိနေသည့် လူတွေအနေနဲ့ ဖြစ်နေလို့လည်း ပို၍ရှိကြမည်။

"ဟဲလို ဗလပြောနေပါတယ်"

"ကျွန်မ ကတ္တီပါအစ်မပါ"

"ဟုတ်ပြီ၊ ပြော"

"ဘာပြောရမှာလဲရှင့်၊ ရှင့်ညီလုပ်ပုံတွေ သိပြီးပြီမဟုတ် ား၊ အခု ကျွန်မညီမ ဘယ်မှာလဲ၊ အခုပြန်ရှာပေးပါ၊ ဒီလိုမှမဟုတ် ်တော့ ရှင့်ညီကို ရဲစခန်းတိုင်ရမှာပဲ"

"နှစ်ယောက်စလုံး အသက်ပြည့်ပြီးသားပဲဗျာ ရဲစခန်း ိုင်ချင်ရင် ဘာလို့ ကျုပ်ဆီဖုန်းဆက်နေရသေးလဲ၊ အခုလည်း ကြိုက်ရာရဲစခန်းကို သွားလိုက်ပါလား"

"ဘာရှင့်…ရှင်…ရှင် လူမှဟုတ်ရဲ့လားဟင်"

"ဟုတ်တယ် ကျုပ်က လူမဟုတ်ဘူး၊ နတ်၊ ဂ
ကျေနပ်ပြီလား"

တစ်ဖက်က ဒေါသဖြစ်လွန်း၍ ဘာဆက်ပြောရမှန်းမ
ပုံနှင့် ရပ်တန့်သွားချိန်မှာ ဗလလည်း စိတ်ပေါက်ပေါက်နှင့် ဖုန်း
ပစ်လိုက်သည်။ ညီငယ်ဧယျလုပ်ပုံတွေကို မကျေနပ်လို့ စိတ်
ဒေါသဖြစ်နေရသည့်အထဲ ကတ္တီပါအစ်မဆိုသူ၏ စကားပြော အ
မပြေမှုတွေကြောင့် အတတ်နိုင်ဆုံး ပြေလည်အောင် ကြိုးစားညှိ
ရန် ကြံစည်ထားသမျှ ပျက်ပြယ်သွားရကာ ဘုစကားပြန်တွန်းလ
မိသည့်အဖြစ်ကို သူ နောင်တမရပါ။

"ကဲ ဘကြီးညို ကျွန်တော် အပြင်သွားဦးမယ်၊ ဖုန်းထ
လာရင်လည်း နောက်မှ ပြန်ဆက်ခိုင်းလိုက်တော့ဗျာ"

"သွားပြီ ဘကြီးညို"

"အေး အေး လူလေး"

ခြေလှမ်းကျဲကြီးတွေနှင့် အိမ်ထဲက ဗလ ထွက်ခဲ့သ
စိတ်ထဲမှာ ဒေါသတွေဆူဝေနေသည်။ စကားပြောရတာလ
ဘာတစ်ခုမှ အဆင်မပြေ။ ကားဝပ်ရှော့ကိုသွားဖို့ရာကလ
လမ်းပေါ်ရောက်တဲ့အထိ ဘာအငှားကားမှမတွေ့။

လူကံ့တံ သူဌေးရပ်ကွက်ဆိုတော့ ပိုဆိုးသည်။ ကိုယ
ကားတွေနဲ့ သွားလာနေသည့်နေရာမှာ အငှားကားကိုပင် မမြ

"တီ"





"ကျွီး"

သူနှင့်မျက်နှာချင်းဆိုင်က လာနေသည့် ကားလေးက ဟွန်းသံနှင့်အတူ ဗလနားမှာ အသာထိုးရပ်လာလို့ ကြည့်လိုက်တော့ စိတ်အနှောင့်အယှက်ဖြစ်စွာ မကြည်မလင် မှုံတည်ချင်နေသော ဗလမျက်နှာတစ်ခုလုံး ပြုံးချိုဝင်းထိန်သွားသည်။

"ကိုမင်းထင်ဗလ"

"ယူဇနာ"

တစ်ယောက်မျက်နှာ တစ်ယောက် စေ့စေ့ကြည့်ပြီး ပြုံးလိုက်မိကြသည်။

"တူပါတယ်ဆိုပြီး ကြည့်နေတာ တစ်ယောက်တည်း ဘယ်ကိုသွားမလို့လဲ"

"ဒီနားက မိတ်ဆွေတစ်ယောက်အိမ်ကို လာတာပါ၊ လာလေ ကိုမင်းထင်ဗလ ဘယ်ဝပ်ရှော့ကို သွားမှာလဲ၊ ကျွန်မ လိုက်ပို့ပေးမယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

ရေငတ်တုန်း ရေတွင်းကျဆိုတာ ဒါမျိုးကို ပြောသည် ထင်။ ယူဇနာက အပြုံးလှလှဖြင့် ဖိတ်ခေါ်လိုက်တာနှင့် ဗလလည်း ယူဇနာကားပေါ် ခွေ့ခနဲရောက်သွားသည်။

ပျော်လိုက်သည်မှာ ပြောစရာမရှိ။

ဧယျအပေါ်မှာ ဖြစ်နေသည့် ဒေါသတွေပါ တစ်ခါထဲ ပျောက်သွားရုံမက စိတ်ထဲမှာလည်း လန်းကြည်သွားသည်။ မိုးပြာ

ရောင်ဝတ်စုံနှင့် သိပ်လှသည့် ယူဇနာကို ငေးကြည့်ရင်း ဗလရင်တွေ
တဒိတ်ဒိတ်ခုန်လာသည်။

လှလိုက်တာ။

ဟိုတုန်းက ရိုးရိုးသာမန်အကြည့်မို့ ဘာမှသိပ်ပြီး ထူးခြား
မှုမရှိသလို ထင်ခဲ့မိပေမယ့် အခုတော့ ယူဇနာအကြောင်း တွေးမိရုံ
ယူဇနာမျက်နှာလှလှလေးကို မြင်လိုက်ရရုံနှင့် ဗလရင်ထဲ အသည်း
ထဲမှာ တလှပ်လှပ်နွေးဖို့လှုပ်ခတ်နေ၏။

ယူဇနာကလည်း သူမကို မင်းထင်ဗလဆိုသည့် ကိုလူ
ချော သူ့ကို·တိတ်တိတ်ခိုးကြည့်နေတာရော ဖြောင်ကြည့်နေတာ
ရော မျက်ဝန်းထောင့်စွန်းမှာ လှမ်းမြင်နေရပေမယ့် မမြင်သလို
နေနေလိုက်ပါသည်။

စောစောက ဖုန်းထဲမှာ သူမနှင့် စကားပြောမတည့်ဘ
ဘုဘောက်ကျခဲ့သူမှာ အခု သူမကားပေါ်တွင် အတူလိုက်ပါသူ
မင်းထင်ဗလမှန်း မသိသေး။

မင်းထင်ဗလကိုယ်တိုင်ကလည်း ယူဇနာကို ကတ္တီပါမ
ဟု မသိ။ သူနှင့် မကြာခဏ စကားများ ဘုဘောက်ကျနေသူမှာ
သူချစ်မိပြီဖြစ်သော ယူဇနာဆိုသည့် မိန်းမလှလေးဟုလည်းမထင်
နှစ်ယောက်စလုံး အပြင်မှာ မြင်ဘူးတွေ့ဘူးကြတာ
မဟုတ်ပေမယ့် ဖုန်းထဲမှာတော့ နှစ်ယောက်သား စကားပြောမတည့်
တိုင်း မုန်းနေမိကြသည်။ အပြင်မှာ လူချင်းဆုံနေကြသူချင်း ကြ
တော့လည်း တစ်ယောက်ကိုတစ်ယောက် ခင်မင်နှစ်လိုမှု အပြးအ





ကိုယ်စီနှင့် ကိုယ်စီရင်မှာ လှုပ်ရှားမှုလေးတွေနှင့် ဖြစ်နေမိကြသည်။

တစ်ယောက်က ဓေယျအစ်ကိုဗလ ဖြစ်ပြီး တစ်ယောက်
က ကတ္တီပါမမ ယူဇနာမှန်းသိလျှင် အခုလို ကားတစ်စီးထဲ အတူစီး
ကာ စကားလက်ဆုံကျနေမိကြမည် မထင်။ အခုတော့ အကြောင်း
မသိ။ ဓာတ်မသိကြသူများပီပီ အပြန်အလှန်စကားဆိုရင်း ကိုယ်စီရင်
မှာ ညီနှင့် ညီမအကြောင်းကိုပါ မေ့နေမိကြသည်။

"ဒီလမ်းထဲမှာ ယူဇနာမိတ်ဆွေရှိတယ်ဆိုတော့ ဘယ်သူ
များလဲမသိဘူး၊ ကျွန်တော်တို့အိမ်ကလည်း ဒီလမ်းထဲမှာပဲလေ၊
နောက်မှ ယူဇနာကို ကျွန်တော့်အိမ်ကို အလည်ခေါ်ပါဦးမယ်၊
လမ်းကြုံရင် ဝင်နိုင်အောင်လို့ပါ"

"ယူဇနာ မိတ်ဆွေနာမည်က ဘယ်သူများလဲဗျာ"

"အဟင်း ဟင်း အမှန်အတိုင်းပြောရရင်တော့ အဲဒီလူက
ကျွန်မရဲ့မိတ်ဆွေ မဟုတ်ဘူးရှင့်"

"ဟင်"

ယူဇနာက သူမစကားကို သူ့အဓိပ္ပါယ်နှင့်သူ ရည်ရွယ်ပြီး
ပြောလိုက်တာဖြစ်ပေမယ့် ဗလကတော့ ဟိုတစ်နေ့က ယူဇနာနှင့်
အတူ တွဲလာသည့် လူကို ဖျတ်ခနဲ မြင်ယောင်ကာ ရင်ထဲပူဆင်း
သွားသည်။

မိတ်ဆွေမဟုတ်ဘူးဆိုတော့ ချစ်သူရည်းစားတွေ ထင်ပါရဲ့
ဟု တွေးပြီး မျက်နှာကပါ ပျက်ချင်ချင်ဖြစ်လာမိသည်။

"အဲဒီလူနာမည်ကလည်း ရှင့်နာမည်နဲ့ ခပ်ဆင်ဆင်ပါ"

"တူ တူ တူ"

"ခဏလေးနော် ကိုမင်းထင်ဗလ"

"ဟဲလို"

"ဩော် ဟုတ်ကဲ့၊ ယူဇနာ နောက်ထပ်နာရီဝက်ဆို ရောက်ပါမယ်၊ ခဏစောင့်ပေးပါနော်"

"ဟုတ်ကဲ့ပါ"

ယူဇနာက ဖုန်းကိုချလိုက်သည်။

"ယူဇနာ သွားစရာရှိတာသွားပါ၊ ကျွန်တော် ကားငှားသွားလိုက်ပါ့မယ်"

"ရောက်တော့မှာပဲရှင် ခရီးဆုံးအောင် ပို့ရမှာပေါ့"

"ယူဇနာ"

"ရှင်"

"ကျွန်တော် ယူဇနာ ဖုန်းနံပါတ်လေး သိပါရစေ"

"ရပါတယ်ရှင်၊ ကျွန်မ ဗစ်စစ်တင်းကဒ် ကိုမင်းထင်ကို ပေးလိုက်ပါ့မယ်"

"ကျွန်တော့်ကဒ်ကိုလည်း ယူဇနာကို ပေးလိုက်ပါရစေ"

ယူဇနာက ဘာမှမပြောဘဲ ပြုံးပြုံးလေး ကားကိုမောင်းနေချိန်မှာ မင်းထင်ဗလက သူ့အိတ်ထဲမှာ ကဒ်ကိုလိုက်ရှာပေမယ့် မတွေ့။ ဘာဆက်လုပ်ရမှန်းမသိဘဲ ချွေးပျံချင်ချင်ဖြစ်နေချိန်မှာ ဇေယျ ကားအပ်ထားသည့် ဝပ်ရှော့ရှေ့မှာ ယူဇနာကားလေး ရပ်တန့်သွားပြီဖြစ်သည်။





"ဒီမှာ ကျွန်မ ဗစ်စစ်တင်းကဒ်ပါ"

"သင့်(ခ်)ယူ ယူဇနာ၊ ကျွန်တော့်ကဒ်တော့ ပါမလာတော့ ဘူးဗျာ၊ အားနာစရာ"

"ရပါတယ်ရှင့် နောက်ကြုံဦးမှာပါ"

"သွားပြီနော် ကိုမင်းထင်"

"ကောင်းပါပြီဗျာ"

လက်ထဲမှာ အဖြူရောင်ကဒ်ပြားလေးကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ယူဇနာကားလေး မြင်ကွင်းမှ ပျောက်သွားသည့်အထိ ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ချစ်တယ် ယူဇနာရယ်။

✤ ✤ ✤

## အခန်း (၁၁)

''တူ တူ တူ''

''ဟဲလို''

''ယုဇနာနဲ့ ပြောချင်လို့ပါဗျာ''

''ပြောနေပါတယ်ရှင်၊ ကျွန်မ ယုဇနာပါ''

''ယုဇနာ ကျွန်တော်ပါ''

''သြော်''

ပထမဆုံးအကြိမ် ယုဇနာနှင့် ဖုန်းပြောဘူးခြင်းမို့ ဗလ... တွေခုန်နေသလို ယုဇနာကိုယ်တိုင်လည်း မင်းထင်ဗလဟု သူ... ထားသော ဗလ၏အသံကို နားထောင်ရင်း စိတ်ထဲမှာ တစ်မျိုး... ဖြစ်နေပါသည်။

''ယုဇနာ အိပ်နေပြီလားဟင်''

''မအိပ်သေးပါဘူးရှင်''





''ကျွန်တော်လည်း အိပ်လို့မရတာနဲ့ ယုဇနာဆီကို ဖုန်းဆက်လိုက်တာ၊ ကျွန်တော့်ကြောင့် အနှောင့်အယှက်တော့ မဖြစ်ပါဘူးနော်''

''မဖြစ်ပါဘူးရှင်''

''ကျွန်တော်လေ ယုဇနာကို နေ့တိုင်းသတိရနေမိတယ်ဗျာ၊ တွေ့ချင်မြင်ချင် စကားပြောချင်ပေမယ့်လည်း ယုဇနာဆီက လိပ်စာရော ဖုန်းရော ဘာတစ်ခုမှ ယူမထားမိတဲ့အတွက် ဒုက္ခရောက်နေရတော့တာပဲ''

တစ်ဖက်က စကားသံကို နားထောင်ရင်း ယုဇနာ ကျိတ်ပြုံးလိုက်သည်။ မင်းထင်ဗလဆိုသည့်လူက တခြားယောက်ျားတွေနှင့်မတူဘဲ ယုဇနာလို မိန်းမလှလေးတစ်ယောက်ကို ဘာတစ်ခုမှ စိတ်မဝင်စားသလိုလို၊ ရိုးသားသလိုလို လုပ်ခဲ့တာ ယုဇနာသိပါသည်။

ဒါကြောင့်လည်း ယုဇနာဆီက လိပ်စာတို့ ဖုန်းနံပါတ်တို့ ဘာတစ်ခုမှ ယူမသွားခဲ့တာကို နောက်မှ နောင်တရနေသည်ဆိုတော့ ယုဇနာကို သူအရှုံးပေးပြီဟု ပြောချင်တာလားမသိပါ။

''ယုဇနာ''

''ရှင်''

''မနေ့က ယုဇနာကို တွေ့လိုက်ရလို့ ကျွန်တော့်ရင်ထဲ ဘယ်လောက်ပျော်သွားတယ်ဆိုတာ ယုဇနာ သိရဲ့လားဗျာ''

''ရှင့်စိတ်ထဲက ဖြစ်နေတာတွေကို ကျွန်မ ဘယ်လိုလုပ်

သိနိုင်မှာလဲရှင်၊ ကျွန်မက အကြားအမြင်ရနေတဲ့သူမှ မဟုတ်ဘဲ”

“ယူဇနာရယ် ကျွန်တော်မညာချင်တော့ဘူးဗျာ၊ ကျွန်တော် ယူဇနာကို ချစ်မိပြီ”

“ယူဇနာကို ကျွန်တော်ချစ်တယ်”

“အို့”

“ဖုန်းမချလိုက်ပါနဲ့ဦးဗျာ ကျွန်တော့်ဘဝမှာ မိန်းကလေး တစ်ယောက်ကို ချစ်တယ်လို့ ပြောဘူးတာ ယူဇနာတစ်ယောက် တည်းပါ”

“ယုံရမှာလားရှင် လူတိုင်း ဒီလိုပဲပြောတတ်ကြတာချည်း ပါပဲ”

အယုံလွယ်တတ်သူတွေထဲမှာ ယူဇနာဆိုသည့် မိန်းကလေး မပါဝင်ကြောင်း တစ်ဖက်လူသိအောင် ယူဇနာ တစ်ခါတည်း အပြတ်ပြောလိုက်သည်။ ယောကျ်ားတွေကို အယုံအကြည်မရှိလို့ လည်း ဒီအချိန်ထိ ယူဇနာတစ်ကိုယ်တည်း အပျိုကြီးဖြစ်နေရတာ ကို သူမသိလေရော့သလားဟု စိတ်ထဲက မေးနေမိသည်။

“ယုံပါ ယူဇနာရယ်၊ ကျွန်တော့်ဘဝမှာ ကျောင်းစာကလွဲ ပြီး တခြားဘာကိုမှ စိတ်မဝင်စားခဲ့တဲ့သူပါ၊ ယူဇနာနဲ့ကြမှ အချစ် ဆိုတာကို သိလာရတဲ့လူပါ”

“ရှင့်အသံကို တစ်နေရာမှာ ကျွန်မကြားဖူးသလိုလိုပဲရှင်၊ ဘယ်နေရာမှာလည်းဆိုတာ ရုတ်တရက် စဉ်းစားလို့မရဘူးဖြစ်နေ တယ်”





ယူဇနာ စကားအဆုံးမှာ တစ်ဖက်က ကြည်လင်စွာ ရယ်ပါသည်။

“မနေ့ကမှ ကားထဲမှာ ယူဇနာနဲ့အတူ စကားပြောလာကြ တာပဲဗျာ၊ ဘယ်မှာကြားဘူးတာလဲလို့ စဉ်းစားနေစရာမလိုပါဘူး”

“ဟုတ်မယ်ထင်ပါရဲ့ရှင်၊ အဟင်း ဟင်း”

ယူဇနာလည်း ဒီလောက်နှင့်ပဲ သူမစကားကို ရပ်လိုက်ပါ သည်။ စိတ်ထဲကတော့ ဒီအသံမျိုး တစ်နေရာမှာ အသေအချာ ကြားဘူးသလို ထင်နေမိပေမယ့် ဝေခွဲမရသေး။ စကားပြောနေရင်း သေချာစဉ်းစားကြည့်လိုက်တော့ ယူဇနာ ဦးနှောက်ထဲမှာ လင်းခနဲ လက်သွားကာ ဓေယျအစ်ကို ဗလဆိုသူ၏အသံကို ဖျတ်ခနဲ သွား အမှတ်ရလိုက်မိ၏။

လက်စသတ်တော့ ဒီလူအသံနဲ့ သွားတူနေတာကိုး။ ဓေယျအစ်ကို ဗလဆိုသည့်လူအကြောင်း တွေးမိလာတော့ ယူဇနာ မျက်နှာလေး မကြည်ချင်တော့ပါ။

ညီမဖြစ်သူ ကတ္တီပါကလည်း နည်းနည်းမှ မလိမ္မာ။ အစ်မဖြစ်သူ ဒီလောက်ပြောဆိုဆုံးမထားသည့်ကြားက ဓေယျဆို သည့် လူရှုပ်လူပွေလေးနောက်ကို ကောက်ကောက်ပါအောင် လိုက် သွားရက်သည်။

“ယူဇနာ”

“ပြောပါ”

“ကျွန်တော့်အချစ်ကို ယူဇနာ လက်ခံပေးပါနော်၊

ကျွန်တော့်အချစ်ကိုသာ ယူဇနာ လက်ခံမယ်ဆိုရင် ကျွန်တော် ယူဇနာကို လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ယူပါရစေ”

သြော် အရေးထဲ ဒီလူကလည်း တစ်မျိုးပါလား။

ကိုယ့်ညီမကိစ္စနဲ့ ရှေ့ကို ဘာဆက်လုပ်ရမှန်းမသိအောင် စိတ်ရှုပ်နေရသည့်အထဲ ယူဇနာကို အရေးတကြီး ချစ်ရေးဆို လက်ထပ်ခွင့်တောင်းနေသူနှင့် လာတိုးနေသည်။

“အခုလောလောဆယ် ကျွန်မခေါင်းထဲမှာ အဲ့ဒီအကြောင်းတွေ ဘာတစ်ခုမှ မစဉ်းစားနိုင်သေးတာ ခွင့်လွှတ်ပါရှင်”

“ယူဇနာမှာ ချစ်သူရှိနေလို့လား”

ကျွဲမြီးတိုသံကြီးနှင့် တစ်ဖက်က ဆိုလာတော့ ယူဇနာ ပိုစိတ်ညစ်သွားသည်။

“ကျွန်တော်ကတော့ ယူဇနာမှာ ချစ်သူရှိရှိမရှိရှိ ဂရုစိုက်မှာမဟုတ်ဘူး၊ ယူဇနာမှာ တရားဝင်ပိုင်ဆိုင်ထားသူမရှိသရွေ့ ကျွန်တော့်ဘက်က ယူဇနာကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားနေမှာပဲဆိုတာ ယူဇနာ နားလည်ထားပါဗျာ”

“ကျွန်မ ဖုန်းချလိုက်တော့မယ်”

“ကျွန်တော့်ကို ဘယ်တော့ အဖြေပေးမှာလဲဆိုတာ ပြောပြပါဦးဗျာ”

“ရှင်ပြောတဲ့အကြောင်းတွေ ကျွန်မ မှတ်ထားပါမယ်ရှင်၊ လောလောဆယ် ကျွန်မ သိပ်ပြီးစိတ်ညစ်နေလို့ ဖုန်းချလိုက်ပါရစေ”





“ယူဇနာ”

တစ်ဖက်ကခေါ်သံကို ကြားပေမယ့် ယူဇနာ ဆက်ပြီးနားမထောင်တော့။ ဖုန်းချပြီး အိပ်ရာပေါ် ပြစ်လှဲချလိုက်သည်နှင့် မျက်ဝန်းထဲမှာ ညီမငယ်ကတ္တီပါ ပုံရိပ်လေး ဖျတ်ခနဲရောက်လာသည်။

ဇေယျဆိုသည့် ကောင်လေးနှင့် အဆက်အသွယ်မလုပ်ဖို့ တင်းတင်းကြပ်ကြပ် အမိန့်ပေးထားသည့်ကြားက ကတ္တီပါက နားမထောင်။ ဇေယျနှင့် အိမ်ကလူတွေအလစ်မှာ အဆက်အသွယ်လုပ်တာ ယူဇနာကိုယ်တိုင် မိသွားတော့ ညီမငယ်ကို စိတ်ဆိုးဒေါသဖြင့် ယူဇနာ သဘောတူသည့်လူတစ်ယောက်နှင့် အမြန်ဆုံး လက်ထပ်ပေးစားမည်ဟု ကတ္တီပါကို ခြိမ်းခြောက်လိုက်မိသည်။

ထိုစကားကိုကြောက်ပြီး ယူဇနာက ဇေယျနှင့် ခိုးရာလိုက်ပြေးသွားသည်။ ထီမထင်ဆိုသည့်လူ သူ့အမေသောက်သည့် အားဆေး လာပို့ပေးသည့်နေ့က ကတ္တီပါနှင့် ထီမထင်ကို ယူဇနာ ကိုယ်တိုင် မိတ်ဆက်ပေးလိုက်သည်။

ဒီထဲက ကတ္တီပါမျက်နှာက တယ်မကြည်ချင်။ ကတ္တီပါဆိုတာကလည်း ခေတ်[illegible]ီးပျိုလေးဆိုတော့ ထီမထင်ဆိုသည့်လူနှင့် သူမကို အစ်မဖြစ်သူ ဘာအတွက် မိတ်ဆက်ပေးသည်ကို ချက်ချင်းသဘောပေါက်ပုံရသည်။

ဟိုလူကလည်း ကတ္တီပါကို ပိုပြီးသဘောကျပုံရသဖြင့် ယူဇနာမှာ စိတ်သက်သာရာရမည်ကြံတုန်း ဖြုန်းဆို ကတ္တီပါက

သူမစိတ်ထင်ရာ လျှောက်လုပ်ပစ်လိုက်တော့ ယူဇနာ ဘာမှမတတ်နိုင် ဖြစ်သွားသည်။

ကတ္တီပါ အခန်းထဲဝင်သွားတော့ စားပွဲပေါ်မှာ ကတ္တီပါကို မတွေ့ရဘဲ စာခေါက်လေးကသာ ဆီးကြိုနေတာမို့ ဖွင့်ဖတ်လိုက်ချိန်မှာ ယူဇနာ မျက်လုံးထဲ ပြာသွားသည်။ ဧယျနောက်လိုက်သွားပြီလို့ ရေးထားသည့် ယူဇနာစာကိုယူပြီး အရူးတစ်ယောက်လို ဧယျအစ်ကိုရှိရာကို ကားမောင်းထွက်လာခဲ့မိသည်။

လိပ်စာကို မမဦးဆီက ရသဖြင့် တော်တော့သည်။ ကားမောင်းလာရင်း လမ်းကဖုန်းလှမ်းဆက်တော့ ထုံးစံအတိုင်း စကားပြောရတာ ဘာတစ်ခုမှ အဆင်မပြေ။ ကိုယ်က မိန်းကလေးရှင်ဖြစ်နေတာနဲ့တင် အရှုံးကို စတင်ရင်ဆိုင်လာရပြီဆိုတာ သိလိုက်တာမို့ ဖုန်းပြောအဆင်မပြေဖြစ်ပြီးနောက်မှာ ဧယျအစ်ကိုအိမ်ကို မသွားတော့ဖို့ ဆုံးဖြတ်ခဲ့သည်။

ဖုန်းထဲမှာပင် ဤမျှမိုက်ရိုင်းလျှင် အပြင်မှာလည်း သူနှင့်ကိုယ် ဘယ်လိုမှ ပြေလည်မှုမရှိနိုင်တာကို မြင်၍ဖြစ်သည်။

ထိုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် မင်းထင်ဗလဆိုသည့်လူကို ကားမပါဘဲ တစ်ယောက်တည်း လမ်းလျှောက်လာတာကို တွေ့လိုက်ရခြင်းဖြစ်သည်။ ခရီးကြုံတာနှင့် သူ့ကို ကားပေါ်တင်ပြီး ဝပ်ရှော့ကို လိုက်ပို့ပေးခဲ့သည်။

တစ်လမ်းလုံး ယူဇနာကို ခိုးကြည့်လာတာ သိပေမယ့် မသိဟန်ဆောင်နေလိုက်သည်။ စိတ်ထဲကတော့ ဒီလူ့အကြည့်ငွေ





ကို တယ်မသက်သာချင်တော့။ ထင်သည့်အတိုင်း ယူဇနာ လိပ်စာတောင်းသည်။ ပြီးတော့ ညကြီးအချိန်မတော်ကြမှ ဖုန်းထဆက်ပြီး ရည်းစားစကားပြောသည်။

မင်းထင်ဗလနှင့် ဗလတဲ့။

ကြံဖန်ပြီး နာမည်တူသူနှစ်ယောက်နှင့် တစ်ပြိုင်တည်းလာတွေ့နေသည်ဟု ယူဇနာ တွေးနေသည်။ သူက နှစ်ယောက်ဟု ထင်ထားသူက တစ်ယောက်တည်းသာဖြစ်ကြောင်း သိလျှင် ဘာတွေဘယ်လို ဖြစ်ကုန်မည်မသိ။

အခုတော့ တစ်ယောက်စီဆိုသည့် အတွေးဖြင့် ဗလဆိုသည့်လူကို မင်းထင်ဗလအပေါ်မှာ မှန်းတီးခြင်းမဖြစ်မိ။ ဟိုဗလနှင့် ဒီဗလ တခြားစီဟုသာ ထင်နေသည်။

မင်းထင်ဗလကိုယ်တိုင်ကလည်း ယူဇနာလိုပင် ထင်နေသဖြင့် ချစ်သူအကြောင်း တွေးမိတိုင်း ရင်ထဲမှာ လှိုင်းထန်ကာ တသိမ့်သိမ့်တုန်နေသည်။ အချစ်ဆိုတာ ဒါပဲလားဟု တွေးပြီး တစ်ယောက်တည်း ကျိတ်ရယ်နေမိ၏။

စိတ်ထဲကလည်း ညီငယ်ဧယျအကြောင်း နည်းနည်းစာနာစိတ်လေး ဝင်လာ[illegible]။ ကတ္တီပါဆိုသည့် ကောင်မလေးကို ဧယျ တကယ်ချစ်လို့ နှစ်ဘက်လူကြီးတွေ သဘောမတူကြောင်း အတိအလင်း ကြော်ငြာထားသည့်ကြားက မရရအောင် ခိုးပြေးသွားခြင်းလားဟု တွေးလာမိသည်။

ဧယျကိုယ်တိုင် ရည်းစားများသူမို့ မိန်းကလေးနှင့် စိမ်းသူ

မဟုတ်သလို အတွေ့အကြုံမရှိ သူလည်းမဟုတ်ဘဲနှင့် တကယ်ချစ်လို့သာနေမှာ ဆိုတာမျိုး ကိုယ်ကိုယ်တိုင် ခံစားမိလာမှ တွေးလာနိုင်တာဖြစ်သည်။

ယူဇနာကတော့ ပြတ်သည်။ ရှင်းသည်။ သူပြောသည့် စကားတွေကို မှတ်ထားပါမည်တဲ့။ လောလောဆယ် ယူဇနာ စိတ်ညစ်နေသည်ဆိုတော့ ဘာကိုစိတ်ညစ်နေသနည်း။

တကယ်တော့ ဗလကိုယ်တိုင်လည်း ညီငယ်ဓေယျကြောင့် စိတ်ညစ်နေသူဖြစ်သည်။ ယူဇနာကရော ဘယ်သူ့ကြောင့် စိတ်ညစ်နေရသနည်း။ ယူဇနာလို မိန်းမလှလေးတစ်ယောက်မှာ တခြား စိတ်ညစ်စရာ ရှိမည်မထင်။ အချစ်ရေးပဲ ဖြစ်မည်။

တစ်ညလုံး အတွေးတွေက ဟိုရောက်ဒီရောက်နှင့် ဗလ ကောင်းစွာ အိပ်မပျော်။ မနက်စောစော ယူဇနာကို သွားတွေ့ဖြစ်အောင် တွေ့မှဖြစ်တော့မည်လို့ ပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချလိုက်မှ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

✣ ✣ ✣



## အခန်း ( ၁၂ )

"မောင်ဗလ မောင်ဗလ"

"ဒေါက် ဒေါက်"

အစတုန်းက အသံက မသည်းကွဲ။ ဝိုးတဝါး။ နောက်တော့ ပီသကြည်မြစွာ ကွဲပြားလာတော့ နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ ဗလ ဆတ်ခနဲ ထလိုက်မိ၏။

"မောင်ဗလ"

"ဗျာ ဘကြီးညို"

"အိမ်ရှေ့မှာ မောင်ဗလကို အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့ဆိုပြီး ဧည့်သည်တစ်ယောက် ရောက်နေတယ်ကွယ်၊ အမြန်ထွက်တွေ့လိုက်ပါဦး"

"ဟုတ်ကဲ့ ဘကြီးညို"

ဘကြီးညိုကိုယ်တိုင်က မျက်စိပျက်မျက်နှာပျက်နှင့်ဆို

တော့ ဗလလည်း ဘာမှတွေးမနေနိုင်ဘဲ အခန်းထဲက ကမန်းကတန်း အိမ်ရှေ့ခန်းကို ထွက်လိုက်တော့ သူတစ်ခါမှ မမြင်ဘူးသည့် ငှ တစ်ယောက်ကို တွေ့လိုက်ရတာမို့ အံ့သြသွားသည်။

"ကိုဓေယျအစ်ကို ဒေါက်တာဗလဆိုတာလား ခင်ဗျာ"

"ဟုတ်ပါတယ် ကျွန်တော်ဗလပါ"

တစ်ဖက်လူက ဗလကိုမြင်တာနှင့် ထိုင်ရာမှ ဆတ်ခနဲထ ပြီး မေးလိုက်ခြင်းဖြစ်သည်။ အသားညိုညို ပိန်ပိန်ပါးပါးဖြစ်ေ မယ့် မျက်နှာမှာ စိုးရိမ်စိတ်လွှန်ကဲနေဟန်ကို ဖုံးကွယ်မထားနိုင်ခဲ့ ပါ။

"ဓေယျ ဘယ်လိုလဲ"

တစ်ဖက်လူ၏ မျက်နှာအရိပ်အကဲကို ကြည့်ပြီး ဗလစိတ် ထဲ ထင့်ခနဲ ဖြစ်သွားသည့်အတိုင်း ဖျတ်ခနဲ ထုတ်မေးလိုက်တော့ တစ်ဖက်လူကိုယ်က ဆတ်ခနဲ တုန်သွားတာ မြင်လိုက်ရသည်။

"ကျွန်တော်က ကိုဓေယျသူငယ်ချင်း ကိုဖိုးဇော်ညီ ဖိုးဇော် ပါ၊ ကိုဓေယျတို့လင်မယား ကားအက်စီးဒင့်ဖြစ်လို့"

"ဘာ"

"ဟုတ်...ဟုတ်ကဲ့ အခုနှစ်ယောက်စလုံး ဆေးရုံမှာ ခင်ဗျာ၊ အဲဒါ ကျွန်တော်လာပြောတာပါ အစ်ကို"

"ဟာကွာ အခုအခြေအနေက ဘယ်လိုလဲငါ့ညီ"

"ကျွန်တော်လည်း သေချာမသိဘူးအစ်ကို၊ နှစ်ယော စလုံး သတိလစ်နေတုန်း အစ်ကိုဖိုးဇော်က ဒီကိုလိပ်စာပေး





လွှတ်လိုက်လို့ပါခင်ဗျာ"

"အခု သူတို့ဘယ်မှာလဲ ညီလေး"

"ဆေးရုံကြီးမှာပါ အစ်ကို"

"အေး...အေး ကျေးဇူးပဲညီလေး၊ အစ်ကို မျက်နှာသစ် ပြီး ညီလေးနဲ့အတူ လိုက်ခဲ့မယ်၊ ခဏလေးစောင့် ဟုတ်လား"

"ဟုတ်ကဲ့အစ်ကို"

"ဘကြီးညို ညီလေးကို ကော်ဖီချပေးပါဦးဗျာ"

"ကျွန်တော်သောက်ပြီးပါပြီအစ်ကို"

"အေး...အေး ခဏလေးနော် ညီလေး"

ရေချိုးခန်းထဲ အပြေးဝင်ပြီး ခပ်သွက်သွက် ရေချိုးမျက် နှာသစ် အဝတ်လဲလိုက်သည်။ ပိုက်ဆံအိတ်ကိုဆွဲပြီး အိမ်ရှေ့ ဧည့်ခန်းကို ပြန်ထွက်အလာမှာ ကတ္တီပါအစ်မကို ဖျတ်ခနဲ သတိရ လိုက်သည်။

သူ့ညီမသာ တစ်ခုခုဖြစ်သွားရင် သူတို့ညီအစ်ကိုအဖြစ်က မတွေးရဲစရာပါလား။ ကတ္တီပါအစ်မ့ကို အကြောင်းကြားဖို့ကြတော့ သူတို့အိမ် ဘယ်မှာမှန်းမသိ။ ဖုန်းနံပါတ်လည်းမသိ။ ညီငယ်ဓေယျ ရော ကတ္တီပါရော ဘာမှမဖြစ်ပါစေနဲ့ဟု ကျိတ်ဆုတောင်းလိုက် သည်။

"ကဲ ညီလေး အစ်ကိုတို့သွားကြစို့"

"ဟုတ်ကဲ့ အစ်ကို"

"ဘကြီးညို ကျွန်တော်တို့သွားလိုက်ဦးမယ်"

"ကောင်းပါပြီ လူလေး"

ဝယ်ရှောကယူလာသည့် ဖေယျကားကို စက်နှိုးပြီး နေရာ ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့ပေမယ့် ရင်ထဲမှာတော့ ညီ အတွက်ရော ကတ္တီပါဆိုသည့် ကလေးမအတွက်ရော ပူနေမိ သည်။

"ရောက်ပြီအစ်ကို"

"ကျွိုး"

ကားကို ပါကင်နေရာမှာထားပြီး ဖိုးမော်ဆိုသည့် ချာတ ဦးဆောင်ရာနောက်ကို သူလိုက်လာခဲ့တော့ ပထမဆုံး ညီငယ်ဖေ ကို မြင်လိုက်ရတော့ ရင်ထဲမှာ စို့သွားသည်။ လက်တစ်ဖက်မှ ရော ဦးခေါင်းမှာရော ခြေထောက်မှာရော ပတ်တီးတွေဖွေးနေသည် ညီငယ်မှာ ဆေးပိုက်ရော၊ သွေးပိုက်ရော ရှုပ်ထွေးနေ၏။

"ညီလေး"

"သူ သတိမရသေးဘူးအစ်ကို"

"မင်းက ဖိုးဇော်ဆိုတာလား"

"ဟုတ်ကဲ့"

"အေးကွာ မင်းတို့ညီအစ်ကိုနှစ်ယောက်စလုံးကို အစ် ကျေးဇူးတင်ပါတယ်၊ ဟိုကတ္တီပါဆိုတဲ့ ကလေးမလေးရဲ့ အ အနေကရော"

"သူကတော့ သတိရနေပါပြီအစ်ကို၊ ဒဏ်ရာလည် ဖေယျလောက်မများပါဘူး၊ စောစောက တစ်ခေါက်သွားကြည့်ခဲ့





အိပ်ပျော်နေပါတယ်"

ဖေယျကုတင်ခြေရင်းက လူနာမှတ်တမ်းကို ယူဖတ်လိုက် သည်။ ပြီးတော့ ညီငယ်မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်၏။ ဘော်ထင်ရာလုပ်တတ်သည့် ညီငယ်လေးအဖြစ်က မြင်ရက်စရာမရှိ။

ကတ္တီပါကို သွားကြည့်ဖို့ တာဝန်ကလည်း ရှိသေးသည်။ အမျိုးသမီးဆောင်ကိုသွားရင် ဖိုးဇော်ကို မေးရသည်။

"ဘယ်လိုဖြစ်ကြတာလဲ မောင်ဖိုးဇော်"

"ကျွန်တော်လည်း သေချာမသိဘူးအစ်ကို၊ တစ်ဖက်က ကားရဲ့အမှားလို့တော့ ပြောကြတာပဲ၊ တစ်ဖက်ကလည်း အတော် သိနေတယ်လို့ ပြောပါတယ်"

"ဟိုမှာ အစ်ကို ကတ္တီပါဆိုတာသူပါ"

ကတီပါဆိုသည့် ကလေးမကို ဗလ ငုံ့ကြည့်လိုက်သည်။ လွှာနှစ်ဖက်ကို မှေးယှက်ပြီး အိပ်ပျော်နေသည့် ကလေးမလေး တော်တော်လှပါလား။

ရိုးရှင်းအပြစ်ကင်းတဲ့ မျက်နှာလေးနဲ့ ကတ္တီပါဆိုသည့် ဖေယျချစ်သူလေးက နှစ်ခြိုက်စွာ အိပ်ပျော်နေချိန်မှာတောင် ဘောက် ချစ်စရာကောင်းနေမှတော့ ဖေယျချစ်မိတာမဆန်းဟု သွားလိုက်သည်။

"တူ တူ တူ"

လက်ကိုင်ဖုန်း အသံမြည်လာလို့ ငုံ့ကြည့်လိုက်တော့ ကြီးညို ဖုန်းဖြစ်နေသည်။

“ဟဲလို”

“ပြောပါ ဘကြီးညို”

“အိမ် ဂို ကတ္တီပါအစ်မဆိုတဲ့ ကလေးမ ဖုန်းဆက်လို့ကွဲ့ မောင်ဗလ၊ အဲဒါ ဘကြီးညို ဘာပြောလိုက်ရမလဲ”

“ဆေးရုံကိုသာ လိုက်လာခဲ့လို့ ပြောလိုက်ဗျာ၊ ကျွန်တော့် ဖုန်းနံပါတ်လည်း ပေးလိုက်၊ ကျွန်တော် ထွက်စောင့်နေလိုက်မယ်၊ အခြေအနေကလည်း ဘကြီးညိုသိတဲ့အတိုင်းဆိုတော့ အဖြစ်မှန်ကို သူသိမှဖြစ်မှာပဲလေ”

“ကောင်းပါပြီကွယ်၊ လူလေးပြောတဲ့အတိုင်းပဲ ဘကြီးညို ပြောပြလိုက်ပါ့မယ် ဒါပဲနော် လူလေး”

“ဟုတ်ကဲ့”

ကတ္တီပါအစ်မ ဆေးရုံကိုလိုက်လာတော့မည့်အကြောင်းကို တွေးလိုက်တော့ နည်းနည်းရင်မောသွားသည်။ ဖုန်းထဲမှာ စကားပြောအဆင်မပြေခဲ့ရသမျှ အပြင်မှာတော့ အဆင်ပြေပြေဖြစ်အောင် ကြိုးစားပြောရန် ကြိုတင်စဉ်းစားထားသည်။

ကိုယ်က ယောကျ်ားလေးရှင်လည်း ဖြစ်သည့်အပြင် တစ်ဖက်က အားငယ်နေသူ မိန်းမသားတွေဆိုတော့ ကိုယ့်ဘက်က အလျှော့ပေးရန်ကတစ်ပါး တခြားမရှိ။

“တူ တူ တူ”

“ဟဲလို”

“ကျွန်မ ကတ္တီပါအစ်မပါ၊ အခုရှင်ဘယ်မှာလဲ”





“ဆေးရုံရှေ့မှာ မင်းအလာကို စောင့်နေတယ်”

“ကောင်းပြီ၊ ကျွန်မ အခုပဲရောက်လာမယ်၊ ဆက်စောင့်ပေးပါ”

ဗလ ဘာမှမပြောရသေးခင် တစ်ဖက်က ဖုန်းချသွားသည်။ အသံနှင့် တုန်တုန်ရီရီ မူမမှန်သည့်အသံကြောင့် ညီမဖြစ်သူအတွက် ကတ္တီပါအစ်မ ဘယ်လောက်စိတ်ထိခိုက်နေသည်ကို ခန့်မှန်းမိသွားရသည်။

ထိုအသံပိုင်ရှင်မှာ သူချစ်သော၊ မြတ်နိုးသော ယူဇနာ၏ အသံဟု ရုတ်တရက် ဗလကိုယ်တိုင် မမှတ်မိ။ ဖုန်းကို ခါးမှပြန်ချိတ်ပြီး ဆေးရုံရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခိုက်မှာ အရှိန်ခပ်ပြင်းပြင်း မောင်းဝင်လာသည့် ကားတစ်စီးကြောင့် ခြေလှမ်းမျက်ခုံးထူတွေ တွန့်သွားသည့်အခိုက်မှာပင် ကားလေးက သူ့ဘေးနားကို လျှောခနဲ ရောက်လာ၏။

ထိုကားကို သူမှတ်မိနေသလို ထိုကား၏ပိုင်ရှင်ကိုလည်း သူတစ်သက် ဘယ်တော့မှ မေ့ရက်မည်မဟုတ်ပါ။ ထိုကားပိုင်ရှင်က တခြားသူမဟုတ်။ သူချစ်သော မြတ်နိုးသော ယူဇနာ၏ကားဖြစ်သည်။ ထင်သည့်အတိုင်း ကားပေါ်က ဆင်းလာသူက တခြားသူမဟုတ်။

ယူဇနာကိုယ်တိုင် ဖြစ်နေသည်။

“ယူဇနာ”

“ကိုမင်းထင်ပါလား၊ ဘယ်လိုလုပ်ပြီး ဆေးရုံကိုရောက်

နေတာလဲဟင်''

''ကျွန်တော့်ညီ ဆေးရုံတက်နေရလို့ပါ၊ ယူဇနာကရော''

''ကျွန်မညီမလည်း ဆေးရုံရောက်နေတယ် ကြားလို့ပါ၊ ခဏလေးနော် ကျွန်မ လူရှာလိုက်ဦးမယ်''

ယူဇနာက ဗလကိုဖြေရင်း လှပသောမျက်ဝန်းကြီးများက ဆေးရုံအနှံ့ သူမတွေ့လိုသူကို လှည့်ပတ်ရှာဖွေကြည့်နေဟန်ကို မြင်လိုက်ရတော့ ဗလရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ တစ်ပြိုင်နက်ထဲမှာပင် ဗလရင်ထဲမှာ တစ်စုံတစ်ရာကို အဖြေရှာတွေ့လိုက်သလို ဖြစ်သွားသည်။

''ယူဇနာ''

''ရှင်''

''ယူဇနာညီမနာမည်က ဘယ်သူလဲဟင်၊ ဒီဆေးရုံကို ဘာရောဂါနဲ့ ရောက်နေတာလဲ''

''ကျွန်မညီမလေးက ကတ္တီပါပါ''

''ဒါဖြင့် ကားအက်စီးဒင့်နဲ့ ရောက်နေတဲ့တစ်ယောက်ပေါ့''

''ရှင်''

''ညီမလေးကို ကိုမင်းထင် သိနေတယ်''

''အင်း''

ယူဇနာ၏ အံ့ဩနေသော မျက်နှာလှလှလေးကို အံ့ဩမယုံနိုင်စွာကြည့်ရင်း သူ လေးပင်စွာပင် ဦးခေါင်းကို ညိတ်ပြလိုက်





သည်။ ကတ္တီပါအစ်မ အပျိုကြီးဆိုသည်မှာ တခြားသူမဟုတ်ဘဲ သူမြတ်နိုးစွာ ချစ်မိပြီဖြစ်သော ယူဇနာဆိုသည့် မိန်းမချောလေး ဖြစ်နေလိမ့်မည်ဟု ယောင်၍ပင် စိတ်ကူးယဉ်မကြည့်ပါဘဲနှင့် တကယ်တွေ့မှာ စိတ်ကူးယဉ်သည်ထက်ပင် ဆန်းကြယ်၍နေခဲ့သည့် အဖြစ်ကို မည်သူသိနိုင်ပါမည်နည်း။

''ကျွန်မညီမလေး ကတ္တီပါ အခုဘယ်မှာလဲရှင်၊ အခြေအနေကရော ဘယ်လိုလဲ၊ စိုးရိမ်ရလားဆိုတာ သိပါရစေ ကိုမင်းထင်ရယ်''

''ကျွန်မ ရင်တွေပူလွန်းလို့ပါ''

''ယူဇနာ ညီမလေးအခြေအနေက စိုးရိမ်စရာမရှိပါဘူးဗျာ၊ အခြေအနေကောင်းပါတယ်''

''တော်ပါသေးရဲ့ရှင် ဒါနဲ့ ရှင်က ဒီဆေးရုံက ဆရာဝန်လား၊ ဒါကြောင့် ကတ္တီပါအကြောင်း ရှင်သိနေတာပေါ့နော် ဟုတ်လား''

လူချင်းသိနေသည်ဆိုပေမယ့် ယူဇနာက သူ့အကြောင်း ဘာတစ်ခုမှ သိတာမဟုတ်။ အခုမှ ဆေးရုံမှာ အမှတ်မထင်ဆုံဖြစ်မှ ညီမဖြစ်သူ ကတ္တီပါနှင့် ပတ်သက်လာမှ မင်းထင်ဗလဆိုသည့် လူကို ဆရာဝန်တစ်ယောက်အဖြစ် စတင်စိတ်ဝင်စားစွာ မေးမြန်းလိုက်မိခြင်းဖြစ်သည်။

''အင်း ကျွန်တော်က ဆရာဝန်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီဆေးရုံမှာ တာဝန်ကျနေတဲ့ ဆရာဝန်တော့

မဟုတ်ဘူးဗျာ၊ ကိုယ်ပိုင်ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်ပါ''

''သြော် သြော်''

''ကျွန်မညီမ ကတ္တီပါဆီ လိုက်ပို့ပေးပါလားရှင်၊ ကျွန်မ မသွားတတ်လို့ပါ''

''ရတယ်လေ ကျွန်တော်တို့ အတူသွားကြတာပေါ့''

''ဟုတ်ကဲ့''

မင်းထင်ဇလ ဦးဆောင်ရာနောက်ကို ယူဇနာ အတူလိုက်ပါလာပေမယ့် အခုချိန်ထိ ဧယျအစ်ကို ဇလဆိုသည့်လူ၏ အရိပ်အယောင်ကိုပင် မတွေ့ရခြင်းကို ယူဇနာ စိတ်ထဲက ခံပြင်းနေမိပါသည်။

ဟိုလူလည်း ဒီနေရာက စောင့်နေမယ်ဆိုပြီး အခုထိ ပေါ်မလာဘူး။ ကတ္တီပါ အခုလိုဖြစ်ရတာလည်း ဧယျဆိုတဲ့ သူ့ညီလေးကြောင့် ဖြစ်ရတာ။ လူချင်းတစ်ခါမှ မမြင်ဘူးပေမယ့် အနည်းဆုံးတော့ သူမကို စောင့်နေသူတစ်ယောက်ရှိရင် ထိုလူကို ဧယျအစ်ကိုလို့ သူမချက်ချင်းသိနိုင်မှာပါ။

အခုတော့ မင်းထင်ဇလဆိုသည့်လူကိုသာ တွေ့ရပြီး တခြားမည်သူမျှ သူမကို စိတ်ဝင်တစား စောင့်ဆိုင်းကြိုဆိုနေမည့်သူကို မတွေ့ရ။

''ကတ္တီပါ ညီမလေး''

''ကတ္တီပါ ကတ္တီပါ ဖြစ်ရလေညီမလေးရယ်''

ညီမဖြစ်သူကို မြင်လိုက်ရသည့် မြင်ကွင်းက ယူဇနာ





(...)င်ကို စို့နင့်နာကျင်သွားစေကာ ဆေးရုံခုတင်ထက်မှာ ပက်လက်(...)လေးဖြစ်နေသည့် ညီမငယ်နားကို အပြေးရောက်သွားကာ ညီမ(...)ယ်မျက်နှာလေးကို ငုံ့ကြည့်လိုက်တော့ ကတ္တီပါ မျက်လုံးလေး(...)များ ဖြည်းညှင်းစွာ ပွင့်လာပါသည်။

''မမ''

''ညီမလေး''

''ညီမလေးတို့ကို ခွင့်လွှတ်ပါနော်၊ ဧယျလေ ဧယျ(...)သူ သူ့ ဘာမှမဖြစ်ဘူးမဟုတ်လားဟင်၊ ညီမလေးကို ဧအကြောင်းအမှန်အတိုင်းပြောပြပါ မမရယ်''

''အို မငိုနဲ့လေ ကတ္တီပါ၊ မမညီမလေးကို အပြစ်မတင်(...)ပါဘူး ညီမရယ်၊ ဟို ညီမရဲ့ ဧလည်း အခြေအနေကောင်းပါ(...)တယ်ကွယ်၊ သူ့အစ်ကို ဖုန်းဆက်ပါတယ်''

''တကယ်နော် မမ''

''တကယ်ပါကွယ်၊ ကတ္တီပါသာ နေကောင်းအောင်နေပါ ညီမရယ်နော်''

''မမရယ်''

''မငိုပါနဲ့ ကတ္တီပါရယ်၊ တိတ်နော် တိတ်ပါကွယ်''

ယူဇနာ လက်ကလေးတစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ကလေးတစ်ယောက်လို တသိမ့်သိမ့်ငိုရှိုက်နေသော ညီမဖြစ်သူကိုကြည့်ကာ ယူဇနာကိုယ်တိုင်လည်း မျက်ရည်မဆည်နိုင်အောင်ဖြစ်လာရတာမို့ ညီမဖြစ်သူနှင့်အတူ ရောငိုနေသည့် မြင်ကွင်းကို

ငေးကြည့်ရင်း...

ဗလရင်မှာဆူဝေကာ သူတို့ညီအစ်ကိုနှစ်ယောက်အကြောင်းကို တွေးကာ မွန်းကြပ်ရှုပ်ထွေးသွားကာ ဟင်းခနဲ သက်ပြင်းရှိုက်လိုက်မိသံကို မည်သူမှ မသိလိုက်ကြပါ။

✣ ✣ ✣



## အခန်း [၁၃]

"ရှင်က ဇေယျအစ်ကို ဗလပေါ့ဟုတ်လား"

"ဟုတ်ပါတယ်"

"ကြည့်စမ်း"

မင်းထင်ဗလဆိုသည့်လူ၏ မျက်နှာချောချောက တည်ကြည်ငြိမ်သက်နေပေမယ့် ယုဇနာ မျက်နှာလှလှလေးမှာတော့ စိတ်ဆိုးဒေါသလေးတွေနှင့် ခံပြင်းမဆုံးဖြစ်နေရပါသည်။

"ရှင် ရှင် ကျွန်မကို ကတ္တီပါအစ်မမှန်းသိလို့ တမင်ဝင်ရောတာမဟုတ်လား၊ ရှင့်အကြံ ဒါအကုန်ပဲလား ပြောစမ်းပါဦး"

"ယုဇနာ ထင်သလို ဘာစ်ခုမှမဟုတ်ဘူးဆိုတာ ယုံပါ"

"မယုံဘူးရှင့်၊ မယုံဘူး၊ ရှင့်ညီနဲ့ကျွန်မညီမကို လုံးဝသဘောမတူဘူးလို့ ပြောထားတဲ့ ကျွန်မကို တမင်ပညာပြချင်လို့ အခုလို"

"ယူဇနာ"

ချစ်ရသူအမည်ကို ဗလ တစ်အားလုံးအော်ပစ်လို က်သည်။ နာကြည်းမှုတွေနဲ့ ခံပြင်းကြေကွဲနေသော ယူဇနာ မျက်နှာ လှလှလေးနှင့် သူမထံမှ မဟုတ်မမှန် ပြောဆိုစွပ်စွဲမှုတွေက ဗလ၏ နှလုံးသားကို အဘယ်မျှ ခံစားနာကျင်စေသည်ကို သူမသိ မဟုတ်။

ဗလမျက်နှာကို အမုန်းဖြင့် စိမ်းလက်နေသော မျက်ဝန်း အစုံဖြင့်သာ နာနာကျင်ကျင် စူးစိုက်ကြည့်နေပုံကိုက ရင်နာစရာ

"ကိုယ် ယူဇနာကို ကတ္တီပါအစ်မလို့ လုံးဝမသိခဲ့ဘူး သိခဲ့ရင်လည်း အခုလို မြတ်မြတ်နိုးနိုးချစ်မိရင် ချစ်မိမှာပဲ၊ အဲဒါဟာ အပြစ်တစ်ခု ကျူးလွန်တာလည်းမဟုတ်ဘူး၊ ကလဲ့စားချေချင်လို့ တမင်ကျောရရုံကြံတာလည်း မဟုတ်ဘူး"

"ယူဇနာကို ကိုယ်ချစ်တယ်၊ အဲဒါ အမှန်တရားပဲ၊ တခြား ဘယ်လိုအကြောင်းအရာနဲ့မှလည်း မရောထွေးဘူး၊ ချစ်တာဟာ ချစ်တာပဲ"

"ကိုယ် ယူဇနာကိုချစ်တယ် လက်ထပ်မယ်၊ ဒါပဲ"

လှပသော ယူဇနာမျက်နှာလေးကို စူးစိုက်ကြည့်ရင်း စကားကို တစ်ခွန်းချင်း တည်ငြိမ်အေးဆေးစွာ ပြောနေသူ၏မျက်နှာ မှာ နူးညံ့သိမ်မွေ့မှုတွေနှင့် ရှုန်းလဲ့ဝေရီသော အကြည့်စူးစူးလက် လက်တွေကြားမှာ ယူဇနာ အသက်ရှူကြပ်သွားသည်။

ရင်ထဲမှာနာသည်။





အသည်းထဲမှာ နာသည်။ သူပြောနေသည့်စကားတွေကို အမှန်တရားတွေဟု ယူဇနာ မယုံကြည်။ ဖုန်းထဲမှာ ဘယ်တုန်းကမှ စကားပြောအဆင်မပြေခဲ့သည့် လူတစ်ယောက်အဖြစ် သူမသိထားသည့် လူတစ်ယောက်က ဤမျှနူးညံ့သိမ်မွေ့သော တခြားလူ တစ်ယောက် ဖြစ်နေစရာအကြောင်းမရှိဟု ထင်သည်။

ဒါ ယူဇနာကို တမင်လှည့်စားနေတာပဲဖြစ်မှာပါဟု တွေး လိုက်မိတော့ ရုတ်တရက် တွေဝေနေသောစိတ်မှာ နေသာထိုင်သာ ရှိသွားသည်။

"ယူဇနာ"

"ရှင့်ကိုကျွန်မမုန်းတယ်"

"ဟင်"

"နောက်ဘယ်တော့မှ ကျွန်မနဲ့ပတ်သက်ဖို့ မကြိုးစား ပါနဲ့"

"ယူဇနာ"

"အို ဒါဘာလုပ်တာလဲ"

"ယူဇနာကို ကိုယ်ချစ်တယ်၊ ယူဇနာရဲ့အမုန်းကို ကိုယ်မခံ နိုင်ဘူး၊ ဒါကို ယူဇနာ သိထားပါ"

တင်းကြပ်လွန်းသည့် အထွေးအပွေ့ကြားမှာ ယူဇနာ တစ်ကိုယ်လုံး မွန်းကြပ်သွားရသလို သူ့ရင်ဘတ်ကြီးကို သူမလက် အစုံလေးနှင့် တွန်းကန်ထားပေမယ့်မရ။

မျက်နှာနှစ်ခု နီးကပ်လွန်းသော အနေအထားမှာ ဗလ

ဆိုသူက သူ့ရင်ထဲက ခံစားချက်တွေကို နှစ်ကိုယ်ကြား တိုးကြိ
ဆိုလာတော့ မျက်နှာချင်း ထိလုမတတ် ရှိနေပါသည်။

ရှောင်ဖယ်ချင်၍မရ။

"ရှင် လွှတ်နော်"

"ယူဇနာ"

"အိုး"

နွေးထွေးသောအတွေ့မှာ ယူဇနာတစ်ကိုယ်လုံး ထူပူ
ဝေသွားသည်။

ညအမှောင်အားကိုးဖြင့် ဒီလူ ဤမျှအတင့်ရဲခြင်းကို အံ့
နေမိ၏။ ယူဇနာတို့နှစ်ယောက် ရောက်ရှိနေသည့် နေရာတဝိုက်
အမှောင်ကျနေသလို လူသွားလူလာကလည်း ကင်းပြတ်နေသည်
ကား နှစ်စီးကြားမှာ သူတို့ရောက်နေရုံသာမက ပန်းချုံအကွယ်
ပိုဆိုးသည်။

"ဘာဟယ်"

"ဖြန်း"

အသားချင်း ပြင်းထန်စွာ ထိခတ်မိသံအဆုံးမှာ ယူဇနာ
နေရာမှ ချာခနဲလှည့်ထွက်ခဲ့သည်။ ညီမငယ်ကတ္တီပါထံကို ဘယ်
ပုံစံနှင့် ပြန်ရောက်လာမှန်းမသိ။ လူတစ်ကိုယ်လုံး ထူပူရှက်
ပြာဝေနေတာပဲ သိသည်။

ဒေါက်တာဗလဆိုသည့်လူ၏ မျက်နှာကို နောက်ထ
မဆုံချင်တော့။ ထိုလူကို ဤမျှရဲတင်းလိမ့်မည်ဟု ထင်မထားခဲ့





အခုတော့ အတွေးက ထိုနားမှာ ရပ်တန့်သွားပြီး ပါးလေးတွေ
နွေးရှက်ရွံ့စွာ အနေရခက်သွားသည်။

ဆရာဝန်က မနက်ဖြန် ကတ္တီပါကို ဆေးရုံကဆင်းခွင့်
ပြုထား၍သာ တော်တော့သည်။ ထိုသို့မဟုတ်လျှင် ဒီလူမျက်နှာကို
ဘယ်လို ကြည့်ရမည်မသိပါ။ နာကျင်သွားသည့် နှုတ်ခမ်းလေးကို
ယောင်ရမ်း စမ်းကြည့်ရင်း ရင်ထဲမှာ ဒေါသလေးတွေ ရှက်မွှန်း
ထွေးဝေလာသည်။

အို…တော်ပြီ…တော်ပြီ။

ဒီလူနဲ့ နောက်ဘယ်တော့မှ မဆုံတာပဲ ကောင်းတယ်။
အပေါ်ယံကြည့်တော့ လူယဉ်ကျေးလိုလိုနဲ့။ ဖေယျာအစ်ကိုမှန်းမသိ၍
ရင်ထဲမှာ တွယ်တာမိသော သံယောဇဉ်လေးကို နှမြောတသစွာ
အလျှင်အမြန် သိမ်းဆည်းမျိုချပစ်လိုက်မိသည်။ ထီမထင်ဆိုသည့်
လူနှင့်ယှဉ်လျှင် မင်းထင်ဗလဟု သူမသိထားသော ဒေါက်တာဗလ
အပေါ်မှာ ယူဇနာရင်ထဲ တိတ်တခိုး အလေးထားခဲ့မိသမျှ အခုမှ
နောင်တရနေမိသည်။

ယူဇနာနည်းတူ မယုံကြည်နိုင်လောက်အောင် ပြောင်းလွဲ
သွားသည့် ကံကြမ္မာအောက်မှာ နေရင်းထိုင်ရင်း ချစ်သူ၏အမုန်းကို
ခံလိုက်ရသူက ဒေါက်တာဗလဆိုသည့် သူကိုယ်တိုင်ပါ။

ယူဇနာဆိုသည့် မိန်းမလှလေးကို သိပ်ချစ်မိပါပြီဆိုမှ
ကံကြမ္မာက သူ့ကို အလွမ်းဇာတ်လမ်းတစ်ပုဒ် ကပြဖို့ ဖန်တီးပေး
လိုက်လေသလား မပြောတတ်။

ချစ်မိပြီ ယူဇနာရယ်။

ဦးခေါင်းငိုက်စိုက်နှင့် ငြိမ်သက်နေရာမှ သူ့ရင်ထဲက အ

တွေကို ဘယ်သူမှ မကြားနိုင်မှန်း သိလျက်နှင့် တီးတိုးဆိုည

လိုက်မိသည်။

ဓေယျအစ်ကိုအဖြစ် သူ့ကို သိသွားပြီးနောက်မှာ ယူဇ

ဘက်က အပြုအမူ အပြောအဆိုလေးတွေအားလုံး ယူပစ်သ

ပြောင်းလွဲသွားခြင်းကို သူရင်အနာဆုံးဖြစ်သည်။ သူ့ကို ညီ

ဓေယျလို လူရှုပ်လူပွေတစ်ယောက် ဟု ထင်မြင်နေခြင်းက အဆိုး

ဟု ဆိုချင်သည်။

ဒေါက်တာဗလဘဝမှာ ဘယ်လိုမိန်းကလေးမျိုးနှ

ရှုပ်ထွေးပွေလီခြင်း မရှိခဲ့ပေမယ့် ဓေယျဆိုသည့် လူရှုပ်ကေ

ကြောင့် သူပါ ရောယောင်ပြီး အထင်လွဲစရာ ဖြစ်ခဲ့ရသည့်အဖြ

ယူဇနာနားလည်လာအောင် ဘယ်လိုရှင်းပြရမည်မသိပါ။ မရည်ရွ

ဘဲနှင့် ဖြစ်ခဲ့ရသည့် အဖြစ်ကြောင့်လည်း ယူဇနာဘက်က သ

ပိုမုန်းသွားမည်ထင်သည်။

သူ့ဘက်ကတော့ အခုမှ ပို၍ ယူဇနာကို မြတ်မြတ်နိုး

စွဲစွဲလမ်းလမ်း ဖြစ်သွားခဲ့ရပြီဟု သူမသိအောင် ပြောပြချင်မိသ

ညီငယ်ဓေယျနှင့် ကတ္တီပါတို့ အချစ်ကိုလည်း အခုတော့ အပြစ်မ

တော့ပါ။

သိပ်ချစ်လာရင် လူတွေက ဘာမဆို မိုက်မဲစွန့်စားဝံ့သူ

ချည်း ဖြစ်သွားတတ်ကြကြောင်း ဗလ ကိုယ်တွေ့ကြုံမှ ကိုယ်ချင်း





နာလာခြင်းဟု ဆိုချင်သည်။ ဗလမှာ အချစ်မရှိတုန်းကတော့ ဓေယျ

ကို ဘာပဲလုပ်လုပ် အပြစ်တွေချည်း မြင်မိသည်။

ကိုယ်ကိုယ်တိုင် မခံစားဘူးတော့ အချစ်ကို စာနာမှုကင်းမဲ့

မိသည်။ တကယ်ချစ်မိပြီဆိုတော့ ချစ်သူဆီက အချစ်ကို ရယူချင်

လာသည်။ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ချင်လာသည်။ ညီငယ်နားမှာ

လူက အတူရှိနေပေမယ့် စိတ်အာရုံတွေကတော့ ယူဇနာထံမှာသာ

ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်နေသည်။

မနက်လင်းသည်နှင့် ယူဇနာတို့ ညီမထံရောက်သွားတော့

ညီမနှစ်ယောက်စလုံးကို မတွေ့ရတော့။ ဆေးရုံက အစောကြီး

ဆင်းသွားပြီဟု သိရသည်။ ဓေယျခမျာ သူ့ချစ်ဇနီး၏မျက်နှာကို

မတွေ့ရတော့ ဝေဒနာတွေ ဖျတ်ဖျတ်လူးကျန်ရစ်သည်မှာ သူ့ခန္ဓာ

ကိုယ်ပေါ်က ဒဏ်ရာတွေကိုတောင်မှ ဂရုမစိုက်နိုင်သည့်အထိပါ။

"ဒုက္ခပါပဲ ကိုကိုရာ၊ ဟိုအပျိုကြီးမမက ကတ္တီပါကို

ကျွန်တော်နဲ့ခွဲဖို့ လစ်ပြေးသွားတာလားမှမသိတာ သူ့အိမ်ကို

တစ်ချက် ဖုန်းဆက်ပေးပါဦးဗျာ၊ ကျွန်တော် ကတ္တီပါနဲ့ စကားပြော

ချင်လွန်းလို့ပါ"

"စိတ်ကို အေးအေးထားပါ ညီလေးရာ၊ ယူဇနာလည်း

အဲဒီလောက် ရက်စက်မယ်မထင်ပါဘူး၊ သူ့ညီမကို ကိုကို့ရှေ့မှာတင်

ခွင့်လွှတ်တယ်လို့ ပြောနေသားပဲ"

"တကယ်လား ကိုကို"

"တကယ်ပေါ့ကွ အခုချိန်ကြမှ သူ့ညီမကို ပြန်သိမ်းသွား

လို့လည်း အိုရာက ပြန့်ပိုလာမှာမှ မဟုတ်ဘဲ ဘယ်သူက တစ်ရှ
က နှစ်ရှက်ဖြစ်အောင် လုပ်ရဲကြမှာလားကွာ”

“ဟုတ်ပါတယ်လေ ကျွန်တော် အစိုးရိမ်လွန်သွားတာ
မှာပါ၊ ဒါပေမယ့် ဖုန်းတော့ပြောချင်တယ်ဗျာ၊ ဘာဖြစ်လို့ ကျွန်တေ
ကို ဘာတစ်ခုမှ မပြော မဆိုဘဲ အခုလိုကြီး လုပ်သွားရတာလည
ဆိုတာ ကတ္တီပါကို မေးချင်လွန်းလို့ပါ”

ဒါတွေအားလုံး သူ့ကြောင့် ယှူဇနာ အခုလိုလုပ်သွားတ
သိပေမယ့် အခုချိန် ညီငယ်ကို ဒါတွေ ဘာတစ်ခုမှ ရှင်းပြမနေ
တော့ပါ။ ထို့ကြောင့် ယှူဇနာတို့အိမ်ကို ဇေယျအလိုကျ ဖုန်းလှ
ခေါ်ပေးလိုက်ပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ဖုန်းလာကိုင်သူက ကတ္တီ
ဖြစ်နေသည့်အတွက် ဇေယျအံ့တွက် အဆင်ပြေသွားသည်။

“ချစ်လား ဇေပါ၊ တကယ်ရက်စက်တယ်ကွာ ကို
ယောကျ်ားကို တစ်ချက်လှည့်မကြည့်ဘဲ ဆေးရုံက ဆင်းသွား
သလားဗျာ”

“ရှူး…တိုးတိုးပြောပါမောင်ရဲ့၊ ကတ္တီပါလည်း ဘာ
စိတ်ကောင်းပါ့မလဲ၊ မမက ဘာတွေဒေါသဖြစ်နေမှန်း မသိဘ
ကတ္တီပါကို ခွတ်ခေါ်လာတာ ပြောလို့ကိုမရဘူး၊ ဒါကြောင့် ဇေ
မတွေ့လိုက်ရတာပေါ့”

“အခု ဇေ ဘယ်လိုနေသေးလဲဟင်”

“သိပ်လွမ်းနေတယ်”





“ဟင်”

“ကတ္တီပါမျက်နှာလေးကို မြင်မှဖြစ်မယ်ကွာ၊ ဇေ
ကတ္တီပါကို ဘယ်လောက်ချစ်တယ်ဆိုတာ ချစ်သိတယ်မဟုတ်လား
ကွာ”

“ကတ္တီပါလည်း အတူတူပါပဲ ဇေရယ်”

“ဇေကို မလွမ်းဘူးလား”

ညီငယ် ဇေယျနားက ဗလ အသာထွက်လာခဲ့လိုက်ပါ
သည်။ ကြင်စဦး ဇနီးမောင်နှံနှစ်ဦး စကားတွတ်ထိုးကာ အချစ်ချင်း
ပြိုင် အလွမ်းချင်းပြိုင်နေသံတွေကို သူ ဆက်မကြားလို၍ ဖြစ်သည်။
အရင်တုန်းကလိုစိတ်နှင့် ဆိုလျှင်တော့ ဇေယျ အခုလို ဖြစ်ခွဲနေပုံ
ကို မြင်ပြင်းကပ်မိမှာ မျက်စိနောက်မိမှာ ဖြစ်ပေမယ့် အခုတော့
ကိုယ်ချင်းစာနာစိတ်နှင့် ကိုယ့်အဖြစ်ကိုယ်သာ မချိပြုံးပြုံးနေလိုက်မိ
၏။

သူသာ ယှူဇနာကို ပိုင်ဆိုင်ခွင့်ရပြီးပြီဆိုလျှင် ဇေယျထက်
ပင် ကဲမိသည်းမိမည်လား မပြောတတ်ပါ။ ဇေယျကို ဆေးရုံမှာ
နောက်ထပ်သုံးရက်နေစေပြီးမှ ဆေးရုံက ဆင်းခိုင်းလိုက်သည်။

ဗလ၏ဆရာကိုယ်တိုင် ဇေယျကို ကြပ်မတ်ကုသပေးခြင်း
ဖြစ်သဖြင့် ဗလအတွက် ပညာရလိုက်သည်။ ကိုယ်တိုင်ရိုးရိုး
ဆရာဝန်ဘွဲ့နှင့် ကျေနပ်မည့်သူ မဟုတ်သဖြင့် နောက်ထပ်ဆေးပညာ
ဘွဲ့ထပ်ယူရန် အစီအစဉ်ရှိထားသူပီပီ နိုင်ငံခြားထွက်ပြီး ပညာ
သင်ရန် စီစဉ်နေသူဖြစ်သည့်အတိုင်း လက်လှမ်းမီနိုင်သမျှ စာတွေ

လက်တွေ့ ကြိုးစားနေသူဖြစ်သည်။

အခုလို အချစ်ဝေဒနာ ကြားခံဝင်ရောက်လာတော့ သူ့ရင်ထဲမှာ သောကဗျာပါဒတွေ ဝင်ရောက်လာရကာ ဘာကိုမှ အရင်လို စိတ်မဝင်စားနိုင် ဖြစ်လာ၏။

“ကိုကို”

“ဟင်”

“ကတ္တီပါကို သိပ်လွမ်းနေပြီဗျာ၊ သူ့အစ်မကြီးကလည်း ကတ္တီပါကို ကျွန်တော်နဲ့ လုံးဝအဆက်အသွယ်မလုပ်ရဘူးလို့ ပြောထားတယ်တဲ့၊ ကိုကိုပြောထားတာနဲ့လည်း တခြားစီပါလား၊ ဘယ်လိုဖြစ်ကြတာလဲဗျာ”

ဒေယျကို ရုတ်တရက် သူဘာပြောရမှန်းမသိ။ ညီငယ်မျက်နှာကို ကြည့်လိုက်တော့လည်း အခုပဲ ပြုံကျတော့မည့်မိုးနှယ် ညှိုးမှောင်လို့ပါလား။

“ကိုကိုနဲ့ မမယုဇနာ တစ်ခုခုဖြစ်ထားကြပြီ မဟုတ်လား၊ ကျွန်တော်သိပါတယ်၊ ဒါကြောင့် တစ်ဖက်က ဒီလောက်တင်းနေတာ”

“ဟုတ်တယ် ဒေယျ ကိုကိုနဲ့ ယုဇနာ ပြဿနာဖြစ်ထားတာရှိတယ်”

မတတ်သာသဖြင့် သူဝန်ခံလိုက်တော့ ဒေယျမျက်နှာ အကြီးအကျယ် ပျက်သွားသည်။

“ဘာတွေဖြစ်ကြတာလဲဗျာ၊ ကျွန်တော့်ကိုပြောပါဦး၊





ကတ္တီပါလည်း သူ့အစ်မကြောင့် ငိုနေရပြီ၊ ဖြစ်ချင်ရာဖြစ် ကျွန်တော်တော့ ကျွန်တော့်မိန်းမဆီ လိုက်သွားတော့မယ်ဗျာ”

“ဖွတ်မလုပ်နဲ့ညီ ယုဇနာနဲ့ ကိုကိုကိစ္စကို ဒီနေ့ပဲ ကိုကိုသွားရှင်းမယ်”

“ဘယ်လိုရှင်းမှာလဲ ကိုကိုသွားရင် ကျွန်တော်လည်း လိုက်မှာပဲ”

“ပြောမရလည်း လိုက်ခဲ့ကွာ၊ ကိုကိုနဲ့ ယုဇနာဖြစ်နေတဲ့ ပြဿနာကလည်း တခြားပြဿနာမဟုတ်ဘူး၊ ကိုကိုကိုယ်တိုင် ယုဇနာကို သိပ်ချစ်သွားမိလို့ ဖြစ်ရတဲ့ပြဿနာပဲ”

“ဗျာ”

“ဟုတ်တယ်ဒေယျ မင်းက ကတ္တီပါကို သိပ်ချစ်မိသလို ကိုကိုကလည်း ယုဇနာကို သိပ်ချစ်မိနေပြီ”

“ဟာ”

ဇလက သူနှင့်ယုဇနာတို့ စတွေ့ပုံကစပြီး ချစ်မိပုံနောက်ဆုံး ဒေယျအစ်ကိုအဖြစ် သိသွား၍ ပြောဆိုရှင်းပြခွင့် မရအောင် မုန်းသွားပုံကအစ ညီငယ်ဖြစ်သူ ဒေယျကို အစအဆုံး ပြောပြလိုက်တော့ အစ်ကိုဖြစ်သူနှင့် ယုဇနာအကြောင်းကို နားထောင်ပြီး ဒေယျ ကိုယ်တိုင် မျက်လုံးအပြူးသား ပါးစပ်အဟောင်းသား ဖြစ်နေသည်။

“ဖြစ်ရလေ ကိုကိုရာ၊ ကျွန်တော့်အစ်ကိုဖြစ်နေပြီး ဒီလောက်ညံ့ရလား၊ ဒီလောက် ဇီဇာကြောင်တဲ့ လူပျိုကြီးက အပျိုကြီးမကို အပြတ်ရှာန်လျှော့အောင် လုပ်လိုက်ရင် ပွဲသိမ်းပြီဥစ္စာ

ဘာတွေ ဒီလောက် စိတ်ညစ်ခံနေတာလည်းဗျာ''

''ဘာမှမပူနဲ့ ကိုကိုတို့နှစ်ယောက် အဆင်ပြေအောင် ကျွန်တော်တို့လင်မယားနှစ်ယောက် အပြတ်ကူညီမယ်ဗျာ''

''ကိုကိုတို့ကိစ္စ အသာထားစမ်းပါဦးကွာ၊ မင်းတို့နှစ်ယောက်ရဲ့ မင်္ဂလာကိစ္စကိုသာ အရင်အဆင်ပြေအောင် လုပ်စမ်းပါ''

''စိတ်ချစမ်းပါ ကိုကိုရာ၊ တစ်ကြိမ်နဲ့ခိုးလို့မရတော့လည်း ကိုယ့်မိန်းမကိုယ် နောက်ထပ်တစ်ကြိမ်ခိုးဖို့ လူဆိုးတွေနဲ့ မောင်တိုင်ပင်ရဦးမှာပေါ့''

''အဟတ်...ဟား...ဟား''

အခုမှ အကြောင်းစုံသိခွင့်ရသွားသော ဇေယျက အစ်ကိုဖြစ်သူနှင့် ကတ္တီပါမမ အပျိုကြီး ယှူဇနာတို့ ဖူးစာဆုံပုံ ဆန်းကြယ်ပုံကို တွေးကာ အားပါးတရ ရယ်မောပစ်လိုက်ပါသည်။

ချက်ချင်းလိုပင် စိတ်ရှုပ်ထွေးနေပုံရသော အစ်ကိုဖြစ်သူ မျက်နှာချောချောကိုကြည့်ကာ အကြံဉာဏ်တွေ ဝင်လာကာ နှုတ်ခမ်းအစုံကို မိန့်မိန့်ကြီး ပြုံးလိုက်သည်။

ဇေယျကြံလျှင် ဘာခံနိုင်မည်နည်း။

''ဟုတ်ပြီ''

ဇေယျက သူ့အကြံသူ သဘောကျသွားကာ လက်ဖျောက် တစ်ချက်တီးလိုက်သည်။

''ဒီမှာကိုကို ကျွန်တော်ပြောသလိုသာလုပ် မမယှူဇနာရဲ့ အချစ်ကို အပိုင်ရရစေမယ်ဗျာ သိလား''





''ငါက ဘာလုပ်ရမှာလဲ''

''ဒီလိုဗျာ''

ဇေယျက သူ့အစ်ကိုကို သူ့စိတ်ကူးအကြံအစည်တွေကို ပြောပြလိုက်တော့ ဗလ မျက်ခုံးတွန့်သွားကာ ညီဖြစ်သူကို သဘောမကျသလို ပြန်ကြည့်သည်။

''ဖြစ်ပါ့မလား''

''ဖြစ်ပါတယ်ဗျာ၊ လုံးဝပဲ''

လောလောဆယ် သူ့မှာလည်း တခြားအကြံဉာဏ် မရှိ။ ဇေယျပြောသမျှကို လက်ခံရုံသာရှိသည်။

✤ ✤ ✤

## အခန်း [၁၄]

“ဒီလိုခေါင်းမာနေလို့ ဘယ်ဖြစ်ပါ့မလဲ ညီမရယ် နစ်နာစရာရှိရင် မိန်းကလေးရှင်ပဲ နစ်နာတာပေါ့ကွယ်၊ ကတ္တီပါတို့လက်ထပ်ပွဲကို အမြန်ဆုံးကျင်းပနိုင်အောင် စီစဉ်မှပေါ့ကွယ်”

“ပြီးတော့ သူများချစ်ခြင်းကို ခွဲတယ်ဆိုတာ သိပ်ငရဲကြီးတဲ့အလုပ်မို့ ကြောက်စရာပါညီမရယ်”

“ဟင်း”

မမဦးကတော့ ယူဇနာလုပ်ပုံတွေ မှားနေကြောင်း ခါးခါးသီးသီး အပြတ်ဝေဖန်လိုက်တာကို ပြန်ကြားယောင်ရင်း သက်ပြင်းတစ်ရှိုက်ရှိုက်နှင့် ကားမောင်းနေမိသူက ယူဇနာဖြစ်သည်။

ဗလဆိုသည့်လူကို ဒေါသဖြစ်ဖြစ်နှင့် ညီမတို့ကိစ္စကို ရက်စက်စွာ လစ်လျူရှုထားမိသည့်အမှားကို အမြန်ဆုံးပြင်ဆင်ရန် တွေးမိတော့ ရင်ထဲပူလာသည်။ မမဦးပြောသလို သူများချစ်ခြင်း





ကိုခွဲလို့ ငရဲကြီးမှာတော့ ကြောက်ပါသည်။

ကတ္တီပါကို အိမ်ပြန်ခေါ်လာပြီး ဓေယျနှင့် အဆက်အသွယ်လုပ်ဖို့ တင်းကြပ်ထားမိပေမယ့် တကယ်တော့ ကတ္တီပါနှင့် ဓေယျဆိုတာ စာချုပ်စာတမ်းနှင့် တရားဝင်လက်ထပ်ထားသည့် နီးမောင်နှံတွေပါ။ ယူဇနာကြောင့် ကြင်စဦးချစ်သူနှစ်ဦး ခွဲနေကြရသည့်အဖြစ်ကို သေချာပြန်တွေးကြည့်တော့လည်း စိတ်မကောင်းစရာ။

ကတ္တီပါကိုယ်တိုင်လည်း အစ်မဖြစ်သူ၏ အရိပ်အခြေကိုကြည့်ပြီး ဘာမှအတင်းအကြပ်ကြီး မပြောပေမယ့် ဓေယျနှင့် ညတိုင်း ဖုန်းဆက်နေတာ ယူဇနာ တွေ့သားပင်။

“တူ တူ တူ”

“ဟဲလို”

“ယူဇနာ ကိုယ်ပါ”

ဗလဆိုသည့်လူပါလား။

မုန်းတာနှင့် ဘာစကားမှ ဆက်မပြောဘဲ ငြိမ်နေတော့ တစ်ဖက်က စကားဆက်လာသည်။

“ဓေယျတို့ မင်္ဂလာကိစ္စကို ဘယ်လိုစီစဉ်ရမလဲဆိုတာ သိချင်လို့ပါ၊ ယူဇနာတို့ စိတ်တိုင်းကျမယ့်နေရာကို ကိုယ်တို့တိုင်ပင်ပြီး ရွေးကြည့်ကြမလားဟင်”

ညင်သာတီးတိုးသံက နူးနူးညံ့ညံ့။

နီးမြန်းပါးလှပ်သည့် နှုတ်ခမ်းအစုံကို ဖျတ်ခနဲ မြင်ယောင်

လိုက်မိတော့ ရင်ထဲမှာ လှပ်ခနဲ ဖိုနွေးလိုက်ခုန်သွားကာ ပါးလေး
တွေ ပူနွေးသွားသည်။

“ယူဇနာ”

“ကိုယ်တို့ကိစ္စနဲ့ ဓေယျတို့ကိစ္စကို ရောထွေးမပစ်
နေကြရအောင်လားဗျာ၊ ကိုယ်ပြောတာ ယူဇနာ နားလည်ပါတယ
နော်”

“နားလည်တယ်ရှင့် နားလည်တယ်၊ ကတ္တီပါတို့ မဂ်လာ
ကိစ္စကို ဓေယျကတစ်ဆင့် ကတ္တီပါနဲ့ အကြောင်းပြန်ခိုင်းလိုက်မယ်
ကျွန်မမှာ ရှင်နဲ့စကားပြောစရာ မရှိဘူးရှင့်”

“ဗီ”

“ယူဇနာ”

ယူဇနာဘက်က ဖုန်းချသွားတာမို့ ဗလ ဘာမှပြောခွင့်မ
ဘဲ ဖြစ်သွားသည်။

ကိုယ့်မှာ ဘာအပြစ်ရှိလို့ ဒီလောက်တောင် မုန်းနေရတာလ
ယူဇနာအချစ်ရယ်။

ဓေယျတို့ မင်္ဂလာကိစ္စကို ယူဇနာက သူမပြောသည်
အတိုင်းပင် ကတ္တီပါမှတစ်ဆင့် ဆက်သွယ်အကြောင်းပြန်ခွင့်
ပြုလိုက်ရာ ဓေယျတို့ဇနီးမောင်နှံမှာ ပျော်မဆုံးပါ။ မင်္ဂလာကိစ္စက
နှစ်ဦးနှစ်ဘက် အားကြိုးမာန်တက် စီစဉ်နေချိန်တစ်လျှောက်လုံး
ယူဇနာက သူမနားမှာ လူတစ်ယောက်ကို အမြဲခေါ်ထားသည်။

ထိုလူက တခြားသူမဟုတ်။





ဟိုတစ်ခါက ဗလနှင့်ဆုံဘူးသည့် ထီမထင်ဆိုသည့်လူ။
နာမည်နှင့်လူနှင့် လိုက်သည်ဟု ပြောရမည်လားမသိ။ ထီမထင်
ဆိုသည့်လူက တစ်လောကလုံးမှာ သူနှင့်ယူဇနာ နှစ်ယောက်တည်း
ရှိနေသည့်အလား ယူဇနာကလွဲပြီး တခြားဘယ်သူ့ကိုမှ ဂရုမစိုက်။

ယူဇနာပြောသမျှ ခေါင်းညိတ်သည်။ ယူဇနာခိုင်းတာ
လုပ်သည်။ တစ်ချိန်လုံး ယူဇနာမျက်နှာကို မှန်တစ်ချပ်လို ကြည့်နေ
သည့် လူကို ဗလမျက်လုံးထဲမှာ ဘာတစ်ခုမှ ကြည့်မရ။

ဖြစ်နိုင်ရင် ယူဇနာနားက ထီမထင်ဆိုသည့်လူကို ကမ္ဘာ့
အပြင်ဘက် ရောက်သည့်အထိ အဝေးဆုံးသို့ ဆွဲယူလွှင့်ပစ်လိုက်ချင်
သည်။ ယူဇနာကလည်း ထီမထင်ဆိုသည့်လူ၏ သဘောကို ဒိသိ
နှင့် ဘာအတွက် သူမနားမှာ ဒီလိုလူတစ်ယောက်ကို ခေါ်ထားရ
သည်။

တခြားဘာအကြောင်းမှမရှိ။

ဗလဆိုသည့် သူ့ကို အရွဲ့တိုက်ချင်ရုံသက်သက် ခေါ်ယူ
ထားကြောင်း မြင်တာနှင့်သိပါသည်။

ထီမထင်ဆိုသည့်လူကို ယူဇနာမချစ်။

စိတ်လည်း ‿ ᐠးပုံမရပေမယ့် အားလုံးရှေ့မှာ အလိုက်
အထိုက် စိတ်ဝင်စားဟန် ဆောင်ပြနေ၏။ အထူးသဖြင့် ဗလရှေ့မှာ
ဆို ပိုဆိုးသည်။

ထီမထင်ဆိုသည့်လူနှင့် ယူဇနာကို ယှဉ်တွဲတွေ့ရတိုင်း
ဗလ မျက်နှာက ထိန်းမရအောင် ပျက်သွားတတ်တာကို ယူဇနာက

သဘော အကျဆုံးဖြစ်သည်။ ဒါကြောင့်လည်း ထီမထင်ဆိုသည် သူကို ကြည့်မရလှပေမယ့် အနားကထွက်သွားအောင် မောင်း ထုတ်ဖြစ်။

ကတ္တီပါတို့ လက်ထပ်ပွဲ အောင်မြင်စွာ ပြီးစီးသွားသည် နောက်မှာ ကတ္တီပါက ယောင်နောက်ဆံထုံးပါသွားသည်။ အိမ်ကြီး တစ်ခုလုံးမှာ ယူဇနာနှင့် ဒေါ်အုံတို့နှစ်ယောက်ထဲ ကျန်ရစ်ခေ ယူဇနာတစ်ယောက်တည်း ပို၍ အထီးကျန်ခြောက်ကပ်သွားသ ထင်မိသည်။

"ယူဇနာရေ အောက်ထပ်မှာ ဧည့်သည်တွေ ရောက်နေ တယ်"

"ဘယ်သူတွေလဲ ဒေါ်အုံ"

"ဒေါ်အုံလည်း မသိဘူးကွယ်၊ ဆင်းတွေ့ကြည့်လိုက်ပါဦး ယူဇနာ တွေ့ပါရစေလို့ ပြောတာပဲ၊ အဘိုးကြီးအဘွားကြီးနှစ်ယော တည်းပါ"

"ဘယ်သူတွေပါလိမ့်နော်၊ ယူဇနာ ဆင်းလာခဲ့ပါ့မယ် ဒေါ်အုံ"

"ကောင်းပါပြီကွယ်"

မှန်တင်ခုံရှေ့မှာရပ်ပြီး ကိုယ့်ကိုယ်ကို သပ်ရပ်အော ပြင်လိုက်သည်။ ပြီးတော့ အောက်ထပ်ကို ဆင်းခဲ့သည်။ အိမ်ရှေ့ ဧည့်ခန်းမှာ ထိုင်နေသည့် ဧည့်သည်အမျိုးသမီးကြီးနှင့် အမျိုးသား ကြီးစုံတွဲကို တွေ့လိုက်ရတော့ ယူဇနာ မျက်နှာပျက်သွားသည်





"သမီးလေးက ပိုလှလာပါလားကွယ်၊ အန်တီတို့ကို မှတ်မိရဲ့လား သမီးလေး၊ မောင်ထီရဲ့မိဘတွေပါကွယ်၊ ဟောဒါက သမီး အန်ကယ်"

"ဟုတ်ကဲ့"

"အဖေကြီး ဒါ ရှင့်သားပြောပြောနေတဲ့ ယူဇနာဆိုတဲ့ သမီးလေးပေါ့၊ ဓာတ်ပုံထဲကထက် အပြင်မှာ ပိုချောပိုလှမနေဘူး လားရှင်"

"ချောပါတယ် လှပါတယ်ဗျာ၊ ဒါကြောင့်လည်း ခင်ဗျား သားက ရူးနေတာပေါ့"

"အို"

"အဖေကြီးကလည်း ပြောတော့မယ်ရှင်၊ ရှင့်ကြောင့် သမီး လေး ရှက်သွားပြီ"

ထီမထင်၏မိဘနှစ်ပါးမှန်း မြင်လိုက်တာနှင့် သိလိုက်ရ ခြင်းက မိဘနှစ်ပါးစလုံး၏ အချောအလှ အမွေအနှစ် နှစ်ခုပေါင်းကို ထီမထင်က ပိုင်ဆိုင်ရရှိထားခြင်းကြောင့် ဖြစ်ပါသည်။

ထီမထင် မပါဘဲနှင့် သူမအိမ်အထိ သူ့မိဘနှစ်ပါး ရောက် လာရခြင်းမှာ ဘာကြောင့်ပါနည်း။ ယိုအဖြေကို ယူဇနာကိုယ်တိုင် အဖြေရှာ စဉ်းစား၍မရနိုင် ဖြစ်နေပါသည်။

"ထိုင် ထိုင် သမီးလေး၊ ရုတ်တရက်ကြီး အန်တီတို့ကို တွေ့လိုက်ရတော့ သမီးသိပ်အံ့သြသွားတယ်ထင်တယ်"

"ဟုတ်ကဲ့"

ထီမထင် မိခင်ကြီးက ယူဇနာနား နိုးနိုးကပ်ကပ် အတူလ
ထိုင်ရင်း ယူဇနာလက်ကလေးတစ်ဖက် ကြင်နာစွာ ဆုပ်ကိုင်ရင်း
ဆိုလာတာမို့ အနေရခက်စွာပင် ယူဇနာက သူမလက်ကလေးက
ထီမထင် မိခင်ကြီးထံမှ ပြန်ရုပ်သိမ်းလိုက်မိပါသည်။

"ဟို အန်တီတို့ လာရင်းကိစ္စကို သိပါရစေလားရှင်
ကျွန်မကို တွေ့ချင်တာ ဘာကိစ္စပါလဲ"

"သမီးနဲ့သား မေတ္တာမျှနေကြတဲ့ကိစ္စကို အန်တီတို့အားလုံး
သိပြီးပါပြီကွယ်၊ ဒါကြောင့်မို့ သားနဲ့သမီးတို့ မင်္ဂလာကိစ္စကို စီစဉ်နိုင
အောင်"

"အို ခဏလေးနေပါဦးရှင်၊ ကျွန်မ ရှင်းပြပါရစေဦး
ထီမထင်နဲ့ ကျွန်မက အန်တီတို့ထင်သလို မဟုတ်ပါဘူးရှင်၊ ကျွန်မ
နဲ့သူက"

"မကြာခင်လက်ထပ်ကြမယ့် ချစ်သူတွေမဟုတ်ဘူးလား
ယူဇနာ"

"ထီမထင်"

"သား"

ရုတ်တရက်ကြီး ဧည့်ခန်းထဲကို ဘွားခနဲဝင်လာပြ
ထီမထင်ကို မြင်လိုက်ရသဖြင့် ယူဇနာမှာ ထိုင်ရာက ဆတ်ခန
ထလိုက်မိသည့်အထိ ဒေါသလေးများဖြင့် ရှက်မွန်ပြာဝေသွား
ပါသည်။

"ရှင် ရှင် ကျွန်မအိမ်ပေါ်ကို လာပြီး ဘာတွေပြောနေတ





လဲ ထီမထင်၊ ရှင်နဲ့ကျွန်မ ဘယ်တုန်းက ချစ်သူတွေဖြစ်ခဲ့ကြလို့
လဲ ပြောစမ်းပါဦး"

"အို သမီးလေးရယ် ဘယ်လိုပြောလိုက်တာလဲကွယ်"

"အန်တီတို့ကို အားနာပါတယ်ရှင်၊ ကျွန်မနဲ့ ထီမထင်
ဘယ်တုန်းကမှ ချစ်သူတွေ မဖြစ်ခဲ့ကြပါဘူး"

"လုံးဝမဟုတ်ဘူး"

"သား"

"ကျွန်တော်နဲ့ ယူဇနာ ချစ်နေကြတာ သူ့ပတ်ဝန်းကျင်မှာ
ရော ကျွန်တော့်ပတ်ဝန်းကျင်မှာရော အားလုံးသိတယ် မေမေ"

"ရှင် ဘာတွေပြောနေတာလဲ"

"မှန်တာတွေပြောနေတာ ယူဇနာ၊ မင်းနဲ့ကိုယ် မကြာခင်
မှာ လက်ထပ်ကြတော့မယ်ဆိုတဲ့အကြောင်း ကဗ္ဗိပါ မင်္ဂလာပွဲ
ကျောင်းပခင်ထဲက အားလုံးကို ကိုယ်ပြောပြထားခဲ့ပြီးပြီ"

"ဘာ"

"သိပ်အံ့သြသွားလား ယူဇနာ၊ တစ်ချိန်လုံး မင်းအနားမှာ
မင်းခိုင်းသမျှလုပ်၊ ပြောသမျှနားထောင်တာ မင်းကိုချစ်လို့ သိပ်ချစ်
လို့ဆိုတာ မင်းမသိဘူးလား"

"အဲဒီလိုပဲ ကိုယ့်ကို မင်းအနားမှာ ခေါ်ထားတာလည်း
ချစ်လို့ပဲမဟုတ်ဘူးလား၊ အကြောင့် ကိုယ်တို့ချစ်သူချင်း လက်ထပ်
ဖို့ မေမေနဲ့ဖေဖေကို ကိုယ်ခေါ်လာတာ"

ဘုရားရေ ဒီလူဟာ ဦးနှောက်မှကောင်းသေးရဲ့လား မသိ

ဘူး။ အဓိပ္ပါယ်မရှိတဲ့အကြောင်းပြချက်တွေနဲ့ ယူဇနာ အိမ်ပေါ်အင
တက်လာပြီး ဒီလောက်ကြောင်ရဲတာ အံ့သြမယုံနိုင်အောင် ဖြစ်နေ
သည်။

ယူဇနာ အံ့သြနေချိန်မှာ ထီမထင် မိဘနှစ်ပါးမှာလည်း
သားဖြစ်သူရဲ့ အခြေအနေမလှပုံကို ရိပ်စားမိပုံဖြင့် မျက်စိမျက်နှ
ပျက်နေကြပါသည်။

သားဖြစ်သူပြောထားသည့် စကားတွေနှင့် လက်တွေ့ပြ
နေသည့် အနေအထားတွေအားလုံး ဆန့်ကျင်ဘက်တွေမို့ အဖြစ်မှ
ကို ကိုယ်စီနားလည်သဘောပေါက်သွားကြပုံဖြင့်…

“သားရေ မေမေတို့ ပြန်ကြရအောင်လားကွယ်၊ ဒီ
သမီးကိုလည်း တောင်းပန်ပါတယ်”

“ကျွန်တော် ပြန်မလိုက်ဘူး မေမေ”

“သား”

“မင်းကွာ အစထဲက သေချာနားထောင်မလာဘဲ
မင်းသားလုပ်ပုံ ဘယ်လောက်ရှက်စရာကောင်းလဲ၊ မင်းမလိုက်
နေ ငါပြန်မယ်”

“အဖေကြီး နေဦးလေ၊ ရှင့်သား ရှင့်သားကို ဘယ်
လုပ်မလဲ”

ထီမထင် အဖေကြီးက ရှက်ရှက်နှင့် နေရာက ထထွ
သွားနိုင်သော်လည်း မိခင်ကြီးမှာ သားဖြစ်သူကို နောက်ဆံငင်
သဖြင့် ခင်ပွန်းသည်နောက်ကို လွယ်လင့်တကူ အတူလိုက်ပါသွ





နိုင်ခြင်းမရှိဘဲ ထီမထင်နှင့် ယူဇနာနားမှာသာ အတူရှိနေရှာပါသည်။

“ကိုယ့်ကို လက်ထပ်မယ်လို့ပြောပါ ယူဇနာ”

“အို ကျွန်မက ဘာလို့ ရှင့်ကိုလက်ထပ်ရမှာလဲရှင့်၊
လက်ထပ်ရအောင် ရှင်နဲ့ကျွန်မကရော ဘာဆိုင်လို့လဲ”

“လက်ထပ်ပြီးရင် ဆိုင်သွားမှာပေါ့”

“ဘာတွေလာပြောနေတာလဲရှင့်၊ အန်တီ အန်ကယ်တို့သားကို
အမြန်ဆုံး ကျွန်မအိမ်က ပြန်ခေါ်သွားပါတော့ရှင်၊ ကျွန်မ တောင်းပန်
ပါတယ်”

နောက်ဆုံး ဘာမှမတတ်နိုင်တာနှင့် ထီမထင်မိခင်ကြီး
ဘက်လှည့်ပြီး ယူဇနာကိုယ်တိုင် တောင်းပန်စကား ဆိုလိုက်မိ
သည်။ ကြီးအုံကတော့ မကြုံစဖူး ထူးကဲလှသည့် အဖြစ်အပျက်
တွေကို တအံ့တသြကြည့်ရင်း ဘာတစ်ခုမှ မပြောနိုင်အောင် ဖြစ်နေ
ရှာပါသည်။

ထီမထင် စကားကို ယုံရနိုး၊ ယူဇနာစကားကိုပဲ လက်ခံ
ရနိုးနှင့် ဝေခွဲမရဖြစ်နေကာ ဆက်လက်ဖြစ်ပေါ်လာမည့် အခြေအနေ
ကို ရင်တထိတ်ထိတ် စောင့်ကြည့်နေဆဲမှာပင်…

“ကျွီး”

“ဟင် မမဦး”

ယူဇနာမှာ သူမအိမ်ရှေ့တည့်တည့် ထိုးဆိုက်ရပ်တန့်လာ
သည့် ကားတစ်စီးနှင့်အတူ ကားပေါ်မှာ မမဦးဆင်းလာတာကို
တွေ့လိုက်ရသဖြင့် အံ့သြဝမ်းသာသွားသလို ကားမောင်းသူဘက်မှ

ဆင်းလာသည့် ဒေါက်တာဗလကို တွေ့လိုက်ရ၍ လှပသောမျက်နှ
လေး သိသာစွာ ပျက်သွားရရှာပြန်ပါသည်။

ဒီလူ သူများအိမ်ကို ဘာလာလုပ်သည်မသိသလို မမ
လည်း သူကားနှင့် ယူဇနာအိမ်ကို ဘယ်လိုလုပ်ပါလာသည်
စဉ်းစားမရ ဖြစ်နေမိ၏။

"သြော် အန်တီတို့ပါ ရောက်နေကြတာကိုး၊ ရှင့်၊ အခေ
ပဲ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ဒေါက်တာမင်းထင်ဗလ
ယူဇနာနဲ့ မကြာခင်လက်ထပ်တော့မယ့် ခင်ပွန်းလောင်းပေါ့"

"ဟုတ်လား တွေ့ရတာဝမ်းသာပါတယ်ကွယ်"

"မမဦး"

"ဟုတ်ကဲ့ ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာ
တယ်အန်တီ၊ ထီမထင်ရော ဘယ်တုန်းက ဒီကိုရောက်နေတာလဲ"

ယူဇနာမှာ မမဦး၏ မျက်နှာကို ထိတ်လန့်တကြ
နားမလည်နိုင်စွာ လှမ်းကြည့်ဟန့်တားလိုက်ချိန်မှာ ဒေါက်တာဗ
ဆိုသည့် လူက ယူဇနာကို ကျော်ကာ ထီမထင်နားကပ်သွား
ပြုံးရယ်လျက် နှုတ်ဆက်စကားဆိုလိုက်ရာ မီးထွက်လုမတ
မျက်လုံးအစုံနှင့် ဗလ၏မျက်နှာကို စူးစိုက်ကြည့်နေသည့် ထီမထ
က ဘာမှပြောမနေတော့ဘဲ ဗလ၏မျက်နှာကို သူ၏လက်
တစ်ချက်ဖြင့် တစ်အားပင့်ကော်ထိုးထည့်လိုက်ပုံက အားအပြည့်
ဖြစ်သည်။

"လူလိမ်လူညာ"





"ကဲကွာ"

"ခွပ်"

"အမလေး သေပါပြီ"

"ဒုတ်"

"အ"

"လာ မင်း ကိုယ်နဲ့အခုလိုက်ခဲ့"

"ယူဇနာ"

"သား"

"အို လွှတ် လွှတ် ကျွန်မကို အခုလွှတ်"

ပြင်းထန်သော လက်သီးအရှိန်ကြောင့် ဗလ ပစ်လဲသွား
ချိန်မှာ ထီမထင်က ယူဇနာလက်တစ်ဖက်ကို ဆတ်ခနဲ ဆွဲယူကာ
သူကားရှိရာသို့ အပြေးလျှောက်သွားရာ ယူဇနာမှာ အော်ဟစ်ရုန်း
ကန်ရင်း ထီမထင် ကားပေါ် ရောက်သွားတာကို အားလုံးမြင်လိုက်
ရပါသည်။

"ဗူး"

"ကျွီး"

"မမဦး"

ယူဇနာမှာ မမဦး၏အမည်ကိုသာ နောက်ဆုံးတစ်ချက်
အော်ဟစ်နိုင်ပြီးနောက်မှာ ထီမထင်ကားပေါ်မှာ အတူလိုက်ပါသွား
ခဲ့ရပါပြီ။

"လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ယူဇနာကို ထီမထင်ခိုးသွား

ပြီ''

''မောင်ဇလ မောင်ဇလ''

''နေ နေ မမဦး ကျွန်တော်လိုက်သွားမယ်''

မမဦး၏ အော်ဟစ်သံမဆုံးခင် ဇလက သူ့ကားရှိရာ အပြေးရောက်သွားပြီး ထီမထင်ကားနောက်မှာ သူ့ကားကို အပြင်းမောင်း၍ လိုက်သွားရာ အားလုံးမှာ ရင်ဖိပြီး စိုးရိမ်ထိတ်လန့်စွာ အံ့ဩကျန်ရစ်ခဲ့ကြသလို ကားနှစ်စီးလုံး ရှေ့ဆင့်နောက်ဆင့် ဆိုသလို သူတို့မြင်ကွင်းအတွင်းမှ ကွယ်ပျောက်သွားကြပြီဖြစ်သည်။

✣ ✣ ✣





## အခန်း (၁၇)

''ကားကို ဖြည်းဖြည်းမောင်း ထီမထင်၊ ရှင်လုပ်နေပုံနဲ့ နှစ်ယောက်စလုံး သေကုန်မယ်သိလား''

''ကိုယ်ချစ်တဲ့သူနဲ့ သေရတာပဲ ပျော်စရာကောင်းမှာပါ ယူဇနာ''

''ဘာ''

''ကိုယ် ယူဇနာကိုချစ်တယ်၊ ဒါကို ယူဇနာ သိပြီးသားပါ၊ သိလို့လည်း ကိုယ့်ကို မင်းအနားမှာ ခေါ်ထားနိုင်တာပေါ့ ဟုတ်ဘူးလား''

''အို''

သူပြောတာ မှန်နေသဖြင့် ရုတ်တရက် ယူဇနာဘက်က အငြင်းရခက်သွားသည်။ ကိုယ့်အတာတ်နှင့်ကိုယ်စူး ဆိုတာ ယူဇနာ လိုအဖြစ်မျိုးကို ပြောသည်ထင်။ ယူဇနာကို သူ စိတ်ဝင်စားနေတာ

ကို သိသိကြီးနှင့် ဗလကို အရှုံးတိုက်ချင်သည့် စိတ်ဓာတ်ခု
နှင့် ရှေ့နောက် ဘာမှထည့်မစဉ်းစားဖြစ်တော့လောက်အောင် မိုက်
ခဲ့သည့် ယူဇနာ။

အခုတော့ သူမရဲ့ မိုက်နောင်တက သူမ၏ဒုက္ခ
ကယ်တင်နိုင်တော့မည် မထင်တော့ပါ။

"ဟိုလူကို ခင်းမချစ်ပါဘူး ယူဇနာ၊ စောစော
ဒေါက်တာစုတ်ကိုလေ၊ အဲဒီလူကို မင်းသိပ်မုန်းတယ်မဟုတ်လား
အဲဒီလူက မင်းကို သိပ်ချစ်နေတာ ကိုယ်သိသားပဲ၊ အခုလည်း
မင်းနဲ့ မကြာခင်လက်ထပ်တော့မယ့်လူတဲ့၊ ကိုယ့်ကို လာညာနေ
သေးတယ်"

"ရယ်ရတယ်သိလား အ…က် ဟား ဟား ဟား"

အရူးတစ်ယောက်လို ရယ်လိုက်သည့်ရယ်သံက ကြော
စီစီ။ ယူဇနာစိတ်ထဲမှာ ထီမထင်ဆိုသည့်လူကို သိပ်ပြီးမသက်
ချင်တော့ပါ။ ထူးခြားသည့် အပြုအမူ အပြောအဆိုတွေနှင့် သူ
အိမ်ပေါ်ကို ရောက်လာထဲက ထီမထင်အပေါ်မှာ သူမ စတ
သံသယဝင်မိခြင်းဆိုလည်း မမှားပါ။

"မင်း ကိုယ့်ကို လက်ထပ်မယ်လို့ ပြောစမ်း ယူဇန
မင်း ကိုယ့်ကို လက်မထပ်ဘူးဆိုရင် ဟောဟိုမှာ လာနေတဲ့ကား
မြင်လား၊ အဲဒီကားနဲ့ ကိုယ့်ကားကို ဝင်တိုက်ပစ်လိုက်မယ်"

"ထီမထင်"

"ရှင် ရှင် မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်"





"ဒါဖြင့် လက်ထပ်မယ်လို့ ပြော"

"ကောင်းပြီ"

"ဘာ ဘယ်လို"

"ရှင့်ကို လက်ထပ်မယ်လို့ပြောတာ"

"ဝမ်းသာလိုက်တာ ယူဇနာရယ်"

"ဟို"

"ထီမထင်"

ကားတစ်စီးနှင့် ပွတ်ကာသီကာ ကပ်ရှောင်လိုက်တာမို့
တစ်ဖက်ကားက ဟွန်းသံကျယ်လောင်စွာ တစ်ချက်တီးသွားသလို
ယူဇနာကိုယ်တိုင်လည်း အသည်းထိတ်စွာ သူ့အမည်ကို အော်ဟစ်
ခေါ်လိုက်မိခြင်းဖြစ်သည်။

"ကိုယ်တို့ ဘာမှမဖြစ်တော့ပါဘူး ယူဇနာ၊ မကြောက်
နဲ့တော့နော်"

ကြောက်စိတ်နှင့် အေးစက်စက် ယူဇနာလက်ကလေး
တစ်ဖက်ကို လာရောက်ဆုပ်ကိုင်သည့် ထီမထင်လက်တစ်ဖက်ကို
မသိမသာ ရှောင်ရုန်းဖို့ ကြိုးစားရင်း အသာငြိမ်နေလိုက်ပါသည်။

ကားနောက်ကြည့်မှန်ထဲမှာ ရိပ်ခနဲ ဗလ၏ကားကို တွေ့
လိုက်ရ၍ စိတ်အားတက်သွားခြင်းကြောင့် ဖြစ်သည်။ အခုချိန်မှာ
ထီမထင်နှင့် ပြိုင်မိုက်နေ၍ ကိုယ့်အတွက်ရော သူ့အတွက်ပါ အကျိုး
မရှိနိုင်မှန်း ယူဇနာ သဘောပေါက်သွားသည်။

"ကားကို ဖြည်းဖြည်းမောင်း ထီမထင်၊ အခု ဘယ်ကို

ကိုကြမှာလဲ"

"ကိုယ်သွားတဲ့နေရာကို ယူဇနာ လိုက်မှာမဟုတ်လား၊ ဒါဆို မမေးနဲ့သိလား"

"သွားမယ့်နေရာသိတော့ ပိုကောင်းတာပေါ့၊ ကျွန်မကို ပြောပြပါ"

"ပဲခူးကိုသွားမယ်"

"ပဲခူး"

"အင်း"

"သိပ်ဝေးတာပဲ"

"ဒါဆိုလည်း မင်္ဂလာဒုံဘက် သွားကြမယ်လေ၊ ဘယ်နှယ့်လဲ"

"အင်း အင်း ကားကိုသာ ဖြည်းဖြည်းမောင်း"

"အိုကေ"

ကားအရှိန် ပြန်လျော့သွားသလို တင်းမာခက်ထန်နေသည့် မျက်နှာလည်း အတန်ငယ် ပြေလျော့သွားတာကို မြင်လိုက်ရသည်။ ဒီလူ ပုံမှန်မဟုတ်တာတော့ သေချာပြီဟုတွေးရင်း ယူဇနာ အကြည့်တွေက ကားနောက်ခန်းသို့ ဖျတ်ခနဲ ရောက်သွားသည်။

ကြိုးတစ်ချောင်းပါလား။

ထီမထင်က လေလေးတချွန်ချွန်နှင့် ကားကို ဆက်မောင်းနေစဉ်မှာ ယူဇနာက ကားနောက်ခန်းထဲမှာ ရှိနေသော အနီရောင် နိုင်လွန်ကြိုးရှိရာကို အကြည့်က မကြာခဏ ရောက်နေ၏။





"တူ တူ တူ"

ရုတ်တရက် ဖုန်းသံမြည်လာ၍ ရှာကြည့်လိုက်တော့ ထီမထင်ဖုန်းဖြစ်နေ၏။

"ဟဲလို"

"ဟုတ်ပါတယ် ထီမထင်ပါ၊ မေမေလား ပြန်မလာတော့ ဘူးဗျာ၊ ယူဇနာက ကျွန်တော်နဲ့လက်ထပ်ဖို့ သဘောတူလိုက်ပြီဆို တော့ အားလုံး အဆင်ပြေသွားပါပြီ"

"စိတ်မပူနဲ့လို့ အားလုံးကို ပြောလိုက်ပါ၊ ဒါပဲနော် မေမေ"

ထီမထင်က တစ်ဖက်ကအပြောကို ဘာတစ်ခုမှ လက်ခံ နားထောင်ခြင်း မပြုတော့ဘဲ ဖုန်းကို သူ့သဘောနှင့်သူ ချပစ်လိုက် တာ ယူဇနာ မြင်နေရသည်။

ဗလ၏ကားက တဖြည်းဖြည်းနှင့် ယူဇနာတို့ကားနား ရောက်လာတာမြင်တော့ ယူဇနာရင်ထဲ အေးငြိမ်းစပြုလာသည်။ ခေါက်တာဗလဆိုသည့်လူ ရှိနေသ၍ သူမဒုက္ခ မရောက်နိုင်ဟု စိတ်က သူ့အလိုလို ယုံကြည်နေ၏။

"ယူဇနာ"

"ဟင်"

"ကိုယ့်ကို လက်ထပ်မယ်ဆိုတာ တကယ်နော်"

"အင်း"

"ညာတာမဟုတ်ဘူးနော်"

"ဘယ်သူက ညာလို့လဲ"

"ဒါဖြင့် ကိုယ့်ကိုချစ်တယ်ပေါ့"

"အင်း"

"ပါးစပ်က ဖြေလေ"

"မဖြေချင်ပါဘူး"

"ရှက်လို့လား"

"အင်း"

"အဟား…ဟား…ဟား"

"ယူဇနာက တကယ်ချစ်စရာကောင်းတာပဲ၊ ဒါကြောင့် ကိုယ်ကချစ်ရတာ"

ယူဇနာပြောသမျှကို အဟုတ်ထင်ပြီး အပျော်ကြီး ပျော်နေသူကို ယူဇနာ စိတ်ထဲက ရွံ့ချနေမိသည်။ သူလိုလူကိုများ ယူဇနာက ချစ်ရမည်တဲ့လား။ ဒီတစ်သက်မပြောနှင့် နောင်ဆယ်သက်လည်း မချစ်။

ရှင့်ကိုတော့ ယူဇနာက နည်းနည်းမှမချစ်ဘူး။ ကြောက်လို့ ရှင့်အကြိုက်ကို လိမ်ညာဟန်ဆောင်နေရတာ ကျွန်မ ဒုက္ခရောက်မှာ စိုးလို့ရှင့်ဟု ယူဇနာစိတ်ထဲက ပြန်ပြောနေသံကို တစ်ဖက်လူ ကြားမည်မဟုတ်ပါ။

ကားက မင်္ဂလာဒုံဘက်ကို ရောက်မှန်းမသိ ရောက်လာသလို ဗလကားကလည်း ယူဇနာကားနှင့် ကပ်လျက် အတူပါလာတာကို မြင်နေရသည်။





"ဝရော"

"ဂျီး"

"ဂျီး"

ပွင့်နေသော ခြံဝင်းကျယ်ကြီးအတွင်း ထီမထင် ကားကို ခပ်ကြမ်းကြမ်း ချိုးကွေ့ဝင်လိုက်သလို ဒေါက်တာဗလ၏ ကားကလည်း ထပ်တူချိုးကွေ့ဝင်လာရာ အခုမှ ထီမထင်က နောက်မှာ အတူပါလာသည့် ကားကို တွေ့မြင်သွားပေမယ့် အချိန်က များစွာ နောက်ကျသွားပြီဖြစ်သည်။

ထီမထင် သူ့ကားပေါ်က ကမန်းကတန်း ဆင်းလိုက်ချိန်မှာ ဗလကလည်း သူ့ကားပေါ်က အသင့်ဆင်းပြီးဖြစ်နေရာ နှစ်ယောက်သား မျက်နှာချင်းဆိုင် ဆုံမိလျက်သား ဖြစ်သွားသည်။

"မင်း ဒါဘာလုပ်တာလဲကွဟင်၊ ငါ့ခြံထဲက အခုထွက်သွားစမ်း"

"မသွားဘူးဆိုရင်ရော"

"ကဲကွာ"

"ခွပ်"

"ခွပ်"

"ဒုတ်"

"ဒုန်း"

တစ်ခဏအတွင်း လက်သီးထိုးပွဲလေးတစ်ခု ပြင်းထန်စွာ ဖြစ်ပွားသွားသည့်နောက်မှာတော့…

"ခွပ်"

"အား"

"အမလေး"

"ယူဇနာ"

ပြင်းထန်မာကျောသော အရာဖြင့် ဗလ၏ ဦးခေါင်းကို အရိုက်ခံလိုက်ရပြီးနောက်မှာ တစ်လောကလုံး အမှောင်အတိကျသွားသဖြင့် ဘာမှမသိတော့။

သူသတိရလာချိန်မှာ ယဉ်ပါးနေကျဖြစ်သော ဆေးရုံနှင့်အတူ အဖြူရောင်မျက်နှာကျက်တစ်ခုကို အရင်မြင်လိုက်ရ၏။ ဦးခေါင်းက ဆစ်ခနဲ နာကျင်သွားသည့် ဝေဒနာကို ခံစားလိုက်ရမှ ဗလတစ်ယောက် သူ ဆေးရုံကို ဘာကြောင့်ရောက်နေကြောင်းကို အစအဆုံး ပြန်သတိရလာ၏။

"ကိုကို"

"ကိုကို သတိရပြီလားဟင်၊ ကျွန်တော် ဧယျပါ"

"ဧယျ"

"ဟုတ်တယ် ကိုကို၊ အနားမှာ မမယူဇနာလည်း ရှိနေတယ်၊ မျက်လုံးဖွင့်ကြည့်ပါဦးဗျာ"

အနားမှာ ယူဇနာရှိနေသည်ဆိုတာနှင့် ရင်ထဲတထိတ်ထိတ်လှုပ်ခုန်သည့်အထိ ပျော်သွားရသူက ဗလကိုယ်တိုင်ဖြစ်သည်။ သူ့အနားမှာ ယူဇနာဆိုသည့် ချစ်ရသူပါ အတူရှိနေလိမ့်မည်ဟု သူမယုံရဲခဲ့ပါ။





အခုတော့ ယူဇနာက သူ့အနားမှာ ဆိုသည့်အသိနှင့် စိတ်ထဲမှာ လှိုက်လှဲဝမ်းသာခြင်းနှင့်အတူ နမြောတသ ကြေကွဲစွာ ဖွင့်ရမည့် မျက်ဝန်းအစုံကိုပင် မဖွင့်ရဲအောင် ဖြစ်နေမိသည်။

အမုန်းစကားတွေ ဆိုတတ်သော နှုတ်ခမ်းလှလှလေးနှင့် အမုန်းအကြည့်တွေနှင့် စိမ်းကားစွာကြည့်တတ်သော ယူဇနာ အကြည့်တွေကို သူရင်မဆိုင်ချင်။ သူမကြောင့် ဒဏ်ရာရသွားသည့် လူတစ်ယောက်အဖြစ် မတတ်သာ၍ လိုက်ပါလာရုံမျှဟု တွေးမိတော့ ဗလ အသည်းထဲမှာ အခံရခက်အောင် ပို၍နာကျင်ရပြန်သည်။

"ကိုကို"

ဧယျက မျက်လုံးမှိတ်ပြီး ငြိမ်သက်နေသော အစ်ကိုဖြစ်သူဗလ၏လက်ကို ခပ်ဖိဖိ ဖျစ်ညှစ်သတိပေးလိုက်တာမို့ ဗလစိတ်ထဲမှာ အကြောင်းတစ်စုံတစ်ရာ ထူးခြားမှုရှိနေပြီဖြစ်ကြောင်း သူ့အလိုလို နားလည်လိုက်ကာ မှိတ်ထားသော မျက်လုံးအစုံကို ဖြည်းညှင်းသာယာစွာ ဖွင့်ကြည့်လိုက်သည်နှင့်...

"ကိုကို ကိုကို ကျွန်တော့်ကိုမှတ်မိလားဟင်၊ ကျွန်တော် တ ကိုကို့ညီ ဧယျလေ၊ ဒါက ကျွန်တော့်ဇနီးကတ္တီပါ၊ ဒါက ကတ္တီပါမမ ယူဇနာလေ၊ အားလုံးကို မှတ်မိရဲ့လားဟင်"

ဧယျက သူတစ်ယောက်တည်း ရေပက်မဝင်အောင် စကားတွေ ဆက်တိုက်ပြောရင်း ဗလကို အမိပွာယ်ပါပါ မျက်လုံးတစ်ဖက် မှိတ်ပြလိုက်တာမို့ ဗလမှာ ဧယျကို ရုတ်တရက် ဘာ

ပြောရမှန်းမသိ ကြောင်ကြည့်နေစဉ်မှာပင်…

“ဒုက္ခပဲ မမယူဇနာ၊ ကိုကိုကြည့်ရတာ ကြောင်တောင်တောင်နဲ့ ခေါင်းကို ဒဏ်ရာ ပြင်းပြင်းထန်ထန် ထိသွားလို့ ကျွန်တော်တို့အားလုံးကို မမှတ်မိဘဲ အတိတ်မေ့သွားပြီထင်တယ်”

“ဟင်”

“ရှင်”

“ကိုကိုသာ တစ်ခုခုဖြစ်သွားလို့ကတော့ ကျွန်တော်က ဘယ်သူဖြစ်ဖြစ် ခွင့်လွှတ်မှာမဟုတ်ဘူးဗျာ၊ ကျွန်တော်တို့မှာ ဒီည အစ်ကိုနှစ်ယောက်တည်းပဲ ရှိတာ၊ ကျွန်တော့်အစ်ကိုကို ကျွန်တော် သိပ်ချစ်တာဗျာ၊ သိလား”

“အို”

ဇေယျအသံက ငိုသံပါကြီးနှင့်ဆိုတော့ အနားမှာ အတူ နေသည့် ယူဇနာ မျက်နှာလှလှလေး ထိန်းမရအောင် ပျက်သွားရှာ သလို အခုမှ ဇေယျ ဘယ်လိုဗွင်ဆင်ပြီး အကွက်ကျကျ ဖန်တီး ပေးလာသလည်းဆိုတာကိုပါ ကောင်းစွာ သဘောပေါက်လာရေး က ဗလဖြစ်သည်။

“ကိုကို ကျွန်တော့်ကို သိလားဟင်”

“ဟန့်အင်း”

“ဟာ”

“အိုး”

ဇေယျဖြစ်စေချင်သည့်အတိုင်း ဗလဘက်က ခေါင်းခါ





လိုက်တော့ ကဗ္ဗီပါရော ယူဇနာပါ မျက်နှာတွေ ထိန်းမရအောင် ပျက်သွားကြကာ ညီမနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် အလန့်တကြား လှမ်းကြည့်လိုက်မိကြသည့်အထိ ဖြစ်သွားကြသည်။

“ကိုကို့နာမည်ကိုရော မှတ်မိလား၊ ကိုကို့နာမည်လေ”

“ဟင့်အင်း ကျွန်တော် ဘာမှမသိဘူး၊ ဘာမှမမှတ်မိဘူး ဗျာ၊ ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ကျွန်တော်ကရော ဘယ်သူလဲ ကျွန်တော်မသိဘူး၊ မသိဘူးဗျာ”

“ကိုကို ကိုကို”

“လုပ်ပါဦးဗျာ ကိုကို၊ ကိုကို ဘာမှမသိတော့ဘူးတဲ့ မမယူဇနာ”

“ကိုကို အခုလိုဖြစ်ရတာ ခင်ဗျားကြောင့်ဗျ မမယူဇနာ၊ ကျွန်တော့်အစ်ကိုကို အရင်လိုဘဝမျိုးဖြစ်အောင် ခင်ဗျားပြန်ပြီး တာဝန်ယူပေး၊ ခင်ဗျားကြောင့်ဖြစ်ရတာ အားလုံးခင်ဗျားကြောင့်”

“ဇေ”

ဇေယျထံမှ ပြင်းထန်စွာ ခံစားပေါက်ကွဲပြလိုက်ပုံက ယူဇနာကို အဘယ်မျှ တုန်လှုပ်ချောက်ချားစေသည် မသိပါ။ လှပ သော မျက်နှာလေး ဖွေးခနဲ ဖြစ်သွားကာ ခုတင်ထက်မှာ ဆန့်ဆန့် ကြီး လဲလျောင်းပြီး တွေတွေကြီး ငြိမ်သက်နေသည့် ဗလထံ ဗျတ်ခနဲ အကြည့်လေး ရောက်လာပါသည်။

ဤသို့ဖြစ်သွားလိမ့်မည် ယူဇနာကိုယ်တိုင်လည်း ထင်မှတ်

မထားခဲ့သဖြင့် ရုတ်တရက်ကြီး ရင်ဆိုင်လိုက်ရသည့် အခြေအ
ကြားမှာ အတော်ကြီး တုန်လှုပ်ချောက်ချားကာ ဘာလုပ်ရမှန်း
ဖြစ်နေသည်။

ညီမငယ် ကတ္တီပါက သူမယောကျ်ား ဇေယျနှင့် အ
ဖြစ်သူ ယူဇနာကြားမှာ မျက်နှာငယ်လေးနှင့် ရပ်နေရင်း ငို
မျက်နှာနှင့် ရှိနေ၏။

"ဒီမှာရှင် ကျွန်မ ယူဇနာပါ၊ ရှင် ကျွန်မကိုရော မ
မိတော့ဘူးလားဟင်"

အရဲစွန့်ပြီး ဗလနား တိုးကပ်သွားကာ သူမမျက်နှာ
လေးကို ဗလနှင့် နီးကပ်စွာ မျက်နှာချင်းဆိုင်ရပ်ရင်း မေးလို
လေးက မြတ်နိုးစရာ အသည်းနွေးစရာ ကောင်းလှပေမယ့်
အခြေအနေကို ဗလ ဝမ်းမသာရဲပါ။

သူမကြောင့် ဘဝတစ်ခုလုံး ပျောက်ဆုံးသွားရ
လူတစ်ယောက်အဖြစ် ဗလကို သနားကရုဏာသက်နေ
မျက်ဝန်းပြာပြာကြီးတွေကို သူငေးကြည့်ရင်း ဦးခေါင်းကို ဖြည်း
စွာ ခါယမ်းပြလိုက်သည်။

"ခင်ဗျားကိုလည်း မသိဘူး၊ ကျွန်တော့်ကိုယ် ကျွန်
လည်း မသိဘူး၊ ကျွန်တော်ဘယ်သူလဲ၊ ကျွန်တော့်နာမ
ဘယ်သူလဲဗျာ"

"အား...ကျွတ်...ကျွတ်"

"ခေါင်းထဲက နာလိုက်တာဗျာ၊ ကျေးဇူးပြုပြီး ကျွန်





တစ်ယောက်တည်း နေပါရစေ၊ ခင်ဗျားတို့အားလုံး ကျွန်တော့်နား
က သွားကြပါ၊ သွားကြပါဗျာ၊ သွားကြပါ"

"ကိုကို ကိုကိုရာ"

ဇေယျအသံက မချိတင်ကဲအသံ။

အခုချိန် ကမ္ဘာပေါ်မှာ စိတ်အဆင်းရဲဆုံးမျက်နှာကို ပြပါဆို
ရင် ဇေယျမျက်နှာကို ပြရမည့်အနေအထားမျိုးမှာ မငုံ့မရဲ အကြည့်
လေးတွေနှင့် ယူဇနာ သူ့ကို ကြင်နာစာနာစွာ လှမ်းကြည့်လိုက်
သည့် အကြည့်တွေက ဗလအသည်းနှလုံးကို အခံရခက်အောင်
နာကျင်စေရသည့်အဖြစ်ပါ။

"လာပါ ဇေရယ် အခုချိန်မှာ လူနာနောက်ထပ် စိတ်ညစ်
အောင်၊ စိတ်ရှုပ်အောင် ဘာမှမလုပ်ပဲ နေကြရအောင်ပါ"

"လာပါ အပြင်ဘက်သွားနေကြရအောင်ပါနော်"

"ခဏနော် မောင်ဇေယျ၊ ကိုဗလပြန်ပြီး သတိရလာတာ
ကို တာဝန်ကျဆရာဝန်တွေသိအောင် မမ သွားအကြောင်းကြား
လိုက်ဦးမယ်"

"ကတ္တီပါပါ လိုက်ခဲ့ရမလား မမ"

ကတ္တီပါက ပြောပြောဆိုဆို အခန်းထဲက ထွက်သွားသော
အစ်မဖြစ်သူ ယူဇနာနောက်ကို လိုက်သွားရာ အခန်းထဲမှာ ဇေယျ
နှင့် ဗလ ညီအစ်ကိုနှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"အခြေအနေက မြင်တဲ့အတိုင်းပဲ ကိုကိုရေ၊ ယူဇနာဆိုတဲ့
အပျိုကြီးမမတော့ ကိုကို အခုလို လုပ်ပြလိုက်လို့ အပြတ်ကြွေသွား

ပြီဗျာ၊ ရှေ့ဆက်ပြီး ပိပိရိရိသာ ဆက်လုပ်တော့ သိလား''

''အခုတော့ ဟုတ်နေတာပဲ၊ နောက် အလိမ်ပေါ်သွ
ပြဿနာ''

''ဘာမှပြဿနာမရှိဘူး အခွင့်အရေးရတုန်း အပိကြံ
ရင် ဒီတစ်သက်တော့ ဆွေးဖို့သာပြင်ထား၊ သိတယ်မဟုတ်
ဟိုအဖိုးကြီးစိတ်က မလွယ်ဘူးနော်၊ မာနကလည်း ဘာကြီး
မမေးနဲ့''

''အခုမှ ကိုကိုအပေါ်ကို အကြင်နာလေးတွေ စလ
ကလည်း သူ့ကြောင့် ကိုကို အခုလိုဖြစ်တာဆိုပြီးတော့ ဒီလေ
နူးညံ့ကြင်နာပြနေတာဗျာနော်၊ အမှန်အတိုင်းသာ ကိုကိုပြော
စမ်းပါလား သူ့မျက်နှာတောင် နောက်မြင်ရမှာ မဟုတ်ဘူး

ညီငယ်ဖေယျက သူ့ခုတင်နား အပြေးရောက်လာ
အကြံအစည်ကို ဒရောသောပါး တင်ပြနေပေမယ့် ဗလရင်
နည်းနည်းမှမပျော်။ ဖေယျခင်းပေးသည့် လမ်းပေါ်မှာ နင်းလျှေ
ခဲ့မိပြီးမှ နောက်ကြောင်းပြန်၍ မှားပါသည်ဆိုပြီးတော့လည်း ဘ
၍မရတော့။ အခုမှ သူ့အဖြစ်က ဆုပ်လည်းဆူး၊ စားလည်း
ဖြစ်နေကြောင်း တွေးမိလာတော့ စိတ်အိုက်လာသည်။

တစ်သက်နှင့်တစ်ကိုယ် မိန်းကလေးတစ်ယောက်
အချစ်ကိုရဖို့အတွက် ဤမျှကြီးကျယ်သော လိမ်လည်မှုကြီး
ရလိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့ပါဘဲနှင့် အခုတော့ ဗလ
က အများတကာတွေနှင့် လားလားမှမတူသည့် အဖြစ်မို့





လိပ်ပြာကိုယ် တယ်မလုံချင်။

''မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို လိမ်ညာယူရမှာ
ကိုယ့်ကိုယ်ကို လိပ်ပြာမသန့်ဘူးကွာ''

''အဲဒါတွေ ခေါင်းအလေးခံပြီး ထည့်တွေးမနေစမ်းပါနဲ့
ကိုကိုရာ၊ မမယုဇနာကို ကိုကိုတကယ်ချစ်နေပြီမဟုတ်လား၊ ဒီတော့
ကြိုးအနုနည်း သူ့အချစ်ကို မရနိုင်မှတော့ ရနိုင်တဲ့နည်းလမ်းကို
သုံးတာ ဘာဆန်းလို့လဲဗျာ''

''အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာမရှိဘူးဗျာ၊ ကျွန်တော်
ပြောသလိုသာ လုပ်စမ်းပါ''

''အဲဒါက အရေးမကြီးဘူး၊ အခု သူတို့ညီမ ဆရာဝန်
သွားခေါ်နေပြီ၊ ဘယ်လိုလုပ်ကြမလဲ''

''အခြေအနေအရ မီးစင်ကြည့်ကတာပေါ့ဗျာ၊ ဘာမှစိတ်
မပူနေနဲ့၊ ဒီနေ့ပဲ ဆေးရုံကဆင်းပြီး အိမ်ပြန်ဖို့ ကျွန်တော် စီစဉ်ထား
မယ်''

''ဟော…ဟိုမှာ လာနေပြီ ကိုကို၊ ခပ်တည်တည်နေ
နော်''

တာဝန်ကျ ဆရာဝန်တစ်ယောက်နှင့် သူနာပြုလေး
တစ်ယောက် ယုဇနာတို့ ညီမနှင့်အတူ ပါလာသည်။ ဆရာဝန်ကို
ယုဇနာက အကျိုးအကြောင်း ပြောပြလာပုံရတာမို့ ဗလလည်း
ခပ်တည်တည်ပင် သတ္တာန်လုပ် သရုပ်တူစွာ အပီအပြင် လိမ်လိုက်
သည်။

"ခေါင်းကိုထိသွားတာဆိုတော့ ဒီလိုမျိုးဖြစ်တတ်ပါတယ် နောက်ထပ် လိုအပ်တဲ့ စစ်ဆေးမှုတွေ အသေးစိတ် ထပ်လုပ်ဦးမှ ဆိုတော့ သိပ်လည်းစိတ်မပူပါနဲ့၊ ပြန်ကောင်းသွားမှာပါ"

"အခုတော့ ဆေးရုံက ဆင်းမယ်ဆိုဆင်းနိုင်ပါပြီ ကျွန်တော်ပြောတဲ့အတိုင်းသာ လုပ်စရာရှိတာတွေကို လုပ်ထားပါ"

"ဟုတ်ကဲ့ ဒေါက်တာ"

ကိုယ်ကိုယ်တိုင်က ဆရာဝန်မို့ အတိတ်မေ့လူ တစ်ယောက်အဖြစ် ဟန်ဆောင်ရာမှာ ဘာတစ်ခုမှ အခက်အခဲမ ပါသော်လည်း ယူဇနာထံမှ မကြာခဏ ရောက်ရှိလာသည့် အကြ နာကြည့်လေးများနှင့် စိတ်ရှုပ်ထွေးဟန် သက်ပြင်းရှိုက်သံလေးကို ကျေကျေနပ်နပ်ကြီး ကြားဖြစ်အောင် ကြားလိုက်ရခြင်းကိုက ဝမ်း ပီတိတွေ ဝေဖြာနေမိသည်။

❖ ❖ ❖



# အခန်း [၁၆]

ဟင်း…။

အခုမှ တကယ့်ကို ပြဿနာနဲ့ လာကြုံနေရတာပါလား နော်။ ရှေ့ဆက်ပြီး ငါဘယ်လိုများ လုပ်ရမှာပါလိမ့်။ ဧယျက ည်း သူ့အစ်ကို အခုလိုဖြစ်ရတာ ငါ့ကြောင့်ဆိုပြီး သူ့အစ်ကိုကို ာဝန်ယူဖို့ချည်း ပြောနေပုံကလည်း စိတ်ညစ်စရာ။

ကြည့်ရတာ သူ့အစ်ကိုနဲ့ ငါ့အကြောင်းကို ဧယျ သိနေ ပဲဖြစ်မယ်။ ဒီလူကရော ဘာဖြစ်လို့ သူ့ညီကို ဒီအကြောင်းတွေ ျှောက်ပြောရတာလဲမသိဘူး။ ဧယျ သိပြီဆိုမှတော့ ကတ္တီပါ ည်းသိမှာပဲ။

ရှက်စရာကောင်းလိုက်တာနော်။

အတွေးတွေနှင့် လုံးထွေးပြီး အိပ်ရာထက်မှာ ဘယ်ညာ းလှိမ့်ရင်း ယူဇနာတစ်ယောက်တည်း ဘယ်လိုမှ အိပ်မပျော်နိုင်

ဖြစ်နေပါသည်။ ဗလ၏အခြေအနေက ဘာတစ်ခုမှ တိုးတက်မလာ
ဓေယျ အစီအစဉ်နှင့် ဒေါက်တာဗလ၏ ဆရာ ဦးနောက်နှ
အာရုံကြော အထူးကုကြီးတွေနှင့် ဆက်လက်ကုသမှု ပြုနေသည်
ပေမယ့် အားရစရာမရှိ။

လူတစ်ယောက် အဖိုးတန်ရခဲလှသော ဘဝတစ်ခုလုံ
ပျောက်ဆုံးသွားစေသည့်အထိ ဖြစ်ရအောင် ထိုပြစ်မှုကို ကျူးလွ
သူ တရားခံ ထီမထင်ဆိုသည့် လူကို ယူဇနာ စိတ်ထဲက ခွင့်လွှ
၍မရနိုင်အောင် ဖြစ်နေသည်။

ဒီလူကြောင့် ဒီလူနဲ့သာ သွားပြီးမပတ်သက်မိရင် ယူဇ
ကိုယ်တိုင်လည်း အခုလို စိတ်သောကဖြစ်စရာ၊ စိတ်ဒုက္ခရောက်
စရာ အကြောင်းမရှိပါ။ ထီမထင်ဆိုသည့်လူနှင့် ပတ်သက်ခဲ့မိခြ
ကို အခုမှ နောင်တတွေတသီကြီး ရနေမိသည်။

အစထဲက မမဦးက ပြောတော့ပြောရှာသားပဲ။ ငါကို
သတိမမူမိတော့ ဂူကြီးတစ်ဂူလုံးကိုတောင် မမြင်မိဘူးဖြစ်သွား
တယ်။

တကယ်တော့ ထီမထင်ဆိုတာ သူလိုငါလို လူကော
တစ်ယောက်မှ မဟုတ်ဘဲ။ ဒါကြောင့်လည်း သူ့အပြုအမူ အပြ
အဆို အနေအထိုင်တွေက ထူးခြားနေတာကို ငါကိုက မရိပ်မိန
အောင် တစ်ဖက်သားအပေါ်မှာပဲ အနိုင်ယူပြချင်တဲ့စိတ်တွေ လွှ
မိလို့ အခုလို နှစ်ဦးနှစ်ဖက် မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြရတာ

ယူဇနာမှာ နောင်တတွေရပြီးရင်း ရနေမိသည်။ မိန်းမက





မွေးရပ်ရာမှာ နာမည်ကြီးသော ထီမထင်အဖေထံမှ ရရှိခဲ့သော
အမွေက သားဖြစ်သူထံ ကူးစက်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ လူပုံ
ကြည့်တော့ ဟန်ဟန်ပန်ပန် ထွားထွားကြိုင်းကြိုင်း ဖြစ်ပေမယ့်
ထီမထင်က ဦးနှောက်ပုံမှန် အလုပ်လုပ်သူမဟုတ်မှန်း နောက်ကျမှ
သိခွင့်ရခဲ့ခြင်းဖြစ်သည်။

မမဦးက ထီမထင်တို့ မိသားစုကို ထူးခြားသည့် မိသားစု
အဖြစ် ယူဇနာကို တွေ့စတုန်းက ပြောကြားခဲ့တာဖြစ်သည်။
ထိုအချိန်ထိ ဘာကိုဘယ်လို ထူးခြားသော မိသားစုမှန်း ထိုစဉ်က
မမဦးရော ယူဇနာပါ မသိခဲ့ကြ။

မမဦးတစ်ယောက် ထီမထင်အကြောင်း အတွင်းကျကျ
သိလာသည့်အချိန်မှာ ယူဇနာကို အချိန်မီ နောက်ဆုတ်ဖို့ သတိပေး
စရာ ပြောကြားရန် ယူဇနာဖုန်းကို လှမ်းအဆက်မှာ ဖုန်းလာကိုင်သူ
က ဒေါ်အုံဖြစ်နေသည်။

ထီမထင်တို့ မိသားစု ယူဇနာအိမ်မှာ ရောက်နေကြောင်း
ယူဇနာကို လက်ထပ်ခွင့်တောင်းခံနေပုံ၊ ပြောဆိုပြုမူပုံများ ထူးခြား
ဆန်းကြယ်သလို မှတ်ထင်မိကြောင်း ဒေါ်အုံ ပြောပြနေချိန်မှာ
မမဦးက ထီမထင်ဘက်က အခြေအနေကို လုံးဝသဘောပေါက်နေ
ပြီဖြစ်သည်။

ဤနည်းဖြင့် ထီမထင်နှင့် လက်ထပ်ပေးမည့် သတို့သမီး
များစွာတို့မှာ မင်္ဂလာပွဲနှင့် လွဲခဲ့ကြရခြင်းအဖြစ်ကို သဘောပေါက်
စွာ အိမ်ကနေ အမြန်ထွက်အလာ လမ်းမှာ ကားက ပျက်သည်။

ဒရိုင်ဘာ ပြင်ပြီးသည့်အထိ မမဦး မစောင့်နိုင်အောင် ဖြစ်နေတုန်း ဗလကားက မမဦးနားကို ထိုးရပ်လာကာ ဘာအကူအညီပေးရမလဲဟု သူ့ကို မှတ်မိစွာ မေးလာမှ ယူဇနာကို တစ်ဖက်သတ် သဘောကျနေသည့် ဓေယျအစ်ကို ဗလဖြစ်နေ၍ ယူဇနာအိမ်ကို အမြန်မောင်းပို့ပေးပါရန် အကူအညီတောင်းခဲ့ခြင်းဖြစ်သည်။

လမ်းမှာ ယူဇနာနှင့် ပတ်သက်နေသည့် ထီမထင်ဆိုသည့်လူအကြောင်း ပြောပြရင်း အကြံရလာကာ ထီမထင်ရှေ့မှာ ဒေါက်တာဗလကို ယူဇနာနှင့် မကြာခင် လက်ထပ်တော့မည့်သူအဖြစ် ကြော်ငြာကာ ခြေလှမ်းနောက်ဆုတ်သွားအောင် စိတ်ကူးရလာခဲ့သည်။

တစ်ဆက်တည်းမှာပင် ထီမထင်နှင့် သူ့မိဘတွေ ယူဇနာအိမ်မှာ ရောက်နေသည့်အကြောင်းတွေ၊ လာရင်းအကြောင်းတွေကိုပါ ပြောဖြစ်သွားသည်နှင့် ထိုသို့လုပ်ရန် နှစ်ဦးသဘောတူလိုက်ကြခြင်းဖြစ်သည်ဟု ဆိုသည်။

ဒါတွေအားလုံး မမဦး ပြောပြ၍ သိရသည့်အကြောင်းတွေဖြစ်ပြီး နောက်ပိုင်းကိစ္စတွေကိုတော့ ယူဇနာကိုယ်တိုင် ကြုံခဲ့ရသည့်အဖြစ်တွေမို့ အခုချိန်ထိ မျက်လုံးထဲမှာ အထင်အရှား မြင်ယောင်နေဆဲဖြစ်သည်။

ယူဇနာတို့ကားနောက်က ဓေယျအစ်ကို ဒေါက်တာဗလ၏ကား ထပ်ကြပ်မကွာ လိုက်ပါလာခဲ့ခြင်းမှာ ယူဇနာအတွက် ကံကောင်းခြင်းဖြစ်သော်လည်း မင်းထင်ဗလဆိုသူအတွက် ကံဆိုး





စေဖို့ဖြစ်ခဲ့သည်။

သူတို့နှစ်ယောက်၏ ရန်ပွဲအဆုံးသတ်မှာ ထီမထင်မိဘတွေ ရောက်လာပြီး သူတို့သားကို သူတို့ ဇွတ်အတင်းပြန်ခေါ်သွားကြသလို မင်းထင်ဗလ၏ ဦးခေါင်းကို သစ်သားတုတ်ဖြင့် ရိုက်သွားခဲ့သော ထီမထင်အတွက် အထပ်ထပ်တောင်းပန်ကြကာ ဆေးရုံကို သူတို့လိုက်ပို့ပေးခဲ့ကြသည်။

ဆေးရုံရောက်သည့်အထိ မင်းထင်ဗလက သတိမရ။ ခေါင်းကဒဏ်ရာက အတော်ပြင်းထန်သည်လားမသိ။ သူ့မအကြောင်း ကြားလိုက်သဖြင့် ဓေယျနှင့် ကတ္တီပါ ရောက်လာသည်။ နောက်ဆက်တွဲ ဝေဒနာတွေထဲမှာ ဒေါက်တာမင်းထင်ဗလဆိုသူက သူ့ကိုယ်သူ လုံးဝမှတ်မိခြင်းမရှိတော့ဘဲ အတိတ်ဘဝကို လုံးလုံးမေ့သွားခြင်းဖြစ်သည်။

အခုတော့ ထိုတာဝန်က ယူဇနာ ဦးခေါင်းပေါ် လုံးလုံးကျလာပြီဟု ဆိုရမည်။ ဓေယျကတော့ သူ့အစ်ကိုဘက်ကဖြစ်ပြီး သူ့အစ်ကို လုံးဝပြန်ပြီး နေမကောင်းမချင်း ယူဇနာက တာဝန်ယူရမည်ဟု အပြတ်ပြောထားသည်။

ဟင်း…ခက်လိုက်တာနော်။

အတိတ်မေ့နေတဲ့ ယောကျ်ားတစ်ယောက်ကို ယူဇနာလို ဘာမဆိုင်ညာမဆိုင် မိန်းမသားတစ်ယောက်က ဘယ်လိုတာဝန်ယူရမည်နည်း။

ယူဇနာဆိုသည့် မိန်းမသားက အစထဲက ကိုယ်ဏှခြွေ

ကိုယ့်ဂုဏ်သိက္ခာနှင့် ကိုယ်နေလာသည့် မိန်းမသားတစ်ယောက် အဖြစ် ဘယ်လိုယောကျ်ားမျိုးနှင့်မှ ရောရောနှောနှော နေခဲ့သူလည်း မဟုတ်။

အခုလို ပြဿနာတွေဖြစ်လာမှာ ထီမထင်ဆိုသည့်လူနှင့် ပြဿနာဖြစ်ခဲ့ရသလို မင်းထင်ဗလဆိုသူ၏ အိမ်ကိုလည်း သူမကိုယ်တိုင် အဝင်အထွက် လုပ်နေရသည့်အဖြစ်ကို ကိုယ့်ဘာသာလည်း သဘောမကျနိုင် ဖြစ်နေ၏။

ယောကျ်ားနှင့်မိန်းမ။

ပြီးတော့ အပျိုနှင့်လူပျို ရေရှည်မှာ ဘယ်လိုမှ မတင့်တယ်သည့်ကိစ္စကြီးကို ယူဇနာ ဘယ်လို ခရီးဆက်ရမည်မသိတော့ပါ။ ဒီကြားထဲ လူမမာဖြစ်နေသူက ယူဇနာအပေါ်မှာ ထူးထူးခြားခြား ခင်တွယ်မှုတွေ ပြနေတော့ ပို၍ခက်ရပါသည်။

အတိတ်မေ့နေသူသာဆိုသည် သူ့ထံမှ အကြည့်အပြောတွေက ယူဇနာအပေါ်မှာ နူးညံ့သိမ်မွေ့မှုတွေနှင့် ရှွန်းလဲ့တောက်ပမှုတွေကလည်း ရှူးရှူးရှရှ။ တစ်ခါတစ်ခါ ယူဇနာ မျက်နှာလေးကို ကြည့်ပုံက တမေ့တမော။

မုန်းပါသည်ဟုဆိုကာမှ ယူဇနာ မုန်းခဲ့မိသော သူနှင့်အတူ ရှိနေရသည့်အဖြစ်။ ပြီးတော့ သူက ယူဇနာအရှက်ကို ကယ်ရင်းဘဝပျက်ခဲ့ရသူ။ ဒီလိုလူတစ်ယောက်ကို ယူဇနာ ဆက်ပြီး မုန်းရမှာလား။ နားလည်မှုတွေနဲ့ လက်ခံနားလည် ကြေအေးပေးလိုက်ရမည်လား။





ယူဇနာကိုယ် ယူဇနာလည်း မခွဲခြားနိုင်တော့ပါ။ သို့ပါသော်လည်း ယူဇနာ အသည်းနှလုံးမှာ မင်းထင်ဗလဆိုသည့်လူနှင့် ပတ်သက်ပြီး ပထမဆုံးအကြိမ် အကြင်နာကရုဏာလေးများ သူမရင်မှာ ပေါက်ဖွားရှင်သန်လာခဲ့သည်ကလည်း အမှန်ပါပင်။

ဟိုတုန်းကတော့ ဖေယျအစ်ကို လူရှုပ်လူပွေအဖြစ် ဒေါက်တာမင်းထင်ဗလဆိုသူကို ညီဖြစ်သူ ဖေယျနှင့် ထပ်တူကြည့်မရအောင် ဖြစ်ခဲ့မိသည်။ စကားပြော အဆင်မပြေတော့ ပို၍ဆိုးသွားသည်။ မုန်းသည့်အဆင့်သို့ ထပ်တိုးမြင့်သွားပြီးနောက်မှာ မထင်မှတ်ဘဲ အပြင်မှာ လူချင်းဆုံပြီး ခင်မင်သိကျွမ်းခွင့်ရခဲ့သည်။

အဖြစ်တွေက ဆန်းကြယ်သလို သူတို့နှစ်ဦး ကြုံရဆုံရပုံကလည်း ဆန်းသည်။ သေချာပြန်တွေးကြည့်တော့ သူရော ယူဇနာမှာရော ဘယ်သူမှ အပြစ်မရှိ။ ညီမနှင့် ညီကြောင့် သူတို့ခြင်း အဆင်မပြေ ဖြစ်ကြရခြင်းဖြစ်သည်။ နောက်ကျပြီးမှ သူ့အကြောင်း သိခွင့်ရသည့်အချိန်မှာ ဒေါက်တာမင်းထင်ဗလဆိုသူက အတိတ်မေ့နေသူ ဖြစ်နေခဲ့ပေပြီ။

ညီဖြစ်သူ ဖေယျလို လူရှုပ်လူပွေလေးနှင့် ဆန့်ကျင်ဘက် မင်းထင်ဗလက လူတည်လူဖြောင့်ဖြစ်ကာ ဘယ်လို အရှုပ်အထွေးမှ မရှိသူဖြစ်မှန်း ယူဇနာကိုယ်တိုင် အခုမှသိခဲ့ရသည်။ ဒီတော့လည်း သူမဘက်က ညီဖြစ်သူဖေယျနှင့် အတူရောပြီး သူ့ကို လူရှုပ်လူပွေအဖြစ် ပြောဆိုဆက်ဆံမိခြင်းအပေါ်မှာ သူ့ဘက်က

ဒေါသဖြစ် ခံပြင်းမိပေလိမ့်မည်။

ယူဇနာဆိုရင်လည်း သူ့နည်းတူ တုံ့ပြန်မိမည်ထင်၏။ ကြည့်စမ်း ယူဇနာအတွေးတွေက အခုတော့လည်း မင်းထင်ဗလ ဆိုသူအပေါ်မှာ အမြင်အာရုံတွေ ကြည်လင်စွာ နားလည်ခွင့်လွှတ် ခြင်းတွေ ပြုလာနိုင်နေပါပြီကောလားကွယ်။

အတွေးနှင့်အတူ ယူဇနာ မျက်နှာလှလှလေးပေါ်မှာ ရှက်ပြုံးလေးတစ်ခု ပေါ်လာသည်။ အမှန်အတိုင်းပြောရရင် ယူဇနာ ကိုယ်တိုင်လည်း သူ့အပေါ်မှာ တိတ်တိတ်လေး စိတ်ဝင်စားခဲ့ဖူးတာ ကို မညာချင်။

အခုလို သူမကြောင့် သူ့ဘဝကြီးတစ်ခုလုံး ပျောက်ဆုံး သွားရသည့်အချိန်မှာတော့ ယူဇနာဘက်က ထိုက်တန်သည့် တုံ့ပြန် မှုလေးတစ်ခု ပြုချင်ပါသည်။ တစ်နည်းအားဖြင့် ယူဇနာအပေါ်မှာ ကျေးဇူးရှိသူကို အကောင်းဆုံး ကျေးဇူးဆပ်ခွင့်ကြုံချင်သည်။

သူပျော်သွားအောင်၊ သူစိတ်ချမ်းသာအောင် ယူဇနာ ဘာ လုပ်ရမည်နည်း။

တစ်ခုပဲရှိသည်။

ထိုတစ်ခုက ယူဇနာဆီက သူ မြတ်မြတ်နိုးနိုး လိုချင် တောင့်တခဲ့သော ယူဇနာထံမှ ချစ်မေတ္တာကို သူ့ထံမှာ ပေးဆပ်အပ် နှံရန်ဖြစ်သည်။ အတွေးနှင့် ယူဇနာ ပါးလေးတွေ နွေးသွားသည်

ချစ်သူတွေအဖြစ် သူနှင့်ယူဇနာအကြောင်း တွေးမိတော့ ယူဇနာရင်တွေ ထူးဆန်းစွာ လှိုက်ဖိုလာသည်။





"တူ တူ တူ"

အိပ်ရာဘေးက လက်ကိုင်ဖုန်းလေး အသံမြည်လာလို့ ငုံ့ကြည့်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင် သူ့ဆီက ဖုန်းဖြစ်နေတော့ ယူဇနာ အံ့သြသွားသည်။

သူလည်း ယူဇနာကို သတိရနေသည်လား။

"ဟဲလို"

"ယူဇနာ ကိုယ်ပါ"

"ဟုတ်ကဲ့"

"လုံးဝအိပ်လို့မရဘူး ယူဇနာရယ်၊ တစ်ချိန်လုံး ယူဇနာ အကြောင်းတွေချည်းပဲ တွေးနေမိတာ ဘာကြောင့်လဲဗျာ"

ဒါကိုတော့ ယူဇနာလည်း မဖြေတတ်ပါ။ ဖုန်းထဲက တိုးတိုးညှင်းညှင်းလေး စီးမျောလာသည့် သူ့အသံကိုသာ ရင်တဖို ဖိုနှင့် အသာအယာ နားစွင့်နေမိသည်။

"ယူဇနာ"

"ရှင်"

"ကိုယ် ယူဇနာကိုချစ်တယ်"

"အို"

ခါတိုင်းလို စိတ်ဆိုးဒေါသ မဖြစ်နိုင်တော့။ ကိုယ့်ကြောင့် သူခမျာဆိုသည့် အတွေးနဲ့ ယူဇနာရင်ထဲမှာ သနားကရုဏာ စိတ် လေးတွေသာ ဖြစ်ထွန်းပြည့်သိပ်သွားသည်။

"ယူဇနာ"

"ဟင်"

"ကိုယ့်ကို စိတ်ဆိုးသွားပြီလားဟင်"

ယုဇနာ မဖြေ။

တစ်ဖက်မှ သက်ပြင်းရှိုက်သံကို ပီသစွာ ကြားလိုက်သည်။

"ကိုယ့်လို ဘဝအာမခံချက်မရှိဘဲ ကိုယ့်ကိုယ်ကို ဘ... ကောင်မှန်းမသိ ဖြစ်နေတဲ့ လူတစ်ယောက်က ယုဇနာလို မိန်းမ... လေးတစ်ယောက်ကို ချစ်မိတယ်ဆိုတာ တကယ်တော့ ရယ်စရာ... ဗျာ"

"အားလုံးရဲ့အမြင်မှာ ကိုယ်ဟာ အရူးသာသာ ... တစ်ယောက်ပဲ၊ ဒါကိုသိရက်နဲ့ ယုဇနာကို ဘာဖြစ်လို့များ ချစ်မိ... ပါလိမ့် ယုဇနာရယ်"

"ကိုယ့်အပေါ်မှာ စေတနာ၊ မေတ္တာအပြည့်နဲ့ ဂရုစိုက်... ပြုစုပေးနေတဲ့ ယုဇနာမေတ္တာတွေကို စော်ကားသလိုဖြစ်ခဲ့... ကိုယ့်ကို ခွင့်လွှတ်ပါဗျာ၊ နောက်ရက်ကစပြီး ကိုယ့်ဆီကိုလ... ယုဇနာ မလာပါနဲ့တော့၊ ယုဇနာကို မြင်တွေ့နေရရင် ကိုယ့်ရင်... ပိုခံစားရမှာမို့ပါ"

"ဒါပါပဲ ယုဇနာရယ်၊ ဂွတ်နိုက်"

ယုဇနာ ဘာတစ်ခွန်းမှ ပြောခွင့်မရခင် သူ့ဘာ... တစ်ဖက်သတ်စကားတွေ ပြောချင်ရာပြောပြီး ဖုန်းချသွား... ယုဇနာတစ်ယောက်တည်း ဖုန်းလေးကို ကိုင်ရင်း ငေးကြော...





ကြောင်လေး ကျန်ရစ်ခဲ့သည်။

သူက ယုဇနာကို ချစ်တယ်တဲ့။

ယုဇနာ ဘာလုပ်ရမှာလဲကွယ်။

သူက ယုဇနာကို မလာပါနဲ့ဟု ပြောနေပေမယ့် မနက်ဖြန် သူ့ကို ဆရာဝန်ကြီးနှင့် ပြသရမည့်ရက် ဖြစ်နေသည့်အတွက် ယုဇနာမှာ တာဝန်ရှိသည့်အတိုင်း သွားရပါဦးမည်။

✤ ✤ ✤

## အခန်း [၁၇]

"ကိုကိုက ဆရာဝန်ကြီးဆီ မသွားတော့ဘူးတဲ့ဗျာ၊ မမ
လည်း မတွေ့ချင်ဘူးလို့ ပြောတယ်၊ ဘာတွေဘယ်လို ဖြစ်ပြန်
လည်းမသိဘူး၊ ကျွန်တော်တော့ သိပ်စိတ်ညစ်တာပဲ မမရာ"

"ဟုတ်တယ် မမရယ်၊ ဇေက ဘယ်လိုချော့ပြောပြော
မရဘူး၊ မမရောက်နေပြီ အပြင်ကို ခဏထွက်တွေ့ပါဦးဆိုတာ
ပြောလို့မရတာ၊ မမပဲ ကိုကို့အခန်းထဲဝင်ပြီး သွားချော့ခေါ်လာခဲ့
မမရယ် နော်"

"အို့ကွယ် အဲဒီလိုကြီးတော့ မမလည်း မလုပ်ရဲပါဘူး
ကတ္တီပါရယ်၊ ညီမတို့ဘာသာ သူ့ကို ချော့မော့ပြီး အပြင်ကို ခဏ
လောက် ထွက်လာဖို့ ခေါ်ခဲ့လိုက်ပါကွယ်"

"ခေါ်နေတာပဲ မမရဲ့၊ ခေါ်လို့ကိုမရတာ၊ ဇေ ကိုကို့
နောက်တစ်ခါ ထပ်ခေါ်ကြည့်ပါဦး ဇေရယ်"





"ခေါ်နေတာပဲကွ ရမှမရတာ"

"ဒီတစ်ခါပဲ ဇေရယ်၊ ထပ်ခေါ်ကြည့်လိုက်စမ်းပါ၊
သွားပါဆို"

ကတ္တီပါက ဇေယျကိုယ်ကြီးကို တွန်းထိုးပြီး အခန်းတံခါး
...၍ ငြိမ်သက်တိတ်ဆိတ်နေသော ဗလအခန်းရှေ့အရောက် တွန်းပို့
...လိုက်တာကို ယူဇနာ ငေးကြည့်နေပါသည်။ သူမတို့နှစ်ယောက်
...ကို ဘယ်သူမှမသိ။ သူတို့နှစ်ယောက်တည်းသာ သိသည်။

အခုလိုကြီး သူ့ဘက်က ရုတ်တရက် တုံ့ပြန်လာတော့
...ကတ္တီပါတို့နှစ်ယောက်ရှေ့မှာ ယူဇနာမျက်နှာလေး ပူနွေးရှက်ရွံ့စွာ
...နေခက်နေမိသည်။

"ကိုကို ကိုကို မမယူဇနာ ရောက်နေတယ်၊ ထွက်တွေ့
...ဦးဗျာ"

အထဲက မလှုပ်။

ဇေယျက အစ်ကိုဖြစ်သူကို ထပ်ခေါ်သည်။ ပြောသည်
... ကတ္တီပါကတော့ ဇေယျကိုတစ်လှည့်၊ အစ်မဖြစ်သူ ယူဇနာ
...တစ်လှည့် ကြည့်ကာ မျက်နှာလေးပျက်နေသည်။

"ဘာဖြစ်နေမှန်းကို မသိတော့ပါဘူးဗျာ၊ မမကိုယ်တိုင်ပဲ
...ခေါ်လိုက်ပါ"

"ဇေ ဗိုက်ဆာနေပြီ ကတ္တီပါ၊ ဇေ့ကို ထမင်းတစ်ပွဲ
...လောက် ကျွေးပေးစမ်းပါ"

"ခဏလေးနော်"

လင်မယားနှစ်ယောက် ယှုဇနာကို ထားကာ တမင်ရေ
ထွက်သွားကြသလို ထင်မိပေမယ့် နေပါဦးဟု ယှုဇနာမတားခဲ့
ဗလဆိုသည့်လူက ယှုဇနာကို တမင်ပညာပြနေသည်ဟု ထင်သ
အခုအခြေအနေမှာ သူ့ပုံစံက ယှုဇနာကိုယ်တိုင် ထူမှထတော့
ဟန်မို့ သူမတစ်ယောက်တည်း ဘယ်လိုငြိမ်နေလို့ မဖြစ်တော့
အနေအထားဖြစ်နေပါသည်။

သူ့အခန်းရှေ့ကိုသွားပြီး သူ့ကိုခေါ်ရမည်လား မခေ
ဒီအတိုင်း ပြန်သွားရမည်လားဆိုတာ ယှုဇနာကိုယ်တိုင် ချီတုံ
ဖြစ်နေပေမယ့် နောက်ဆုံး သူ့ဆေးခန်းမသွားဖြစ်ရင် ယှုဇနာမှ
တာဝန်အရှိဆုံးမို့ ဗလအခန်းရှေ့မှာ စိတ်မောလူမောဖြင့် အသ
လိုက်ရပါသည်။

"ဒေါက် ဒေါက်"

"ကိုမင်းထင် ယှုဇနာပါ၊ ဆေးခန်းသွားကြရအောင်
ရှင့်၊ တံခါးဖွင့်ပါဦး"

"ကိုမင်းထင်"

"ကျွီး"

အခန်းတံခါးပွင့်လာပြီး မင်းထင်ဗလ မျက်နှာကို ဘ
တွေ့လိုက်ရတာမို့ ယှုဇနာရင်ထဲ တဒိတ်ဒိတ်ခုန်သွားသည်။
ယှုဇနာမျက်နှာလှလှလေးကို မပြုံးမရယ် စူးစူးနစ်နစ်ကြီး စို
ကြည့်နေပုံက ယှုဇနာပါးလေးတွေ နွေးခနဲ ဖြစ်သွားစေသ

"ပြန်ပါ ယှုဇနာ"





"ရှင်"

"ကျေးဇူးပြုပြီး ကိုယ်တစ်ယောက်တည်းနေပါရစေ"

"အို"

"ညက ကိုယ်တစ်ညလုံး စဉ်းစားပြီးပါပြီ ယှုဇနာ၊ ယှုဇနာ အချစ်နဲ့ ကိုယ်လိုလူနဲ့လည်း မထိုက်တန်ပါဘူးလေ၊ ဒါကြောင့် ယှုဇနာနဲ့ အဝေးဆုံးမှာနေဖို့ ကိုယ်ဆုံးဖြတ်လိုက်ပြီ၊ ကိုယ်ဒီမှာမနေတော့ဘူး ယှုဇနာ"

"ရှင် ဘယ်ကိုသွားမလို့လဲ"

"ယှုဇနာကို မမြင်မတွေ့နိုင်မယ့် တစ်နေရာရာကိုပေါ့"

"အို"

"ကိုယ့်ကိုခွင့်လွှတ်ပါ ယှုဇနာ"

"ကိုမင်းထင်"

ယှုဇနာ လှမ်းခေါ်ပေမယ့် မင်းထင်ဗလက ပြန်လှည့်မကြည့်တော့ဘဲ အခန်းတံခါးထဲကို ပြန်ဝင်သွားရာ ယှုဇနာမှာ ခပ်ဟဟပွင့်လျက် ကျန်ရစ်ခဲ့သော အခန်းရှေ့မှာ ရပ်လျက် စိတ်ရှုပ်ထွေးစွာ ကျန်ရစ်ခဲ့သည်။

အနားမှာ ဘယ်သူမှရှိမနေတာမို့ အခန်းတံခါးကို မရဲတရဲလေး အသာတွန်းပြီး ကြည့်လိုက်တော့ ခုတင်ထက်မှာ ကန့်လန့်ကြီး မှောက်လျက် အိပ်နေသူကို စိတ်မသက်သာဖွယ် မြင်တွေ့လိုက်ရသည်။

သူ့ပုံစံကိုကြည့်ရသည်မှာ ကလေးဆိုးကြီးနှင့် တူနေသည်။

ယူဇနာကသာ သူ့အချစ်ကို လက်မခံဘူးဟု ငြင်းပယ်မည်ဆို သူကလည်း ဆေးကုသမှုမခံဘူးဆိုသည့် သဘောမျိုးဖြစ်နေ

"ကိုမင်းထင် အဲဒီလိုမလုပ်ပါနဲ့ရှင်၊ တခြားဘယ် လည်း မသွားပါနဲ့၊ ဒီမှာလည်း ဆေးကုသမှု ခံယူရဦးမှာမဟ လား"

"ကိုယ့်ထိုက်နဲ့ ကိုယ်ကံပဲရှိပါစေဗျာ၊ ကိုယ့်အတ ယူဇနာ စိတ်မပူပါနဲ့"

"မပူလို့ ဖြစ်မလားရှင့်၊ ကိုမင်းထင် အခုလိုဖြစ် ယူဇနာကြောင့်ပါ၊ ဒီကြားထဲ ကိုမင်းထင်က ဆေးကုသမှုမ တခြားကိုထွက်သွားမယ်ဆိုတာ ယူဇနာကို စိတ်ဒုက္ခရောက်အော နောက်ထပ်လုပ်တာပဲ မဟုတ်ဘူးလားရှင်"

"ကိုယ်ဒုက္ခရောက်နေတာကိုတော့ ဘယ်သူမှ မ ပါဘူးဗျာ"

"သိပ်ကိုခက်တာပါပဲရှင်"

"မခက်ပါဘူးဗျာ၊ ဒါကြောင့် ကိုယ်တစ်ယောက်ပဲ ရစေလို့ ပြောနေရတာပါ"

"ဖြစ်မလားရှင့်"

အခန်းတွင်းနှင့် အခန်းပြင် တံခါးတစ်ချပ်ခြားပြီး ကိုယ ချင်တာတွေ ကိုယ်ပြောနေကြသူနှစ်ဦး၏ အဖြစ်ကို ဓေယ လင်မယား တိတ်တိတ်ခိုးကြည့်ရင်း စိတ်ထဲမှာ ကိုယ်စီ အား အားမရတွေ ဖြစ်နေမိကြသည်။





တစ်ဖက်က မိန်းကလေးမို့ ဒီလောက်ပဲ ပြောနိုင်ပေလိမ့်မည်။ ယောကျ်ားလေးဖြစ်သော အစ်ကိုလူပျိုကြီးကလည်း ဒီလောက်အခြေအနေမှာ ကိုယ့်ဘက်ပါလာအောင် မစည်းရုံးနိုင်ဘဲ အခန်းထဲကမထွက်ဘဲ ဘာလုပ်နေမှန်းမသိ။

ဓေယျက ကိုကို့နေရာမှာဆိုရင် ပွဲသိမ်းပြီးလောက်ပြီဟု တွေးနေဆဲ...

"ယူဇနာ"

"အိုး...အို ဘယ်လိုလုပ်လိုက်တာလဲရှင့်"

"အို"

"ချစ်တယ် ယူဇနာရယ်"

"သိပ်သိပ်ချစ်တယ်ဗျာ"

"ဟာ"

အစ်ကိုဖြစ်သူနှင့် အစ်မဖြစ်သူအခြေအနေကို အားမလိုအားမရဖြစ်နေဆဲ ဖြုန်းစားကြီး အခန်းတံခါး ဝုန်းခနဲပွင့်လာပြီး အခန်းပေါက်ဝမှာ ရပ်နေသော ယူဇနာကိုယ်လေးကို ဘာမပြောညာမပြော တစ်အားကျုံးယူ ပိုက်ထွေးပစ်လိုက်သော အစ်ကိုဖြစ်သူနှင့် ရုက်မွှန်အံ့သြစွာ ရှန်းကန်နေသူနှစ်ဦး အခန်းထဲ တွန်းထိုးရောက်သွားပုံကို ကြည့်ကာ အခုမှ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကျေကျေနပ်နပ်ကြီး ကြည့်ပြုံးလိုက်မိကြ၏။

မင်းထင်ဗလကိုယ်တိုင်မှာလည်း တမင်ဟန်ဆောင် ချုပ်တည်းထားခဲ့ရသမျှ အခုချိန်မှာတော့ စိတ်ရှိသလောက် ပေါက်ကွဲ

နေမိပါသည်။ ဒီလိုမှမဟုတ်လျှင်လည်း ယူဇနာဆိုသည့် မိန်းမ
လေးထံမှ အချစ်ကို ရယူဖို့ဆိုတာ မဖြစ်နိုင်မှန်း သူ ကောင်းကော
နားလည်ထားသည်။

အထူးသဖြင့် ယူဇနာမာနနှင့် ယူဇနာစိတ်ကို သူနားလည်
ဖြစ်သည်။

“ယူဇနာ”

“ရှင် လူဆိုး၊ သိပ်ဆိုးတဲ့လူသိလား”

“ချစ်တယ်နော်”

“ဖယ်ပါရှင်”

“ချစ်တယ်လို့ပြောပါ ယူဇနာရယ်၊ မောင့်ကို မသနား
လား အချစ်ရယ်”

“အို အပြင်မှာ ဧည့်သည်တွေ ရှိတယ်ရှင့်၊ သူတို့သာသိ
လို့ကတော့ ကျွန်မကို ဘယ်လိုထင်မလဲ”

“မောင့်ချစ်သူလို့ပဲ ထင်မှာပါဗျာ”

“ချစ်တယ် ယူဇနာရယ်”

“အို”

ထုရိုက်နေသည့် ယူဇနာ လက်သီးဆုပ်လေးများ
ညင်သာစွာ ရိုက်နမ်းလာတာမို့ သူ့ရင်ခွင်ထဲမှာ ယူဇနာကိုယ်
ထွေးခနဲ ရောက်ရပြန်ပါသည်။

“ချစ်တယ်နော် ယူဇနာ”

“အပြင်ကို ထွက်ကြပါစို့ရှင်”





“ကိုယ်မေးတာ ဖြေဦးလေ”

“ဒီလောက် ကဲချင်တိုင်းကဲပြီးမှ မချစ်ဘူးဆိုလို့ရော ရမှာ
မို့လား”

“မရဘူး”

“အဟွန်း ဟွန်း ဟွန်း”

“ချစ်လိုက်ရတာ ယူဇနာရယ်”

“မောင့်ကို ဘယ်တော့မှ မမုန်းရဘူးနော်”

“ကိုမင်းထင်ရယ်”

ယူဇနာကိုယ်တိုင်လည်း သူမဘဝမှာ တစ်ခါမှ မချစ်ဘူး
သည့် အချစ်နှင့် ချစ်ခဲ့မိပြီမို့ ဟန်မဆောင်ချင်တော့ပါ။ သူ့အပေါ်
မှာ ထားခဲ့သော အမုန်းစိတ်တို့လည်း ပျယ်လွင့်ခဲ့ရပါပြီ။

အထူးသဖြင့် ယူဇနာကြောင့် သူအခုလိုဖြစ်ရတာဆိုသည့်
အတွေးလေးက နုနယ်သော ယူဇနာ နှလုံးသားနှင့် အတွေးအာရုံ
ကို အမြဲစိုးမိုးနေရာယူထားတာကြောင့်လည်း မင်းထင်ဇလဆိုသည့်
အတိတ်မေ့နေသူအဖြစ် သူမ သိထားသူကို ဤမျှ လျင်မြန်စွာ
စာနာသနားစိတ်နှင့် တွယ်ငြိမိရခြင်းဟု ဆိုလျှင်လည်း မမှားပါ။

သူမအချစ်ကို မင်းထင်ဇလဆိုသည့်လူက တမင်ဟန်
ဆောင်လိမ်ညာပြီး ပိုင်ဆိုင်ရယူနိုင်အောင် ကြိုးစားနေခြင်းဟုသိ
လျှင် မင်းထင်ဇလဆိုသည့်လူကို ယူဇနာအနေနှင့် အခုလို ချစ်မိ
ချင်မှ ချစ်မိမည်ဖြစ်သည်။

ချစ်အဖြေကိုလည်း ဤမျှ လွယ်ကူစွာ ပေးမည်မဟုတ်။
ဒါကို မင်းထင်ဇလ စိတ်ထဲက အလိုလိုသိနေတာမို့ ချစ်သူကိုယ်

လေးကို သူ့ရင်ခွင်ထဲမှာ တင်းနေအောင် ဖက်ထားလိုက်မိသည်

မောင့်ကို အထင်မလွဲလိုက်ပါနဲ့ အချစ်ရယ်။

မောင် အခုလို လိမ်ညာဟန်ဆောင်ရတာ ယူဇနာ သိပ်ချစ်လို့။ မခွဲနိုင်လို့။ ပိုင်ဆိုင်ရယူချင်လို့ဆိုတာ မောင့်အခု ယုံပါဗျာ။

“ယူဇနာကို မောင်ချစ်တယ်”

“ဆေးခန်းကို အရင်သွားကြရအောင်ပါနော်”

“ဘယ်သူ့ကိုပြောတာလဲ”

“ကိုမင်းထင်ကိုလေ”

“ဘယ်သူ”

“ကိုမင်းထင်”

“မောင်လို့ခေါ်”

“အို”

ပါးလေးတွေ ရဲခနဲဖြစ်သွားပြီး ခေါင်းငုံ့သွားသည့်ချစ်သူ ကို မြတ်နိုးအသည်းယားစွာ သူစိုက်ကြည့်ပစ်လိုက်သည် သူ့အကြည့်များကို ယူဇနာ ရင်မဆိုင်ဝံ့။ ရင်မဆိုင်ရဲတိုင်း မျက်လွှာ ကို ချထားမိသည်။

“ယူဇနာ မောင့်ကို တကယ်မချစ်ဘူးမဟုတ်လား”

“ရှင်”

“ကိုယ့်ချစ်သူကို တကယ်ချစ်ရင် မောင်လို့ခေါ်ရမှာပေါ့ ဆေးကုမခံဘဲ ထွက်သွားမှာစိုးလို့ တမင်ချစ်ဟန်ဆောင်နေတာ ရှင်”





“မောင်”

“ယူဇနာ မောင့်အချစ်ရယ်”

“တော်သင့်ပါပြီ မောင်ရယ်၊ ယူဇနာတို့ အပြင်ကို ထွက် ကြပါစို့နော်၊ အခုလောက်ဆို ညီမလေးတို့လည်း ယူဇနာတို့ အကြောင်းကို ရိပ်မိကုန်လောက်ပါပြီရှင်”

“အခုမသိလည်း နောက်သိရမှာပဲဗျာ၊ ယူဇနာက မကြော်ငြာလည်း မောင်ကတော့ အားလုံးသိအောင် ယူဇနာဆိုတာ မောင့်ချစ်သူပါလို့ တစ်ကမ္ဘာလုံးကြားအောင် အော်ပြောသင့်ပြော ရမှာပဲ”

“ပိုလိုက်တာ မောင်ရယ်”

“လိုတောင်လိုပါသေးတယ်ဗျာ”

“ကဲ လာပါ အပြင်ကိုထွက်ကြမယ်”

“ကျွီး”

“ဟေး”

“အိုး”

“ဖောက် ဖောက်”

“ဖြောင်း ဖြောင်း ဖြောင်း”

ဇေယျာတို့ လင်မယားနှစ်ယောက် ကြိုတင်စီစဉ်ထားသည့် အတိုင်း အခန်းထဲကထွက်လာသည့် အသစ်စက်စက် ချစ်သူနှစ်ဦး ကို ရွှေမှုံငွေမှုံတွေ ဖြန့်ကျဲပြီး ပျော်ရွှင်ဝမ်းသာစွာ လှိုက်လှိုက်လှဲ လှဲ ခုန်ပေါက်ကြိုဆိုလိုက်တာမို့ ယူဇနာရော မင်းထင်ဗလပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရှက်စနိုး ကိုယ်စီပြုံး

လိုက်မိကြပါသည်။

"အသစ်စက်စက် ချစ်သူနှစ်ယောက်ကို ကျွန်တော်တ လင်မယား နှစ်ယောက် အထူးဂုဏ်ပြုသောအားဖြင့် အကောင်းဆုံး စားသောက်ဆိုင်မှာ လိုက်ကျွေးဂုဏ်ပြုပါရစေဗျာ"

"ဟုတ်တယ်နော် ချစ်"

"ဒါပေါ့ ဖေ၊ ကိုကိုနဲ့မမ ခဏစောင့်နော်၊ ကတ္တီပါတ အဝတ်လဲပြီး အခုပြန်လာခဲ့မယ်"

"လာ ဖေ"

ကတ္တီပါတို့လင်မယားနှစ်ယောက် သူတို့အခန်းထဲ ပျော်ရွ စွာ ပြေးဝင်သွားတာကို ကြည့်ရင်း အနားမှာ ယူဇနာကို ပြုံးပြ ကြီးစိုက်ကြည့်နေသည့် မင်းထင်ဗလကို ရှက်စနိုး မျက်စောင်းရွယ လိုက်မိသည်။

"ရှက်စရာကောင်းလိုက်တာ မောင်ရယ်၊ အဲဒါ မော ကြောင့်သိလား"

"အစထဲက သူတို့က မောင့်ကို ယူဇနာနဲ့ သဘော ပြီးသားပဲဗျာ၊ ရှက်စရာမလိုပါဘူး"

"ဘာ့ရယ်"

"ယူဇနာဆိုတဲ့ ဟောဒီက မောင့်ချစ်သူကို မောင်ဘယ လောက်ချစ်တယ်၊ မြတ်နိုးတယ်၊ စွဲလမ်းနေတယ်ဆိုတာ ဖေယျဇေ ကတ္တီပါ သိတယ်လို့ပြောတာ"

"ဒါတွေအားလုံး မောင့်အကြံအစည်တွေပေါ့လေ ဟုတ





လား၊ ပြောတော့ လူမမာတဲ့ ဒါမျိုးတွေလုပ်ဖို့ကြတော့ ဘယ်လို သိနေလဲ၊ အတိတ်မေ့တဲ့အထဲမှာ ပါမသွားဘူးလား"

"အဟွန်း...ဟွန်း...ဟွန်း"

"ဒါမျိုးက အတိတ်မေ့တဲ့ထဲ ပါစရာမလိုဘူးဗျ၊ မွေးရာ ပါ ဗီဇထဲမှာကိုက သူ့အလိုလိုပါရှိပြီးသား၊ ပြောစမ်းပါ မောင့်ကို ချစ်တယ်လို့"

"ပြောပြီးပြီလေ"

"ထပ်ကြားချင်တယ်"

"မရတော့ဘူး"

"ဘာဖြစ်လို့"

"ခဏ ခဏ ကြားချင်တယ်ပြောနေမှာ စိုးလို့ပါတဲ့ရှင်၊ ကဲ သိပြီလား"

"ကြည့်စမ်း သိပ်ဆိုးတဲ့ကောင်မလေးပါလား"

"လာခဲ့"

"ဟိတ် ဟိုမှာ ကတ္တီပါတို့လာနေပြီ၊ ဣန္ဒြေရရနေနော်"

အမှန်ပင် ဖေယျတို့နှစ်ယောက်ကို လှမ်းမြင်လိုက်ရတာမို့ ဣန္ဒြေဆယ်ပြီး နေလိုက်ရသော်လည်း မင်းထင်ဗလ၏ လက် တစ်ဖက်ကတော့ ယူဇနာ လက်ကလေးတစ်ဖက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားခြင်းဖြင့် သူ့ကိုယ်သူ အလျှုရှင်မှန်းသိအောင် မထွာပ် တိုင် ဟက်ပြလျက် ရှိနေပါတော့သည်။

✤ ✤ ✤

## အခန်း [၁၈]

"သိပ်ချစ်တာပဲ ယုဇနာရယ်"

"ယုဇနာလည်း မောင်းနဲ့အတူတူပါပဲကွယ်"

"အချစ်ရယ်"

တိုးရှိုက်နှင့်မောဖွယ် လှိုင်းထန်နေသည့် အချစ်ရေစီးထဲမှာ ချစ်သူနှစ်ဦး အတူမျောပါနေကြ၏။ ရင်ထဲမှာ ကြည်နူးမှုကိုယ်စီနှင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်မဝသလို စိမ်းစိမ်းစူးစူး မြတ်နိုးစွာ နှင့်နှင့်သည်းသည်းကြည့်ရင်း အပြုံးချင်းဖလှယ်မိကြသည်။

ချစ်မိပြီဆိုတော့ ဟန်မဆောင်ချင်။ တစ်ယောက်မျက်နှာကိုတစ်ယောက် အမြဲမြင်ချင်တွေ့ချင်နေကြသလို ချစ်စားတွေ အထပ်ထပ် သီကုံးချင်ကြပြန်သည်။ ပွင့်လင်းလွတ်လပ်သော ချစ်သူတွေအဖြစ် ယုဇနာအချစ်ကို ပိုင်ဆိုင်ရပြီဟုဆိုပေမယ့် မင်းထင်ဇလ





ရင်ထဲမှာ စိတ်ထင်တိုင်းမပျော်နိုင်သလို ယုဇနာကိုယ်တိုင်မှာလည်း သူ့ဘဝသူမသိဘဲ အတိတ်မေ့၊ ဘဝမေ့နေသော ချစ်သူကို ချစ်ရသည်မှာလည်း ရင်မောစိတ်ရှုပ်ထွေးမှုလေးများနှင့်ဖြစ်သည်။

မင်းထင်ဇလကို ယုဇနာက သူ့ဘဝမှန်ကို ပြန်ရောက်စေလိုသည်။ လူကောင်းပကတိစိတ်နှင့် ပုံမှန်လှုပ်ရှားရှန်းကန်သော သူတစ်ယောက်ဘဝကို မြင်လိုတွေ့လိုလှပြီ ဖြစ်သည့်အတွက် သူ့ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို ယုဇနာကိုယ်တိုင် အထူးကြပ်မတ် ဂရုစိုက်ပြုစုခဲ့သည်။

မင်းထင်ဇလ၏ ရောဂါအခြေအနေ တိုးတက်ဆုတ်ယုတ်ခြင်းမှန်သမျှကိုလည်း စိတ်ဝင်စားသည်။ ဤသည်မှာ ယုဇနာအပိုင်းအတ္တဖြစ်သလို မင်းထင်ဇလအပိုင်းကြပြန်တော့လည်း ညီဖြစ်သူဓေယျ၏ အကြံဉာဏ်ပေးမှုအောက်မှာ ချစ်သူထံမှ အချစ်ကို ပိုင်ဆိုင်ယူလိုသည့် စိတ်ဓာဖြင့် သူ့ကိုယ်သူ အတိတ်မေ့ဝေဒနာသည်အဖြစ် ဟန်ဆောင်မိသည့် အချိန်မှစ၍ သူ့လိပ်ပြာ သူမလုံတော့ပါ။

မိမိချစ်မြတ်နိုးသူ အပါအဝင် အားလုံးကို လိမ်ညာဟန်ဆောင်နေရသည့်အဖြစ်ငို ႑ုံးတီးနေမိ၏။ အဖြစ်မှန်ကို ဖွင့်ပြောဖို့ကြိုးစားပြန်တော့လည်း ဓေယျရော ကဏ္ဍီပါကပါ သူ့အကြံအစည်တို့ ခါးခါးသီး တားမြစ်ကန့်ကွက်ကြသည်။

အစ်မဖြစ်သူ ယုဇနာအကြောင်း သိနေသည့် ကဏ္ဍီပါက ဆိုးသည်။ ယုဇနာစိတ်ကို ပိုစ္ဆုံးလည်သူဖြစ်သည့်အတိုင်း လက်ရှိ

ဝိုးမိုး ◆ တလေ

အခြေအနေမှာပဲ မီးစင်ကြည့်ကသွားဖို့ တိုက်တွန်းသဖြင့် အဖြစ်မှန်ကို ယူဇနာသိအောင် ဖွင့်မပြောရဲသေး။

ယူဇနာက မည်သူကိုမှ မလိမ်ညာသလို သူ့ကိ ဟန်ဆောင်လိမ်ညာလှည့်ဖြားပြီး သူမအချစ်ကိုရယူဖို့ ကြိုးစားခြင်း အပေါ်မှာလည်း မရိုးသားသည့် လုပ်ကြံမှုတစ်ခုအဖြစ်သ သတ်မှတ်မည့်သူဖြစ်သည်။

ပြီးတော့ ရှက်စိတ်ဖြင့် နာကြည်းမုန်းတီးခြင်းကိုပါ ထ ဆင့်လိမ့်မည်။ အထူးကုဆရာဝန်ကြီးဆိုသည်က မင်းထင်ဗလ ဆရာမို့ သူ့အကြောင်းအဖြစ်မှန်ကို ဖွင့်ပြောတောင်းပန်စကားဆိုထ သဖြင့် ဆရာက သူ့ခံစားချက်ကို စာနာနားလည်စွာ ရယ်မောနေ သည်။

ဆရာနှင့် မင်းထင်ဗလကြားမှာ ဘာပြဿနာမှမရှိ။ ဆ ဆီ ခဏခဏလည်းမသွား။ အေးအေးဆေးဆေး အနားယူပ ညွှန်ကြားသည့် ဆေးတွေသောက်ပါ။ စိတ်ချမ်းသာအောင်နေ ဂရုစိုက်ပါ ဘာညာနှင့် ဆရာဆေးခန်းကို ထပ်မသွားဖြစ်အော ကိုယ့်ဘာသာကိုယ် လုပ်ဇာတ်ခင်း ဖန်တီးနိုင်ပေမယ့် ချစ်သေ ယူဇနာကိုကြတော့ ကြာရှည်ဟန်မဆောင်ချင်။

"မောင်တို့ လက်ထပ်ကြရအောင်လားဗျာ၊ ယူဇန မောင်မခွဲချင်တော့ဘူး"

"လက်ထပ်ကြစို့နော် အချစ်၊ မောင့်ကို လက်ထပ်မ မဟုတ်လားဟင်"





"မြည်းမြည်းပေါ့ မောင်ရယ်၊ အချိန်တွေရှိပါသေးတယ်"

ယူဇနာစကားက လက်ခံနိုင်လောက်စရာဟုဆိုပေမယ့် မင်းထင်ဗလဘက်က ထိုစကားကို လက်မခံနိုင်။ ယူဇနာ သူ့ကို တကယ်ချစ်တာလား။ သူ့ကြောင့် ရောဂါဝေဒနာသည် ဖြစ်သွားရတဲ့သူမို့ သူမအပြစ်ကို ကြေအေးစေရုံချစ်ဟန်ဆောင်ကာ သူ့စိတ်ချမ်းသာမှုရအောင် သူမတတ်နိုင်သည့်ဘက်က ပေးဆပ်ခြင်းလား ဆိုတာ မင်းထင်ဗလ ကိုယ်တိုင်သိချင်နေသော မေးခွန်းများဟုဆို လျှင်လည်း မှန်ပါသည်။

"ယူဇနာ"

"ရှင်"

"မောင့်လိုလူတစ်ယောက်ကို ယူဇနာ လက်ထပ်ဖို့ မစဉ်းစားရဲဘူးမဟုတ်လား"

"ဘာရယ် မောင် ဘယ်လိုပြောလိုက်တာလဲ၊ မောင် ပြောတဲ့စကားကို ယူဇနာ နားမလည်ဘူး"

"သြော် သေချာတွေးကြည့်တော့ မောင်က ယူဇနာတို့လို လူကောင်းတစ်ယောက်မှ မဟုတ်ဘဲဗျာ၊ ဒီလိုလူတစ်ယောက်ကို ယူဇနာလို မိန်းကလေးတစ်ယောက်က လက်ထပ်ဖို့ဆိုတာ သိပ်ပြီး ခံစားရာများကျနေမလားလို့ပါ"

"တကယ်ဆို မောင့်ရောဂါက ကုသလို့ပျောက်ချင်မှလည်း ပျောက်မယ်၊ တစ်သက်လုံး ဒီအတိုင်းပဲ ဖြစ်ချင်ဖြစ်နေနိုင်တာမျိုး မဟုတ်လားဗျာ"

"မောင်ရယ်"

မင်းထင်ဇလက ယူဇနာ စိတ်ကို စမ်းသပ်လို၍ ထိုစကား ကို တမင်ပြောလိုက်တာဖြစ်ပေမယ့် ယူဇနာအတွက်ကြတော့ သူ့ စကားက ယူဇနာနှလုံးသားကို တဆစ်ဆစ်နာကျင်ထိခိုက်စေသေ အဓိက အကြောင်းရင်းကြီး တစ်ရပ်အဖြစ် ရင်နာသွားစေပါသည်

ယူဇနာက မောင့်ကို တကယ်ချစ်မိခြင်းဖြစ်သည်။ သူ စိတ်စမ်းသပ်နေခြင်းမျိုးမဟုတ်။ ဒီတော့ ချစ်သူမျက်နှာကို စေ့စေ့ ကြည့်ရင်း ချစ်သူကို ကျေနပ်လောက်အောင် သူမဘက်က အဖြေ ပေးရုံသာရှိပါသည်။

"ယူဇနာလေ မောင့်ကို တကယ်ချစ်မိပြီးတဲ့နောက်မှ အခု မောင်တွေးသလို ယူဇနာ ဘာမှမတွေးနိုင်ခဲ့ပါဘူးကွယ်၊ မော ကို ယူဇနာချစ်တယ်၊ ချစ်လို့ လက်ထပ်မယ်၊ ဒါ့အပြင် တခြား မရှိဘူး မောင့်ရောဂါ ဝေဒနာတွေကြောင့်လည်းမဟုတ်ဘူး"

"ယူဇနာမောင့်ကို လက်ထပ်မယ်"

"ဝမ်းသာလိုက်တာ ယူဇနာရယ်၊ မောင်တို့ လက်ထ ကြမယ်နော် ချစ်"

"ကောင်းပါပြီ မောင်ရယ်"

လက်ထပ်ပွဲကျင်းပဖို့ သဘောတူညီမှုရပြီးနောက်မှ အပျော်ကြီးပျော်နေကြသူတွေက ဇေယျတို့ဇနီးမောင်နှံဖြစ်သည်

"အောင်ပြီကွ အောင်ပြီ၊ အခုမှ စိတ်အေးရတော့တယ်"

"လက်ထပ်ပြီးလို့ ဇနီးမောင်နှံတွေဖြစ်သွားပြီးမှ





အေးဆေးပါ မိန်းမရဲ့၊ အဲဒီအတွက်ဆိုရင် ပူမနေစမ်းပါနဲ့၊ဟော့ဒီ က ဇေအတွက်ပဲ ပူပေးစမ်းပါ"

"ဇေနော် ဒါက ဘာလုပ်တာလည်း"

"သွားစမ်းပါ"

"အဟတ် ဟား ဟား"

ပြောပြောဆိုဆို ဇေယျက ကဏ္ဍီပါ ဗိုက်ကလေးကို သူ့ လက်တစ်ဖက်နှင့် အသာအယာ စမ်းသပ်ထိတွေ့လိုက်တာမို့ ကဏ္ဍီ ပါက ဇေယျလက်ကို သူမလက်ကလေးနှင့် ပုတ်ထုတ်ပစ်လိုက်ရာ ဇေယျက သဘောကျစွာ ရယ်မောလိုက်ခြင်းဖြစ်သည်။

"သေချာစဉ်းစားဦးနော် ယူဇနာ၊ တော်ကြာ လက်ထပ်ပြီး တစ်သက်လုံး သတိမရရင် ဘယ်လိုလုပ်ကြမလဲ"

"ဒီတော့လည်း ယူဇနာကံပေါ့ မမဦးရယ်၊ ကိုယ့်ကြောင့် ဖြစ်ရတဲ့ကိစ္စပဲ၊ ယူဇနာမှာ တာဝန်ရှိပါတယ်လေ၊ ဒီအခြေအနေ တောင်ဖြစ်လာပြီပဲ ဖြစ်လာသမျှ ယူဇနာကံပဲလို့ မှတ်ရတော့မှာ ပေါ့ရှင်"

"ဒါဆိုလည်း ညီမသဘောပါပဲကွယ်၊ ဒေါက်တာ မင်း ထင်ဇလနဲ့ ညီမ ယူဇနာတို့ကတော့ လနဲ့နေ မြနဲ့ရွှေလို အင်မတန် လိုက်ဖက်ကြတာတော့ အမှန်ပါကွယ်"

"ညီမတို့မင်္ဂလာပွဲကို အကောင်းဆုံးဖြစ်အောင် မမ ဦးဘက်က ကူညီဖို့ အသင့်ပါညီမရယ်"

"ကျေးဇူးတင်ပါတယ် မမဦးရယ်"

"ဒေါက်တာမင်းထင်ဇလနှင့် ယူဇနာတို့ လက်ထပ်ပွဲ ကြီးကျယ်ခမ်းနားစွာ ပြီးစီးခဲ့ရပါပြီ။ ဒီတစ်ခါတော့ ယောင်နောက် ဆံထုံးလိုက်ပါခြင်းမျိုးမဟုတ်ဘဲ ဆံထုံးနောက်ကိုယောင်က လိုက် လာရခြင်းဟုဆိုလျှင်လည်း မမှားပါ။

ယူဇနာအိမ်မှာ မင်းထင်ဇလက လိုက်နေရပြီး ဖေယျ တော့ သူတို့အိမ်မှာပဲ ကတ္တီပါနှင့်အတူ ကျန်ရစ်ခဲ့ပါသည်။ မင်္ဂလာ ဦး ဟုန်းနီးမွန်းခရီးအဖြစ် အထက်မြန်မာပြည်အနှံ့ ခြေဆန့်ရင်း မင်းထင်ဇလ၏ ကျန်းမာရေးအတွက် ရေမြေသစ်မှာ စိတ်သစ် သစ်ဖြစ်ဖို့ ရည်ရွယ်ချက်အပြည့်နှင့်ဖြစ်သည်။

"ယူဇနာ"

"ရှင်"

"ပျော်ရဲ့လားဟင်"

"မောင်ရော"

"သိပ်ပျော်လွန်းလို့ တစ်လောကလုံးကြားအောင် မော ရင်ထဲက အပျော်တွေကို ကြော်ငြာချင်နေတဲ့ မောင်ပါ ယူဇနာရယ်"

"မောင်ရယ်"

ချစ်ခင်ပွန်း၏ရင်ခွင်မှာ ယူဇနာ ဦးခေါင်းလေးကို အသ အယာ ခွေမှီလိုက်တော့ မောင်က ယူဇနာကိုယ်လေးကို သူ့ရင်ခွင် မှာ အတင်းကြပ်ဆုံး ပိုက်ထွေးပြီး နူးညံ့အိထွေးသော ပါးလေးန ဘက်ကို အသာအယာ ငုံ့မွှေးရှိုက်နမ်းပါသည်။

"ချစ်လိုက်ရတာ ယူဇနာရယ်၊ မောင့်ချစ်ဇနီးလေး





မောင်ဘယ်လောက်ချစ်ရတယ် မြတ်နိုးရတယ်ဆိုတာ မောင့်ချစ် ဇနီးလေးသိအောင် မောင့်ရင်ကို ခွဲပြလိုက်ချင်ပါရဲ့ အချစ်ရယ်"

"ယူဇနာထက်များ မောင်က ပိုချစ်နိုင်လို့လားရှင်၊ ယူဇနာ အချစ်ကသာ မောင့်ထက်ပိုတာပါနော်"

"ယူဇနာလေးရယ်"

လှပနွေးသော ချစ်ဇနီးမျက်နှာလေးကို မြတ်နိုးချစ်မဝ နိုင်ခြင်းတွေနှင့် စီးမိုးငုံ့ကြည့်ရင်း မင်းထင်ဇလရင်မှာ လှိုက်လှဲ သော အချစ်တို့ ဖြစ်ထွန်းနေရပါသည်။ လှပဝိုင်းစက်သော ယူဇနာ မျက်ဝန်းရွှဲကြီးတွေက သူ့ရင်ကို အလှူပ်ခတ်နိုင်ဆုံးဟုဆိုလျှင်လည်း မမှားပါ။

ချစ်လွန်း၍ သူ့ရင်ထဲက အမှန်တရားတွေကို ထုတ်ဖော် ပြောမိလု အခြေအနေမှာပင်

"မောင်"

"ဗျာ"

"အခု မောင့်ခေါင်းထဲမှာ ကြည်ကြည်လင်လင်ရော ရှိရဲ့ လားဟင်"

"မကြည်လင်ဘူး"

"ဟင်"

"မောင် ခေါင်းမူးနေလားဟင်၊ အခုဘယ်လိုနေလဲဟင်၊ ပြောပါဦးမောင်ရယ်၊ မောင် ခေါင်းမူးနေသေးလား"

"ဟင့်အင်း...အချစ်မူးနေတာ"

“အို…မောင်သိပ်ဆိုးတယ်သိလား၊ ယူဇနာက အပျော ထင်နေတာ သွား သွား”

“အပျွန်း ပျွန်း ပျွန်း”

ယူဇနာက သူ့ရင်ဘတ်ကြီးကို လက်သီးဆုပ်ကလေးဖြ နှင့် မနာကျင်အောင် ထုရိုက်တော့ မင်းထင်ဗလက ချစ်ဇနီး၏ လက်သီးဆုပ်လေးများကို အသာအယာဖမ်းယူဆုပ်ကိုင်ကာ သူ့ရင ခွင်ထဲမှာ ပိုက်ထွေးထားလိုက်ပါသည်။

“မောင်ရယ် ယူဇနာက မောင့်အတွက် တကယ်စိုးရိမ် လို့ မေးနေတာကို ကောင်းကောင်းဖြေစမ်းပါကွယ်၊ အခု မောင့် ခေါင်းထဲမှာ ကြည့်ကြည်လင်လင်ရှိရဲ့လား၊ ပြီးတော့ မောင့်ခေါင်း ထဲကို အရင်တုန်းက အကြောင်းအရာတွေ တစ်ခုခုပဲဖြစ်ဖြစ် ဝင် လာတာမျိုး မရှိဘူးလားဟင်”

“ရှိသားပဲ”

“ဟင်”

“ဘယ်တုန်းက အကြောင်းအရာတွေလည်းဟင် ဘယ်တုန်းက အဲဒါတွေကို ပြန်မှတ်မိတာလဲ”

“အကြောင်းအရာတွေကတော့ အရင်တုန်းက အကြောင်း တွေရော၊ အခုဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေရော အားလုံးအင် ပဲ”

“မောင်”

“ဗျာ”





“မောင် မေ့နေ အားလုံးကို ပြန်မှတ်မိပြီပေါ့နော် ဟုတ် လား”

ယူဇနာ အမူအရာလေးက တုန်လှုပ်နေသလောက် မင်းထင်ဗလ၏ အမူအရာကတော့ တည်ငြိမ်နေပါသည်။ လှပ သော ချစ်ဇနီး၏ မျက်နှာလေးကို စူးစိုက်ကြည့်နေရင်း သူဟန်ဆောင် ထားခဲ့မိသမျှ ဖွင့်ပြောရန် သင့်မသင့်ကို စဉ်းစားတွေဝေနေမိသည်။

“မောင်”

“ဟင်”

“ယူဇနာမေးတာ ဖြေပါဦးရှင်၊ ဘာဖြစ်လို့ ယူဇနာကို တစ်ခါမှ မမြင်ဘူးသလိုကြီး ကြည့်နေရတာလဲ”

“ချစ်လို့ပေါ့ ယူဇနာရယ်၊ ယူဇနာရော မောင့်ကို မချစ် ဘူးလား”

“ချစ်လို့ လက်ထပ်ထားတာ မောင်မသိဘူးလားကွယ်၊ မောင့်ကို ယူဇနာလည်း ချစ်တာပေါ့”

“ချစ်ရင် ခွင့်လွှတ်မှာလား”

“ခွင့်လွှတ်ရမယ် ဟုတ်လား၊ ယူဇနာက မောင့်ကို ဘာ အတွက် ခွင့်လွှတ်ရမှာလည်းရှင်ရယ် ပြောပါဦး၊ မောင်က ယူဇနာ မသိအောင် ဘာအပြစ်တွေများ လုပ်ထားလို့တုန်း”

“လုပ်ထားခဲ့မိရင်ရော”

“ကြည့်စမ်း ဒီနေ့ မောင့်စကားတွေက သိပ်ကို ထူးဆန်း နေပါလား၊ မှန်မှန်ပြောစမ်းပါ ယူဇနာမသိအောင် မောင်တစ်ခုခု

အပြစ်လုပ်ထားပြီမဟုတ်လား”

“အင်း”

မောင်က ခပ်တည်တည်ပင် ခေါင်းညိတ်ဝန်ခံလိုက်တော့မှ ယူဇနာမှာ ပိုလို့ အံ့သြသွားကာ မောင့်မျက်လုံးတွေထဲကို စိုက်ကြည့်ဖြစ်လိုက်သည်။ မောင်ကလည်း ယူဇနာ မျက်ဝန်းတွေကို စူးစူးနစ်နစ် ပြန်စိုက်ကြည့်နေပုံကလည်း အသည်းနွေးရပါသည်။

“ယူဇနာ မသိအောင် မောင်ဘာတွေလုပ်ထားခဲ့လဲ မောင့်မှာ ယူဇနာ မဟုတ်တဲ့ တခြားတစ်ယောက်”

“ရှူး”

“ဒီတစ်ယောက်တောင် မနည်းကြိုးစားပြီး ပိုင်ဆိုင်ထားရတဲ့ သူပါဗျာ၊ ဘယ်လိုလုပ်ပြီး တခြားတစ်ယောက်ရှိမှာလည်း ယူဇနာကသာ မောင်မဟုတ်တဲ့ တခြားတစ်ယောက်ရှိရင် ရှိခဲ့မှာပါ”

“မောင်နော် အဲဒါက ဘာစကားလဲ၊ ယူဇနာကိုမှ မောင့်လို့ထင်နေလား၊ မောင်တို့ ညီအစ်ကိုကသာ အဲဒီကိစ္စနဲ့ပတ်သက်လာရင် နာမည်ကြီးရှင့်သိလား”

“ဘာတွေနာမည်ကြီးတာလဲ”

“ရှုပ်တဲ့ပွေတဲ့နေရာမှာ နာမည်ကြီးတာပေါ့၊ ဒါကြောင့် ယူဇနာက ကတ္တီပါကို မောင့်ညီဇေယျနဲ့ နည်းနည်းမှ သဘောမတူနိုင်တာကြည့်ပါလား”

စကားလမ်းကြောင်း၏ ဦးတည်ရာက တခြားတစ်နေရာရောက်သွားတာမို့ မောင့်ကို ချစ်စနိုးမျက်စောင်းရွယ်ရင်း မောင်နှင့်





ယူဇနာ ဖုန်းထဲမှာ ညီနှင့်ညီမအတွက် စကားပြော အဆင်မပြေဖြစ်ပြီး ဘုဘောက်ကျပုံ စကားများကြပုံတွေကို မောင်သိအောင် အားလုံးပြန်ပြောပြတော့ မောင်က ယူဇနာ မျက်နှာလှလှလေးကို တစိမ့်စိမ့်ငေးကြည့်ရင်း စိတ်လှုပ်ရှားစွာ နားထောင်နေပါသည်။

“အဲဒီတုန်းက ယူဇနာ မောင့်ကို မုန်းခဲ့မှာပေါ့”

“ဒါပေါ့ မောင်ကရော ချစ်စရာကောင်းခဲ့လို့လား၊ ယောကျ်ားဖြစ်ပြီး စကားပြောတော့ အစီးအကြောကြီးနဲ့ တစ်ဖက်က မိန်းမသားတစ်ယောက်ဆိုပြီး သက်သက်ညှာညှာကို နည်းနည်းမှ ပြောဖော်မရဘူး”

“ယူဇနာကလည်း သိပ်စွာခဲ့တာကိုး”

“ကြည့်စမ်း မောင် မှတ်မိနေတယ်”

“အဟွန်း ဟွန်း ဟွန်း”

အံ့သြဟန်လေးနှင့် သူ့မျက်နှာကို မော့ကြည့်လာတော့ မြတ်နိုးစွာ ရယ်မိသည်။

“ဘယ်တုန်းကမှ မမေ့ခဲ့တာဘဲ ယူဇနာရယ်၊ မောင်အမြဲမှတ်မိနေတာပေါ့”

“ဟင်”

“မောင် မောင်က”

“ဟုတ်တယ် ယူဇနာ မောင်ခေါင်းကို ဒဏ်ရာရပြီး အတိတ်ကို မေ့သွားခဲ့တယ်ဆိုတာ ခဏပဲ အချိန်အကြာကြီးမဟုတ်ဘူး၊ ဒီကိစ္စတွေကို မောင်အားလုံး ပြန်မှတ်မိနေခဲ့တာကြာပြီ”

“တကယ်ပြောတာလားမောင်”

“အင်း”

“ဒါဖြင့် မောင်က ယူဇနာကို တမင်လိမ်ညာဟန်ဆောင်ပြီး လက်ထပ်ယူခဲ့တာပေါ့လေ ဟုတ်လား၊ မောင်က လူလိမ်လူညာ”

“မဟုတ်ဘူး ယူဇနာ”

“ဟုတ်တယ် ဟုတ်တယ် မောင့်ကို ယူဇနာကတော့ သနားငဲ့ကိုက်ရတာ၊ ခံစားကြေကွဲပေးလိုက်ရတာ၊ အခုတော့ မောင်က ယူဇနာကိုလိမ်တယ်၊ ညာတယ်”

“ယူဇနာ”

“မခေါ်နဲ့ မောင့်အသံကို မကြားချင်ဘူးသိလား၊ ယူဇနာကို လိမ်ညာခဲ့တဲ့ မောင့်ကိုလည်း မုန်းတယ်သိလား”

“မုန်းတယ်”

“ဘိတ် နေဦးလေ”

ယူဇနာက မင်းထင်ဗလကို လုံးဝလှည့်မကြည့်တော့ဘဲ အခန်းထဲက ပြေးထွက်သွားရာ မင်းထင်ဗလမှာ ချစ်ဇနီး၏အမည်ကိုခေါ်ရင်း အကူအမပြေးလိုက်ပါလာသောလည်း ယူဇနာက ဟိုတယ်အပြင်ကို ရောက်သွားပြီးနောက် အသင့်ရောက်လာသည့် အငှားကားပေါ် လိုက်ပါသွားသဖြင့် မင်းထင်ဗလတစ်ယောက်တည်း နေရာမှာရပ်လျက် ရင်မောပမ်းလျှစွာ ခံစားနာကျင်ကျန်ရစ်ခဲ့သည်။

✣ ✣ ✣



# အခန်း [၁၉]

“မငိုပါနဲ့ ယူဇနာရယ်၊ ဒီလောက်ကြီးငိုနေတော့ ယူဇနာခေါင်းတွေကိုက်လာမှာပေါ့ကွယ်”

“သူ ယူဇနာကွယ်ရာမှာ ယူဇနာကို ဘယ်လောက်လှောင်ပြောင်ရယ်နေမှာလည်းဆိုတာ တွေးမိတာနဲ့တင် ယူဇနာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်မိလို့ပါ စုစုရယ်”

“အဟင့် ဟင့် ဟင့်”

ပြောရင်း ယူဇနာငိုသည်။

ငိုရင်လည်း မောင့်ကို စိတ်ထဲကနာသည်။ ယူဇနာ အချစ်တွေက မောင့်အပေါ်မှာ ရိုးသားဖြူစင်သလောက် မောင့်ဘက်ကကြတော့ ယူဇနာကို တုံ့ပြန်ပုံက ဘာတစ်ခုမှမရိုးသား။ ထိုသို့တွေးမိလေ မောင့်ကို ခွင့်မလွှတ်ချင်အောင် ယူဇနာ နှလုံးသားတွေနာကျင်ခံစားရသည်။

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး ယူဇနာရယ် သူကိုယ်တိုင် ယူဇနာကို သိပ်ချစ်လို့၊ ယူဇနာအချစ်ကို ရယူပိုင်ဆိုင်ချင်လို့ အခုလို လုပ်ခဲ့မိတာပါလို့ သူကိုယ်သူ ဝန်ခံနေပြီပဲ၊ စိတ်ကို လျှော့လိုက်ပါဟယ်"

သူငယ်ချင်းစုစုက ဘယ်လိုပဲ စိတ်ကိုလျှော့ပါဟုဆိုသော်လည်း ယူဇနာဘက်က ဘာကိုမှ လျှော့ကြည့်လို့မရပါ။ ဒေါသဖြစ်ဖြစ် အခံရခက်ခက်နှင့်ပင် ဟန်းနီးမွန်းခရီးက ပြန်လာပြီးသည့်နောက်မှာ သူ့ကို ယူဇနာ လုံးဝစကားမပြောဘဲ သူမဘာသာ အခန်းခွဲနေပစ်လိုက်ပါသည်။

အိမ်မှာလည်းမနေ။

မနက်မိုးလင်းကမိုးချုပ် အပြင်မှာ အချိန်ကုန်ပြီးမှ အိမ်ကို ပြန်လာသည်။ သူက ယူဇနာကို စကားပြောဖို့၊ နောက်ထပ် ဖြေရှင်းချက်ထုတ်ဖို့ ကြိုးစားအားထုတ်ပေမယ့် ယူဇနာက ခွင့်မပြု။

"ရှင် ဖွတ်တရွတ်လုပ်ရင် ရှင်နဲ့အဝေးဆုံးကို ယူဇနာ ထွက်သွားလိုက်မယ်သိလား"

ယူဇနာထံမှ ခြိမ်းခြောက်စကားက သူ့ကို အတော်တုန်လှုပ်စေပုံရပါသည်။ ယူဇနာကို အတင်းအကြပ် ဖြေရှင်းခွင့်ရအောင် နောက်ထပ် မလုပ်တော့ဘဲ တစ်နေ့တစ်နေ့ ယူဇနာအရိပ်အခြေကိုသာ ကြည့်ရှုအကဲခတ်နေသည်။

ယူဇနာက သူမရင်ထဲက ခံစားချက်တွေကို သူမအချစ်ဆုံး သူငယ်ချင်း စုစုထံမှာ ရင်ဖွင့်ပေါက်ကွဲခြင်းဖြင့် သူမရင်ထဲက





ဆဒနာခံစားချက်တွေကို ဖြေလျှော့စေရန် ထွက်ပေါက်ပေးခဲ့သည်။

စုစုက ယူဇနာကို ချောမော့နှစ်သိမ့်ပေးရှာပေမယ့် ယူဇနာရင်ထဲ အသည်းထဲမှာ နာကျင်လှသဖြင့် စုစုပြောသမျှ ဘာတစ်ခုမှ ယူဇနာ နားမဝင်ဘဲ ဖြစ်နေပါသည်။

"ဒါပေမယ့် ယူဇနာ အလိမ်အညာခံရတာပဲ စုရဲ့"

"ဒါလည်း ဒါပေါ့ ယူဇနာရယ် ဇနီးမောင်နှံတွေတောင် ဖြစ်နေပြီပဲ"

"ဟင့်အင်း ဟင့်အင်း ယူဇနာသူ့ကို စိတ်နာတယ်"

"ကဲဟယ် ဒီလောက်တောင် ပြောမရပြုမရ ဖြစ်နေရင်လည်း ယူဇနာဘက်က သူ့ကို ယူဇနာ ခံစားရသလို ပြန်ခံစားရအောင် ယူဇနာကလည်း ရှင့်ကို တကယ်ချစ်လို့ လက်ထပ်တာ မဟုတ်ဘူး၊ ကျွန်မကြောင့် ရှင့်ဘဝကြီးတစ်ခုလုံး ပျက်ရတာပါဆိုပြီး တာဝန်သိတဲ့စိတ်နဲ့ ရှင့်ကို လက်ထပ်ခဲ့တာပါလို့ သူမခံချင်အောင် ပြန်ပြောလိုက်ကွာ"

"ဒါဆို သူလည်း မင်းစကားကို ဆတ်ဆတ်ခါနာမှာပဲ၊ လိုအပ်ရင် စုစုမောင်ချစ်ဦးကို အသုံးချပြလိုက်ပေါ့"

"ယူဇနာကို ဂျူနီယာ စုပြောပေးထားလိုက်မယ် ဘယ်လိုလည်း စုပြောသလို လုပ်မှာလား"

"လုပ်မယ်"

အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးချင်စိတ်ဖြင့် ဘာကိုမှ စဉ်းစားခြင်းမပြုဘဲ ယူဇနာ ခေါင်းညိတ်ပစ်လိုက်သည်။ စုစုက သူ့မောင်

ငယ် ချစ်ဦးမောင်ကို သွားခေါ်လာပြီး ယူဇနာနှင့် ဟန်ဆောင်တ
ပေးဖို့ စကားနည်းနည်း လမ်းကြောင်းလိုက်တာနှင့် ခေတ်လူငယ်
ပီပီ ချစ်ဦးမောင်က ချက်ချင်းသဘောပေါက်သွားကာ ရယ်ပ
သည်။

"မမ ယောက်ျားက တခြားအမျိုးသမီးနဲ့ ချစ်ခဲ့ဖူးတာ
ကို မခံချင်လို့ လက်တုံ့ပြန်မှာ မဟုတ်လား၊ ချစ်ဦးမောင်တို့က
ဒါမျိုးပိုင်ပါတယ်ဗျာ တစ်ခုပဲကြောက်တယ်"

"အရေးထဲမှာ နင်က ဘာကိုကြောက်တာလဲ"

"မမယူဇနာဘဲကြီးက လက်သီးနဲ့ထိုးမှာကိုပေါ့ဗျာ
သိတယ်မဟုတ်လား ဒါမျိုးက လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ တော်ကြာ
ကြားထဲကနေ အကူအညီကောင်းလို့ ဆေးကုနေရဦးမယ်"

"အဲဒါတော့ စိတ်ချပါ၊ မမကို ဒီလိုလာလုပ်လို့ကတော့
ယူဇနာဆိုတာ ဘယ်လိုမိန်းကလေးလည်းဆိုတာ အကြောင်းသိ
အောင် လုပ်ပြလိုက်မှာပေါ့"

"အိုကေဗျာ ဒီလောက်ဆိုရပြီ၊ လိုအပ်တဲ့အချိန်
ကျွန်တော့်ကို ဖုန်းလှမ်းဆက်လိုက်၊ ကျွန်တော့်ဖုန်းနံပါတ် မမ
လက်ကိုင်ဖုန်းထဲမှာ တစ်ခါထဲထည့်မှတ်ထားလိုက်"

စုစုမောင်လေး ချစ်ဦးမောင်က လိုက်လှဲတက်ကြွစွာ ဝင်က
ပါမည်ဆိုတော့ ယူဇနာစိတ်ထဲမှာ နည်းနည်းသက်သာရာရသွား
သည်။

"ဒါဖြင့်လည်း ယူဇနာ ပြန်တော့မယ်နော် စုစု"





"ကားကို ဖြည်းဖြည်းမောင်းနော် ယူဇနာ"

"အင်းပါ"

"သွားပြီနော်"

ယူဇနာကားလေး စုစုတို့အိမ်က စထွက်လာသဲက ယူဇနာ
ဦးနှောက်ထဲမှာ အတွေးတွေ တသီကြီးပါလာသည်။ ဒီကိစ္စထဲ
မှာ ကြံရာပါအဖြစ် ထိပ်ဆုံးက ပါဝင်ခဲ့သော ဇေယျနှင့် ကတ္တီပါ
တို့ ဇနီးမောင်နှံ နှစ်ယောက်စလုံးကို ခေါ်လည်းမခေါ်။ စကားပြော
ခွင့်ပင်မပြုဘဲ ခပ်ဖိမ်းဖိမ်းနေပြစ်လိုက်တော့ ကတ္တီပါခမျာ အစ်မလုပ်
သူစိတ်ကို သိသိနှင့် မျက်ရည်လေးတစမ်းစမ်း။

စိတ်ထဲက ညီမဖြစ်သူကို သနားပေမယ့် သူ့အစ်ကိုနှင့်
တစ်ကျိတ်ထဲတစ်ဉာဏ်ထဲ ယူဇနာရှေ့မှာ အကယ်ဒမီတွေလာလုပ်
ပြခဲ့သော ဇေယျကိုတော့ အပြစ်တင်စိတ်နှင့် ခွင့်မလွှတ်ချင်သေး။
ကာယကံရှင်ဖြစ်သော မောင့်ကိုက ကြီးလေးသော အပြစ်မျိုးပေး
ချင်နေ၏။

"တီ"

ယူဇနာကားလေးကို ခြံထဲသို့ ချိုးကွေ့အဝင်လိုက်မှာ သူ့မ
ကားနောက်က နောက်ယှဉ်ကားတစ်စီး အတူလိုက်ပါလာတာမို့
အံ့သြစူးစမ်းစွာ လှမ်းအကြည့်...

"ဟင် ဟိုလူပါလား"

ထိမထင်ဆိုသည့်လူ။

သူ့မိဘတွေများ သူ့သားကို ချစ်သည့်ဇောဖြင့် သား၏

အလိုကိုလိုက်ကာ သားပြောသမျှ အဟုတ်ထင်ပြီး ယုဇနာနှင့် မင်းထင်ဇလကို လူကြီးတွေဖြစ်ပါလျက် တောင်းပန်စကား တွင်တွင် ဆိုခဲ့သဖြင့် ဘာပြဿနာမလုပ်ဘဲ ကိုယ့်အရက် ကိုယ့်ဂုဏ်သိက္ခာကို ငဲ့ကွက်ကျေအေးပေးခဲ့သည်။

ထိုအချိန်ထဲက ထီမထင်ဆိုသည့်လူကို မမြင်ရတော့ဘဲ ပျောက်သွားသည်မှာ ဒီနေ့မှ ယုဇနာရှေ့ကို ဘွားခနဲပြန်ရောက်လာတာဖြစ်သည်။

"နေကောင်းတယ်နော် ယုဇနာ"

ကားပေါ်က ဆင်းလာသည့် ယုဇနာကို သူကအရင်ဦးအောင် နှုတ်ဆက်လိုက်ပုံက သက်တောင့်သက်သာ။ သူနှင့် ယုဇနာတို့ကြားမှာ ဘာပြဿနာမှမရှိခဲ့ဘူးသလို မိတ်ဟောင်းဆွေဟောင်းတွေ တွေ့ဆုံနှုတ်ဆက်ပုံမျိုးဖြစ်သည်။

"ကျွန်မက နေကောင်းပြီးသားပါ၊ ရှင်သာ ကိုယ့်ကိုယ်ကို နေကောင်းအောင်နေပါ"

"သင့်(ခ်)ယူး ယုဇနာက ကိုယ့်ကိုဂရုစိုက်တဲ့အတွက် တကယ်ကျေးဇူးတင်တာပါဗျာ၊ မမြင်ရတာကြာလို့ထင်တယ်၊ ယုဇနာကိုကြည့်ရတာ ပိုလှလာတယ်၊ ယုဇနာ ယောကျ်ားကို ခေါ်ပါဦးဗျာ၊ ယုဇနာအချစ်ကို ပိုင်ဆိုင်ခွင့်ရသွားတဲ့ အချစ်သူရဲကောင်းကြီးကို ဂုဏ်ပြုချင်လို့ပါ"

ထီမထင်မျက်နှာကို ယုဇနာ စိုက်ကြည့်ပစ်လိုက်သည်။ အခုမှ ထီမထင်၏ မငြိမ်သက်သော မျက်လုံးအစုံကို ဖျတ်ခနဲ





သတိထားလိုက်မိသည်။ ဒါကလည်း ခဏလေးပါ။ သတိထားကြည့်မှ သိနိုင်တာမျိုးဖြစ်သည်။

အကြောင်းမသိသူတွေဆိုရင်တော့ ထီမထင်ကို ဘယ်သူမှ စိတ်ပုံမှန်မဟုတ်သူ တစ်ယောက်အဖြစ် သိကြမည်မဟုတ်ပါ။ သူ့ပုံစံကလည်း လုံးဝအကောင်းပကတိအတိုင်းမို့ ယုဇနာကိုယ်တိုင်ကြားစက ထိုစကားကို မယုံကြည်နိုင်အောင် ဖြစ်ခဲ့သူဖြစ်သည်။

အခုလို အကြောင်းသိထားသည့် အချိန်မှာကြတော့ ယုဇနာမှာ သူ့ကို စိတ်ဆိုးချင်တိုင်း စိတ်ဆိုး၍ မရသလို အပြစ်တင်ချင်တိုင်းလည်း တင်၍မရဖြစ်နေသည်။

"ကျုပ်ကလည်း မင်းကို တွေ့ချင်နေတာပါ ထီမထင်"

"သြော် ဒေါက်တာကြီး"

မောင်။

ယုဇနာစိတ်ထဲက မောင့်ကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။ အပြင်မှာတော့ ခပ်တည်တည်မျက်နှာလေးနှင့် မောင်ရှိရာကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ထီမထင်မျက်နှာကို ပြန်ကြည့်လိုက်သည်။

ထီမထင်မျက်နှာကလည်း ခပ်တည်တည်။ မောင်မျက်နှာကလည်း တည်ငြိမ်မှုတွေနဲ့ ခပ်ထန်ထန်။

"ကျုပ်မိန်းမနောက်ကို ဘာကိစ္စလိုက်လာတာလဲ၊ ပြီးတော့ ကျုပ် မိန်းမကို ဘာတွေပြောနေတာလဲဆိုတာ အရင်ပြောစမ်းပါဦး"

"သိပ်လည်း ဒေါသမကြီးပါနဲ့ဗျာ၊ ကျွန်တော်ပြောတာ ရိုးရိုးသားသားပါ၊ ဟုတ်တယ်နော် ယူဇနာ"

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

မတင်မကျရှိလှသော ယူဇနာအဖြေကြောင့် မင်းထင်ဗ မျက်ခုံးထူတွေ တွန့်ကုတ်သွားသည်။ ယူဇနာနှင့် သူအဆင်မ ဖြစ်နေသည့်အချိန်မှာ ကြားထဲက ရှုးကြောင်ကြောင်ပုံစံနှင့် ထီမ ပြန်ပေါ်လာတာကို မကျေနပ်နိုင်ဖြစ်နေ၏။

"ယူဇနာကို ပိုင်ဆိုင်ခွင့်ရတဲ့ ဒေါက်တာအတွက် ဂုဏ် ပါတယ်ဗျာ"

ထီမထင် ကမ်းပေးလာသည့်လက်ကို မင်းထင်ဗလ တုံ့ပြန်ဆွဲယူခြင်းမပြုဘဲ ခပ်တည်တည် ပြန်ကြည့်နေလိုက်တ ထီမထင်က အရှက်ပြေ တစ်ချက်မျှပြုံးလိုက်ကာ ပခုံးနှစ်ဖက်ကို ပြီး လက်နှစ်ကိုဖြန့်ပြလိုက်တာ မြင်ရသည်။

"ကျွန်တော် ပြန်လိုက်ပါဦးမယ် ယူဇနာ၊ ဒေါက်တာ ကြည့်ရတာ အခုချိန်ထိ ကျွန်တော်အပေါ်မှာ အစာကြေပုံမရ ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ ယူဇနာအပေါ်မှာတော့ ကျွန်တော့် က ရိုးရိုးသားသားနဲ့ တကယ်ချစ်ခဲ့တာကိုယုံပါ"

"ကျွန်တော်သွားမယ်"

"တောက်"

"ဗူး"

"ဝရော"





သူပြောချင်ရာပြောပြီး ကားပေါ်တက် စက်နှိုးမောင်းထွက် သွားသည့် ထီမထင်ကားကို မကျေမချမ်းကြည့်ရင်း မင်းထင်ဗလ ရင်ထဲမှာ ထီမထင်မျက်နှာကို လက်သီးဖြင့် ခပ်နာနာထိုးနှက်ချင် မိသော ဒေါသစိတ်ကို ချုပ်တည်းထားလိုက်ရသည်။

ကိုယ့်က ဆရာဝန်ဆိုသည့် အသိက သူ့စိတ်ကို ထင်တိုင်း လုပ်ခွင့်မပေးလိုက်ခြင်းဟု ဆိုလျှင်လည်း မမှားပါ။ သာမာန် လူကောင်းတစ်ယောက်မှ မဟုတ်ဘဲလေဆိုသည့် အသိနှင့်ပင် ထီမထင်ဘက်က ပြောချင်ရာပြောဆိုနေသမျှ ခွင့်ပြုပေးလိုက်နိုင် ခြင်းဖြစ်သည်။

"ဒီလူတော့ နောက်တစ်ခါဆို အသေပဲ၊ ယူဇနာကရော ဘာဖြစ်လို့ ဒီလိုလူကို အိမ်တိုင်ရာရောက် ဖိတ်ခေါ်လာရတာလဲ"

ထီမထင်ကို ထွက်ပြူနေသည့် ဒေါသမြှားဦးက ယူဇနာ အပေါ်ရောက်သွားသည်။

"စကားကို ဆင်ခြင်ပြီးပြောပါရှင့် ဘယ်သူက အဲဒီလူ ကို အိမ်ကိုခေါ်လာလို့လဲ"

"ယူဇနာကားနောက်ကပါလာတာ ယူဇနာ မတွေ့ဘူး လား"

"မတွေ့လို့ ရှင့်ရှေ့ရောက်လာတာပေါ့ရှင်၊ စောစောကသာ ကြိုတွေ့ရင် ရှင့်မျက်စိရှေ့ကိုတောင် ရောက်လာစရာမရှိဘူး"

"ဘာလည်း ယူဇနာက သူနဲ့လိုက်သွားမယ်လို့ ပြောတာ လား"

"ဒါကတော့ ရှင်ကြိုက်သလို ယူဆနိုင်တယ်"

မနောလိုခြင်းတွေ ပူလောင်ခံပြင်းနေသော မင်းထင်ဗလက
ယူဇနာကလည်း တမင်ဆွပေးလိုက်သည်။ ယူဇနာကိုယ်တိုင် သ
အပေါ်မှာ စိတ်အခန့်မသင့်ဖြစ်နေတာမို့ မင်းထင်ဗလကို ဘယ်
ကြောင့်ပဲဖြစ်ဖြစ် သူမအတွက် စိတ်အနှောင့်အယှက် ဖြစ်နေတာ
စိတ်ထဲက ကျိတ်သဘောကျနေမိ၏။

"မောင်တို့ ဘယ်အချိန်ထိ အခုလိုဖြစ်နေကြဦးမှာလည်
ယူဇနာရယ်"

"တူ တူ တူ"

မင်းထင်ဗလက စကားအစပျိုးရုံရှိသေး ဖုန်းသံကမြည်
လာတာမို့ ယူဇနာက သူမလက်ကိုင်ဖုန်းလေးကိုဖွင့်ပြီး နားထော
လိုက်ပါသည်။

"ဟဲလို"

"မမ ကျွန်တော်ပါ"

"ချစ်ဦးမောင်လား"

"ဟုတ်"

"အဟင်း ဟင်း ဟင်း"

"တိုက်ဆိုင်လိုက်တာကွယ်၊ မမလည်း အခုပဲ ချစ်ဦးမော
ကို သတိရပြီး ဖုန်းဆက်မလို့ လုပ်နေတုန်း ချစ်ဦးမောင်ဖုန်းက
လာတာဆိုတော့ မမတို့နှစ်ယောက်တော့ စိတ်ချင်းဆက်သွယ်နေ
ထင်တယ်"





"အဟင်း ဟင်း ဟင်း"

လိုအပ်တာထက် အဆပေါင်းများစွာ ချိုမြကြည်သာနေ
သည့် ရယ်သံလွင်လွင်လေးနှင့် ယူဇနာမျက်နှာလှလှလေး ပြုံးပျော်
သွားပုံကိုကြည့်ရင်း ကျွဲမြီးတိုနေမိသူက မင်းထင်ဗလဖြစ်သည်။

ဘာတဲ့ နာမည်ကို ခေါ်တာကိုက ချစ်ဦးမောင် ဆိုပါလား။
မင်းထင်ဗလ တစ်ခါမှမကြားဖူးသည့်နာမည် ဖြစ်ရုံမက ကိုယ့်မိန်း
မနှုတ်ဖျားက ချစ်ဦးမောင် ချစ်ဦးမောင်ဟု ခေါ်လိုက်တိုင်း မင်းထင်
ဗလရင်ထဲမှာ မီးလိုပူပူသွားရသည်။

နာမည်ကိုက တမင်အစီအကြောကြီးနှင့် ပေးထားတာဆို
တော့ ဘေးကနားထောင်နေရတဲ့ လူတောင် ကြားထဲက အသည်း
ယားနေလျှင် ကာယကံရှင်အတွက်ဆို ဘယ်လောက်များ ပီတိတွေ
ဖြစ်နေလိုက်မလည်းဟုတွေးရင်း ဖုန်းပြောနေသည့် ယူဇနာ မျက်နှာ
လှလှလေးကို စိုက်ကြည့်ပစ်လိုက်သည်။

ကြည့်စမ်း အလှအပတွေကလည်း ပြင်ဆင်ထားလိုက်
တာ။ မြင်သူတကာ မငေးငေးချင်လော်က်အောင်ပါပဲလား၊
ဝတ်စားထားတာကလည်း အပျိုရှုံးသည်။ ကိုယ်ကိုယ်ကို
အိမ်ထောင်နဲ့ဆိုတာကို သတိရရဲ့လားပင်မသိ။

ချစ်ဇနီး၏ အလှအပတွေကို တစိမ့်စိမ့်ကြည့်ရင်း မနောလို
ခန့်တိုမှုတွေ တစ်စတစ်စီ ကြီးထွားလာသလို၊ မမ မမဲနှင့် ဖုန်းထဲက
အပြတ်ချွဲကဲနေသော ချစ်ဦးမောင်ဆိုသည့် ငတိလေးကိုလည်း
တစ်ခါမှ မမြင်ဘူးပါဘဲနှင့် လက်သီးစာကျွေးချင်နေသည်။

သူများအိမ်ထောင်ရေးကြား ဘာဝင်ရှုပ်တာလည်းဟုမေးပြီး မှတ်လောက်သားလောက် ဖြစ်သွားအောင် ပညာပေးချင်လာသည်။ ကိုယ့်မိန်းမကိုကြည့်လိုက်တော့လည်း ယောကျ်ားဖြစ်သူကိုသာ တစ်စက်မှ အနားအကပ်မခံပေမယ့် ချစ်ဦးမောင်ဆိုသည့်ကောင်လေးပြောသမျှကိုတော့ တစ်ပြုံးပြုံးနှင့် ရယ်မောပြောဆိုနေပုံတွေက အူနုကို ကျွဲခတ်နေသလိုသင်ရသည်။

“ဒါပေါ့ ချစ်ဦးမောင်ရဲ့၊ မောင်လေးကိုယ်တိုင် ဖိတ်ခေါ်နေမှတော့ မမကလည်း လာရမှာပေါ့ရှင်”

“စိတ်ချ စိတ်ချ အလှဆုံးပြင်ပြီးလာခဲ့မယ် ဟုတ်ပြီလား”

ယူဇနာကလည်း သူမ လှုပ်ရှားမှုကို တစ်ချိန်လုံး စူးစိုက်ကြည့်ပြီး မှုံကုပ်ပုပ်သိုးနေသည့် မင်းထင်ဗလ၏ အူပုပ်အသည်းပုပ် ဖြစ်နေပုံကြီးကို မျက်ဝန်းထောင့်စွန်းမှာ တွေ့မြင်နေရ၏။ တမင်မမြင်ဟန်ဆောင်က ချစ်ဦးမောင်ကို ဂိုယ့်ဘာသာ အထာလေးတွေပေးပြီး ဟုတ်တာရော မဟုတ်တာတွေပါပြောပြီး မင်းထင်ဗလရှေ့မှာ အရွဲ့တိုက်နေမိ၏။

တစ်ဖက်က ချစ်ဦးမောင်ကလည်း ယူဇနာ စကားတွေလျှောက်ပြောနေတာကို နားထောင်ပြီး အခြေအနေကို နားလည်သဘောပေါက်လွယ်သည့် လူငယ်ပီပီ အလိုက်အထိုက် လိုက်ပြောရင်း အပြင်မှာတော့ တဟီဟီ ကျိတ်ရယ်နေပါသည်။

“ဒါပဲနော် ချစ်ဦးမောင်၊ နောက်မှ မမဆီဖုန်းထပ်ဆက်လိုက်ဟုတ်လား”





ယူဇနာက ဖုန်းကို ဆတ်ခနဲပိတ်ပြီး လှပကျော့ရှင်းစွာပင် မင်းထင်ဗလရှေ့က ခပ်တည်တည်လေး ဖြတ်လျှောက်သွားတော့ မင်းထင်ဗလလည်း သူမနောက်ကို ခြေလှမ်းကျဲကြီးတွေနှင့်အတူ လိုက်ပါလာသည်။

“ချစ်ဦးမောင်ဆိုတာ ဘယ်ကကောင်လဲ ယူဇနာ”

“ရှင်နဲ့မဆိုင်ပါဘူး”

“ယူဇနာ”

“ရှင် ယူဇနာကို မခေါ်ပါနဲ့”

ဒေါသဖြင့် ယူဇနာနာမည်ခေါ်လိုက်တော့ ယူဇနာက ဆတ်ဆတ်ထိမခံ တုံ့ပြန်ပုံက ကျားပျို့မလေးနှင့် တူလှပေသည်။ မင်းထင်ဗလကိုယ်တိုင်လည်း ယူဇနာထံမှ စိမ်းကားရက်စက်သည့် ဒဏ်တွေကို မခံနိုင်တော့ပါ။

အလူးအလဲခံစားချက် ဝေဒနာတွေနှင့် ယူဇနာကို အလိုလိုက်ပြီး ကျိတ်မှိတ်မျိုသိပ်ချုပ်တည်းထားရသမျှ အခုချိန်မှာတော့ ဘာမဆို ရင်ဖွင့်ပေါက်ကွဲချင်နေသည်။

“မောင့်ကို အရွဲ့တိုက်ဖို့ မကြိုးစားပါနဲ့ ယူဇနာ၊ ယူဇနာကို မောင်ဘယ်လောက်ချစ်တယ် မြတ်နိုးတန်ဖိုးထားတယ်ဆိုတာ ယူဇနာ သိသင့်ပါပြီဗျာ”

“ယူဇနာကို မောင်သိပ်ချစ်တယ်”

“ယူဇနာကတော့ ရှင့်ကို မချစ်ဘူး”

“ဟင်”

"ဒီလိုပြောတာရှင့်ကို ယူဇနာ အရွဲ့တိုက်လို့မဟုတ်ဘ ဆိုတာ ရှင်သိအောင် တစ်ခါတည်း ပြောပြလိုက်မယ်၊ ရှင့် ယူဇနာ လုံးဝမချစ်ဘူး"

"ယူဇနာ"

"ဟုတ်တယ် အဲဒါအမှန်ပဲ၊ ကျွန်မကြောင့် ရှင် အခု ဖြစ်ရတာဆိုပြီး ဘဝတစ်ခုလုံးပျောက်ဆုံးနေတဲ့ ရှင့်ရဲ့တာဝန် ကျွန်မက လွှဲပြောင်းယူချင်ရုံသက်သက် အခုလို လက်ထပ် အထိ ဆုံးဖြတ်ခဲ့တာပဲ၊ အခုတော့ ရှင်နဲ့ကျွန်မကြားမှာ ဒါတွေလည် မလိုတော့ဘူးဆိုတော့ ရှေ့ဆက်နေလို့လည်း အကြောင်းမထူးမ အတူတူ ရှင် ကျွန်မကို ကွာရှင်းပေးပါ"

"ယူဇနာ"

"အို ဖယ်၊ ရှင် ကျွန်မကိုမထိနဲ့"

"ထိမယ်ကွ ထိမယ်၊ မင်းဟာ မောင့်မိန်းမ၊ မောင့်ဇနီး မင်းကို အိပ်ချစ်လွန်းလို့ နည်းမျိုးစုံသုံးပြီး လက်ထပ်ရယူပိုင်ဆို ခဲ့တာ၊ မင်းကို စွန့်လွှတ်ဖို့မဟုတ်ဘူး နားလည်လား"

"ရှင်နော် ဒါဘာလုပ်တာလဲ"

ယူဇနာက ဒေါသဖြစ်နေသလို မင်းထင်ဇလကလည် သူမနှင့်အပြိုင် ဒေါသတွေကြီးပြနေတာမို့ ယူဇနာ အိပ်ခန်းပြင်ပမ နှစ်ယောက်သား ရုန်းရင်းဆန်ခတ် ဖြစ်နေရာမှ ကြီးအုံကို ဖျတ်ခ မြင်လိုက်ရတာမို့ မင်းထင်ဇလက ယူဇနာကိုယ်လေးကို သူ အိပ်ခန်းထဲ ဆွဲသွင်းပြီး အိပ်ခန်းတံခါးကို ဒုန်းခနဲ ဆွဲပိတ်ပစ်လို





သည်။

"ယူဇနာ"

"အို"

ထိုနောက်မှာတော့ ယူဇနာခမျာ မည်သည့်စကားဆိုရန်မှ အခွင့်မရလိုက်ရှာတော့ပါ။ ကျိတ်ကျိတ်ခဲခဲ ဒေါသတွေနှင့် စိတ်ထင်တိုင်း ပေါက်ကွဲနေသူ၏ ကိုယ်ကြီးကိုသာ ဒေါသလေးတွေ နှင့် ထုရိုက်အပြစ်ပေးနေမိသည်။

"ရှင့်ကို ယူဇနာ မချစ်ဘူး"

"မုန်းတယ်သိလား"

"မုန်းတယ်"

ယူဇနာထံမှ အမုန်းစကားတွေကို သူက မကြားသလို ယူဇနာကိုယ်လေးကို သူ့ရင်ခွင်မှာ နွေးထွေးစေပါသည်။ ယူဇနာ ပါးပြင်ပေါ် မျက်ရည်ဥလေးတွေ စီးကျလာ၏။

"နောက်ဘယ်တော့မှ မောင့်ကို အရွဲ့တိုက်ဖို့ မကြိုးစားပါ နဲ့ မောင့်အချစ်ရယ်၊ မောင်ချစ်တာ ဟောဒီက မောင့်ရဲ့ ချစ်ဇနီး ချောလေး တစ်ယောက်တည်းဆိုတာ ယုံပါဗျာ"

ယူဇနာက သူ့ကို ဘာမှပြန်မပြော။ ဒေါသဖြစ်ဖြစ် စိတ်ဆိုးဆိုးနှင့် သူ့ကိုယ်ကြီးကို ခေါင်းအုံးဖြူဖြူလေးများဖြင့် တစ်အား လွှဲရိုက်ကာ ကလေးတစ်ယောက်လို အီးခနဲ အသံထွက်အောင် ငိုယိုပစ်လိုက်မိပါတော့သတည်း။

✤ ✤ ✤

# အခန်း ၂၀

“ရှင်နော် ဒါက ဘယ်လိုဖြစ်နေတာလဲ”

“ချစ်နေတာ”

“ဘာ”

“ယုဇနာကို သိပ်ချစ်နေတာလို့ ပြောတာ”

ယုဇနာမှာ မင်းထင်ဇလလုပ်နေပုံတွေကို စိတ်ဆိုးလွန်း၍ သူ့နာကျင်အောင် ဘယ်လိုစကားမျိုးဖြင့် ရွေးချယ်ပြောရမှန်း မသိအောင် ဖြစ်နေသည်။

သူ လုပ်နေပုံကိုလည်းကြည့်ပါဦး။

ယုဇနာ ဘယ်နေရာကိုပဲသွားသွား သူက ယုဇနာအပါးမှာ တစ်ဖဝါးမခွာ ထပ်ကြပ်အတူ လိုက်ပါလာနေပုံကိုက မုန်းစရာ ယုဇနာထိုင်လျှင်ထိုင်၊ ထလျှင်ထ။ ယုဇနာမှာ ကိုယ့်စိတ်နှင့်ကိုယ် ကိုယ် ဘာတစ်ခုမှ လွတ်လပ်ခွင့်မရ။ အနားမှာ အနှောင့်အယှက်





တစ်ခုလို အတူရှိသူကို ကြာတော့ စိတ်ရှုပ်ဖျက်စိရှုပ်နှင့် ဒေါသဖြစ် ရွာ အခုလို မေးလိုက်ခြင်းဖြစ်သည်။

“ရှင် ကျွန်မကို တမင်နှောင့်ယှက်နေတာ မဟုတ်လား”

“ကိုယ့်မိန်းမကိုယ် စောင့်ရှောက်နေတာပါ ယုဇနာ”

“စောင့်ရှောက်နေတာဟုတ်လား၊ ရှင် စောင့်ရှောက်ရ အောင် ကျွန်မက ဘာဖြစ်နေလို့လဲ”

“ဘာမှမဖြစ်ခင် ကြိုတင်စောင့်ရှောက်တာ ပိုမကောင်း ဘူးလား ယုဇနာရယ်၊ မောင် ယုဇနာကို တောင်းပန်ပါတယ်၊ နောက် ဘယ်တော့မှ ယုဇနာမကြိုက်တာ မလုပ်တော့ပါဘူးဗျာ”

“မောင့်အပေါ် ယုဇနာ စိတ်ဆိုးခဲ့သမျှ ဒီနေရာမှာပဲ ကျေနပ်ပေးပါအချစ်ရယ်၊ ချစ်ဦးမောင်ဆိုတဲ့ ကောင်လေးဆီကိုလည်း သွားပါနဲ့နေတော့ဗျာ”

“လူမှုရေးရှင့် သွားစရာရှိတာ သွားရမှာပဲ၊ ကျွန်မ ကိစ္စထဲ ရှင်ဝင်မပါပါနဲ့၊ ရှင်နဲ့လည်း မဆိုင်ပါဘူး”

“ဘယ်လိုပြောလိုက်တယ် ယုဇနာရယ်၊ ယုဇနာက မောင့် မိန်း မောင့်အိမ်သူဆိုတာ ယုဇနာ မေ့နေပြီလား”

“မမေ့ဘူးရှင့် မမေ့ဘူး၊ မမေ့လို့ကို စိတ်ညစ်နေရတာ တော်ပြီ၊ တော်ပြီ ရှင် ကျွန်မနောက်လိုက်နေမှာဆိုရင် ဘယ်မှမသွား တော့ဘူး”

စိတ်ဆိုးဒေါသဖြစ်ဖြစ်နှင့် သူမအခန်းထဲ ယုဇနာဝင်သွား တာကိုကြည့်ပြီး မင်းထင်ဇလ သက်ပြင်းရှိုက်လိုက်သည်။ ယုဇနာ

၆

သူ့ကို စိတ်ဆိုးနေတာကို မင်းထင်ဗလသိပါသည်။ သူမ စိတ်ဆ ပြေအောင် ဘယ်လိုချော့ရမှန်းမသိ။

ရင်ထဲမှာတော့ ယူဇနာကို စိတ်မချသဖြင့် ပူလောင်ေ သည်။ ထီမထင်ဆိုသည့်လူကို စိတ်မချနိုင်သလို ချစ်ဦးမောင်ခ သည့် သကောင့်သားလေးက ဘယ်ချောင်က ပေါ်လာသည်မ ရ။ သူ့မိန်းမကို အပြိုင်လုမည့်သူများအဖြစ် အလုအယက်ပေါ်လ တာကြောင့် မင်းထင်ဗလကိုယ်တိုင် စိတ်ရှုပ်နေသည်။

ဒီလိုကိစ္စမျိုးကလည်း ကိုယ့်သဘောတစ်ခုတည်းန အပြတ်ရှင်းချင်တိုင်း ရှင်းလို့ရတာမျိုး မဟုတ်တော့ ပိုဆိုးသည်

မကြာခင်ရက်ပိုင်းအတွင်း အလုပ်ဝင်ရတော့မည်။ ထ အတွက် ယူဇနာကို တစ်ယောက်တည်း စိတ်ချလက်ချ အိမ်မှာထား ရလောက်အောင်လည်း စိတ်ကမချ။ နှစ်ဦးအတူ ကြည်ဖြူနေ တုန်းကဆိုလျှင်တော့ ယူဇနာကိုယ်တိုင်က သူနှင့်အတူ ဆေးခ မှာ လိုက်ထိုင်ပေးဖို့ သဘောတူထားခဲ့သည်။

အခုလို တစ်ယောက်နှင့်တစ်ယောက် စိတ်ဆိုးနေချိန်မ တော့ သူမ စကားတွေကို ယူဇနာလည်း မေ့လောက်ပြီထင်သည်

"အဲဒါတွေအားလုံး ကိုကို့အပြစ်ပဲ၊ ဘာဖြစ်လို့ မမ အမှန်အတိုင်း သွားပြောရတာလည်းဗျာ၊ မမစိတ်ကိုလည်း သ သားနဲ့"

"သူ့ကို ကိုကိုချစ်တယ်ကွ"

"ချစ်တာနဲ့ ဘာဆိုင်လို့လည်းဗျာ"





"သိပ်ဆိုင်တာပေါ့ကွာ၊ ချစ်တဲ့သူကို သိပ်ချစ်လွန်းလို့ သူ့အချစ်ကိုရော ဘဝကိုပါ လိမ်ညာပိုင်ဆိုင်ခွင့်ရခဲ့တာ မှန်ပေမယ့်၊ ကိုကို့အပေါ်မှာ သူ တုံ့ပြန်ပြောဆို ဆက်ဆံမှုတွေထဲမှာ သနားကရုဏာဖြစ်ရုံ၊ သူ့ကြောင့် လူတစ်ယောက်ရဲ့ ဘဝတစ်ခုလုံး ဆုံးရှုံးနစ်နာရလို့ သူ့ဘက်က တာဝန်ယူပေးရုံ သဘောမျိုး သူ့ကိုယ်သူ အနစ်နာခံလိုက်တာမျိုး အဲဒီအချစ်မျိုး ကိုကို မလိုချင်ဘူး"

"ကိုကိုလိုချင်တာ ငဲ့ညှာမှုမဟုတ်ဘူး၊ စာနာသနားခံချင်တာမဟုတ်ဘူး၊ ယူဇနာဆီက အချစ်စစ်စစ်ကိုပဲ လိုချင်တာ"

"အခုရနေတာလည်း အချစ်တွေပဲ မဟုတ်ဘူးလား ကိုကိုရာ"

"အချစ်ချင်းမတူလို့ပေါ့ ဇေယျ၊ ဒါကြောင့်လည်း အဖြစ်မှန်တွေကို ဖွင့်ပြောလိုက်တာ၊ သူ စိတ်ဆိုးဒေါသဖြစ်သွားမယ်ဆိုတာ သိတယ်၊ အဲဒီနောက်မှာ အမြင်ကြည်ကြည်နဲ့ သူနဲ့ကိုယ် ချစ်နိုင်မယ့်လမ်းကို ရွေးခဲ့တာ ကိုကို့အမှားလား"

"မင်းသာ ကိုကို့နေရာမှာဆိုရင်၊ အခု ကိုကိုဆုံးဖြတ်သလိုပဲ မင်းလည်းဆုံးဖြတ်မှာပါ ဇေယျ"

ညီအစ်ကိုချင်း ဆွေးနွေးပွဲတုန်းက ဤမျှနှင့်ပဲ အဆုံးသတ်ခဲ့သည်။ ဇေယျက သူ့စကားကို နားလည်သလိုလို၊ နားမလည်သလိုလိုနှင့် သူ့ကို ပြန်ကြည့်နေသည့် အကြည့်တွေကို မင်းထင်ဗလ မမြင်ဟန်ဆောင်နေခဲ့သည်။

ယူဇနာစိတ်ထဲမှာ မင်းထင်ဗလကို လက်ထပ်ယူခဲ့ခြင်းမှာ

သူမ အမှားကို တာဝန်ယူခြင်းဟု မသိစိတ်က စွဲနေမှန်း သူ မိခဲ့တာကြာပါပြီ။ ဒီအသိတရားကို သူမ စိတ်ထဲက ဖယ်ချွာ ချင်သည်။

ထိုအတွက် အဖြစ်မှန်ကို သူဖွင့်ဟဝန်ခံလိုက်တော့ ယူဇန တုံ့ပြန်ပုံက သူမျှော်လင့်ထားတာနှင့် တစ်ထပ်တည်းဖြစ်လာသည် ထိုအနေအထားကို သူဘက်က စိတ်ရှည်ရှည်ထားပြီး စောင့်စ မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း ယူဇနာ တုံ့ပြန်ပုံထဲမှာ သူ မမျှေ လင့်တာတွေပါလာသည်။

ထိုအရာက တခြားမဟုတ်။

ယူဇနာက သူ့ကို တခြားသူတစ်ယောက်နှင့် တွဲပြခြ ဖြင့် အရွဲ့တိုက်ဖို့ ကြိုးစားလာခြင်းဖြစ်သည်။ ထိုအနေအထား တော့ သူ လက်မခံနိုင်။ ခွင့်လည်းမပြု။ ထို့ကြောင့် သူမသွား နောက်ကို အတူလိုက်ပါဖို့ ကြိုးစားခြင်းဖြစ်သည်။

ဒါကိုပဲ ယူဇနာက စိတ်ဆိုးခြင်းဖြစ်သည်။ ကြီးအုံ သူနှင့်ယူဇနာ ပြဿနာဖြစ်နေတာကို သိပေမယ့် လူကြီးပီပီ မ ဟန်ဆောင်နေကာ သူတို့နှစ်ယောက်ကြား ဘာတစ်ခုမှ ဝင်ရော ပြောဆိုခြင်းမပြု။ စွက်ဖက်ခြင်းမရှိ။ ဤသည်ကိုပဲ မင်းထင်ဗ ကျေးဇူးတင်မိသည်။

ကတ္တီပါကတော့ ဖေယျနည်းတူ သူ့ကိုချည်း အပြစ်ေ တင်နေသည်။ အစ်မဖြစ်သူကို တတ်စွမ်းသလောက် နှစ်သိမ့်ချေ မော့ ဖျောင်းဖျပေမယ့်မရ။ ကြားထဲက စိတ်ညစ်နေသည်။





အားလုံး စိတ်ညစ်နေရသလို ကာယကံရှင်ဖြစ်သော ယူဇနာလည်းမပျော်။ အခန်းထဲမှာ တစ်ယောက်တည်း အတွေးနယ် ချဲ့နေမိသည်။ ဒီအခြေအနေနှင့် သူတို့နှစ်ယောက် ဘယ်အချိန်ထိ ဆက်သွားနေဦးမည်မသိ။ မင်းထင်ဗလကို စိတ်ဆိုးပြီး အရွဲ့တိုက်မိ တာမှန်ပေမယ့် တကယ်တော့ ယူဇနာကိုယ်တိုင်လည်း ကိုယ့်ဂုဏ် သိက္ခာနှင့်ကိုယ် ဒီလိုကလေးဆန်သည့် အပြုအမူတွေ မလုပ်ချင်။

ချစ်ဦးမောင် မွေးနေ့ကို သွားမည်ဆိုတာကလည်း တကယ်မဟုတ်။ ယူဇနာ ပါးစပ်တွေ့ရာပြောပြီး မင်းထင်ဗလရှေ့ မှာ တမင်မနာလိုအောင် ပြောခြင်းမျှသာ။

"တူ တူ တူ"

အနားက ဖုန်းသံမြည်လာ၍ နားထောင်လိုက်တော့ ညီမ ငယ် ကတ္တီပါဖြစ်နေသည်။

"မမ ကတ္တီပါပါ၊ အခု ကတ္တီပါဆေးရုံမှာ ရောက်နေပြီ"

"ဟင် ဘာဖြစ်လို့လဲ ကတ္တီပါ၊ ဘယ်သူ ဘာဖြစ်လို့ လည်း"

"ကတ္တီပါ အဘောရှင်းဖြစ်လို့"

"ဟင်"

"မမနဲ့ကိုကို အမြန်ဆုံးလိုက်လာပါနော်"

"ဒါပဲနော် မမ"

"ကတ္တီပါ"

"တီ"

ကတ္တီပါအသံက တိုးတိုးလေး။ ဝေဒနာတစ်ခုကို ပြင်းထန်စွာ ခံစားနေရသည့်ကြားမှပင် ဖုန်းကို သူကိုယ်တိုင် လှမ်းဆက်ပြီး ပြောနေနိုင်သေးသည်။

အဘောရှင်းတဲ့။

ကိုယ်ဝန်ပျက်ကျတာပေါ့။

ယူဇနာတို့လည်း ဘာတစ်ခုမှ မသိလိုက်ရတာမို့ ဖုန်းကို ချက်ချင်းပြန်ခေါ်တော့ ဖုန်းကိုင်သူက ဇေယျဖြစ်နေ၏။

"ဆေးရုံကို မြန်မြန်လာပါ မမယူဇနာ၊ ကတ္တီပါကိုတော့ အခုပဲ လာခေါ်သွားကြပြီ"

ဇေယျအသံကလည်း တုန်တုန်ရီရီ။

ကတ္တီပါ အခြေအနေ ဘယ်လောက်ရှိသည်မသိ။

"အေး အေး မမတို့ အခုပဲလာခဲ့ပြီနော် ဇေယျ"

နာမည်ကြီး ဆေးရုံအမည်ကို မှတ်သားထားလိုက်ပြီး အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်လိုက်တော့ အခန်းအပြင်မှာ စောင့်နေသည့် မင်းထင်ဇလကိုယ်တိုင် မျက်စိမျက်နှာပျက်နေသော ယူဇနာ အမူအရာကိုကြည့်ပြီး လန့်သွားသည်။

"ဆေးရုံကို သွားမယ်၊ အခုပဲ ဆေးရုံကိုသွားရမယ်၊ ကားသော့ဘယ်မှာလဲ ကျွန်မကိုပေးပါ"

"ဘယ်သူဘာဖြစ်လို့လဲ ယူဇနာ၊ ဘယ်ဆေးရုံကို သွားမှာလဲ မောင်လိုက်ပို့မှာပေါ့"

ရှင်မလိုက်နဲ့ဟု ယူဇနာ ပြောမထွက်။ ကတ္တီပါက ကိုက်





နှင့်မမ အမြန်ဆုံးလိုက်လာခဲ့ပါဟု ဆိုထားသဖြင့် သူ့ကို စိတ်ဆိုးဒေါသဖြစ်နေတာတွေ ပျောက်ထားလိုက်ရသည်။

"ကတ္တီပါ အခုဆေးရုံမှာ အဘောရှင်းဖြစ်လို့တဲ့"

"ဟာ"

"ဒါဆို အမြန်သွားမှဖြစ်မှာပေါ့၊ လာ လာ ကြီးအုံ ကျွန်တော်တို့ ဆေးရုံသွားမယ်၊ ကတ္တီပါ အဘောရှင်းဖြစ်လို့တဲ့"

"အေး အေး မောင်ဇလ ကြီးအုံကြားတယ်၊ ကားကိုသာ ဖြည်းဖြည်းမောင်းကြနော်သိလား၊ ကတ္တီပါလေး နေကောင်းဖို့ ကြီးအုံလည်း ဘုရားမှာ ဆုတောင်းနေပါမယ်ကွယ်"

"သွားပြီနော် ကြီးအုံ"

ယူဇနာတို့ကားလေး မြင်ကွင်းက ပျောက်သွားသည့်အထိ ငေးကြည့်ပြီးမှ ကြီးအုံကိုယ်တိုင်လည်း တုန်တုန်ရီရီနှင့် ဘုရားရှေ့မှာ ထိုင်ကန်တော့မိသည်။

ငယ်ငယ်လေးထဲက ဒီမိသားစုလေးထဲမှာ အတူနေထိုင်ကြီးပြင်းခဲ့ရသူဖြစ်သည့်အတိုင်း ကြီးအုံက ယူဇနာတို့နှင့် ဆွေမျိုးနီးစပ်တော်သည်ဆိုပေမယ့် ဆွေမျိုးရင်းချာပမာ နေထိုင်ခဲ့ရသူဖြစ်သည်။

ကတ္တီပါတို့ညီမနှင့် ဇေယျတို့ ညီအစ်ကို အိမ်ထောင်ရေးမှာ မြားနတ်မောင်၏ အကူအညီဖြင့် ကိုယ်စီချစ်သူတွေအဖြစ် စုံမက်စွာ လက်ထပ်ခဲ့ကြသည်ဆိုပေမယ့် ယူဇနာကြတော့ ကတ္တီပါနှင့်မတူ။ အစထဲကလည်း အိမ်ထောင်ရေးကို စိတ်ဝင်စားခဲ့သူ မဟုတ်။

ညီမဖြစ်သူ ကတ္တီပါကို အကြောင်းပြုပြီး မင်းထင်ဇလဆိုသည့် ဧယျအစ်ကိုနှင့် စတင်ပတ်သက်ခဲ့သူ။

နောက် ထီမထင်ဆိုသူနှင့် ကတ္တီပါကိုလည်း အကြောင်းပြု ရင်းနှီးခဲ့ရာမှ အစပြုပြီး မမျှော်လင့်ဘဲ အိမ်ထောင်ရက်သားကျခဲ့ သူဖြစ်သည်။ လိမ်ညာဟန်ဆောင်တာကို ယူဇနာကမကြိုက်။

မုန်းသည်။ အထူးသဖြင့် သူမအချစ်ကို လိမ်ညာရယူသူ အဖြစ် မင်းထင်ဇလအပေါ်မှာ ပိုရှုံ့ခွင့်မလွှတ်။ စိတ်ထဲမှာ သူမက တမင် မာနချိုးလို၍ လိမ်ညာခြင်းလားဟု သံသယဖြစ်နေ၏ ယူဇနာကိုယ်တိုင် မင်းထင်ဇလကို ချစ်သူအဖြစ် လက်ခံသတ်မှတ် ခဲ့ပြီးနောက် လက်ထပ်သည့်အထိ ဆုံးဖြတ်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ

သူမကြောင့် မင်းထင်ဇလ ဘဝကြီးတစ်ခုလုံး ဆုံးရှုံးနင် နာရခြင်းကို တာဝန်ယူသည့်အနေဖြင့် သေချာလက်ခံ စဉ်းစားဆုံး ဖြတ်ခဲ့သူဖြစ်သည်။ သူ့ကို ရင်ထဲအသည်းထဲက အမှန်တကယ် ချစ်မြတ်နိုးမိသည်မှာလည်း ဤချိုယွင်းအားနည်းချက်ကြောင့် ဖြစ်သည်။

ဒါကို ကြီးအုံလည်းသိသည်။ ကတ္တီပါတို့ ဧယျတို့လည်း သိသည်။ အခုမှ ဟန်ဆောင်မှုကြီးက ဘွားခနဲပေါ်လာတော့ ယူဇနာ ရင်ထဲမှာ ဖော်မပြနိုင်အောင် ခံစားလိုက်ရခြင်း အဖြစ်ကိုက မည်သူ မျှ စာနာနိုင်မည်မထင်။

မင်းထင်ဇလတို့နှစ်ယောက် ဆေးရုံကိုရောက်သွားတော့





ရှုတ်တရက် ဧယျကို ရှာမတွေ့ဘဲ ဖြစ်နေချိန်မှာပင်

"ဟိတ် မင်းထင်"

"ဟာ နုလေး နင် ဒီဆေးရုံမှာလား"

"အေး နင်ရော ဘယ်သူ့ကိုရှာနေတာလဲ"

"ငါ့ခယ်မလေးပါ အဘောရှင်းဖြစ်လို့လေ၊ ဪ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့ဇနီး ယူဇနာတဲ့"

"ယူဇနာ သူက နုလေးတဲ့၊ မောင့်သူငယ်ချင်း"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"ယူဇနာလည်း ဝမ်းသာပါတယ်ရှင်"

အမျိုးသမီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပြုံး လျက် နှုတ်ဆက်လိုက်ကြချိန်မှာပင် တစ်ယောက်ကိုတစ်ယောက် အကဲခတ်ပြီးသား ဖြစ်သွားကြသည်။

နုလေးတဲ့။

တော်တော် ချစ်စရာကောင်းတဲ့ မိန်းကလေးပါလား။ မောင့်အပေါ် ကြည့်တဲ့အကြည့်တွေကလည်း သံယောဇဉ်တွေနဲ့ ထင်းလို့။ လူတွေအများကြီးကြားထဲက မောင့်ကိုမှရွေးပြီး ထူးထူး ခြားခြား မြင်သည်ဆိုထဲက ယူဇနာရင်မှာ သဘောမကျနိုင်တော့။ သူငယ်ချင်းတဲ့။ ယူဇနာတော့ မယုံချင်။ ဒီလောက်လှပြီး ချစ်စရာ ကောင်းတဲ့ မိန်းကလေးမျိုးနှင့် စာသင်နှစ်တစ်လျှောက်လုံး အတူတွဲ ပြီး နေလာခဲ့ရတာ သာမန်သူငယ်ချင်းအဖြစ် မမြင်။

"ဟော့ ဟိုမှာ ဧယျမဟုတ်လား"

"ငါတို့ သွားလိုက်ဦးမယ်နော် နုလေး"

"ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ပါရှင့်"

နုလေးဆိုသည့် ချစ်စရာ မိန်းမလှလေးကို နှုတ်ဆက်ပြ ယောင်လည်လည်ဖြစ်နေသော ဖေယျာဆီကို ယူဇနာတို့နှစ်ယော အပြေးရောက်သွားတော့ ဖေယျာ၏ မှုံမှိုင်းနေသော မျက်နှာ ကြည့်ပြီး နှစ်ယောက်စလုံး နှုတ်ဆိတ်သွား၏။

"ဘယ်လိုဖြစ်ကြတာလဲ ဖေယျ မင်းတစ်ယောက် ရှိုင်နရက်သားနဲ့ ဒီလောက်တောင် ဖြစ်ရတယ်လို့ကွာ"

"ပြောလည်းခံရမှာပဲဗျာ လုံးဝကို မသိလိုက်ကြတ ကတ္တီပါကိုယ်တိုင်ကလည်း မသိဘူး၊ အခုတော့ ကျွန်တော် ရင်သွေးလေး သွားပါပြီဗျာ"

"အခုချိန်ကြမှ အပြစ်တင်နေလို့လည်း အလကားပဲ၊ နေ တာမရချင်လည်း အစောကြီးထဲက ကြိုင်တင်သတိထားရမှာ အခု ကတ္တီပါ ဘယ်မှာလဲ၊ အခြေအနေကရော"

"အခန်းထဲမှာပါ၊ ဆရာမလည်းရှိနေပါတယ်၊ မ ယူဇနာ"

"အခန်းက ဘယ်မှာလဲ"

ယူဇနာက လိုရင်းကိုသာမေးပြီး ကတ္တီပါရှိရာသို့ ရော သွားတော့ ဖြူဖျော့နွမ်းလျသော အသွင်ဖြင့် ဆေးရုံခုတင်ထက် ငြိမ်သက်စွာ မှိန်းနေသော ညီမဖြစ်သူကို မြင်လိုက်ရတော့ ယူဇ





ရင်ထဲမှာ စို့သွားသည်။

ကိုယ့်အပူ ကိုယ်သောကနှင့်မို့ ညီမငယ်ကို ဂရုမစိုက်မိ သလို ဖြစ်သွားမိတာကို ပြန်တွေးမိတော့ ယူဇနာရင်ထဲ မကောင်း ဖြစ်သွားရကာ ကတ္တီပါ လက်ကလေးတစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်မိသည်။

ကတ္တီပါရယ်။

"မမ"

"မငိုပါနဲ့ ညီမရယ် ညီမအတွက် မမကိုယ်တိုင်လည်း စိတ်မကောင်းပါဘူးကွယ်၊ မငိုနဲ့နော်"

"မမရယ်"

ချောမောသူရှိမှ ဖြည်မဆည်နိုင်အောင် စီးကျလာသည့် မျက်ရည်တွေထဲမှာ ကြေကွဲဝမ်းနည်းခြင်းတွေကို စိတ်မကောင်းစွာ မြင်တွေ့နေရ၏။ ညီမငယ်ကိုယ်လေးကို ယူဇနာရင်ခွင်ထဲမှာ ကြင် နာစွာ ထွေးပွေ့ထားချင်ပေမယ့် ဆေးပိုက်တွေနှင့် ကတ္တီပါ လက်က လေးတစ်ဖက်ကိုသာ တင်းကြပ်စွာ ဖျစ်ညှစ်အားပေးမိသည်။

"အစ်ကိုလည်း စိတ်မကောင်းပါဘူး ညီမရယ်၊ ဒါပေမယ့် ကတ္တီပါ အခြေအနေတွေအားလုံးကောင်းနေတာဆိုတော့ မကြာခင် သွားသမီး ပြန်ရနိုင်မှာပါ၊ စိတ်အားမငယ်နဲ့နော် ကတ္တီပါ"

"ဟုတ်ကဲ့ပါ ကိုကို"

"ဟုတ်တယ် ကတ္တီပါ၊ အနားမှာ ဖေတစ်ယောက်လုံးရှိ ပါတယ်ဗျာ၊ ဘာမှ အားမငယ်နဲ့သိလား"

"အင်း"

အားလုံးကျေနပ်အောင် ခေါင်းလေးညိတ်ပြနေပေမယ့် ကတ္တီပါရင်ထဲက လှိုက်လှဲသော ခံစားချက်ကို မည်သူမှ နားလည်ကြမည်မဟုတ်ဟု ထင်သည်။

"အိပ်ပျော်အောင် အိပ်လိုက်နော် ကတ္တီပါ၊ ညီမနားမှာ မမစောင့်နေမယ်သိလား"

"အိပ်လိုက်နော်"

မမယူဇနာ စကားကို ခေါင်းလေးညိတ်ပြလိုက်ပေမယ့် လက်တစ်ဖက်ကတော့ မမယူဇနာလက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားမိသည်။

မမယူဇနာရဲ့ အိမ်ထောင်ရေးမှာ ကတ္တီပါက ကိုယ့်ကိုယ်ကို အပြစ်ရှိသူတစ်ယောက်လို့ ထင်နေသည့်အတွက် မမယူဇနာ စိတ်မချမ်းမြေ့ရသလို ကတ္တီပါလည်း အခုလို တူသောအကျိုးပေး ဖြစ်ရခြင်းဟု တွေးနေမိသည့်အဖြစ်ကို မည်သူမျှ မသိလိုက်ကြချေ။



# အခန်း ၂၄

"အား မူးလိုက်တာ"

ဦးခေါင်းထဲမှာ မိုက်ခနဲ မူးသွားတာကို နီးရာခုံတစ်လုံးကို အချိန်မီ ဖမ်းဆွဲပြီး ထိန်းလိုက်သည့်အချိန်မှာ တိုက်ဘိုက်ဆိုင်ဆိုင် ထမင်းစားခန်းထဲကို ဝင်လာသည့် ဗလနှင့် ဂျည့်တည့်တိုးသွားသည်။

"ဘာဖြစ်လို့လည်း ယူဇနာ၊ ဘာဖြစ်လို့လဲဟင်"

"ရယ်ပါ၊ ယူဇနာကို မထိပါနဲ့"

စိုးရိမ်တကြီး သူမပခုံးတစ်ဖက်ကို လာရောက်ထိကိုင်သည့် ဗလလက်တစ်ဖက်ကို ဆတ်ခနဲ ပုတ်ထုတ်ကျောခိုင်းလိုက်ချိန်မှာ ရင်ထဲက လှိုက်ခနဲ ဆို့တက်လာတာမို့ ဘေစင်ရှိရာသို့ ပြေးသွားတာ ဝေါ့ခနဲ ထိုးအန်ပစ်လိုက်သည်။

"ဝေါ့"

"ဟာ"

"ယှူဇနာ ရရဲ့လားဟင်၊ ရော ရော့ ဒီမှာရေ"

ပန်းကို ခပ်ဖွဖွဖိနှိပ်ပေးရင်း မည့်သည့်အစာမှမပါဘဲ လေတွေချည်း တဝေါ့ဝေါ့အန်နေသည့် ဇနီးသည်ကို ရေတစ်ခွက် ပေးရင်း ဗလရင်ထဲမှ နည်းနည်းတော့ ဇဝေဇဝါဖြစ်သွားသည်။

"ဖယ်ပါ"

သူ့လက်တွေကို ပုတ်ချရင်း ယှူဇနာက ရေနှင့်ပလုတ်ကျင်း နေသည်။ မအီမသာဖြစ်နေသည်မှာ နှစ်ရက်ခန့်ရှိပြီ။ ဒီနေ့မှ ပိုဆိုး သည်။ ဟင်းနံ့ဆို လုံးဝမခံချင်။ ဒါကြောင့်လည်း ထမင်းလုံးဝ မစား။ အသီးအနှံနှင့် ဖျော်ရည်တွေချည်းသောက်နေမိရာမှ အခုလို ဖြစ်လာခြင်းဖြစ်သည်။

"တစ်ခုခုထူးနေပြီ ထင်တယ်ဗျာ"

"ဘာတစ်ခုခုထူးရမှာလည်း ဖယ်ပါ၊ ရှင်နဲ့ စကားမပြော ချင်ပါဘူး"

မျက်စောင်းတစ်ချက် ဒိုင်းခနဲ ထိုးလိုက်မိသည်။ သူ့မရှေ့ မှာ အရပ်ကြီး ကလန့်ကလားနှင့် ရပ်နေသူကို မုန်းမိသည်။ ခံစား ချက်ကမဆိုးသေး။

"မောင့်ကို ဘယ်တော့မှ စိတ်ဆိုးပြေမှာလဲ အချစ်ရယ်၊ မောင်လည်း ယှူဇနာကို လွမ်းလှပြီ"

"လွမ်းရင် သေလိုက်ပေါ့ရှင်"

ပြောပြီး သူ့ရှေ့က ဘောက်ဆတ်ဆတ်နှင့် ထွက်လာတော့





သူ့ထံမှ တိုးဖွဖွသော ရယ်သံက ယှူဇနာနောက်မှာ အတူလိုက်ပါလာ သည်။

"မသေပါရစေနဲ့ဦးဗျာ၊ ကလေးအဖေလုပ်ပါရစေဦး"

"ဟင်"

သူ့စကားကြောင့် ယှူဇနာရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ဒါ ဘာစကားလဲ။ ကလေးအဖေ လုပ်ပါရစေဦးတဲ့။ ယှူဇနာ မေ့လျော့နေသည့် အကြောင်းအရာတစ်ခုက ဘွားခနဲ ယှူဇနာ ဦးနှောက်ထဲရောက်လာသည်။

သူပြောသလိုဆို ယှူဇနာမှာ။

"အို"

ယှူဇနာတစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲထသွားသည်။ ရက်ကိုပြန်တွက်ကြည့်လိုက်တော့ သူပြောသည့်စကား မှန်နေသည်။

"ယှူဇနာ"

"မောင့်ကို စိတ်ဆိုးပြေပါတော့ အချစ်ရယ်၊ အပြစ်ပေး ထားခံတာဆိုရင်လည်း ဒီလောက်နဲ့ ကျေနပ်ပါတော့ဗျာ၊ ယှူဇနာ နဲ့ခွဲပြီး မောင် ဘယ်လိုမှ ဆက်မနေနိုင်တော့ဘူး"

ယှူဇနာ ဘာတစ်ခုမှ မပြောနိုင်ခင် ဗလက သူမကိုယ် လေးကို ညင်သာစွာ ဆွဲယူပွေ့ဖက်ကာ လှပသော မျက်နှာလေး ဆက်သို့ အနမ်းမိုးရွာချလိုက်၏။ ယှူဇနာက ဗလရင်ဘတ်ကြီးကို တွန်းထုတ်ဖို့ ကြိုးစားပေမယ့်မရ။ မွှန်းကြပ်လှိုက်မောမှုထဲမှာ အသက်ရှူ ရပ်လုမတတ်ဖြစ်သွား၏။

"ဘယ်တုန်းကမှ မချစ်ဘူး"

"အပွန်း ပွန်း ပွန်း"

ယူဇနာစကားကို မောင်က သဘောကျစွာ ရယ်လာတာမို့ သူ့ကို မျက်စောင်းထိုးလိုက်သည်။

"ဟုတ်လို့လားဗျာ သေချာလည်း စဉ်းစားစမ်းပါဦး"

"ယူဇနာက ဘာကို စဉ်းစားရမှာလည်း"

"မောင့်ကို မချစ်ဘူးဆိုတာလေ"

"အဲဒါကတော့ အမှန်အတိုင်းပြောတာပဲ၊ မယုံချင်လည်းနေပေါ့"

"လုံးဝမယုံပါဘူးတဲ့ဗျာ၊ ကဲ ပြောပါဦး မောင့်ကို မချစ်တဲ့သူက မောင်လို အတိတ်မေ့နေတဲ့ လူတစ်ယောက်ကို သတ္တိရှိရှိ လက်ထပ်ဖို့ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ရဲတာ ဘာကြောင့်တုန်း"

"အဲဒါ မောင့်ကို ချစ်လို့မဟုတ်ဘူးလား"

မှန်တာအပြောခံလိုက်ရတော့ မျက်နှာနီနီလေးဖြင့် ယူဇနာ မျက်နှာကို ချစ်မြတ်နိုးခြင်းတွေနှင့် ပြုံးပြုံးကြီးကြည့်နေသော မောင့် မျက်နှာ ချောချောကြီးကို ပြန်ကြည့်ပစ်လိုက်ပြီး ဘုစကားလေး ဆိုလိုက်သည်။

"ရှင့်ကို မုန်းလို့ သိပြီလား"

"သိပြီ"

"အို"

ပါးလေးတွေ နွေးသွားသည်။ လှပစွာ ပွင့်ဖူးသွားသည့်





အချစ်ပန်းတွေကို လေပြေညှင်းက ရယ်မောကျီစယ်သွားသည်။

"ချစ်တယ်နော် မောင့်သက်"

"အခုထိ မသိသေးဘူးလား"

"ဟင့်အင်း"

"အမုန်းစကားတွေချည်း ကြားနေရလို့ မသိတော့ဘူး"

"ဒါဖြင့်လည်း ဆက်ပြီးမသိနဲ့တော့"

"ဟိတ် ဒီလို မညစ်ကြေးလေ၊ မောင့်ကို ချစ်တယ်လို့ ပြော"

"ပြောနေတာ ကြားမှမကြားဘဲ"

"ဘယ်တုန်းပြောလို့လဲ"

"အခု"

"ဟင်"

"သေချာနားထောင်ကြည့်မှပေါ့"

သူ့ကို ကျီစယ်နေသော ချစ်ဇနီးချောကို မြတ်နိုးချစ်မဝနိုင်စွာ လှပသော မျက်နှာလေးကို စူးစိုက်ကြည့်ရင်း တိတ်ဆိတ်နေသော အခန်းလေးထဲမှာ ချစ်ဇနီးထံမှ ချစ်အဖြေစကားကို ရှာဖွေနားစွင့်ကြည့်မိသည်။

"ကြားပြီလား"

"အင်း"

"ဘာတဲ့လဲ"

"မောင့်ကို ယူဇနာကလည်း သိပ်သိပ်ချစ်ရပါတယ်တဲ့၊

ဒါကြောင့် မောင့်အတွက် သားနဲ့သမီးလေးကို တစ်ခါထဲ မွေးပေး ပါတော့မယ်ရှင်တဲ့”

“သွား ဟုတ်လည်းမဟုတ်ဘဲနဲ့၊ ဘယ်သူကမှ အဲဒီလို မပြောဘူး”

“ပြောပါတယ်ဗျာ ယူဇနာ နှလုံးသားက ပြောနေတဲ့ စကားတွေအားလုံး မောင်နှလုံးသားက ထပ်တူခံစား ကြားမြင်နေ တယ်တဲ့”

“မောင်ရယ်”

“ယူဇနာ”

ဒီတစ်ခါတော့ မောင့်စကားကို ရယ်ပွဲမဖွဲ့ ဂျစ်မတိုက်တော့ ပါ။ မောင့်ရင်ခွင်ကိုသာ အလိုက်သင့် တိုးဝင်ရင်း မျက်နှာလေးကို ကွယ်ဝှက်ထားလိုက်မိသည်။ ဒီနေ့ကစပြီး မောင့်အပေါ်မှာ မဆိုး မနွဲ့တော့ဟု တိတ်တိတ်လေး ဆုံးဖြတ်လိုက်သည်။

ဒါကလည်း မောင့်ကို ချစ်၍ဖြစ်သည်။ တကယ်တော့ လည်း မောင့်ကို အပြစ်ပေးသည့်အနေနှင့် တမင်ခွဲနေပေမဲ့ ယူဇနာ ကိုယ်တိုင်လည်း မောင့်ကို ကြိတ်လွမ်းခဲ့ရသည်။ တမ်းတခဲ့ရသည့် အဖြစ်တွေကို မမေ့ပါ။

“ဒီနေ့ကစပြီး အလေးအပင်တွေ ဘာတစ်ခုမှ မလုပ်ရဘူး နော်၊ သွားတာလာတာ နေတာထိုင်တာကအစ အထူးဂရုစိုက်ရမယ် သိလား၊ မောင်ပြောတဲ့စကားကိုလည်း နားထောင်ရမှာနော်”

“အင်းပါ ကိုယ်ဝန်ကဖြင့် အခုမှ လနုနုလေးရှိသေးတယ်





ကဲနေသည်းနေလိုက်တာ”

“သြော် အဲဒါ ကဲတာသည်းတာ မဟုတ်ဘူးဗျာ၊ မောင် တို့ရဲ့ ရင်သွေးလေးကို အဆုံးရှုံးမခံနိုင်သလို ဟော့ဒီ မာမီကြီးလည်း လူရောစိတ်ရော ဘာတစ်ခုမှ ဒုက္ခမရောက်စေချင်လို့ မခံစား မနာ ကျင်စေချင်လို့ဗျာ သိလား”

“ကတ္တီပါတို့ဆို ဘယ်လောက်ရင်နာကြရမလဲ”

“မပြောပါနဲ့ မောင်ရယ်၊ ညီမလေးအတွက် ယူဇနာ စိတ်မကောင်းလွန်းလို့ပါ”

“မောင်လည်း စိတ်မကောင်းပါဘူးလေ၊ ကလေးကိစ္စ ဖြစ်ပြီးတဲ့နောက်ပိုင်း ကတ္တီပါလည်း တော်တော်လေး စိတ်ထိခိုက် သွားတာ မောင်သိတယ်”

ရင်သွေးလေးအတွက် သူတို့လင်မယား ပျော်ရွှင်ကြည်နူး နေချိန်မှာ ကတ္တီပါအကြောင်း တွေးမိပြီး နှစ်ယောက်စလုံး စိတ်မ ကောင်းဖြစ်သွားသည်။ ကတ္တီပါက သူ့ရင်သွေးလေးအတွက် အရမ်းမျှော်လင့်စိတ်ကူးထားတာ ယူဇနာသိသလို မောင်လည်းသိ သည်။

“မောင်”

“ဗျာ”

“အခုကိစ္စကို ကတ္တီပါသိရင် ဘယ်လိုဖြစ်သွားမယ်ထင်လဲ ဟင်၊ သူ့ကလေးလေးကို သတိရပြီး ပိုစိတ်ထိခိုက်သွားမလား၊ ယူဇနာတို့ ရင်သွေးလေးကိစ္စကို ကတ္တီပါကို ဖွင့်မပြောဘဲ ထားမှ

ထင်တယ်နော်"

ရုတ်တရက်တော့ မောင်ကိုယ်တိုင်လည်း ဘာဖြေရမှ မသိ။ အချိန်အတော်လေးကြာမှ…

"အတိအကျကြီးတော့ ပြောလို့မရဘူးပေါ့လေ၊ ကတ္တီ စကားလေးဘာလေး ပြောရင်းကဇနီ သူ့သဘောထားကို စုံစ ကြည့်ပေါ့၊ ပြီးမှ အခြေအနေကို ကြည့်ပြီး မောင်တို့ကိစ္စကို ပြော မှပြော ဒါဆို အဆင်ပြေမှာပါ"

"ဟုတ်တယ်နော်၊ မောင်ပြောတဲ့အတိုင်းပဲ လုပ်လိုက်တေ မယ်၊ အခုပဲ ကတ္တီပါဆီ ဖုန်းဆက်ကြည့်မှ"

"ဟိတ်…နေဦး"

"ဘာလဲမောင်ရဲ့၊ ဘာပြောစရာကျန်သေးလို့လဲ"

ဖုန်းရှိရာကို လက်လှမ်းနေသည့် ယူဇနာလက်ကလေး မောင်က လှမ်းဆွဲထားတာမို့ မောင့်မျက်နှာကို လှည့်ကြည့်လ တော့ ယူဇနာကို မောင်က ဖြည်းညှင်းစွာ ခေါင်းခါပြသည်

"အခုချိန်မှာ ကတ္တီပါကိစ္စက ဒီလောက်အရေးမကြီး ဆိုတာ ယူဇနာမသိဘူးလား၊ အခု မောင်တို့မှာ ဒါထက် အရေးကြီးတဲ့ကိစ္စရှိသေးတယ်"

"ဘာကိစ္စလဲဟင်"

"မောင်တို့ကိစ္စလေ"

"ဟင်"

"အရေးထဲမှာ မောင်က လာနောက်နေပြန်ပြီ"





ချစ်လင်မျက်နှာကို မော့ကြည့်ပြီး ချိုချိုလွင်လွင်လေး ရယ်လိုက်တော့ မောင်က ယူဇနာ့မျက်နှာကို မျက်ခုံးတွန့်ကြည့် သည်။

"မောင် နောက်နေတာမဟုတ်ဘူးဗျာ တကယ်ပြောနေ တာ၊ အခုချိန်ကစပြီး နောက် ဘယ်တော့မှ မောင့်ကို တစ်ယောက် တည်း ခွဲမထားတော့ပါဘူးလို့ ကတိပေး"

"ဒါဆို မောင်ကလည်း ယူဇနာကို ပြန်ကတိပေးမှဖြစ်မှာ ပေါ့"

"ပြော မောင်က ဘာကတိပေးရမှာလဲ"

"နောက် ဘယ်တော့မှ ယူဇနာကို စိတ်ဆိုးနာကျင်စရာ တွေ မလုပ်တော့ပါဘူး၊ ယူဇနာကလွဲပြီး တခြားသူနဲ့ ဖောက်လွဲ ဖောက်ပြန် မလုပ်ပါဘူးလို့ သစ္စာဆို"

"ဆိုမယ် ကြိုက်တဲ့သစ္စာပေး"

အလွယ်တကူ ကတိပေးစကားဆိုလာသည့် မောင့်မျက်နှာ ကို ယူဇနာ စိုက်ကြည့်လိုက်သည်။

"လူကို ဘာကြည့်နေတာလဲ"

"အခုတော့ ပြောသမျှစကားတွေအားလုံး ချောနေတာပဲ လေ၊ နောက်ကြမှသာ ယူဇနာ မျက်ရည်ကျအောင် မောင် ဘာတွေ လုပ်မှာလဲလို့ အဖြေရှာရင်း တွေးနေတာ"

"မောင့်ကို မယုံဘူးပေါ့"

"ကံကြမ္မာကို မယုံတာပါ"

"ပျော်စရာအချိန်မှာ ဘာလို့ စိတ်ညစ်စရာတွေ လျှောက် တွေးနေရတာလဲ ယူဇနာရယ်၊ မောင် ယူဇနာကို သိပ်ချစ်သလ မောင့်ရင်သွေးလေးကိုလည်း မောင်ချစ်တယ်၊ ယူဇနာတို့ သားအမ ပေါ်မှာ သစ္စာဖောက်ခဲ့မိတဲ့နေ့ကြရင် မောင်ကိုယ်တိုင်လည်း အသေ ဆိုးနဲ့"

"အို မောင်"

မောင့်နှုတ်ဖျားကို အလန့်တကြားလေး သူမလက်လေးဖြ လှမ်းပိတ်လိုက်ရင်း ယူဇနာရင်ထဲမှာ လှိုက်ခနဲ ဝမ်းနည်းကြေကွဲသွား သည်။

"မပြောကောင်းမဆိုကောင်း မောင်ရယ် နောက်ဘယ တော့မှ မောင့်နှုတ်ဖျားက ဒီလိုစကားမျိုး မဆိုပါနဲ့ကွယ်၊ ယူဇန မကြားရဲလို့ပါရှင်"

"ကောင်းပါပြီ မောင့်အချစ်ရယ်၊ နောက် ယူဇနာမကြိုက် တဲ့ အပြုအမူကို မောင်လုံးဝမလုပ်တော့ပါဘူး၊ အဲဒီလိုပဲ မော အချစ်ကို ယူဇနာ ယုံကြည်စိတ်ချထားဖို့ မောင်ပြောချင်ပါတယ်"

"ယုံပါပြီမောင်ရယ်၊ ယူဇနာ ယုံပါပြီ"

"ယူဇနာရယ်"

မောင့်ရင်ခွင်ထဲကို ယူဇနာ တိုးဝင်လိုက်သည်။

တကယ်တော့ ယူဇနာဟာ မိန်းမသားများစွာထဲက မိန်း သားတစ်ယောက်ဆိုတာ မောင်မေ့နေသလားကွယ်။

မိန်းမတွေဟာ ယောကျ်ားတစ်ယောက်ကို ချစ်မိပြီဆို





ကိုယ့်ယောကျ်ားရဲ့ ဆိုးမွေကောင်းမွေတွေအားလုံးကို ကျေကျေနပ် နပ် မညည်းမညူ မေတ္တာစေတနာအပြည့်နဲ့ အမြတ်တနိုး လက်ခံ နိုင်ကြသူတွေချည်းသာ ဖြစ်ပါကြောင်း မောင်သိအောင် ယူဇနာ ရင်ထဲက တိုးတိုးလေး ပြောနေမိသည့်အဖြစ်ကို မောင် မကြားလိုက် ချေ။

✣ ✣ ✣

# အခန်း ၂၂

လွမ်းခဲ့ရသမျှ အချစ်ရက်တွေကို အတိုးချအလွမ်းဖြေ
သလားထင်ရအောင် လင်မယားနှစ်ယောက်စလုံး အပျော်ကြီးပေ
မိကြသည်။ ဘယ်သွားသွား ဘယ်လာလာ နှစ်ယောက်
ဘယ်နေရာမှမခွဲ။ ဆေးခန်းထိုင်တော့လည်း အတူတူ၊ ဈေးဝ
ထွက်တော့လည်း အတူတူ။

ဘယ်သူတွေ မျက်စိနောက်မနောက် မသိပေမယ့် ဒေ
ကတော့ အစ်ကိုနှင့် မရီးကိုကြည့်ပြီး ရေလည်မျက်စိနောက်
သည်။ သို့သော် ကျေနပ်ပီတိတွေက တဝေဝေ။

"ကြည့်စမ်း သူများစုံတွဲတွေများ ဘယ်လောက်အား
ဖို့ ကောင်းလဲ၊ မောင် ဘယ်ကိုသွားသွား အနားကမခွာဘူးဆို
ချည်းပဲ၊ အိမ်ကမိန်းမနဲ့တော့ ကွာပါ့"

သူနှင့် ခပ်လှမ်းလှမ်းမှာထိုင်နေသည့် ကတ္တီပါကို ကြ





ပြီး တမင်မကြားကြားအောင် ပြောပြီး ရန်စဖို့ ကြိုးစားပေမယ့်
ကတ္တီပါက မလှုပ်။ သူ့ဘာသာ တရားစာအုပ်တစ်အုပ်ကို စိတ်ဝင်
စားစွာ ဖတ်ပြီး ငြိမ်နေ၏။

ဒီလိုငြိမ်နေတာကိုပဲ ဒေယျရင်မှာ အားမလိုအားမရ ဖြစ်မိ
ခြင်းဆိုလည်း မမှား။ သူတို့ ကလေးလေးကို အမှတ်မထင်
ဆုံးရှုံးလိုက်ရပြီးထဲက ကတ္တီပါပုံစံလေးက သိသိသာသာ ပြောင်း
သွားသည်။ အပြုံးအရယ် နည်းလာသည်။ အရင်လို ပျော်ပျော်ရွှင်
ရွှင် မရှိတော့။

ကတ္တီပါ သိပ်ပြီး စိတ်ထိခိုက်သွားတာသိသည်။
ပြောင်းလဲဖို့ တတ်နိုင်သလောက် ကြိုးစားကြည့်ပေမယ့်မရ။ ကတ္တီပါ
မပျော်တော့ ဒေယျပါ အလိုလိုစိတ်ဓာတ်တွေ ကျလာ သည်။
ဒေယျ ဘဝမှာ အခုလိုခံစားချက်မျိုး တစ်ခါမှ မခံစားဘူး။
ကလေးလေး ဆုံးရှုံးသွားရသည့်အတွက် ကတ္တီပါ စိတ်မကောင်း
သလို သူလည်း စိတ်မကောင်းဖြစ်မိပေမယ့် ကတ္တီပါလောက်တော့
လည်း အသည်းအသန်ကြီး ဖြစ်မနေ။

- ဘဝကို ဘာပူပင်သောကမှမရှိဘဲ ကြီးပြင်းလာ၍ပဲလား
သေး။ စိတ်ညစ်သည့်ဝေဒနာကို ဘယ်တုန်းကမှ ကြာရှည်လေးမြင့်
ခံစားဘူး။ ကတ္တီပါကြတော့ သူ့လိုမဟုတ်။ နောက်ပိုင်းမှာ
တရားစာတွေသာ ဖိဖတ်နေတော့ ဒေယျတစ်ယောက်တည်း
ငှင်းခြောက်ခြောက်ကြီး ဖြစ်လာတော့ မနေတတ်မထိုင်တတ်
ဖြစ်လာသည်။

ဒီလိုအချိန်မှာ ကိုကိုတို့စုံတွဲက သိပ်ပြီး ပြေလည်ကြည်နူး ပျော်ရွှင်ပြနေတော့ ဝမ်းသာစိတ်နှင့်အတူ ကြားထဲကနေ မနာလို ဝန်တို ဖြစ်မိသည်အထိပင်။

"မိန်းမ"

"ပျင်းတယ်ကွ၊ အပြင်တစ်နေရာသွားကြရအောင်"

"ဇေ သွားချင်သွားလေ၊ ကတ္တီပါ အိမ်မှာပဲ စာဖတ်ပြီး နေရစ်မယ်"

ကတ္တီပါက သူ့ကိုလှည့်မကြည့်ဘဲ တစ်ယောက်တည်း ကြည်ကြည်ဖြူဖြူ သွားခွင့်ပြုလိုက်တော့ ဇေယျမှာ အေးစက်စက် အပြုအမူနှင့် ယောကျ်ားဖြစ်သူအပေါ်မှာ စိတ်မဝင်စားသလိုလို လုပ်နေသည့် ကတ္တီပါအပေါ်မှာ ပို၍စိတ်ဆိုးချင်လာသည်။

"တစ်ယောက်တည်း မသွားချင်လို့ ကိုယ့်မိန်းမကိုယ် အဖော်ခေါ်နေတာပေါ့ကွ၊ ဘာလဲ ကတ္တီပါက အဲဒီတရားစာအုပ် တွေဖတ်ပြီး တစ်ခါတည်း တောထွက်တော့မလို့လား"

"ဒါပေါ့ လုပ်သင့်ရင်လုပ်ရမှာပဲ"

"ဟင်"

အရွဲ့တိုက်အငေါ်တူးပြီး မေးလိုက်မိသမျှ ကတ္တီပါထံမှ အေးဆေးစွာ တုံ့ပြန်လာသည့် အဖြေစကားက ဇေယျကို မျက်လုံး ပြူးသွားစေသည်။

"ဘာတွေလျှောက်ပြောနေတာလဲကွာ၊ အဲဒီစာအုပ်ကြီးကို ချထားလိုက်စမ်းပါ"





"ကတ္တီပါ တကယ်ပြောနေတာလား ဇေ၊ စစ်ကိုင်း ချောင်မှာ ကတ္တီပါတို့ အမျိုးထဲက သီလရှင်တွေရှိတယ်၊ ကတ္တီပါ လည်း တစ်ခါတလေ ဇေ ခွင့်ပြုမယ်ဆိုရင် သီလရှင် ပျော်သ လောက် ဝတ်ရမလားလို့ စဉ်းစားမိလို့ပါ"

"ဟာ ဒါတော့ လုံးဝမဖြစ်ဘူး၊ ဇေ သဘောမတူဘူး နော် ကတ္တီပါ၊ ဘာသီလရှင်လဲ၊ ဇေ မိန်းမကိုချစ်လို့ ယူထားတာ၊ သီလရှင်လုပ်ပြီး စစ်ကိုင်းချောင်သွားနေဖို့ မဟုတ်ဘူးဗျာ"

"ဇေက ခွင့်မပြုရင်တော့လည်း မသွားပါဘူး၊ ကတ္တီပါ ဖြစ်ချင်တဲ့ဆန္ဒကို ပြောကြည့်တာပါ"

"နောက်ဘယ်တော့မှ မပြောနဲ့၊ ဇေ မကြိုက်ဘူးသိလား၊ ဘယ်လိုကဘယ်လို ဒီလိုစိတ်ကူးတွေ ရလာလည်းမသိဘူး"

ကျဲမြီးတို့စွာ ဆိုလိုက်တော့ ကတ္တီပါက ဇေယျမျက်နှာကို ပြုံးပြီးကြည့်နေသည်။ ဇေယျက တစ်ခါတလေ ကလေးဆိုးနှင့် တူပေမယ့် ချစ်ဖို့ကောင်းသော ကလေးဆိုးမျိုးဖြစ်သည်။

"လာ ထ အဲဒီစာအုပ်တွေကိုလည်း မဖတ်နဲ့တော့၊ အခုပဲ အပြင်သွားကြမယ်"

"ကြည့်စမ်း တရားစာအုပ်တွေကို ဘယ်လိုလုပ်လိုက် တာလဲ ဒေရဲ့၊ ရိုရိုသေသေထားမှပေါ့"

ဇေယျက ကတ္တီပါလက်ထဲက တရားစာအုပ်ကိုဆွဲယူ ပြီး စားပွဲပေါ် လှမ်းပစ်တင်လိုက်တာမို့ ကတ္တီပါထံမှ သဘောမကျ နိုင်စွာ ထွက်ပေါ်လာသော တားမြစ်သံဖြစ်သည်။

“ကတ္တီပါ အခုလိုပဲ လုပ်နေရင် ဖေ့အိမ်မှာရှိတဲ့ တရားစာအုပ်တွေအားလုံး စာကြည့်တိုက်မှာ သွားလှူပစ်မယ်သိလား”

“ကဲ ပြော ဖေက ဘယ်အချိန်အထိ ကတ္တီပါ အရင်လို ပျော်လာတဲ့အချိန်ကို ထိုင်စောင့်နေရမှာလဲ”

“ကတ္တီပါနားမှာနေရတာ ဖေ တစ်ယောက်တည်း အပြင်ထွက်လည်ပါလား ဖေရယ်၊ ဘာဖြစ်လို့ ကတ္တီပါကို ပြဿနာရှာချင်ရတာလဲ”

“ပြဿနာ”

ဖေယျထံမှ တိုးဖွစွာ လိုက်ခံရေရွတ်သံဖြစ်သည်။ ဖေယျနဲ့ပတ်သက်ပြီး ကတ္တီပါဆီမှာ ဒီလိုခံယူချက်မျိုး ဒီလိုစိတ်မျိုးရှိနေလိမ့်မည်ဟု ဖေယျ တစ်ခါမှ မတွေးဘူးချေ။ ကတ္တီပါက ဖေယျ စေတနာကို စော်ကားလိုက်ခြင်းဟု တွေးမိတော့ လှပသည့် ကတ္တီပါ မျက်နှာလေးကို စိုက်ကြည့်ပစ်လိုက်သည်။

“ကတ္တီပါအတွက် ဖေက ပြဿနာကောင် ဖြစ်နေပြီလား”

“ဆောရီး ဖေ၊ ကတ္တီပါပြောတာ အဲဒီလိုသဘောမျိုး မဟုတ်ပါဘူး၊ ကတ္တီပါ မလိုက်ပေမယ့် ဖေဘာသာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားနိုင်တယ်လို့ ပြောတာပါ”

“တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်မှတော့ ဘာဖြစ်လို့ မိန်းမယူထားဦးမှာလဲ”

“ဖေ”





“ကောင်းပါပြီဗျာ၊ ကတ္တီပါ ပြောတဲ့အတိုင်းပဲ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေလိုက်ပါဦးမယ်၊ ဖေ အပြင်သွားမယ်၊ မိုးချုပ်လည်း စိတ်မပူနဲ့ ဟုတ်လား”

“ဖေ”

ကတ္တီပါက ဖေယျကို လှမ်းခေါ်ပေမယ့် ဖေယျက နောက်ကို တစ်ချက်ပင် လှည့်မကြည့်တော့။ ခြေလှမ်းကျဲကြီးတွေနှင့် ကားသော့ကို ဆွဲယူကာ နေရာမှ ခပ်ကြမ်းကြမ်းမောင်းထွက်သွားပုံက တကယ့်ကို စိတ်ဆိုးမာန်ဆိုး ဖြစ်သည်။

ဖေရယ်။

ဖေကတော့ သူဖြစ်ချင်တာ၊ သူလုပ်ချင်တာပဲ သိသည်။ လိုချင်တာမရတော့ ကလေးတစ်ယောက်လို စိတ်ဆိုးစိတ်ကောက်မည်။ အခုလည်း ကတ္တီပါစကားကို စိတ်ဆိုးပြီး ထွက်သွားသည်။ ကတ္တီပါ စေတနာစကားကို နားမလည်။

အသွင်တူမှ အိမ်သူဖြစ်သည်ဆိုပေမယ့် နေရာတိုင်း လင်မယားအကုန် လိုက်တူနိုင်တာမဟုတ်။ ဖေယျက ယောကျ်ားလေးပီပီ အိမ်ထဲမှာ ရက်နည်းနည်းကြာကြာ နေလိုက်မိတာနှင့် ပျင်းသည်ပျော်သည် ခွဲဝေခံစားနေနိုင်ပေမယ့် ကတ္တီပါတို့လို မိန်းမသားတွေအတွက်ကြတော့ ထိုသို့မဟုတ်။

ကတ္တီပါရင်ထဲက သားလေးအတွက် စိတ်ထိခိုက်နေတာကို ဖြေသာအောင် ကြိုးစားဖြေနေပေမယ့် ဖေကြတော့ ထိုသို့မဟုတ်။ ခံစားစရာရှိတာ ခံစား၊ ကြေကွဲစရာရှိတာ ကြေကွဲ။

ပြီးရင် အချိန်ကြာရင် အနာခံ၊ ခေါင်းအလေးခံပြီး သယ်ပိုးထားချင်သူမဟုတ်။ ကွဲပြားချက်လေးတွေ ရှိနေတာကို သိပေမယ့် တမင်မသိဟန်ဆောင်နေရခြင်းဟုဆိုလည်း မမှားပါ။

ဩော်…ဇေ…ဇေ။

ဇေ့ကြောင့်တော့ ကတ္တီပါ သိပ်ခက်ပါလားကွယ်။

“တူ…တူ…တူ”

“ဟဲလို”

“မမပါ ကတ္တီပါ၊ နေကောင်းရဲ့လားကွယ်၊ ဖုန်းမဆက်တာ တစ်ပတ်ရှိပြီဆိုတော့ စိတ်ပူမိလို့ပါကွယ်”

မမယူဇနာအသံက ချိုလွင်နေသည်။ ပျော်ရွှင်ကြည်နူးဖွယ်ရာ အိမ်ထောင်ရေးသုခထဲက မမယူဇနာ သိပ်ပျော်ရွှင်နေပုံရသည်။ စကားသံကိုက မြူးမြူးကြွကြွလေး သွက်လက်နေ၏။

ထိုအမူအရာ ထိုလေသံကို ကြားလိုက်ရထဲက မမယူဇနာရင်ထဲက ခံစားနေရသော ဝေဒနာတွေအားလုံး ပျောက်ဆုံးကုန်ပြီဖြစ်ကြောင်း အစ်မဖြစ်သူ သဘောကို နားကျေစွာ ပြုံးလိုက်မိသည်။

“နေကောင်းပါတယ် မမယူဇနာရှေ၊ မမအသံကို ကြားရတာ စိတ်ချမ်းသာလိုက်တာ”

“ဘာဖြစ်လို့”

“သိပ်ပျော်နေမှန်းသိလို့ပေါ့”

“အိုး”

“အဟင်း…ဟင်း…ဟင်း”





ရှက်စနိုးရယ်မောလိုက်သော ယူဇနာအသံကို နားထောင်ရင်း ကတ္တီပါ နှုတ်ခမ်းလေးတွေ ပြုံးနေသည်။ ကတ္တီပါလည်း မမလိုပဲ ရယ်မောနေချင်လိုက်တာ။

အခုတော့ ဇေယျက ကတ္တီပါအပေါ်မှာ ဘာတစ်ခုမှ နားမလည်။

“အိမ်မှာ ဇေယျလည်းရှိတယ်မဟုတ်လား၊ မမတို့ အခုပဲ ကတ္တီပါတို့ကို ဝင်ခေါ်ပြီး တစ်ခုခုသွားစားမလို့ အသင့်ပြင်ထားလေနော်”

“ဇေ မရှိဘူးမမ၊ အပြင်သွားတယ်”

“ဒါဆို ကတ္တီပါတစ်ယောက်တည်းပေါ့”

“ဟုတ်”

“သွားစရာရှိတာ မမတို့ပဲသွားလိုက်ပါ၊ ကတ္တီပါ မလိုက်တော့ပါဘူး”

“မဟုတ်တာညီမရယ် မမ အခုပဲလာခဲ့မယ်သိလား၊ ဒါပဲနော်”

မမစိတ်ကို သိထားသည့်အတိုင်း ရေချိုး အဝတ်လဲပြီး အသင့်ပြင်ထားလိုက်ရသည်။ မလိုက်ဘူးလို့ ပြော၍လည်း ရမည့်သူမဟုတ်။ ကတ္တီပါ စိတ်ပျော်အောင် အမျိုးမျိုး ကြိုးစားပေးမှန်းသိပေမယ့် မတာတ်နိုင်။

ပျော်နေသည့် မမတို့စုံတွဲကြားမှာ ကတ္တီပါတစ်ယောက်တည်း ခပ်ကြောင်ကြောင်လေး ဖြစ်နေမှာ သေချာသည်။

“ကျိုး”

“ကတ္တီပါရေ”

အတွေးမဆုံးသေး အိမ်ရှေ့မှာကားရပ်သံ၊ တံခါးဖွင့်သံပိတ်သံတွေနှင့်အတူ မမယူဇနာအသံကို ကြားလိုက်ရသည်။

“ဟိတ် နေဦး ဖြည်းဖြည်းသွားလေ၊ မတော်တဆ ချော်ပြုလဲနေရင် ဘယ်နှယ့်လုပ်မလဲ”

“ရပါတယ်မောင်ရဲ့၊ ဘာမှမဖြစ်ပါဘူး”

“ပြောလိုက်ရင် ဒီလိုချည်းပဲဗျာ၊ လာ မောင့်လက်ကိုဆွဲပြီး အတူလိုက်ခဲ့”

“အဟင်း…ဟင်း…ဟင်း”

“သိပ်ပိုတဲ့မောင်ပဲကွယ်၊ ဖယ်ပါ”

ဗလက ချစ်ဇနီးလက်ကလေးတစ်ဖက်ကို အုပြေးလေးဆွဲယူပြီး သူ့လက်မောင်းကြီးထဲမှာ ချိတ်ဆွဲစေလိုက်တာမို့ ယူဇနာထံမှ ရှက်စနိုး ကြည်လင်စွာ ရယ်မောလိုက်သံလေးက ကတ္တီပါတို့အိမ်လေးထဲမှာ မင်္ဂလာရှိစွာ စီးမျောသွားသည်။

“မမ”

“ဟော…ကတ္တီပါ”

“မှန်မှန်ပြောနော် မမတို့မှာ အကြောင်းထူးတစ်ခုခု ရှိနေပြီမဟုတ်လား”

ကတ္တီပါမျက်နှာလေးက ပြုံးနေသလို ကတ္တီပါ အကြည့်လေးတွေကလည်း ယူဇနာ ဗိုက်ရှပ်ရှပ်လေးရှိရာသို့ ဖျတ်ခနဲရောက်





သွားရာ ယူဇနာမှာ ချစ်လင်မျက်နှာနှင့် ညီမဖြစ်သူမျက်နှာကိုကြည့်ကာ ရှက်စနိုးလေး ပြုံးရယ်လိုက်သည်။

“ပြောလိုက်လေ ချစ်”

ဗလက ချစ်ဇနီးကို တိုက်တွန်းလိုက်၏။

“အင်း…အဟင်း…ဟင်း…ဟင်း”

“ကတ္တီပါ တူလေးချီရတော့မယ်ဗျူ၊ အဲဒါ လာကြွားတာ”

“ဟယ်…တကယ် ဝမ်းသာလိုက်တာ မမရယ်၊ ဒါကြောင့် မမတို့ ဒီလောက်ပျော်နေတာကိုး”

ကတ္တီပါရင်ထဲ အမှန်တကယ် ဝမ်းသာသွားသည်။ ကားရပ်ရပ်ခြင်း မမတို့ပြောနေသည့် စကားတွေကို ကြားထဲက မမမှာ တစ်ခုခုထူးခြားနေပြီဟု သိလိုက်တာဖြစ်သည်။ အခုတော့ ကတ္တီပါ ထင်မြင်ချက်တွေ မှန်နေသည်။

“ဒါဆို အတော်ပဲ၊ ကတ္တီပါ သားလေးအတွက် ရည်ရွယ်ပြီး စုထားတဲ့ ကလေးပစ္စည်းတွေ အလကားမဖြစ်တော့ဘူး၊ မမ သားလေးကို ပေးရုံပဲ၊ စိတ်ချမ်းသာသွားတော့တယ်”

“သားလေးပဲမွေးနော် မမ”

“ကောင်းပါပြီ ကတ္တီပါရယ်၊ ညီမလေးပြောတဲ့အတိုင်း သားလေးဖြစ်ပါစေလို့ ဆုတောင်းနေမယ် ဟုတ်လား”

“ကဲ အပြင်ကို တစ်ခုခုသွားစားကြမယ်၊ ဧယျဆီကို ဖုန်းဆက်လိုက်၊ ဆုံမယ့်နေရာကိုတော့ ကတ္တီပါပဲ ရွေးနော်”

မမစိတ်ချမ်းသာအောင် ကတ္တီပါက ဇေ့ဆီကို ဖုန်းဆက်လိုက်သည်။ ရင်ထဲမှာ မမတို့ရဲ့ မင်္ဂလာသတင်းကို ပြောပြချင်စိတ်တွေ ရှန်းကြွနေ၏။

"ဟဲလို"

"ဇေ ကတ္တီပါပါ၊ အခု မမတို့အိမ်မှာ ရောက်နေတယ်သိလား၊ အပြင်မှာ ကတ္တီပါတို့နဲ့ အတူဆုံပြီး တစ်ခုခုသွားစားကြမလို့တဲ့၊ အဲဒါ ပန်းကမ္ဘာစားသောက်ဆိုင်ကို ဇေ အခုပဲ ထွက်လာခဲ့လိုက်တော့၊ ဟိုကြမှ ဆုံမယ်သိလား"

"အာ...နေဦး နေဦး ဖုန်းမချလိုက်နဲ့ဦး၊ ဇေမှာ တခြားကိစ္စလေးတစ်ခု အရေးကြီးနေလို့ လာနိုင်မယ်မထင်ဘူး"

"ဘာကိစ္စတွေများ အရေးကြီးနေလို့လဲဇေရဲ့၊ မမတို့ကို အားနာစရာ"

"အင်း အင်း ဇေလာခဲ့မယ်၊ ဒါပဲမဟုတ်လား"

"အင်း"

"ဟေး...ကိုကို ဒီကိုမြန်မြန်လာလေ"

ဖုန်းထဲက မိန်းကလေးတစ်ယောက်၏ ချိုအီသော ခေါ်သံလေးကြောင့် ကတ္တီပါ အံ့သြသွားသည်။

ကိုကိုတဲ့။

ဇေ့ကို လှမ်းခေါ်တာများလားမသိ။

အိမ်ကထွက်သွားတုန်းက အရေးတကြီး ဘာကိစ္စမှ မရှိတဲ့ ဇေက အပြင်မှာ ဘာတွေများ အရေးကြီးနေလို့လဲ။ ရင်ထဲမှာ





စိုးရိမ်စိတ်လေးတွေနဲ့ သဝန်တိုမှုလေးတွေ ဘွားခနဲပေါ်လာသည်။

"ဘာတဲ့လဲ ကတ္တီပါ၊ လာမယ်တဲ့လား"

"ဟုတ်ကဲ့ ကိုကို"

"ဒါဖြင့် ကိုကိုတို့ မောင်နှမ အရင်သွားနှင့်ကြတာပေါ့ ဟုတ်လား၊ ကားပေါ်တက်ကြ၊ သော့ကို ကိုကိုပဲခတ်ခဲ့မယ်"

"ဖြည်းဖြည်းနော် မမ"

အိမ်တံခါးကို ဗလကိုယ်တိုင် သော့ခတ်နေချိန်မှာ ကတ္တီပါက အစ်မဖြစ်သူကို ကိုကို့ကိုယ်စား ဂရုစိုက်လျက် ကားပေါ်တက်စေတာဖြစ်သည်။ လမ်းခရီးတစ်လျှောက်လုံး ဖုန်းထဲက ကတ္တီပါကြားလိုက်ရသော မိန်းကလေးအသံချိုချိုလေးက ကတ္တီပါစိတ်ကို အနှောင့်အယှက်ပေးနေ၏။

"ဟင်...ဟိုမှာ အိမ်ကကားမဟုတ်လား"

လမ်းဘေးပတ်ဝန်းကျင်ကို ကြည့်ငေးရင်း ကိုယ့်အတွေးလေးနှင့်ကိုယ် လိုက်ပါလာသည့် ကတ္တီပါတို့ကားကို မမြင်ဘဲ တခြားလမ်းတစ်ဖက်က ဆန့်ကျင်ဘက်အရပ်ကို ဦးတည်မောင်းသွားသည့် ဇေ့ကားကို တွေ့လိုက်ရခြင်းက ကတ္တီပါရင်ကို ပူလောင်သွားစေသည်။

ကားထဲမှာ ဇေတစ်ယောက်တည်း မဟုတ်။

ချစ်စဖွယ် ရယ်မောနေသည့် မိန်းမလှလေးက ဇေနှင့်အတူ ကားရှေ့ခန်းမှာ ထိုင်လျက် ဇေ့မျက်နှာကို ပြုံးကြည့်လျက် လိုက်ပါသွားသလို ဇေ ရယ်မောနေလိုက်ပုံကလည်း သွားကိုမစေ့။

ထိုကလေးမလေးကို ကတ္တီပါ တစ်ခါမှ မမြင်ဘူးပါ။

ကတ္တီပါ မျက်ကွယ်မှာ ဘာအဓိပ္ပါယ်နှင့် တခြားမိန်းက
လေးတစ်ယောက်ကို ဇေက သူ့ကားပေါ်တင်ပြီး ဤသို့ ရယ်မော
ပျော်ရွှင်နေနိုင်ရသနည်း။ ပြောတော့ဖြင့် အရေးတကြီး ကိစ္စရှိလို့တဲ့
ဇေ အရေးကြီးသည့်ကိစ္စဆိုတာ ထိုကလေးမလေးကိစ္စလားဟု ကတ္တီ
ပါ စိတ်ထဲက မေးနေမိသည်။

"ကတ္တီပါလည်း ဘာမှအားမငယ်နဲ့နော်၊ နောက်ဆို ကိုက
တို့လိုပဲ ကတ္တီပါတို့မှာ သားတွေသမီးတွေ အများကြီးရှိလာမှာသ
လား"

"ဟုတ်ကဲ့"

"ကြားလား ကတ္တီပါ၊ သားတွေသမီးတွေ အများကြီးတဲ့
သူမမွေးရတိုင်း လျှောက်ပြောနေတာ၊ သားတစ်ယောက် သမီး
တစ်ယောက်ဆို တော်ပြီသိလား"

"သားသမီးဆိုတာ ရတနာပါ မိန်းမရဲ့"

"ကျွန်တဲ့ရတနာတွေကို မောင့်ဘာသာပဲ မွေးတော့သ
လား၊ လူကို တမင်သက်သက် ဒုက္ခရောက်အောင် လုပ်နေတာ
မသိဘူးမှတ်လို့လား"

"ဒုက္ခ"

"ဒါပေါ့ မောင်က ယူဇနာကို အိမ်မှာ ကလေးတွေ
ထားခဲ့ပြီး မောင်ကိုယ်တိုင်ကြတော့ အပြင်မှာ ပွေချင်တိုင်းပွေပြ
ရှုပ်ချင်တိုင်း ရှုပ်မလို့မဟုတ်လား"





"ယူဇနာတို့ကို ဒီလိုလုပ်လာလို့ကတော့ မရဘူးသိလား။
တစ်ခါထဲ အပြတ်ပဲ"

"အိမ်ပေါ်က နှင်ချမယ်ပေါ့"

မောင့်မျက်နှာက ပြုံးစိစိ။

ယူဇနာက ခင်ပွန်းသည်ကို မျက်စောင်းထိုးရင်း...

"ကိုယ့်ကိုမချစ်လို့ အသစ်ရှာမှတော့ ဒီလိုပဲဖြစ်ရမှာပေါ့
မဟုတ်ဘူးလား ကတ္တီပါရယ်"

"ဒါပေါ့ မမယူဇနာ၊ ကတ္တီပါဆိုရင်လည်း လုံးဝခွင့်မ
လွှတ်ဘူးသိလား"

ပြောရင်း ကတ္တီပါမျက်လုံးထဲမှာ ဇေနှင့်အတူ ရယ်မောနေ
သည့် မိန်းမလှလေးမျက်နှာ ဘွားခနဲ ပေါ်လာတော့ ခေါင်းထဲမှာ
မကြည်လင်ချင်တော့။ စားသောက်ဆိုင်ကို ချိန်းထားသည့်အချိန်
ထက် ဆယ့်ငါးမိနစ်နောက်ကျပြီးမှ ဇေ ရောက်လာသည်။

မမတို့ရှေ့မှာ ကတ္တီပါ အပြုံးမပျက် ဟန်ဆောင်ရယ်မော
နေပေမယ့် မကြာခဏဆိုသလို ဇေ့မျက်နှာကို လှမ်းပြီးအကဲခတ်
နေမိ၏။ ဇေက ကတ္တီပါစိတ်ကို မသိ။ မမတို့ရှေ့မှာ ကတ္တီပါကို
ခါတိုင်းလို ဂရုစိုက်ပေမယ့် ကတ္တီပါ မပျော်တော့ပါ။

ဒါ ဟန်ဆောင်နေတာများလားဆိုသည့် အတွေးနှင့်
သောကစိတ်တွေ ဖြစ်နေမိသည့်စိတ်ကို မျိုသိပ်ချုပ်တည်းရင်း မမတို့
စုံတွဲနှင့် လမ်းခွဲကာ အိမ်ပြန်ခဲ့ကြသည်။

မမတို့ပျော်သလောက် ကတ္တီပါမပျော်။

ကားပေါ်လှမ်းအတက်မှာ မြင်လိုက်ရသည့် မိန်းမကိုင်ပဝါလေးကြောင့် ကတ္တီပါမျက်နှာလေး ထိန်းမရအောင် ပျက်သွားတာကို ဇေပင် မသိလိုက်ချေ။

✤ ✤ ✤



## အခန်း ၂၃

"လုံးဝမဟုတ်ဘူးကွ၊ ကတ္တီပါ အထင်မှားနေတာပါဆို"

"ဘာအထင်မှားတာလဲ၊ ဒီက မျက်စိနဲ့ တပ်အပ်တွေ့လိုက်တာ နားနဲ့ဆတ်ဆတ်ကြားရတာ ဘာတဲ့ ကိုကိုဆိုပြီး ချွဲအီနေတာကိုလေ"

"ဟို…အဲဒါက ငယ်ငယ်တုန်းကခေါ်တဲ့အတိုင်း"

"အို…ဘာမှမကြားချင်ဘူး၊ ဘာမှမပြောနဲ့၊ ရှင့်ကို ကတ္တီပါမုန်းတယ်သိလား၊ ဒါပဲ"

"ဟိတ်…နေဦးလေ"

"ကတ္တီပါ"

"ဝုန်း"

ဇေယျ လှမ်းခေါ်ပေမယ့် ကတ္တီပါက လှည့်မကြည့်တော့။ စိတ်ဆိုးမာန်ဆိုးဖြင့် သူမ အိပ်ခန်းတံခါးကို ဝုန်းခနဲ ဆွဲပိတ်သွားတာကိုကြည့်ပြီး ဇေယျ ရင်ထဲမှာ မွန်းကြပ်ရှုပ်ထွေးသွားကာ ရှေ့ကို

ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။

နီးရာခုံတစ်လုံးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း သူငယ ချင်းရဲ့ ညီမငယ်လေး မိအုနှင့် သူ့ကို အထင်လွဲနေသည့် ကတ္တီ ကို ဘယ်လိုဖြေရှင်းပြရမှန်းမသိ ဖြစ်နေသည်။

သူနဲ့ကတ္တီပါ ရန်မဖြစ်သည်မှာ ကြာပါပြီ။

ကလေးကိစ္စ ဖြစ်ပြီးထဲက ကတ္တီပါကို သူ့ဘက်က လုံး အလျှော့ပေးထားသလို ရန်ဖြစ်မည့် အပြုအမူမျိုးကို လုံးဝရှောင် သည်။ အခုလို ကတ္တီပါဘက်က စိတ်ဆိုးမာန်ဆိုး ဒေါသဖြစ်ရ လည်း ဒါ ပထမဆုံးဟု ဆိုရမည့်အနေအထားဖြစ်သည်။

အေးစက်သလိုဖြစ်နေသည့် အိမ်ထောင်ရေးမှာ ပျင်းရိ စိတ်ခာတ်ကျသလို ဖြစ်နေမိသမျှ သေချာပြန်တွေးကြည့်လိုက်ေ လည်း အခုမှ ပျော်စရာလိုလိုကြီးပါလား။

အစထဲက ဒီလိုမှန်းသိရင် စောစောရန်ဖြစ်စကားများရ အကောင်းသားဟု တွေးပြီး စိတ်ညစ်နေသော မျက်နှာကြီး ပြုံးေ ပါသည်။

"ကတ္တီပါ အချစ်"

"ဓေ့ကို အထင်မလွဲပါနဲ့ဗျာ၊ ဓေ့ဘဝမှာ ကတ္တီပါ တစ်ယောက်တည်းကို ချစ်ခဲ့ရတာပါဗျာ"

အခန်းထဲက ကတ္တီပါက မလှုပ်။

သူကျေနပ်စွာပြုံးရင်း အခန်းအနံ့ကို မျက်လုံးဝေ့က ကြည့်လိုက်တော့ သူလိုချင်သည့်အရာကို တွေ့ပါပြီ။ အခန်းထေ





တစ်နေရာမှာ ဒီအတိုင်းပြစ်ထားသည်မှာ ကြာပြီဖြစ်သော ဂစ်တာ တစ်လက်ကို ပြေးဆွဲပြီး ရင်ခွင်မှာ ပိုက်လိုက်သည်။

"ဒေါင်"

အသံက ကြောင်စီစီ။

မကိုင်ဘဲ ပြစ်ထားတာကြာပြီမို့ ဖုန်တွေတက်နေပြီ။ လက်ထပ်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ကိုယ့်ဇနီးကိုယ်ပြန်ပိုးဖို့ ဂစ်တာလေးကို သန့်ရှင်းရေးလုပ်သည်။ ပြီးတော့ အခန်းထဲမှာ သူတို့ စိတ်ကောက်၊ စိတ်ဆိုးနေသည့် ချစ်ဇနီးလေးကို အချစ်သီချင်း ချိုချိုလေးတွေနှင့် ချော့သည်။

တစ်ပုဒ်ပြီးတစ်ပုဒ်။

ချစ်သူဖြစ်စတုန်းက ကတ္တီပါကို ဆိုပြခဲ့သည့် သီချင်းလေး တွေထဲက တစ်ပုဒ်ကို ဆိုမိတော့ ဓေယျမျက်ဝန်းထဲမှာရော အတွေး ထဲမှာပါ သူနှင့်ကတ္တီပါတို့ တစ်ယောက်ကိုတစ်ယောက် မျက်စိ အောက်က အပျောက်မခံနိုင်အောင် ချစ်ခဲ့ကြတာတွေ တစ်ခုပြီးတစ်ခု သတိရလာသည်။

အခန်းထဲက ကတ္တီပါကိုယ်တိုင်လည်း အတူတူဖြစ်သည်။ အိပ်ခန်းပြတင်းပေါက်ကို ဖွင့်ထားသဖြင့် အပြင်မှာ ရွှန်းရွှန်းမြမြ သာနေသည့် လရောင်ဝင်းပပက ကတ္တီပါတို့ အိပ်ခန်းထဲကို ဖြာကျ နေသလို ပြာလွှင်သော မိုးကောင်းကင်ကြီးနှင့် လင်းလက်တောက် ပသော ကြယ်အစုအဝေးကိုပါ လှမ်းမြင်နေရ၏။

ဗိုးရွှေလမင်းကြီးထံမှ သားဆုပန်မိသည်။ ကတ္တီပါလည်း

မမယူဇနာလို ကိုယ့်မိသားစုလေးနဲ့ကိုယ်ဆို ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ။ ဒါမှ ကလေးအဖေဖြစ်သော ဇေလည်း အိမ်မှာ မြဲမည်။

""နဖူးက ခြေဖျားထိအောင်ချစ်တယ်""

ဇော့သီချင်းဆိုသံလေးကို နားထောင်ရင်း ကတ္တီပါ ကြိတ်ပြုံးမိသည်။ ကြည့်လေ သီချင်းထဲမှာ မပါဘဲနှင့် ကတ္တီပါ နာမည်ကို ထည့်ထည့်ဆိုနေပုံကိုက မုန်းစရာ။

အချိန်တွေ တရွေ့ရွေ့ ကုန်မှန်းမသိ ကုန်သွားသည်။ အပြင်ဘက် အမှောင်ထဲမှာ ဇေက မီးမထွန်းဘာမထွန်းနှင့် သီချင်း ဆိုကောင်းနေဆဲ။ အခန်းတံခါးကို အသာဖွင့်ပြီး ဇော့ကို လှမ်းကြည့် တော့ အမှောင်ထဲမှာ ဇေက မလှုပ်မယှက် သီချင်းဆိုမပျက်၊ ကတ္တီပါ ချောင်းကြည့်နေတာကိုလည်း မမြင်။

ကတ္တီပါက ရပ်ပါဟု မပြောမချင်း ဆိုနေမည်လားမသိ၊ မျက်စောင်းတစ်ချက်ထိုးရင်း…

""ဒါက ဘာလုပ်နေတာလဲ""

""ကတ္တီပါ""

အခန်းတံခါးကို ဖျတ်ခနဲ ဆွဲဖွင့်ပြီး မေးလိုက်တော့ ဇေဆိုနေသည့် သီချင်းနှင့် ဂစ်တာသံလည်း ရပ်သွားသည်။

""ဘယ်အချိန်အထိ နှောင့်ယှက်နေမှာလည်း မသိဘူး လူတွေအားလုံး အိပ်နေပြီသိလား""

""ဇေလည်း အိပ်ချင်နေပြီ""





""အိပ်ချင်သွားအိပ်ပေါ့၊ ဘာကိစ္စ အမှောင်ထဲမှာ ထိုင်ပြီး လူကို အသံနဲ့ နှိပ်စက်နေရတာလဲ""

""ချစ်လို့ပါ""

""ဘာ""

""ကတ္တီပါကိုသိပ်ချစ်တယ်လို့ ပြောတာ""

""ရှင့် ညီမလေးကိုသွားပြော""

အငေါ့တူးတူးလေး ဆိုလိုက်ပေမယ့် သူ့ကို ကတ္တီပါ မရက်စက်နိုင်တာကို သိနေတာမို့ မြတ်နိုးစွာ ပြုံးလိုက်မိ၏။

""ဇော့ညီမလေးက ကတ္တီပါပဲလေ၊ ဇော့ထက် နှစ်နှစ်ငယ် တယ်ဆိုတော့ ညီမလေးပေါ့""

""မဆိုင်တာတွေ လာပြောမနေနဲ့""

""ဒါဖြင့် ဆိုင်တာတွေပဲ ပြောရမှာပေါ့""

ပြောပြောဆိုဆို လက်ထဲက ဂစ်တာကို ပြစ်ချပြီး ကတ္တီပါ နားကို လှစ်ခနဲ ရောက်လာတာမို့ အခန်းတံခါးကို ဆွဲပိတ်ဖို့ ကြိုးစား ပေမယ့် အချိန်မမှီတော့။

""ကတ္တီပါ""

""အို ဒါဘာကာပ်တာလဲ""

ဇေယျက ကတ္တီပါ အခန်းတံခါးလေးကို သူ့အားကြီးနှင့် ခုမ်းဆွဲလိုက်တာမို့ တံခါးပိတ်ခွင့်မရ ဖြစ်သွားသည်။

""ဇော့ကို ဒီလောက်နှိပ်စက်ရရင် တော်သင့်ပါပြီဗျာ၊ ဒီမှာ ကြည့်ပါဦး ဂစ်တာအကြာကြီးတီးခဲ့ရလို့ ဇော့လက်တွေ စုတ်ပြတ်

နှုတ်ခြ**

ဖေယျက သူ့လက်တွေကို ကတ္တီပါ အခန်းမီးရောင်မှာ င်ပြရင်း ကတ္တီပါကို အသနားခံသလို ကြည့်သည်။

**ကိုယ့်ဒုက္ခကိုယ်ရှာလို့ ဖြစ်ရတာ ကတ္တီပါက ဘာလုပ်ရမှာလဲ**

**အကြင်နာပေးမှုဖြစ်မှာပေါ့**

**ဘာရယ်**

**ရတယ်၊ ကတ္တီပါရှက်နေရင် ဖေကလည်း**

**ဖေ**

ကတ္တီပါထံမှ အလန့်တကြားအော်သံလေးကို နောက်ဆုံး ကြားလိုက်ရသည်။ အိပ်ခန်းတံခါးလေး ဖျတ်ခနဲ ပိတ်သွားသလို အခန်းမီးလေးလည်း ငြိမ်းသွားသည်။ အမှောင်အတိကျသွားသော အခန်းလေးထဲမှာ လရောင်က ရွှန်းမြစွာ ဖြာကျနေ၏။ အခုတော့လည်း ချစ်ရသူရဲ့ ရင်ခွင်ထဲမှာ ကတ္တီပါတစ်ယောက် လုံခြုံနွေးထွေးစွာဖြင့် မဆုံးနိုင်သော ချစ်ခရီးလမ်းကို အတူတကွ လက်တွဲလျှောက်လှမ်းသွားရန် ကျေနပ်စွာ ခွင့်ပြုလိုက်ရပြီ ဖြစ်ပါတော့သတည်း

ချစ်သူတိုင်း [illegible]

ချစ်ကြည် [illegible]

မြူရလဲသည်